www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

အိဘယ့်ဖက်ငယ်



| အချစ်လုံးချင်းဝတ္ထု | သစ် |

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ ဧပြီလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ . ၈၃

မိုးစက်ပွင့်
အိုဘာယ်ငှက်ငယ်/ မိုးစက်ပွင့် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၁၀၄ – စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) အိုဘာယ်ငှက်ငယ်

# မိုးစက်ပွင့်

အိုဘာယ်ငှက်ငယ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ချစ်သူတို့ဘဝမှာ နှစ်ဦးနှစ်ဖက်က အဖက်ဖက်မှာ ပြည့်စုံနေပြီး မိဘတွေကလည်း သဘောတူထားကြသည်ဆိုတော့ အရာအားလုံးက အေးချမ်းသာယာဖွယ်ရာအတိနှင့်။ သူကလည်း ကိုယ့်ကို တန်နေအောင်ချစ်ပြီး ကိုယ်ကလည်း သူ့ကို ချစ်သည်ဆိုတော့ ဘာလိုသေးလို့လဲ။

အခြား အခြားသောသူတွေဆိုရင် အကြောင်းအမျိုးမျိုးကြောင့် ချစ်ခရီးလမ်းက မဖြောင့်ဖြူးကြဘူးတဲ့။ မင်းထက်စံနဲ့ ရွှေအိမ်နီ သူတို့နှစ်ယောက်ရဲ့ ချစ်ခရီးလမ်းကတော့ ဆူးငြောင့်ခလုတ် ကင်းရှင်းစွာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းထက်စံက ဆရာဝန်။

ရွှေအိမ်စံသူက ကွန်ပျူတာသင်တန်းဖွင့်ထားတာလေ။ နှစ်ဖက်စလုံးက ချမ်းသာကြွယ်ဝသူတွေမို့ ဘာလိုသေးလဲ။

"အိမ်"

"ဟင် ... ဘာလဲကို"

"ကိုယ်တို့ ဘယ်တော့လက်ထပ်ကြမလဲဟင်"

"စောပါသေးတယ် ကိုရယ်။ အိမ် အပျိုဘဝနဲ့ လွတ်လွတ်လပ်လပ် နေပါရစေဦး"

"ကျွတ် ... အိမ်ကကွာ။ အဲဒါ ကို့ကို ထမင်းညှဉ်းဆဲနေတာ။ အပျိုဘဝနဲ့ ဒီလောက်အကြာကြီးနေလာတာ တော်ရောပေါ့။ ကိုကတော့ မနေနိုင်တော့ဘူး။ အိမ်နဲ့အတူတူနေချင်လှပြီ။ ကို့ကို မညှဉ်းဆဲပါနဲ့တော့ အိမ်ရယ် ... နော်"

"အဟွန်း"

အိမ် ရယ်ပြီး ကန့်ရေပြင်ဘက်ကို မျက်နှာမူလိုက်၏။ အိမ် ကို့ကိုချစ်တာတကယ်။ ဒါပေမဲ့ လွတ်လွတ်လပ်လပ်နေချင်သေးတာလည်း တကယ်ပဲမို့။

"ဘာလို့ ဆန္ဒတွေစောနေတာလဲ ကိုရဲ့"

"အဲဒီလိုတော့မပြောနဲ့လေ အိမ်ရဲ့။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူနဲ့ နီးချင်ကြတာပဲမဟုတ်လား။ မနီးချင်တာ အိမ်တစ်ယောက်ပဲ



ရှိတယ်"

"ဪ ... အခုရောဝေးနေလို့လား"

"ကြည့် ... စကားကို ကပ်ဖိုးကပ်ဖဲ့ပြောတာ။ အတူတူနေရော ညရော"

"တော်ပြီ ... တော်ပြီ ... မပြောနဲ့တော့"

"ပြောမယ်ကွာ ... တစ်သက်လုံး အတူနေချင်တာ။ တော်ကြာ အိမ့်ကို စောင့်ရင်းစောင့်ရင်းနဲ့ ဒီကောင်က ဘိုးဘွားရိပ်သာကို ဝင်ရတော့မယ်"

"ဒါဆို မစောင့်နေနဲ့လေ။ အခြားတစ်ယောက် ရှာလိုက်ပေါ့"

"ရှာစရာလား။ ကိုက အိမ့်ကိုပဲချစ်တာ။ အိမ်ကလွဲရင် အားလုံးဖွဲဆန်ကွဲပဲ"

"တကယ်"

"မယုံဘူးလား။ ယုံအောင်သက်သေပြဖို့ အခွင့်အရေးကျတော့လည်း မင်းမပေးဘူး။ ကို ဘယ့်လိုလုပ်ရမလဲ ပြောပါဦး"

အိမ် သူ့မျက်နှာကို မော့ကြည့်လိုက်၏။ မျက်ဝန်းတွေက တကယ်ပဲ ရိုဝေဆွေးမြေ့နေဟန် မြင်ရပြန်တော့ စိတ်မကောင်းပြန်။ သူ လက်ထပ်ဖို့ပြောတိုင်း ရက်တွေ လတွေရွှေ့ပြောင်းနေတာက အိမ်။ လူကြီးတွေကလည်း လက်ထပ်စေချင်နေတာကြာပြီဆိုတော့—

"ကိုက ဘယ်တော့လက်ထပ်ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင် ခုပဲ တရားရုံးမှာ လက်မှတ်သွားထိုးပြီး လက်ထပ်လိုက်ချင်တာ"

"ပိုပြီ"

"မပိုဘူး . . . တကယ် အဟုတ်"

အိမ် သူ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်မိပြီး –

"မျက်နှာလေးက သနားချင်စရာလေးပဲ"

"ဒါဆို လက်ထပ်ဖို့ ခေါင်းညိတ်လေ"

"ကောင်းပြီလေ၊ အိမ်ရောက်ရင် ကိုစိတ်တိုင်းကျ ဖြစ်စေရမယ် ကျေနပ်လား"

"တကယ်"

"အင်း"

"ဟား . . . ဝမ်းသာလိုက်တာအိမ်ရယ်။ တကယ် အတည်နော် ပျော်လိုက်တာ"

ဝမ်းသာအားရဖြစ်သွားတဲ့မျက်နှာက လိုချင်တာရလို့ ပျော်သွားသည့်ကလေးတစ်ယောက်နှယ်။ သူ့မှာ တစ်နေ့တစ်နေ့ ဆေးရုံပြေးရ၊ ဆေးခန်းထိုင်ရနှင့် အလုပ်မအားသည့်ကြားမှပဲ အိမ့်မျက်နှာလေးကို မြင်ချင်လို့ဆိုပြီး အချိန်တွေကို ကတ်သပ်ဖဲ့ထုတ်လာခဲ့ရတာ ပင်ပန်းနေမလား။

အိမ်နဲ့သူ။





လူကြီးချင်း ခင်မင်လို့ သူ့အိမ်ကိုယ့်အိမ် အဝင်အထွက်ရှိရာမှ သံယောဇဉ်တွယ်မိခဲ့ကြတာ။ လူကြီးတွေက သူနဲ့ကိုယ့်ကို သဘောတူထားတယ်လို့ လမ်းကြောင်းပေးတာကို သူတို့လျှောက်ခဲ့ကြတာ ဘာအခက်အခဲ အတားအဆီးမှမရှိ။ တစ်ယောက်နဲ့တစ်ယောက်လည်း နားလည်မှုတွေရှိခဲ့ကြသည်လေ။

"ကို"

"ဟုတ်ကဲ့"

"ဒီက အကောင်းပြောမလို့ဟာကို"

"ဒီကလည်း အကောင်းနားထောင်ပေးနေတာလေ"

မျက်စောင်းက ငွေခနဲရောက်လာပြီး –

"လက်ထပ်ပြီးရင် အိမ့်ကို အနိုင်မကျင့်ရဘူးနော်"

"ဟောဗျာ . . . ကိုယ်ချစ်လို့ယူထားတဲ့မိန်းမကို အနိုင်ကျင့်ပါ့မလား"

"ပြောလို့မရဘူးလေ။ စကားပုံက ရှိနေတာဥစ္စာ"

"ပြောပါဦး ဘာစကားပုံလဲ"

"မရခင်မှာသာ ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်ထားကြတာ။ ရပြီးရင် ဖျာလိုခင်းပြီး နင်းချေတတ်ကြတယ်တဲ့"

"အဲဒါ ယောကျ်ားတိုင်းမှမဟုတ်ဘဲ အိမ်ရဲ့"

"တော်တော်များများကတော့ အဲဒီလိုပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ တော်တော်များများထဲမှာ ကို မပါစေရဘူး စိတ်ချ"

ပြောပြီး အိမ့် ခေါင်းလေးကို ချစ်စနိုးပုတ်လေ၏။ မင်းထက်စံက အိမ့်ထက် သုံးနှစ်အသက်ပိုကြီးတယ်လေ။ အဲဒီတော့ သူနဲ့စာပြီး ကိုယ်ကလူကြီးပေါ့။

"အိမ်ဆိုတဲ့အတိုင်း အိမ်ကရော အိမ်ထောင်တစ်ခုရဲ့သာယာနွေးထွေးမှုတွေကို ပေးနိုင်မယ်မဟုတ်လား"

"အိမ် ဘယ်လိုမိန်းမလဲဆိုတာကို သိပါတယ်"

"အင်း ... သိတယ်။ ပိုပြီးယုံကြည်ချင်လို့ပြောတာ"

"ယုံကြည်ပါ ကိုရယ်။ အိမ်က ကို့အတွက် အိမ်ထောင်ရှင်မကောင်း ဖြစ်စေရမယ် သိလား"

အိမ်ပြောပြီး သူ့ခါးကို ပြန်ဖက်ထားလိုက်၏။ အိမ် သူ့ကို ယုံကြည်သလို သူကလည်း အိမ်ကို ယုံကြည်စွာနဲ့ ချစ်ခဲ့ကြတာလေ။ အိမ်က အပြင်စီးပွားရေးကိစ္စတွေမှာ လည်ဝယ်ထက်မြက်သလို အိမ်မှုကိစ္စတွေလည်း နိုင်နင်းသူ။

"အိမ်"

"ဟင်"

"ကိုတို့ လက်ထပ်ပြီးရင် ဟန်းနီးမွန်းထွက်ကြမယ် သိလား။ အိမ် ဘယ်ကိုသွားချင်လဲ"

"အိမ် စဉ်းစားဦးမယ်လေ"





မျက်လုံးလေးထောင့်ကပ်ပြီး အိမ် အတန်ကြာ စဉ်းစားဟန်လေးပြုပြီးမှ –

"ပြည်ကိုသွားကြရင်မကောင်းဘူးလား ကို။ ရွှေဆံတော်ဘုရားကို အိမ်ဖူးချင်တယ်။ ပြီးတော့ အဲဒီမှာ မေမေ့ဆွေမျိုးတွေရှိတယ်တဲ့"

"အိမ် တစ်ခါမှမရောက်ဖူးဘူးလား"

"ဟင့်အင်း ... မရောက်ဖူးဘူး ကိုရဲ့။ ကိုရော ရောက်ဖူးလား"

"အင်း ... ကိုက နှစ်ခေါက် သုံးခေါက် ရောက်ဖူးတယ်လေ"

"ဒါဆို အဲဒီကိုသွားမယ်နော် ကို"

"အိမ်သဘော အိမ်သဘော"

"အဲဒါကြောင့် ကို့ကိုချစ်တာ"

*မေရှော့ကို မျှော်မှန်းရချင်တာပေမယ့် အိမ် နမ်းရှိုက်တာက* ဘယ်တာက်ရင်အုံဆီကို။ ဘယ်ကိုပဲနမ်းနမ်း အိမ့်ဆီကအနမ်းပန်းတစ်ပွင့် ရလိုက်တဲ့ မင်းထက်စံ၏ရင်ထဲမှာ နွေးထွေးရှိန်းမြသွားလျက်။

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သားနဲ့သမီးက လက်ထပ်ကြတော့မယ်ဆိုမှတော့ မေမေတို့က ဘာပြောစရာရှိမှာလဲ။ ရက်ကောင်းရက်မြတ် ရွေးလိုက်ကြရုံပဲပေါ့"

"ဟုတ်တယ်၊ မေမေတို့က သားနဲ့သမီးကို လက်ထပ်စေချင်တာကြာပြီပဲဥစ္စာ"

"အခု သားက လက်ထက်ဖို့ကိစ္စ နားပူနားဆာလုပ်လာတော့ ခင်ဖြင့် ဝမ်းသာအားရနဲ့ အချိန်မဆွဲဘဲ ဒီနေ့ပဲ လိုက်လာခဲ့တာ"

"ပန်းတို့လည်း ဒီလိုပါပဲ ခင်ရယ်။ သမီးက လက်ထပ်တော့မယ်ဆိုတာနဲ့ ခင် ဘယ်နေ့ရောက်လာမလဲ မျှော်နေတာ"





"ခင်က ဒီကိစ္စဖြစ်စေချင်တာကြာလှပါပြီ ပန်းရယ်။ သားကလည်း ဒီအတိုင်းပဲ။ သမီးက အချိန်ဆွဲနေလို့သာပေါ့"

"အခု ပန်းတို့ဆန္ဒ ပြည့်မြောက်ပါပြီ ခင်ရယ်"

မင်းထက်စံနဲ့ ရွှေအိမ်စံသူ တစ်ယောက်ကိုတစ်ယောက် နိုးကြည့်လိုက်ကြပြီး အကြည့်ချင်းဆုံတော့ ရှက်ပြုံးကိုယ်စီနှင့်။ ရင်တွေလည်း ခုန်နေကြသည်လေ။

"ကဲ . . . သား"

"ဗျာ"

"မေမေတို့ ဘယ်ဟိုတယ်မှာ မင်္ဂလာဆောင်ပေးရမလဲပြော"

"ကျွန်တော်ကတော့ ဘယ်ဟိုတယ်မှာပဲဖြစ်ဖြစ် ရပါတယ်။ အိမ့်သဘောကိုသာ မေးကြည့်ပါ"

"သမီး"

အိမ်ဘက်ကိုလှည့်ခေါ်လိုက်တော့ –

"သမီးကလည်း ဘယ်မှာဖြစ်ဖြစ်ရပါတယ်။ မေမေတို့ ကြိုက်သလိုစီစဉ်ပါ"

"နှစ်ယောက်သား အတိုင်အဖောက်ညီနေကြပါလား"

"ပြော် ပန်းရယ် . . . အတိုင်အဖောက်က ညီမှာပေါ့။ အသွင်တူမှ အိမ်သူဖြစ်တာလေ"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေက တိုးတိုးညှက်ညှက်။ နှစ်ဖက်မိဘတွေအလယ်မှာ မျက်နှာငယ်စရာမရှိဘဲ ကိုယ်လိုရာဖြစ်စေခဲ့ခြင်းမို့ သူတို့ဘဝမှာ စိတ်ညစ်စရာဆိုတာမရှိ၊ အရာရာပြီးပြည့်စုံခြင်းများနှင့်သာ။

"ကဲ ... ဒါဆို သားနဲ့သမီးမင်္ဂလာကိစ္စအတွက် စီစဉ်စရာရှိတာ စီစဉ်ကြတာပေါ့။ ဖေဖေကတော့ နာမည်ကြီးဟိုတယ်တစ်ခုမှာ ခမ်းခမ်းနားနားကြီးကိုလုပ်ပေးမှာ"

"ဒါပေါ့ရှင်၊ ကျွန်မမှာလည်း ဒီသားလေးတစ်ယောက်တည်းပဲရှိတာ။ သူ့အဖေဆုံးပြီးကတည်းက ဒီသားအမိနှစ်ယောက်ပဲ တိုင်ပင်ဖော် တိုင်ပင်ဖက် အဖြစ်ရှိနေခဲ့တာ။ ခုတော့ သမီးတစ်ယောက်တိုးလာပြီဆိုတော့ အတိုင်းမသိပါပဲရှင်"

"ပန်း ခင့်ကို ကိုယ်ချင်းစာပါတယ်။ ဒါကြောင့်သာ သမီးကို သျှောင်နောက်ဆံထုံးပါဆိုသလို ခင်တို့အိမ်ကို ထည့်ပေးရမှာ။ ပန်းတို့မှာက သားငယ်ရှိသေးတော့ တော်သေးတာပေါ့။ မိဘတိုင်း သားသမီးနဲ့ မခွဲချင်ကြတာက သဘာဝပါခင်ရယ်"

ဒေါ်ပန်းမြတ်ပြောတာက တကယ်။ အမှန်ပြောရရင် သမီးရော သမက်ရောကို ကိုယ့်မျက်စိအောက် မျက်စိရှေ့မှောက်မှာပဲ ထားချင်တာပေါ့။

ဒါပေမဲ့ –

ခင်က ပြေးကြည့်မှ ဒီသားအမိနှစ်ယောက်ပဲရှိတာ။ ဒါကို





ကိုယ်က အတွေးကြီးစွာနဲ့ သူ့သားကို သူ့ရင်ခွင်ထဲကနေ ခွဲမထုတ်ရက်။ ဒါ မိခင်ချင်း ကိုယ်ချင်းစာတာလေ။ ကိုယ်တွေက သမီးနှင့်သားနှစ်ယောက်မွေးထားတာဆိုတော့ သမီးပါသွားလည်း သားကျန်သေးသည်ဆိုတော့ ဖြေစရာရှိသေးတာပေါ့။

"အဲဒီလို မိခင်ချင်းကိုယ်ချင်းစာစိတ်နဲ့ ခင့်ဘက်က တွေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ပန်းရယ်၊ အဲဒါကြောင့် မိဘကစကိုယ်ချင်းစာစိတ်ရှိတဲ့ ပန်းသမီးကို ခင် ချွေးမတော်ခွင့်ရတာ ဘုရားမတာပဲ သိလား"

"ခင့်သားကလည်း သားလိမ္မာလေးလေ"

"သားနဲ့သမီး"

"ဗျာ"

"ရှင်"

"ဘာတွေ တိုင်ပင်ကြဦးမလဲ။ ခြံထဲဆင်းပြီး လမ်းလျှောက်ရင်း တိုင်ပင်ကြလေ"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဆိုပြီး မြန်မြန်ဆန်ဆန် ခေါင်းညိတ်လိုက်တာက မင်းထက်စံ။ တော်လိုက်တဲ့ယောက္ခမ။ အဲလေ ယောက္ခထီးလောင်းကြီး။ ဒီကလည်း သွားချင်နေတာကြာပြီမို့ ထရပ်လိုက်စဉ် –

"သမီး လိုက်သွားလေ"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့”

လူကြီးတွေရှေ့က ထွက်လာခဲ့ပြီး ခြံထဲကိုဆင်းလာခဲ့တော့ မင်းထက်စံက အိမ်လက်ကလေးကို ဆုပ်ကိုင်လို့ရယ်ပါ။ ဒီလက်တွေ ထာဝရမြဲပါရစေ။ နှစ်ယောက်သား ခုံတန်းလေးပေါ်မှာ ထိုင်လိုက်ကြပြီး

“အိမ်”

“ဟင်”

“ကိုယ် ဟိုဟာလိုချင်ပြီ သိလား”

“ဟင် ... ကိုစကားကလည်း ဘာကြီးမှန်းမသိဘူး”

မင်းထက်စံ ရယ်လိုက်ပြီး –

“တလွဲမတွေးပါနဲ့ အိမ်ရဲ့။ ကိုက သားသားမီးမီးတွေ လိုချင်တာကိုပြောတာ”

“နားရှက်စရာတွေ၊ ဘာတွေလာပြောနေတာလဲ ကိုရဲ့။ လက်တောင်မထပ်ရသေးဘူး အဆင့်တွေ အရမ်းကျော်နေပြီ သိလား”

“ကိုက ကိုလိုချင်တဲ့ဆန္ဒကို ခုကတည်းက ကြိုပြောထားတာပါ”

“ကြိုမပြောနဲ့၊ နောင်ခါလာ နောင်ခါရေးပဲ”

“အဲဒီလို နောင်ခါတွေရှိလာမှစိုးလို့ကိုပဲ ကြိုပြောထားတာလေ”

သူ ဘာပြောချင်လဲဆိုတာ အိမ် သဘောပေါက်တာပေါ့။





သူက ဆရာဝန်ဆိုတော့ အိမ့်ထက်ပိုပြီး နားလည်နေမှာပဲလေ။ အချို့ မိန်းမတွေက လက်ထပ်ပြီး တော်တော်နဲ့ သားသမီးမလိုချင်ကြတာ။ အလုပ်မျက်မှာစိုးတာတို့ စီးပွားရေးလုပ်ချင်သေးတာတို့ ဘာတို့ကြောင့်ပေါ့။

“အိမ်ကို အခြားမိန်းမတွေနဲ့ ရောထွေးမပစ်လိုက်ပါနဲ့ ကိုရယ်။ လက်ထပ်ပြီးရင် ဒီလိုအဖြစ်မျိုးတွေ ရှိလာမှာ မဟုတ်ပါ။ မိခင်စိတ်ရှိတဲ့ မိန်းမတွေကျတော့ အလုပ်မျက်မှာတို့ ဘာတို့ တွေးနေမှာ မှမဟုတ်တာ”

“ကို သိပါတယ်”

“ခုမှ ဘာသိတာလဲ”

“ကြော် ... အိမ်က ကို့အတွက် တကယ်မြတ်နိုးစရာကောင်းတဲ့ အိမ်သူသက်ထား ဇနီးမယားဖြစ်မယ်ဆိုတာကိုလေ။ ဟုတ်တယ် မို့လား”

“မဖြစ်ရင်ရော”

“မဖြစ်ရင်လည်း ချစ်မှာပဲ”

“တကယ်”

“တကယ်ပေါ့”

အိမ် ဘာမှ ပြန်မပြောတော့ဘဲ ရယ်နေလေတော့ –

“အဲဒါကြောင့် ကို့ကို ချစ်တာဆိုပြီး ရင်ဘတ်ကို ခိုးမနမ်း



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလား"

"နမ်းစရာလား"

"ဒီတစ်ခါ မိုးမနမ်းနဲ့။ မျက်နှာကြီးတစ်ခုလုံး အားနေတာ ကို။ အိမ် မနမ်းတော့ဘူးဆိုရင် ကိုကပဲ"

"အာ . . . ကိုနော်"

လက်ကလေးကာလိုက်ပေမယ့် မရတော့ပေ။ အိမ် ပါးပြင် လေးထက်မှာ အနမ်းခလို့ ရင်ခုန်နှုန်းက ငို့အားတစ်ရာ။ အခုမှ ချစ်ကြ တာ မဟုတ်ပေမယ့် ရင်ခုန်သံတွေက အိုမင်းဟောင်းနွမ်းသွားသည်မရှိ။ အမြဲတမ်း နုသစ်လန်းဆန်းနေသည်သာ။

"ကို အရမ်းဆိုးတာပဲ"

"နောက် ဒီထက်ဆိုးဖို့တွေရှိသေးတယ်"

"ကြောက်စရာကြီးပါလား"

"မကြောက်ပါနဲ့ . . . အဲဒါ ချစ်စရာ"

"သူမှ အပြောကောင်း"

အဲဒီမျက်စောင်းလေးကိုပဲ ရင်ထဲမှာ သိမ်းထားမိချင်အောင် ချစ်တာ။ အဲဒါ အပိုမဟုတ်ဘူး။ တကယ်ဆိုတာ ကိုယ်သာအသိဆုံးပါ။

❁



## အခန်း (၃)

♬ ရေနဲ့ကမ်း ပန်းနဲ့လိပ်ပြာ ××× ကြယ်စင်ငွေလမင်း ××× တွဲလျက်အတူတည်ရှိလို့နေ ××× သဘာဝအတိုင်း ရှိလျက်ပါပဲ ××× တမင်ရက်စက် ခွဲသွားသူရေ ×××

ရင်ခွင်ဦး အသည်းနုသစ္စာ ××× မပန်လို မခြွေရက်ဘူး ×××စကားတစ်ခွန်း ခြွေကဗျာလေးတစ်ပုဒ်လို ××× နင်လေ အမြဲပြော ××× စိမ်း စိမ်းရက်သူကို လွမ်းနေဆဲပါ ××× နင့်ကိုမေ့လို့မရလို့ ထာဝစဉ် လွမ်းရပြီ ××× ဒီသီချင်းနဲ့လွမ်းလိုက်ချင်တယ် ××× ♬

"ဖေဖေ"

"_____"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဖေဖေ"

သူ့သီချင်းသံနဲ့သူ မျောရင်း ကောက်စိုက်နေတဲ့ဖေဖေ သူငယ်ချင်းစောဦးရဲ့ခေါ်သံကို လုံးဝမကြားပေ။ သီချင်းသာ ဆိုပြီးတမ်း မှို စောဦးအသံကိုမြင့်၍ –

"ဖေဖေ"

"ဟင်"

အကျယ်ကြီး အော်ခေါ်မှပဲ ဖေဖေ ကောက်ရိတ်နေတဲ့ လက်တွေကိုရပ်ပြီး လှည့်ကြည့်လေလျှင် –

"ဖေဖေ"

"ဘာလဲကွ"

"နေက ပူလာပြီ၊ ဟိုသစ်ပင်ရိပ်မှာ သွားနားရအောင်"

"အချိန်ရှိုက် လှဲလိုက်တဲ့ ဟော့ကောင်၊ မနားဘူး။ မင်းတို့က နေလေး ကျဲခနဲပူလာတာနဲ့ ကျောပူမခံချင်ဘဲ နားမယ်ဖြစ်ရော။ တော်တော်လည်း ကြီးပွားဦးမယ့်ကောင်တွေ"

"ခဏလေးပါကွာ၊ လာကွာ ဖေဖေ နားရင်းနဲ့ စကားစမြည် လေးပြောရအောင်ပါ"

စောဦးကပါ ခေါ်လေသဖြင့် –

"ကဲ နားကွာ နား"

ဖေဖေ သူငယ်ချင်းတွေဆန္ဒကို လိုက်လျောပြီး လယ်တစ်





ကွက်ကျော်က ပေါက်ပင်အောက်သို့လာခဲ့ကြ၏။ ပေါက်ပင်အောက် ရောက်တော့ စုထိုင်ကြပြီး ရေသောက်သူကသောက်၊ အောက်ခံ ဘောင်းဘီဒူးကျပါတော့ ပုဆိုးလေးချွတ်ခင်းပြီး အိပ်သူကအိပ်။

စောဦးက ရေသောက်ပြီးနောက် –

"ဖေဖေ"

"ဟင်"

"မင်းက သီချင်းဆို အတော်ကောင်းတယ်သိလား။ အခွဲ အငင် အဖြတ်အတောက် အားလုံးမှန်နေတာပဲ။ မူရင်းအဆိုတော်ရဲ့ အသံအတိုင်းပဲ။ မင်း သီချင်းဆိုနေတာကို နားထောင်ရင်း ငါ ဘာဖြစ် သွားလဲ သိလား"

"စိတ်ထဲက ကျိတ်ဆဲရောလား"

"မဟုတ်တာကွာ။ မရှိတဲ့ရည်းစားကို လွမ်းသလိုလိုကြီးနဲ့ ငိုချင်သွားတာကွ သိလား။ မင်း ရှေ့ဆက်ဆိုရင် ငါ ငိုမိမှာကျိန်းသေ တယ်"

"အဲဒီလောက်တောင်ပဲလား။ အားပေးတဲ့အတွက် မင်းကို ငါ့မှာပါတာ ကျွေးမယ်"

"ဟမ် ... ဘာလဲ"

"သံပရာသီးကိုပြောတာ"

ပြောရင်း ဖေဖေ့လွယ်အိတ်ထဲက သံပရာသီးတွေကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ဒီလိုပဲ ကောက်ရိတ်တဲ့လူတိုင်းလိုလိုက သံပရာသီးခေါင် တတ်ကြသည်လေ။ ပြီးတော့ သံပရာဦးနဲ့တို့စားဖို့ အချို့က သကြားပါ ယူလာတတ်ကြသလို အချို့ကျတော့ ဆား၊ အချိုမှုန့်နဲ့ အရောင်တင်မှုန့် ကိုရောစပ်ပြီး ယူလာတတ်ကြတာ။

အခု ဖေဖေယူလာတာက ဆား၊ အချိုမှုန့်နဲ့ အရောင်တင် ရောစပ်ထားခြင်းပါ။

ဒါကို အိတ်သေးသေးလေးနှင့် ထုတ်ယူလာခဲ့တာ မို့ စောဦးဆီကို သံပရာသီးနှစ်လုံး ကမ်းပေးရင်း –

"ရော့ . . . မင်းအခွံနွာ"

စောဦး သံပရာသီးနှစ်လုံးကို တံစဉ်နဲ့ရစ်ပြီး အခွံနွာနေစဉ် ဖေဖေက သူ့တံစဉ်ကို ထောင်ကြည့်လေလျှင် –

"ဘာလုပ်တာလဲ"

"တံစဉ်က ကြာတော့ သိပ်မပြတ်တော့ဘူးကွ။ တံစဉ်မပြတ် တော့ လုပင်ပန်းတာပေါ့"

"မပြတ်ရင် အသစ်ဝယ်ပေါ့ကွ။ လက်နက်ကောင်းမှ လူ သက်သာတာ။ ရော့ . . . ဒီမှာ အခွံနွာပြီးပြီ"

"ဟော့ကောင်တွေ"

"ဟင်"

"မင်းတို့ ငါ့ကိုမကျွေးတော့ဘူးလား"





စားစရာသံကြားတော့ တာတီး အိပ်နေရာမှ ကုန်းထ၏။

"မင်းက ကွမ်းစားတဲ့ကောင်ဆိုတော့ သံပရာသီးစားနိုင်လို့ လား"

"တစ်စိတ်တစ်လေတော့ အမောပြေစားမှာပေါ့ကွ"

"စကားမများနဲ့ . . . ရော့ မျိုစရာရှိတာမျို"

စောဦးက သံပရာသီးတစ်လုံးကိုခွဲပြီး တစ်ခြမ်းပေးလေတော့ တာတီးက အကုန်မယူဘဲ ထပ်စိတ်ပြီးပြန်ပေးသည်။ သူက ကွမ်းစား တော့ သူများတွေလို အချဉ်များများမစားနိုင်ဘူးလေ။

"တော်ပြီလား"

"တော်ပြီ"

တာတီးက များများမစားနိုင်ပေမယ့် ကျန်တဲ့နှစ်ယောက်က စားနေတာ မြိန်ရေရှက်ရေ။

"အချဉ်ကြိုက်တဲ့ကောင်တွေက မိုက်ရိုင်းတယ်တဲ့။ မင်းတို့ နှစ်ကောင် တော်တော်အချဉ်ကြိုက်တာပဲ"

"အချဉ်ကြိုက်တဲ့ကောင် မိုက်ရိုင်းတယ်လို့ မင်းကို ဘယ်သူ က ပြောလဲ"

"အဲဒါတွေမပြောနဲ့ တို့ မိုက်ရိုင်းတာ, လိမ္မာတာ တစ်ရွာလုံး သိတယ်"

"တစ်ရွာလုံးဆိုလို့ ငါပြောရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



တာတီးက သံပရာသီးစားရင်း ရှုံ့မဲ့မဲ့နှင့်ဆိုလေတော့ ဖေဖေ လှည့်ကြည့်ပြီး –

"ဘာလဲ"

"မင်းနဲ့အိမ့်မွန်အခြေအနေက ဘယ်လိုလဲ ဖေဖေ"

"ဘယ်လိုမှ မလဲလို့ မင်းတို့ ဘာမှမသိရတာပေါ့။ လဲရင် သိရမယ် စိတ်ချ။ မင်းတို့နဲ့ငါက သူငယ်ချင်းအရင်းကြီးတွေပဲ ဥစ္စာ။ ငါက လျှို့ထားပါ့မလား"

"အဲဒါ မင်းက ဘာလို့မလဲသေးတာလဲ"

"ဟ ... လဲရအောင် ငါ့ခြေထောက်တွေက ဒီလောက် သတ်ကြီးနေတာကို"

"အကောင်းပြောစမ်းပါ"

"အကောင်းပြောရရင် ငါက အိမ့်မွန်ကို သူငယ်ချင်း၊ မောင်နှမ လိုပဲ သဘောထားတာကွ။ အဲဒီထက် ဘာမှ ပိုလို့မရဘူး"

"သေချာလား"

"ဆယ်ခါပြန်သေချာတယ်"

"မင်းသေချာရင် ငါလိုက်ရမလား"

"ဟင် ... မင်းက အိမ့်မွန်ကိုကြိုက်နေတာလား စောဦး"

"အေး"

စောဦးပြောတာ တကယ်ပါ။ သူ အိမ့်မွန်ကိုကြိုက်နေပေမယ့်





အိမ့်မွန်က ဖေဖေမှဖေဖေ ဖြစ်နေလို့ သူ အသာလေးနောက်ဆုတ်နေ ပေးခဲ့တာ။ ဖေဖေက အိမ့်မွန်ကိုမကြိုက်ဘူးဆိုလို့ကတော့ အခြား ကောင်တွေကို သူ ငဲ့ညှာနေစရာ အကြောင်းမရှိ။

"အဲဒါ စောစောက ပြောရောပေါ့။ မင်း အိမ့်မွန်ကို တကယ် ကြိုက်ရင် ငါ အောင်သွယ်ပေးမှာပေါ့ကွ"

"မင်း တကယ်ပြောတာလား ဖေဖေ"

"တကယ် ... တကယ်"

"ဒါဆို လုပ်ပါဦး ဖေဖေရာ။ မင်းများ အိမ့်မွန်ကို ပြန်ကြိုက် နေသလားဆိုပြီး ငါ့မှာ ကြိတ်ခံစားပြီး နောက်ဆုတ်နေခဲ့တာ။ အခု မင်းက မကြိုက်ဘူးဆိုတော့ ငါ့အတွက် လုပ်ပေးစမ်းပါ။ အားကိုးပါရ စေကွာ နော်"

"ဟင်း ... ရောင်းလည်း ရောင်းရမယ့်ရုပ်"

တာတီး မဲ့ရွဲ့ပြောလေလျှင် –

"ဘာကွ"

"မင်းစဉ်းစားကြည့်လေ၊ အိမ့်မွန်က တစ်ရွာလုံးမှာရှိတဲ့ အပျို တွေထဲမှာ အချောဆုံး အလှဆုံး။ မင်းက ရုပ်မရှိ နှုတ်မရှိကောင် တွေသလား တန်သလား"

"ပေ့ကောင် ... မင်း အဲဒီလိုတော့မပြောနဲ့။ ကိုယ်မင်းနဲ့ ပပဝတီ ညားကြတာ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့တာကို မတုနဲ့လေ။ ကုသမင်းက ဘုန်းကံရှိတဲ့ ယောက်ျား"

"ငါ့မှာရော ဘုန်းကံမရှိဘူးလို့ ဘယ်သူက ပြောနိုင်သလဲ"

"ငါပြောတယ်ကွာ"

"တာတီး . . . မင်း အချင်းချင်း အဲဒီလောက်တော့ မနှိမ်နဲ့ ဟော့ကောင်"

"နှိမ်တာ မဟုတ်ဘူးလေ"

"ကဲ . . . တော်ကြပါတော့ကွာ။ အရည်မရ အဖတ်မရ စကားတွေ လျှောက်ပြောမနေကြနဲ့။ ဖူးစာပါရင် ရမှာပဲ။ အခုလော လောဆယ်က ကျောပူမှုဝမ်းအေးမှာ။ ထကြ ဒီလောက်နားရ တော်ရောပေါ့"

ပြောပြီး ဇေဇေက အရင်ထရပ်လိုက်၏။ သူတို့က ဘဝသမား တွေမို့ အရိပ်ကောင်းတိုင်း ကြာကြာနားလို့ မဖြစ်။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့အထဲမှာ အပင်ပန်းခံနိုင်မှ အပိုငွေရှိတာလေ။ ဆယ်လံ ပတ်လည်ကောက်တစ်ကွက်ကို နှစ်ယောင်မို့ တစ်နေ့နှစ်ကွက်ခွဲ သုံးကွက်ကျအောင် စိုက်ရတာ ပင်ပန်းပေမယ့် မညည်းနိုင်။

သားအမိတွေ စားလည်းစား၊ စုလည်းစုရင်း အလုပ်မရှိတဲ့ ရက်တွေကျတော့ စုထားတဲ့ပိုက်ဆံလေးနဲ့ပဲ ဝယ်ခြမ်းစားသောက်ရတာ ချမ်းသာတဲ့ဘဝကိုမပြောနဲ့ ပြေလည်ရုံအဆင့်ရောက်အောင်တောင်





မနည်းကြိုးစားနေရသည်။ တောဒေသမှာ လက်လုပ်လက်စားဘဝနဲ့ ကိုယ်တွေလိုပဲ သံသရာလည်နေကြတာ။

ဒါပေမဲ့ . . .

ဇေဇေက ချမ်းသာခြင်းအစစ်ကို ရထားသူ။ အမေတစ်ခု သားတစ်ခုဘဝမှာ ပစ္စည်းဥစ္စာ မချမ်းသာပေမယ့် စိတ်ချမ်းသာမှုတော့ အပြည့်ရှိသူလေ။

"မင်းကလည်း လောဘကြီးလိုက်တာ ဇေဇေရာ"

"လောဘမကြီးလို့ မရဘူးလေ။ အဲဒီလောက် လောဘ တကြီး ရှာဖွေစုဆောင်းနေတာတောင် ချမ်းသာလို့လား"

"သိပ်လည်း လောဘမကြီးနဲ့ဇေဇေ။ တော်ကြာ ကိုယ့်လုပ် စာ ကိုယ်မစားရဖြစ်နေဦးမယ်"

"ကိုယ့်လုပ်စာ ကိုယ်မစားရတော့ ဘာဖြစ်လဲ။ ကျန်တဲ့အမေ စားမှာလေ။ ကျေနပ်စရာပဲ ဥစ္စာ။ မိဘကျေးဇူးဆပ်တာ ကောင်းတဲ့ အလုပ်"

ဇေဇေ ထွက်လာခဲ့တော့ ကျန်တဲ့သူတွေလည်း ပေါက်ပင်ရိပ် ကို စွန့်ခွာခဲ့ကြ၏။

အရိပ်ဆိုတဲ့သဘာဝကို မောပန်းတုန်း ခဏတာဝင် လာနားမှီ ကြပြီး အမောပြေရင် ကျောခိုင်းစွန့်ခွာ ချန်ထားခံရသည်ချည်ရှာ။

"ဟော့ကောင်တွေ၊ ညနေကျ နေဝင်မှ အိမ်ပြန်မယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းအတွက် လရှိတဲ့ရက်ကလေးမှာ ကြိုးစားထားမှ"

ဖေဖေပြောရင် တာတီးနဲ့ဖေဦးက ခေါင်းခါသူတွေမှ မဟုတ်တာ။ ရွာထဲမှာ ကာလသားတွေအများကြီးရှိပေမယ့် သူတို့သုံးယောက်က အခင်ဆုံး အချစ်ဆုံးတွေ။

❀



## အခန်း (၄)

"သာဓုကွယ် ... သာဓု သာဓု သာဓု။ ခုလို မိဘတွေကို ရှိခိုးကန်တော့ရတဲ့အကျိုးကျေးဇူးကြောင့် ဒီလင် ဒီမယား ရာသက်ပန် စိတ်ချမ်းသာခြင်း ကိုယ်ကျန်းမာခြင်းနဲ့ အိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ"

ခေါ်မြခင် ဆုတွေပေးပေးမယ့် ဦးသော်တွေးနဲ့ ဒေါ်ပန်းမြင့်စံတို့မှာ ခေါင်းသာညိတ်၍ မျက်ရည်ကဝေ့ဝေ့။ သူတို့က သမီးကို ခွဲထုတ်ထည့်ပေးလိုက်ရမယ့်သူတွေဆိုတော့ ရင်ထဲမှာ ဘာလိုမှန်းသိနဲ့ ဟာတာတာ။ ရင်ထဲမှာ ဘယ်လိုပဲမကောင်းပေမယ့် ကိုယ်တွေ့သဘော



www.burmeseclassic.com

www.burmeseclassic.com



တူတဲ့လူနဲ့ လက်ထပ်တာဆိုတော့ –

မိဘတို့ဝတ္တရားရှိတဲ့အတိုင်း –

သမီးဖြစ်သူကို မှာစရာရှိတာတွေမှာ သွန်သင်ဆုံးမစရာရှိတာတွေ ဆုံးမရဦးမည်။

"သမီး"

"ရှင် မေမေ"

"လိမ်လိမ်မာမာနေနော်။ ခင်က ယောက္ခမဆိုပေမယ့် သမီးအပေါ်မှာ သမီးရင်းတစ်ယောက်လို ချစ်ရှာတာပါ။ မောင်မင်းထက် အပေါ်မှာလည်း မဆိုးရဘူး ကြားလား။ အိမ်တောင်တစ်ခုတည် ဆောက်ပြီးရင် တစ်ယောက်အပေါ်တစ်ယောက် နားလည်ပေးနိုင်ရမယ် သမီးရဲ့။ ဒါမှ အိမ်ထောင်ရေးသုခအစစ်ကိုရနိုင်တာ။ စိတ်ကသိကအောက်ဖြစ်တဲ့အခါရှိရင်တောင် မေမေမှာတာတွေကို သတိရပေးပါ သမီးရယ်"

"ဟုတ်ကဲ့ပါ မေမေ"

"သား"

"ဗျာ"

"သမီးဘက်ကလွန်တာ ပြောမကောင်းတာတွေရှိရင် စိတ်ထဲရှိတိုင်း လျှောက်မလုပ်ပါနဲ့နော်။ အန်တီတို့ကိုပြော ကြားလား"

"စိတ်ချပါ အန်တီ၊ ကျွန်တော်နဲ့အိမ်ကြားမှာ အဲဒီလောက်





အထိ ဆိုးဆိုးရွားရွားဖြစ်နိုင်စရာအကြောင်း မရှိပါဘူး"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အန်ကယ်လ်တို့က မိဘဆိုတော့ ဘယ်စိတ်ချပါ့မလဲကွာ။ မဖြစ်ခင်က ကြိုပြီးဆုံးမသွန်သင်ပေးရမှာ မိဘရဲ့တာဝန်ပဲ မဟုတ်လား"

ဒါလည်း မှန်နေတာပဲလေ။ မင်းထက်စံကတော့ သူနဲ့အိမ်တို့ကြားမှာ ဘာပြဿနာမှမရှိနိုင်ဘူးလို့ထင်သည်။ ဘာဖြစ်လို့လဲဆို သူက တည်ငြိမ်ရင့်ကျက်သလို အိမ်ကလည်း ဟောဟောရမ်းရမ်းမိန်းကလေး မဟုတ်ဘူးလေ။

"ကဲ . . . သမီး"

"ရှင် ဖေဖေ"

"ဖေဖေတို့ ပြန်လိုက်ဦးမယ်နော်"

ခေါင်းမညိတ် ခေါင်းမခါနှင့် မိဘတွေပြန်မယ်ဆိုတော့ အိမ် မျက်ရည်ကျရပြီ။ ဒါကိုမြင်တဲ့ ရဲဝံ့သူက တစ်ချိန်လုံး ပါးစပ်ပိတ်ပြီး သူများပြောသမျှ နားထောင်နေရာမှ အခု အစ်မဖြစ်သူရဲ့မျက်ရည်တွေကိုမြင်တော့ –

"မမ"

"______"

"မင်္ဂလာယူတဲ့နေ့မှာ မမ ငိုစရာလား။ တို့က အိမ်[illegible]ကြတာလေ။ သေရွာသွားတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . သားငယ်"

ဒေါ်ပန်းမြင့်စံ သားငယ်၏စကားကြောင့် မျက်နှာက ပျက်ချင်ချင်။ သားငယ်က အဲဒီလိုလေ။ စကားပြောရင် မဟုတ်ဘွင်းဘွင်း ဟုတ်ဘွင်းဘွင်းနဲ့ ထိန်းထိန်းသိမ်းသိမ်းပြောတတ်တာမှ မဟုတ်တာ။

"မင်း ဘယ်လိုပြောလိုက်တာလဲ သားငယ်"

"မဟုတ်ဘူးလား မေမေရဲ့။ ဟိုအိမ်နဲ့ဒီအိမ် ဖုန်းပဲဆက်ဆက်၊ လူကိုယ်တိုင်ပဲလာလာ ရနေတဲ့ကိစ္စကို"

"ကဲပါ တော်တော့ . . . လာ ပြန်ရအောင်"

"မေမေ"

သားငယ်ကိုခေါ်ပြီး ဒေါ်ပန်းမြင့်စံတို့လင်မယား ထထွက်လာခဲ့တော့ အိမ်ကလိုက်လာပြီး မိခင်၏လက်မောင်းသားကို ဆုပ်ကိုင်ထားကာ မျက်ရည်တွေ ကျနေလေလျှင် မိခင်တစ်ယောက်ရဲ့ရင်ထဲမှာ ဘာတွေခံစားရမှန်းမသိ။

"ဘာလို့ငိုရတာလဲ သမီးရယ်။ မငိုနဲ့နော် . . . တိတ်တော့"

သမီးမျက်ရည်တွေကို သုတ်ပေးနေချိန်မှာ –

"တွေ့လား မေမေ၊ သားပြောတော့ မေမေက လွန်တယ်ထင်သေးတယ်။ မမ အဲဒီလိုငိုနေတော့ အစ်ကိုမင်းထက် စိတ်မကောင်းဖြစ်မှာပေါ့"

"အိမ်"





ပြောနေရင်း မင်းထက်စံပါ အနားရောက်လာကာ –

"လူကြီးတွေ စိတ်မကောင်းဖြစ်အောင် ဘာလို့ငိုနေရတာလဲ အိမ်ရဲ့။ အန်တီတို့ စိတ်ချမ်းသာ လက်ချမ်းသာပြန်ပါစေကွာ . . . နော်"

ဒေါ်ပန်းမြင့်စံ သမီးလက်ကို ဖယ်ချလိုက်ပြီး –

"မေမေတို့ သွားတော့မယ်။ သား . . . အန်တီတို့ သွားမယ်နော်"

"ဟုတ်ကဲ့ပါ အန်တီ"

ကျောမဖိုင်းချင်ပေမယ့် သမီးကိုကျောခိုင်းလိုက်ရ၏။ သားသမီးနဲ့မိဘဆိုတာ ရေပ်နဲ့ခရီးသည်လိုပါပဲ။ မိဘရင်ခွင်ဆိုတာ သားသမီးတွေ အမောဖြေဖို့ နားခိုတဲ့ရေပ်အိုး။ သားသမီးကတော့ အချိန်တန်ရင် ရေပ်အိုကို စွန့်ခွာသွားတဲ့ ခရီးသွားဧည့်သည်ပဲပေါ့။

"အိမ်"

"ဟင်"

"အိမ် ကိုနဲ့လက်ထပ်ရတာကို မပျော်ဘူးလားဟင်"

အိမ် သူ့ကို ဆတ်ခနဲမော့ကြည့်လိုက်ပြီး –

"ကို ဘာလို့ အဲဒီလိုမေးတာလဲ"

"အိမ်က ငိုနေတော့လေ"

"ဘာဆိုင်လို့လဲ ကိုရဲ့။ ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်ရလို့



www.burmeseclassic.com

www.burmeseclassic.com



ပျော်တာတာက တခြား။ မိဘနဲ့ခွဲရလို့ ဝမ်းနည်းတာက သပ်သပ်ပဲ ဥစ္စာ''

မင်းထက်စံ မေမေထိုင်နေသေးလားလို့ လှည့်ကြည့်တော့ မေမေက မရှိတော့။ အပေါ်ထပ်ကိုတက်သွားပြီဖြစ်မှာပေါ့။

''အိမ်ပျော်အောင် ကို လုပ်ပေးမယ်လေ''

''ဟင် . . . ဘယ်လိုလုပ်ပေးမှာလဲ''

''ဒီလိုလေ''

''အယ်''

အိမ် ပါးပြင်လေးဆီမှာ နွေးခနဲဖြစ်သွားလျက် ရင်ခုန်သံတွေကလည်း ပရမ်းပတာ။ ပြီးတော့ သူက အိမ့်လက်ကလေးကိုဆွဲပြီး အပေါ်ထပ်သို့တက်ခဲ့ကြရာ အခန်းထဲကိုရောက်တော့ –

''လာ ဒီမှာထိုင်''

သူက အရင်အိပ်ရာပေါ်မှာထိုင်ချပြီး အိမ့်ကိုခေါ်တော့ ရှက်မျက်နှာလေးရဲရဲနှင့် သူ့လက်ကိုဖယ်ရကာ –

''အိမ် အဝတ်လဲဦးမယ်လေ ကိုရဲ့''

''ပြီးမှလဲလည်းရတာကို''

''မရဘူး . . . ဒီမှာအိုက်စပ်နေပြီ''

''ကဲ . . . ဒါဆိုလည်း လဲဗျာ''

''လဲဗျာဆိုပြီး ကိုက အပြင်ခဏထွက်ပေးလေ''





''အိမ်ကကွာ ခုထိ သူစိမ်းဆန်တုန်းပဲ။ ကိုနဲ့အိမ်က ချစ်သူရည်းစားမဟုတ်တော့ဘူးလေ။ လင်မယားဖြစ်နေပြီပဲဥစ္စာ၊ အပြင်ထွက်ပေးစရာ လိုလို့လား''

''လိုတာပေါ့၊ အိမ် ရှက်တယ် ကိုရဲ့။ ကိုက လိမ္မာပါတယ်။ အပြင်ခဏထွက်ပေးနော်''

''ပြဿနာပဲ . . .၊ ဒီလောက်ရှက်တတ်နေရင် ကို ဘယ်လို လုပ်ရမလဲ အိမ်''

''ကိုနော်''

''ဒီတစ်ခါတော့ထားတော့။ နောက်ထပ်တော့ မရဘူးနော်။ လင်မယားချင်းကို ရှက်နေသေးတယ်။ ပြီးမှတွေ့ဦးမယ်''

ပွစိ ပွစိပြောရင်း မင်းထက်စံ အပြင်ထွက်သွားလေ၏။ သူက ဆရာဝန်ဆိုတော့ မဆန်းပေမယ့် အိမ်ကတော့ အရှက်ကြီးသူပီပီ ဝတ်တာတောင် ခေတ်မီပေမယ့် လုံခြုံမှုရှိမှ။ အတိုအပြတ် အကျစ်တွေ ဝတ်ရမှာကို စိတ်မလုံပေ။

''အိမ်''

''ဟင်''

သူ ပြန်ဝင်လာတာကို မြင်လိုက်ရသဖြင့် အိမ် ပျာပျာသလဲ ဖြစ်ကာ တဘက်စောင်ကို ဆွဲမိဆွဲရာ ဆွဲခြုံလိုက်ပြီး –

''ကို ဘာလို့ပြန်ဝင်လာတာလဲ။ ဒီမှာ မပြီးသေးဘူးလေ''



www.burmeseclassic.com

www.burmeseclassic.com



"မပြီးသေးဘူးလား"

"မပြီးသေးဘူး"

"ကြာလိုက်တာကွာ။ ကဲ . . . မပြီးသေးရင် လဲ၊ ကိုယ်လည်း အဝတ်လဲရဦးမယ်။ ကျောချင်းခိုင်းပြီး လဲကြတာပေါ့။ စိတ်ချ ကို လုံးဝလှည့်မကြည့်ဘူး"

"သေချာတယ်နော်"

"သေချာတယ်"

"ဒါဆို ပြီးရော"

ပုပုချွေးချွေး လင်မယားနှစ်ယောက် အဝတ်လဲနေကြတာ တစ်ယောက်ကိုတစ်ယောက် လုံးဝလှည့်မကြည့်။ သစ္စာကြီးလိုက်တဲ့ မျက်လုံးတွေ။ အားလုံးပြီးသွားပြီဆိုမှ –

"အိမ် . . . ကို လှည့်ကြည့်လို့ ရပြီလား"

"ရပြီ . . . ရပြီ"

ရပြီဆိုတာနှင့် အိမ့်ဆီသို့ရောက်သွားပြီး ပခုံးလေးကိုဖက်လိုက်ကာ –

"ဒီလောက်ရက်တတ်တဲ့ကောင်မလေး တွေ့မယ်"

"ဘာလုပ်မှာလဲ"

"သိချင်လား"

"ဟင့်အင်း"





"မရဘူး၊ မသိချင်လည်း သိရမယ်။ အိမ် ကို့ကိုချစ်တယ် မဟုတ်လား"

"ချစ်တယ်လေ"

"ချစ်ရင် ကိုနဲ့ပတ်သက်သမျှ ဘယ်အရာမဆို အားလုံးကို လက်ခံနိုင်ရမှာပေါ့။ လာခဲ့"

ချစ်လို့မှ လက်ထပ်ခဲ့ကြပြီးပြီဆိုတော့ အိမ် သူ့ရင်ခွင်ထဲကနေ ရုန်းထွက်ပါတော့မလား။ ချစ်ခင်ပွန်း၏ အနမ်းတွေအောက်မှာ မိုးစက်မိုးပေါက်တွေကြားက ပန်းပွင့်လေးလို။ နှစ်ကိုယ်ကြည်ဖြူ ချစ်ရည်တူမျှကြလို့ –

"ကို"

"ဟင်"

"ကိုနဲ့အိမ်ကြားမှာ ဘယ်လိုအကြောင်းမျိုးပဲ ရှိလာရှိလာ နားလည်မှုတွေနဲ့ ဖြေရှင်းကြမယ်နော်။ အိမ့်အပေါ်မှာ ကို မရက်စက်ပါနဲ့"

"ချစ်လို့ယူထားတာ ရက်စက်စရာ ဘာအကြောင်းရှိလို့လဲ အိမ်ရဲ့။ စိတ်ချ . . . အိမ်က ကို့ရဲ့ကမ္ဘာ၊ ကို့ရဲ့ဘဝ ဖြစ်စေရမယ်"

"ကို့ကို အိမ် ယုံပါတယ်။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ကံကြမ္မာကို အိမ် မယုံရဲလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရယ်"

မင်းထက်စံ အိမ်ကို ပိုင်ရှင် တင်းကျပ်စွာ ဖက်ထားလိုက်မိသည်။ သူက ကိုယ့်ထက်ငယ်ရွယ်သူဆိုတော့ ကိုယ့်လောက် ဘယ်ရင့်ကျက်ဦးမှာလဲ။ ဒါကြောင့် ကြံဖန်တွေးပြီး အားငယ်သလို ဖြစ်နေမှာပေါ့။

❁



## အခန်း (၄)

မြည်ကိုသွားဖို့ အဝတ်အစားအိတ်တွေ ကားပေါ်သယ်တင်ပြီး မိခင်ကို ကန်တော့ကြတော့ ဒေါ်မြခင်တစ်ယောက် သားနဲ့ချွေးမကို အန္တရာယ်ကင်း ဘေးရှင်းစေဖို့ ဆုတွေပေးလိုက်တာ တစ်သီကြီးပါပဲ။

ခဏအလည်သွားပြီး ပြန်လာမယ်မှန်း သိပေမယ့် ခွဲရမယ့် ရက်တလေးအတွက်ပဲ မျက်ရည်က စေ့စေ့။ သားသမီးကို ကိုယ့်မျက်စိအောက်က အပျောက်မခံချင်တာ မိဘတိုင်းရဲ့ ကြီးမားသောမေတ္တာ။

"သား"

"ဗျာ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ကားကို ဂရုစိုက်မောင်းနော်။ သမီးရဲ့ကျန်းမာရေးကိုလည်း ဂရုစိုက် ကြားလား"

"ပူတာတ်ရန်ကော မေမေရယ်။ အိမ့်ကျန်းမာရေးအတွက် စိတ်ချ။ မေမေ့သား သူ့ယောက်ျားတစ်ယောက်လုံးက ဆရာဝန်ပါ မေမေရဲ့"

"ဆရာဝန်က ဆရာဝန်ပဲပေါ့။ စိတ်ပူတာက စိတ်ပူတာပဲ"

မင်းထက်စံ သဘောကျစွာရယ်လိုက်ပြီး အိမ် မျက်နှာလေး ငုံ့ကြည့်ကာ –

"တွေ့လား အိမ်၊ မေမေက အိမ့်ကို ကိုယ့်ထက်တောင် ပို ဂရုစိုက်ပြီး ပိုချစ်နေတာ။ ကြာရင် မနာလိုဖြစ်ရတော့မယ်ထင်တယ်"

"အဲဒီလိုတော့ မပြောပါနဲ့ ကိုရယ်။ မိဘတိုင်းက သားသမီးကို ချစ်ကြတာပဲလေ"

"သမီးက မိန်းကလေးဆိုတော့ မိခင်တွေရဲ့မေတ္တာတရားကို နားလည်တာပေါ့။ တစ်နေ့ သမီးလည်း မိခင်နေရာကို ရောက်လာရင် ပိုပြီးတော့တောင် နားလည်ဦးမယ်"

"သားလည်း နားလည်ပါတယ် မေမေရယ်။ နားလည်လို့မှ အစစအရာရာ မေမေ့စကားကို နားထောင်ခဲ့တာပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ရှင်၊ ဟုတ်ပါတယ်။ မေမေကလည်း သားကို





ဆိုးတယ် မိုက်တယ်လို့ မပြောပါဘူး။ သားက မေမေ့အတွက် တကယ် အားဖြစ်စေတဲ့ သားပါ"

အဲဒါ အပိုပြောတာတစ်ခွန်းမှမပါ။ မင်းထက်စံဆိုတာ ငယ် ငယ်လေးကတည်းက မိဘစကားကို နားထောင်ပြီး စာတော်တဲ့သား။ မိဘအပေါ် သိတတ်တဲ့ သားတစ်ယောက်ဆိုတာ အမှန်တကယ်။

"ကဲ ... ကို"

"ဟင်"

"အိမ်တို့သွားရအောင်"

"အင်း ... သွားမယ်လေ"

"မေမေ ... အိမ်တို့သွားမယ်နော်"

"အေး အေး ... သမီး။ ကျန်းမာရေးကို ဂရုစိုက်နော်။ မေမေ့ကို ဖုန်းမကြာခဏပြန်ဆက်"

"ဟုတ်ကဲ့ပါ မေမေ"

မိခင်က ကားနားအထိ လိုက်ပို့ပြီး ပါးစပ်က တတွတ်တွတ် နှင့် မှာတမ်းခြွေလို့ မပြီးနိုင်။ ကားမောင်းထွက်ခဲ့ကြတော့ မေမေ မျက်စိတဆုံး ရပ်ကြည့်ကျန်ခဲ့မယ်ဆိုတာကို စိတ်က အလိုလိုသိနေ၏။

လင်မယားတွေ အစကတော့ စကားတပြောပြောနဲ့ကြရင်း နောက်တော့ တိတ်ဆိတ်သွားကာ အိမ်က အိပ်ပျော်သွားလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဘယ်လောက်တောင်ကြာသွားသည်မသိ။

"ကို"

"ဟင်"

"ဘယ်ရောက်နေပြီလဲဟင်"

"မှောင်နေပြီဆိုတော့ ကိုလည်း မသိဘူး အိမ်ရဲ့။ ညောင်တုန်းရောက်တော့မယ်ထင်တယ်။ ညောင်တုန်းရောက်ရင် ကိုတို့ ထမင်းဝင်စားရအောင်"

"ကိုသဘောပဲ။ အိမ်ကတော့ ခရီးဝေးသွားရင် ကိုယ်မမောင်းရလို့ကတော့ အရမ်းအိပ်ချင်တာ"

"ဒါဆို အိပ်လေ"

"ကို ပျင်းနေပြီလား"

"ရပါတယ်၊ အိမ်သာ အိပ်ရေးဝအောင်အိပ်"

"အိမ့်ကို ငေါ့တာလား"

နှုတ်ခမ်းစူကာ မေးလိုက်တော့ မင်းထက်စံက ရယ်ကာ–

"မငေါ့ပါဘူးဗျာ။ ကိုက ကိုမိန်းမ အိပ်ရေးမဝရင် မျက်ချောင်ကျပြီး မလှတော့မှာစိုးလို့ စေတနာနဲ့ပြောတာပါ"

"ဒါဆို ကိုက အိမ် မလှတော့ရင် မချစ်တော့ဘူးဆိုတဲ့ သဘောလား"

"မဟုတ်ရပါဘူး အိမ်ရယ်။ ကိုက ကိုယ်ချစ်လို့ ယူထားတဲ့





မိန်းမ လှလှမလှလှ ထာဝရချစ်သွားမယ်ဆိုတာ ယုံစမ်းပါ"

"တကယ်နော်"

"အကယ်တစ်ထောင်ဗျာ"

"အဟွန်း"

အိမ်ရယ်ပြီး ကူရှင်မှာ ပြန်မှီလိုက်တော့ အိပ်ချင်စိတ်မပြယ်သော မျက်ခွံတွေက ပြန်လည်မှိတ်လိုက်တာနှင့် အိပ်ပျော်သွားပြန်သည်။ ကားပေါ်မှာအိပ်ရတာ အိမ်မှာ အိပ်ရတာထက်ပင် ဇိမ်ရှိနေသလားမသိ။ အိမ် အိပ်ပျော်သွားတော့ ဘာမှအပူအပင်မရှိတဲ့ ကလေးလေးအတိုင်းပါပဲ။

မင်းထက်စံ။

ကားမောင်းရင်း တိတ်ဆိတ်စွာ ပျင်းနေပေမယ့် အိမ်ကိုလည်း မနှိုးရက်။ ညောင်တုန်းကိုရောက်တော့မှ စားသောက်ဆိုင်တစ်ခုရှေ့မှာ ကားကိုရပ်လိုက်ကာ –

"အိမ်"

"–––––"

"အိမ် ... အိမ်"

"အင် ... ဟင်"

လှုပ်နှိုးလိုက်မှ အိမ် မျက်လုံးကိုဖွင့်ကြည့်လေတော့ –

"ညောင်တုန်းကိုရောက်ပြီ အိပ်ပုပ်မလေးရဲ့ ထတော့"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ဟုတ်တယ် . . . ရော့ ပလုတ်ကျင်းလိုက်ဦး"

အဲဒီလျောက်အထိ အလိုက်သိတဲ့ မင်းထက်စံပါ။ အိမ် လက်ထဲကို ရေသန့်ဘူးထည့်ပေးတော့ အိမ် ကားပေါ်မှဆင်းပြီး ပလုတ်ကျင်းလိုက်၏။ ပြီးမှ စားသောက်ဆိုင်ထဲသို့ ဝင်ခဲ့ကြပြီး စားစရာ သောက်စရာတွေမှာပြီးနောက် –

"အိပ်ရေးဝပြီလား"

"အင်း . . . ဝသွားပြီ၊ အိမ်က အိပ်နေတော့ ကို တော်တော် ပျင်းနေမှာပဲ။ ဒီကထွက်ရင် အိမ်တစ်လှည့်မောင်းမယ်လေ။ ကိုက အိပ်ပေါ့"

"ကိုက အိမ့်လို အိပ်ပုပ်မှမကြီးတာ"

မျက်စောင်းက ဝေ့ခနဲရောက်လာလေလျှင် –

"တကယ်ပြောတာ၊ ကိုက ကားမောင်းရင် ဘယ်တော့မှ မအိပ်ချင်ဘူး"

"အိမ်မောင်းမယ်လေ"

"မမောင်းပါနဲ့ ကိုပဲမောင်းမယ်၊ တော်ကြာ ကို အိပ်ပျော်သွားလို့ အိမ်တစ်ယောက်တည်းဖြစ်နေရင် မကြောက်ဘူးလား"

"အိမ် မကြောက်တတ်ပါဘူး။ ပြီးတော့ အနားမှာ ကို ရှိနေတာပဲဥစ္စာ။ အိမ်က ကို ပင်ပန်းမှာစိုးလို့ပြောနေတာ"





"အိမ်မောင်းရင် အိမ်ပင်ပန်းမှာပေါ့။ မရဘူး ကိုပဲ မောင်းမယ်"

စားစရာတွေရောက်လာတော့ စကားစကပြတ်သွား၏။ ကား မောင်းဖို့ကိစ္စ နောက်တော့ အိမ်ပဲ အရှုံးပေးရသည်အထိ သူက အိမ်ကိုငဲ့ညှာလွန်းသူ။ စားသောက်ပြီး ညောင်တုန်းက ထွက်ကတည်း က အိမ်ပြန်မအိပ်တော့တဲ့ ကိုနဲ့စကားတွေ ဟိုရောက်ဒီရောက်ပြောခဲ့ သည်လေ။ ဟသ်ာတရောက်တော့ တစ်ခါထပ်နားပြီး ဆက်မောင်းခဲ့ ကြတာ။ ည ၁၀ နာရီပင်ကျော်နေပြီ။

"ကို"

"ဟင်"

"အိမ် တစ်လှည့်မောင်းဦးမယ်လေ"

"ရပါတယ်ဆို၊ ဘာလို့ ဒီလောက်မောင်းချင်နေတာလဲ"

"ကို ပင်ပန်းမှာစိုးလို့ပါ"

"ကိုကလည်း အိမ်ကို ပင်ပန်းမှာစိုးလို့ မမောင်းစေချင်တာ ရှင်းပြီလား။ ကိုပဲ အပင်ပန်းခံမှာ"

"ကို အိမ့်ကို အဲဒီလောက်တောင် ချစ်သလားဟင်"

"အဲဒီထက်ကို ပိုသေးတာ။ ကိုကလေ ဖြစ်နိုင်ရင် အိမ် တစ်ကိုယ်လုံးကို ဆီစွတ်ပြီး မျိုချထားချင်တာဗျ သိလား"

"ကိုကလည်း"



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ အိမ့်မျက်နှာကိုလှည့်ကြည့်ပြီး စကားပြောနေတဲ့ မင်းထက်စံ။ ရှေ့ကို ပြန်လှည့်အကြည့် –

"ကို ရှေ့မှာ"

"ဟာ"

ရုတ်တရက် ကားလမ်းပေါ်တက်ပြေးလာတဲ့ ကျွဲတစ်အုပ်ကို မရှောင်နိုင်ဖြစ်ကာ –

"အမယ်လေး"

"ဒုန်း"

"ဝုန်း"

"အား"

ကားက ကျွဲတစ်ကောင်ကို ဝင်တိုက်မိသွားလေသည်။ အိမ် ခေါင်းကိုဆောင့်မိတာသာသိပြီး ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း မသိတော့။

အချိန်ဘယ်လောက်ကြာအောင် သတိလစ်သွားသည် မသိဘဲ သတိရလာတော့ ကားတံခါးကို တွန်းဖွင့်လိုက်၏။ ဒီဘက်ကို ပြန်လှည့်ကြည့်မိတော့ –

"ဟင်"

မောင်းသူနေရာမှာ လူတစ်ယောက်။ နဖူးကနေ စီးကျလာတဲ့ သွေးတွေက မျက်နှာပေါ်မှာ ချင်းချင်းရဲလို့။ သူ ဘယ်သူလဲ





အိမ် ကြောက်လိုက်တာ။ ကားထဲက ထွက်ပြီး အပြင်ကိုကြည့်လိုက်တော့ ညရောင်က လမရှိတော့ မှောင်မှောင်မိုက်မိုက်။

"ဒုက္ခပါပဲ"

ကြောက်လန့်စိတ်နဲ့ ဒီအနားမှာ အိမ် မနေရဲတော့ပေ။ ထို့ကြောင့် ဖြစ်ချင်ရာဖြစ်ဆိုပြီး လမ်းမကြီးအတိုင်း လျှောက်လာခဲ့တာ ကျန်တာမကြောက်ဘဲ ဟိုအလောင်းကြီးကိုပဲ ကြောက်နေမိတာကြောင့်။

ဟုတ်တယ်၊ အဲဒီလူ သေပြီပဲဖြစ်မှာ။ အဲဒီလူ ဘယ်သူလဲ။ အိမ်နဲ့အတူတူလာတာလား။ ဘာဖြစ်သွားတာလဲ၊ အိမ် ဘာဆိုဘာမှ စဉ်းစားလို့မရတော့။

ညက မှောင်နေသလို အိမ် အာရုံတွေလည်း ညှို့နက်သွားခဲ့ပြီ။ ဘာကိုမှ စဉ်းစားလို့မရတဲ့အထဲမှာ အိမ် ဘယ်ကိုသွားရမလဲ။ ခြေလှမ်းတွေက ဦးတည်ချက်မဲ့နေ၏။

အိမ်။

ဘာအိမ်လဲ။ နေတဲ့အိမ်လား။ မဟုတ်သေးဘူး။ သူ့မနာမည်ပဲ ဖြစ်နေမလား။ အိမ်ဆိုတာကိုတော့ နားထဲမှာ ရင်းရင်းနှီးနှီးရှိနေသလို။ ဟုတ်တယ်၊ အိမ်ဆိုတဲ့နာမည်တစ်ခုကလွဲရင် အိမ် ဘာဆိုဘာမှ မသိတော့။

"ကလောင် ကလောင် ကလောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဒါ ဘာသံလဲ။ အသံက လယ်ကွင်းတွေဘက်ဆီမှ လာသော အသံ။ အိမ် လျှောက်နေတာက လမ်းမကြီးပေါ်မှာ။ အိမ် ဘယ်ကို ရောက်လို့ ဘယ်ကိုပေါက်နေမှန်းမသိ။ အာရုံတွေကလည်း စမ်းတဝါး ဝါးနှင့်ပါ။

❁



## အခန်း (၆)

အိမ် ရောက်ရာ ပေါက်ရာ လျှောက်သွားနေမိတာ ဘယ်ကို ရောက်နေမှန်းမသိ။ အချို့လူတွေကို တွေ့ပြန်တော့ လူဆိုးမှန်းမသိ လူကောင်းမှန်းမသိနဲ့လို့ အကူအညီမတောင်းရဲရှိကာ လူမြင်ရင် ကိုယ် က ပုန်းနေရသည့်အဖြစ်။ ညအချိန်မတော် သွားတာ လာတာက မိန်းမ မရှိဘူးလေ။ ယောကျ်ားတွေပဲဖြစ်နေတာ။

ဒါကြောင့် အိမ်။

လမ်းပေါ်ကနေ လယ်ကွက်တွေထဲသို့ ဆင်းလာခဲ့၏။ ရိတ်ပြီး သား ရိုးပြတ်တွေကို နင်းဖြတ်လာတဲ့ ခြေထောက်တွေက ဗိုလ်မပါ တော့ နာကျင် ကျိန်းစပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဖလပ် ဖလပ် ဖလပ်"

"ဟင်"

ဒါ လေတိုက်လို့ သစ်ရွက်ကြွေတဲ့အသံ။ သေသေချာချာ ကြည့်လိုက်တော့ သစ်ပင်ကြီးတစ်ပင်။ လမရှိပေမယ့် ကြယ်ရောင်နှင့် ပင် ထီးထီးမားမားကြီးရှိနေတာကို မြင်လိုက်ရပြီး အိမ် ထိုသစ်ပင် အောက်သို့ လျှောက်လာခဲ့တာ မြေပါးကင်းပါး တစ္ဆေ ဘာကိုမှ ကြောက်ရကောင်းမှန်းမသိ။ သစ်ပင်ကြီးအောက်ကိုရောက်တာနှင့် အိမ် တင်းထားတဲ့စိတ်ကို လျှော့ချလိုက်တာ အရုပ်ကြိုးပြတ်။

အဲဒီကနေ ကိုယ် ဘာဖြစ်သွားမှန်းမသိတာ မိုးလင်းတာကို လည်းမသိတော့။

"ဟော့ကောင်တွေ ဟိုမှာ သခွတ်ပင်ကြီးထင်တယ်ကွ။ ထမင်းချိုင့်တွေ အဲဒီမှာ သွားထားရအောင်"

"အေး . . . နားချိန်ကျ အရိပ်ကောင်းရင် ငြိမ့်ညောင်းပြီပေါ့ ကွာ"

"မင်းကတော့ တာတီးရာ။ အလုပ်တောင် မလုပ်ရသေးဘူး နားဖို့ပဲ ပြောနေတယ်"

"ကြာကြာ ဝါးမယ့်သွား အရိုးကြည့်ရှောင်တဲ့။ နေ့တိုင်း လုပ်နေရတာ အေးအေးပေါ့ကွ"

"တော်တော်တိုးတက်ကြီးပွားဦးမယ်"





သုံးယောက်သား ထမင်းချိုင့်လေးတွေ လက်မှာဆွဲလို့ သခွတ်ပင်ကြီးဆီသို့ လျှောက်လာခဲ့ရာ ချမ်းလို့ ပုဆိုးလေးတွေ ခြုံ ဖက်ကလေးတွေပုလို့ပါပဲ။

"ချမ်းလိုက်တာကွာ ဟီး ဟီး"

စောဦးက ညည်းလေတော့ ဇေဇော –

"ချမ်းရင် ကြက်ချေးနမ်း"

"မင်း နမ်းပါလား"

"ကြက်ချေးတော့ နမ်းမလားကွ။ ကောင်မလေးတစ်ယောက် ရဲ့ ပါးပဲနမ်းမှာပေါ့။ ဇေဇေတော့မသိဘူး ငါကတော့ ခုနေမှာ ကောင်မ လေးတစ်ယောက်တွေ့လို့ကတော့ ဖက်နမ်းပစ်လိုက်မယ်"

"ခွေးကောင် တာတီး စိတ်ယုတ်မာမွေးတာ ကြည့်စမ်း။ ကိုယ့်မှာ နှမ မရှိလည်း နှမရင်းစာနာစိတ် မွေးရတယ်ကွ။ ယောကျ်ား လည်း ယောကျ်ားအလျောက် ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းစမ်းပါ"

"အေးကွာ။ ဘယ်လိုကောင်လဲမသိဘူး။ မနက်စောစောစီးစီး ဘူးဖောက်နေတယ်"

"ဟော့ကောင်တွေ မင်းတို့ ငါ့ကို အဲဒီလိုတော့ မပြောနဲ့။ ငါက ပါးစပ်ကမြှင်းတာကွ။ လူ မကမြှင်းဘူး။ စကားအရာနဲ့စတာကို ပြောလိုက်တာ ငါကပဲ နာဘူးလိုလို့နဲ့"

"မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မလား"

ပြောရင်း ပြောရင်းနဲ့ လျှောက်လာကြရာ သခွတ်ပင်အနားသို့ ရောက်လေလျှင် –

"ဟာ ဘာကြီးလဲ"

"ဘာလဲကွ"

"လူကွ လူ"

သုံးယောက်သားရှေ့မတိုးဖြစ်တဲ့ ပြူးပြီကြည့်ကြလေရာ အိပ်နေတာလား ဘာလားမသိသော အမျိုးသမီးတစ်ယောက်။ ကောက်စိုက်လာတဲ့သူတော့ လုံးဝမဖြစ်နိုင်။ ဘာဖြစ်လို့လဲဆို အဝတ်အစားတွေက ဗီဒီယိုထဲက မင်းသမီးတွေလို အကောင်းစားတွေကို။

ပြီးတော့ –

အသားအရေကလည်း ဖြူစင်ဝင်းစက်နေတဲ့။ သုံးယောက်သားတစ်ယောက် မျက်နှာတစ်ယောက်ကြည့်မိပြီး ရှေ့တိုးသွားမိကြတာ အတူတူ။ ဘယ်အဖြစ် နှယ်ရစ်နေပါလိမ့်။ အိပ်နေတာလား သေနေတာလား။ အိပ်နေတာဆိုရင် မိန်းကလေးတစ်ယောက်တည်း ဒီအပင်ကြီးအောက်မှာ။

ဟာ မဖြစ်နိုင်ပါဘူး။

ဒီမိန်းမ ဘယ်လိုမိန်းမမျိုးလဲ။ မိန်းမကောင်းတွေကတော့ ဒီလိုနေရာမျိုးမှာ အိပ်မလား။ ပြီးတော့ တစ်ယောက်တည်း။





"သေနေတာလား မသိဘူး"

"မသိဘူး။ သွားကိုင်ကြည့်ရအောင်"

"ဟာ . . . ငါတော့ မကိုင်ရဲဘူး ကြောက်တယ်"

စောဦးက ပျာပျာသလဲ ခေါင်းခါရှုံ့ပြင်းလေလျှင် ဇေဇေက–

"ငါကိုင်ကြည့်မယ် လာ"

"သေနေတာဆိုရင် တို့ကို အမှုပတ်နေဦးမယ်နော် ဇေဇေ။ သတင်းစာတွေထဲမှာ ဟိုအမှုတွေပါနေတာ။ အဲဒီလိုမျိုးလား မသိဘူး"

"အမှုပတ်တော့လည်း တို့သုံးယောက်အတူတူပေါ့"

"ချွေးကောင်"

"လာစမ်းပါ"

ဇေဇေ ဆွဲခေါ်တော့ ကျန်တဲ့နှစ်ယောက်မှာ ကြောက်ဆုတ်ကြောက်ဆုတ် အနားရောက်တော့ ဇေဇေကပဲ အမျိုးသမီးရဲ့ လက်ကောက်ဝတ်ကို ကိုင်ကြည့်ကာ –

"အေးစက်နေတာပဲ"

"သေနေတာ ထင်တယ်"

"မသိဘူး"

"အသက်ရှူသေးလား စမ်းကြည့်ပါဦး"

"ဘယ်ကို စမ်းရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ရင်ဘတ်ကို စမ်းကြည့်ပေါ့ကွ''

''နှာခေါင်းကိုစမ်းကြည့်''

နှစ်ယောက်ပြောတာနှစ်မျိုးပါ။ ဇေဇေ အမျိုးသမီးရဲ့နှာခေါင်းနားကို လက်ညှိုးနှင့်ကပ်ကြည့်လိုက်ပြီး –

''အသက်ရှူတယ်ကွ''

''ဒါဆို သတိလစ်နေတာထင်တယ်။ တစ်ကိုယ်လုံး အေးစက်နေတာ တော်ကြာ သေသွားရင်ဒုက္ခ''

''ဘယ်လိုလုပ်ကြမလဲ''

''မသိဘူးလေ''

အတန်ကြာကိုယ်စီတိတ်ဆိတ်နေကြပြီး အဖြေကမထွက်။ ဒီအတိုင်းထားရင်တော့ ကြာရင်သေသွားမလားပဲ။ ဘာဖြစ်လာလို့ ဘယ်အချိန်ကတည်းက သတိလစ်နေတယ်မသိဘဲ တစ်ကိုယ်လုံးက အေးစက်နေတာ။ ကိုယ်တွေ ချမ်းတာထက် ဒီအမျိုးသမီး ပိုဆိုးနေမှာလေ။

''အသက်တစ်ချောင်း ကယ်ကောင်းပါတယ်ကွာ''

''ကယ်ကောင်းရင် ဘယ်လိုလုပ်မလဲ။ တို့ရွာကိုပြန်ခေါ်သွားကြမလား''

''အဲဒီလိုပဲလုပ်ရတော့မှာပေါ့''

''ငါတော့ တာဝန်မယူနိုင်ဘူးနော် ဇေဇေ၊ ကြိုပြောထားတာ။





လူကြီးတွေပြောဖူးတယ်။ မြေနှစ်ချောင်းလည်းမကာယ်နဲ့ မင်းလေ့မျှောလည်း မဆယ်နဲ့တဲ့''

''အဲဒီလိုတော့ မင်းမပြောနဲ့တာတီ။ လူသားချင်း ကိုယ်ချင်းစာစိတ်ထားစမ်းပါ။ ရခဲလှတဲ့လူ့အသက်တစ်ချောင်းကို တို့ကတော့ ကယ်မှာပဲ။ ကဲ ဇေဇေ . . . မင်း ထမ်းခေါ်ခဲ့ကွာ''

''ဟာ . . . ရွာရောက်အောင် ငါ တစ်ယောက်တည်း ထမ်းခေါ်ရမှာလား''

''တစ်လှည့်စီထမ်းမှာပေါ့ကွ''

ဇေဇေ အမျိုးသမီးမျက်နှာကိုကြည့်လိုက်တော့ စိတ်မကောင်းဖြစ်သွားမိ၏။ အေးတော့ နှုတ်ခမ်းလေးက အပြာရောင်သမ်းလို့ ဖြူစင်ဝင်းမွတ်နေတဲ့မျက်နှာက လှလိုက်ပါဘိ။ ဘယ်လိုဒုက္ခမျိုးနဲ့ ရင်ဆိုင်ခဲ့ရပါလိမ့်။

''ကဲ . . . သွားကြမယ်''

ဇေဇေ အမျိုးသမီးကို ထမ်းခေါ်ပြီး ကျန်တဲ့နှစ်ယောက်က တံစဉ်နှင့် ထမင်းချိုင့်တွေသယ်ပြီး ရွာသို့ပြန်ခဲ့ကြတာ ဒီနေ့အဖို့ ကောက်မရိတ်ဖြစ်ကြတော့။

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"အား ကျွတ် ကျွတ်"

"ဟော"

လူနာညည်းသံကြောင့် အားလုံး မျက်နှာတွေရှုံ့တိုးပြီး ခေါင်းချင်းဆိုင်သွားကြလေ၏။ ကိုယ့်သွေးသားချွေမျိုး မဟုတ်ပေမယ့် လူသားထဲက လူတစ်ယောက်မို့ စိုးရိမ်ပူပန်မိကြတာ မဆန်းပေ။

"အား ကျွတ် ကျွတ်"

"ဟုတ်တယ်၊ သူ သတိရလာပြီ"

"တော်ပါသေးရဲ့"

အိမ်နားထဲမှာ ကြားနေရတာ ယောက်ျားသံ မိန်းမသံ စုံနေ





တာပါပဲ။ ဘယ်သူတွေလဲ။ အားယူပြီး မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ –

"သမီး သတိရပြီနော်"

"မျက်လုံးဖွင့်ကြည့်တာ သတိရလို့ပေါ့ ဒေါ်လေးရဲ့"

"နင် အသာနေစမ်းပါ တာတီးရယ်။ ဒီမှာ မေးစရာတွေရှိတာမေးမလို့ပါ"

"ခုမှသတိရတာ ချက်ချင်းကြီးမမေးနဲ့ဦးလေ အမေရဲ့"

အိမ်တစ်ယောက်ချင်းစီမျက်နှာကို လိုက်ကြည့်လိုက်တာ သူ မသိတဲ့သူတစ်ယောက်မှမပါ။ ဒီလူတွေကို မသိသလို ဘယ်သူ့ကိုမှလည်းမသိ ဘာမှလည်းမသိဘဲ အခြားကမ္ဘာတစ်ခုကို ရောက်နေသလိုလို။

"အိမ် အိမ် ဘယ်ကိုရောက်နေတာလဲဟင်"

"အိမ်က ဘယ်ကိုရောက်နေရမှာလဲ၊ မြေကြီးပေါ်မှာပဲ ဆောက်ထားတာပေါ့"

စောဦးမြေတော့ ဇဇော လှည့်ကြည့်ကာ –

"စောဦး။ မင်း ဘာတွေလျှောက်ပြောနေတာလဲ"

"သူက အိမ် ဘယ်ကိုရောက်နေလဲဆိုလို့ မြေကြီးပေါ်မှာ ဆောက်ထားတာလို့ ပြောတာလေ။ ငါ ဘာမှားလို့လဲ"

"သူပြောတာက သူနာမည်ထည့်ပြောတာလေးမှမသိတာ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား မကြီး မကြီးနာမည် ဘယ်လိုခေါ်လဲ''

နာမည်မေးတော့ အိမ် တွေခနဲဖြစ်သွားသည်။ သူ့မနာမည် အိမ်လား။ ဟုတ်တယ်၊ အိမ့်နာမည် အိမ်ဆိုတာကိုတော့ မှတ်မိနေသလိုလို။

''အိမ်''

''အိမ် ဟုတ်လား။ တွေ့လား သူ့နာမည် အိမ်ပဲဖြစ်မှာပါလို့ ငါပြောသားပဲ''

''နာမည်က အိမ် ဟုတ်လား။ ဘာလဲ သစ်သားအိမ်လား။ ဝါးအိမ်လား။ ဒါမှမဟုတ် တိုက်အိမ်လား''

''ကဲ တော်ကြစမ်းပါ၊ ငါမေးမယ်''

ဒေါ်ချောပို အော်လိုက်မှပဲ အားလုံးငြိမ်သက်သွားကြလေလျှင် ဒေါ်ချောပို အိမ့်မျက်နှာလေးကို ပြန်ငုံ့ကြည့်ပြီး –

''သမီး''

''ရှင်''

''သမီးနာမည်က အိမ်လားဟင်''

အိမ် မျက်လုံးလေး ကလယ်ကလယ်နှင့် စဉ်းစားရင်း –

''ဟုတ်မယ်ထင်တယ်''

''အိမ် တစ်လုံးတည်းပဲလား''

''ကျန်တာ အိမ်မမှတ်မိဘူး''





''ဟင်''

''တကယ်ပါ အိမ် ဘာဆိုဘာမှမသိတော့ဘူး''

''ဒါဆို ဘယ်မှာနေတယ်၊ ဘယ်ကလာပြီး ဘယ်ကိုသွားမယ်ဆိုတာလည်း မသိဘူးပေါ့''

''ဟုတ်တယ်''

''ဒုက္ခပဲ''

''စဉ်းစားကြည့်ပါဦးသမီးရယ်''

''ဟင့်အင်း။ အိမ် အိမ် ခေါင်းတွေကိုက်တယ်''

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိဖြစ်သွားကြ၏။ လာလမ်း သွားလမ်းမသိတဲ့လူကို ကယ်ထားမိတာ သူတို့မှားပြီလားလို့လေ။ ခုမှပြန်ပို့လို့လည်းမဖြစ်၊ နေဖို့ကလည်းခက်။ နေကောင်းရင် သွားချင်ရာသွား ရောက်ချင်ရာရောက် လွှတ်လိုက်ရအောင်ကလည်း ယောကျ်ားလေးမဟုတ်။ မိန်းကလေးဆိုတော့ မသင့်တော်ခြင်း အကြောင်းတရားများစွာနှင့်။

''သူ့ခေါင်းမှာ ဒဏ်ရာနဲ့ဆိုတော့ ဟိုဝတ္ထုတွေ၊ ဗီဒီယိုတွေထဲကလို အတိတ်တွေဘာတွေများ မေ့''

''ဖြစ်နိုင်တယ်၊ အဲဒါဖြစ်နိုင်တယ်''

တာတီးက ပျာပျာသလဲဝင်ပြောတော့ ဖေဖေ စကားထောက်ဖြစ်။ စောဦးကပဲ ဆက်၍ –



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ဖေဖေ၊ မင်းပြောတာဖြစ်နိုင်တယ်။ သူ့ခေါင်းမှာ ဒဏ်ရာနဲ့ဆိုတော့ အတိတ်မေ့သွားတာပဲ ဖြစ်လိမ့်မယ်။ တို့ ဘယ်လို လုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှာလဲ။ အသက်ကယ်ထားပြီးမှတော့ နေကောင်းရင် သွားချင်ရာသွား၊ နှင်ထုတ်လိုက်ရအောင် ယောက်ျားလေးမှ မဟုတ်တာ။ ငါ မိခင်စိတ်ရှိစွာနဲ့ ဒီကလေးမလေးကို ကိုယ့်သမီးလေးလိုသဘောထားပြီး လူကြီးတွေခေါ်ပြောပြီး မွေးစားမယ်"

"အမေ"

"ဟင်"

"အမေ အိမ် အိမ်ကို နှင်မထုတ်ပါနဲ့နော်။ အိမ် ဘယ်ကိုသွားရမှန်းမသိ၊ ဘယ်ကိုလာရမှန်းမသိနဲ့ ဘယ်သူ့ကိုမှလည်း မသိလို့ပါ"

"ဗုဒ္ဓေါ"

စောဦးဖုံစံက ပြုံးတုံးပြုံတဲ့ပါ။ ခေါ်ပုံက ဖေဖေ့အမေကို အမေတဲ့။ ပြီးမှ အမျိုးသမီးကိုတစ်လှည့် ဖေဖေ့ကိုတစ်လှည့် ကြည့်ပြီး မျက်နှာက ပြုံးစိစိ။ အမျိုးသမီးသာပြောရတယ် အသက်က ခန့်မှန်းခြေတော့ သူတို့နဲ့ မတိမ်းမယိမ်းလောက်ပဲရှိမှာပါ။ ကောင်မလေးလို့ ပြောရမှာလည်း ခက်အောင် သူ့အသက်က ဘယ်လောက်မှန်းမသိ။





အားလုံးကိုမေ့နေပါတယ်ဆိုမှ အသက်ကိုရော ဘယ်လိုမေးရမလဲ။ ပုံစံလေးကတော့ မင်းသမီးအတိုင်းလှသည်။

"ခေါ်လေး"

"ဟင်"

"သူ့မှာ လက်ဝတ်လက်စားတွေကတော့ အပြည့်ပဲနော်။ သူဌေးသမီးများလား"

တာတီးအပြောကြောင့် ခေါ်ချောပို အိမ့်တစ်ကိုယ်လုံးကို ကြည့်မိသွားသည်။ နားကပ်၊ ဆွဲကြိုး၊ လက်စွပ်နဲ့ လက်ကောက် အပြည့်အစုံရှိနေတာ။ သူမတို့လို အသိုင်းအဝိုင်းထဲက မဟုတ်တာတော့ အသေအချာပေါ့။

သက်ပြင်းခပ်မျှင်းမျှင်းချလိုက်မိပြီး –

"သူ့ပစ္စည်းတွေကို ဘာအကြောင်းကြောင့်မှ ခေါ်လေးတို့ မထိမိုက်အောင် စောင့်ရှောက်ရမှာပေါ့"

"ဟိုလေး၊ အိမ် ဒီမှာနေရမယ်ဆိုရယ် ယူပါရှင်။ အိမ် ဒါတွေကို မမက်ပါဘူး။ အမေတို့ရောင်းချပြီး"

"မဟုတ်တာကွယ်၊ အမေတို့သမီးကိုကယ်ထားတာ မျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်တွေနဲ့ ဒါတွေမြင်လို့လို့ သူများအထင်မခံနိုင်ဘူး။ အမေတို့ သမီးကို တတ်နိုင်သလောက် စောင့်ရှောက်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အမေတို့နာမည်တွေ အိမ့်ကိုပြောပြထားဦးလေ။ တော်ကြာ အိမ်က ဘယ်လိုခေါ်ရမှန်းမသိ၊ အား"

"ဟင် ဘာဖြစ်တာလဲ"

"ခေါင်းကိုက်တယ်"

"အဲဒါဆို ခဏပြန်လှဲနေလိုက်လေ။ ပြီးမှ သမီးသိချင်တာကို ဆက်မေး ဟုတ်ပြီလား"

အိမ်ကို ပြန်လှဲပေးပြီး ဒေါ်ချောပို၊ ဖေဖေ၊ တာတီးနှင့် စောဦးတို့အနားက မခွာစောင့်နေကြရင်း စကားတွေက ဟိုရောက် ဒီရောက်ပြောဖြစ်ကြတာ အိမ်အကြောင်းများသာ။

နောက်တော့ ဟိုထသွား ဒီထသွား သွားကြတာ ဝေးဝေးကို မဟုတ်။ အားလုံး လူနာစောင့်ရင်း ဆေးလိပ်သောက်သူကသောက်၊ ကွမ်းစားသူကစားနဲ့ ခပ်ခွာခွာမှာထိုင်နေကြရာ –

"အမေ"

"ဟင်"

"ဟော သူနိုးလာပြီ"

အားလုံး အိမ်အနားသို့ ပြန်ရောက်သွားကြပြီး –

"ခေါင်းထဲမှာရှင်းသွားပြီလား သမီး"

"ဟုတ်ကဲ့အမေ။ စောစောကလောက်တော့ မကိုက်တော့ပါဘူး"





ဒါဆို အရှင်းမပျောက်သေးဘူးပေါ့။ သူ့အကြောင်းတွေ ဘာမှ မသိရပေမယ့် ကိုယ်တွေအကြောင်းတော့ သူ့ကိုပြောပြထားမှ။

"သမီး"

"ရှင်"

"အမေ့နာမည်က ဒေါ်ချောပိုတဲ့မှတ်ထားနော်"

"ဒေါ်ချောပို"

"ဟုတ်တယ်၊ သူက အမေ့ရဲ့သား ဖေသုတတဲ့"

"ဖေသုတ၊ ဒေါ်ချောပို။ ဒေါ်ချောပို ဖေသုတ"

အိမ် ထိုနာမည်နှစ်ခုကို အထပ်ထပ်ရွတ်ပြီးမှ –

"ဟုတ်ကဲ့ အိမ် မှတ်မိပါပြီ အမေ"

"ဒါဆို ဆက်မှတ်ထား။ သူတို့နှစ်ယောက်က သား ဖေဖေရဲ့ သူငယ်ချင်းတွေ။ သူက တာတီး။ သူက စောဦးတဲ့"

"တာတီး စောဦး။ စောဦး တာတီး"

တစ်ယောက်ကိုကြည့်လိုက် နာမည်ရွတ်လိုက်နှင့် အိမ် ပုံစံက ခုမှ ကလေးတစ်ယောက်လို။ အတိတ်အကြောင်းတွေကို ဘာမှမသိတော့တဲ့အတွက် ဘဝကိုတစ်ကပြန်စရမယ့်သူဟာ ကလေးပဲပေါ့။

ဒီလိုနဲ့ –

တစ်ရက် နှစ်ရက် သုံးလေးရက် ဖြစ်လာတာနဲ့အမျှ ကမ္ဘာသစ်မှာ အိမ် ကိုယ်နဲ့ပတ်သက်သူတွေကို ကောင်းကောင်းမှတ်မိလာ၏။

www.burmeseclassic.com



အခုင်က နှစ်ယောက်ထဲ သားအမိတွေ စားခဲ့ရတဲ့ထမင်းဝိုင်းလေးက ခုတော့ သုံးယောက်။

"မကြီး။ ဒီဟင်းတွေနဲ့ စားနိုင်ရဲ့လား။ ကျွန်တော်တို့ တောမှာတော့ ဆင်းရဲသားတွေအတွက် လက်စွဲဟင်းက ငါးပိချက်နဲ့ တို့စရာပဲ"

"စားနိုင်အောင် စားရင်း နောက်တော့ အထာကျသွားမှာပေါ့ ဇေဇေရယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်ကလာပြီး ဘယ်သွားရမှန်းမသိတဲ့ လူတစ်ယောက်ကို ခုလို ကယ်တင်ထားတဲ့အတွက်ပဲ ကျေးဇူးတင်လှပါပြီ"

ပြောပြီး ငါးပိရည်ဆမ်းကော ထမင်းလုတ်ကို ပါးစပ်ထဲ ခွံလိုက်တော့ –

"အား"

"ဟင် သမီး ဘာဖြစ်လို့လဲ"

"စပ် စပ်တယ် အား"

"ဟောတော့၊ သမီးက အစပ်မစားဘူးထင်တယ်။ သား ရေမြန်မြန်သွားခပ်စမ်း"

"ဟုတ်ကဲ့အမေ"

ဇေဇေ သောက်ရေတစ်ခွက် ပြေးခပ်တာ ပျာပျာသလဲပါ။ အိမ် ရေသောက်လိုက်တော့ –





"သက်သာရဲ့လားသမီး"

"စပ်တုန်းပဲ"

လျှာကိုထုတ်ပြီး လက်ဝါးလေးနှင့် ယပ်ခတ်ဟန်ပြုနေသော အိမ့်မျက်နှာလေးက ရှုံ့ရှုံ့မဲ့မဲ့။

"အမေ မေ့သွားတာ။ တကယ်ဆို သမီးကို အစပ်စားနိုင်လားလို့ မေးသင့်သေးတာ။ တော် တော် သမီး အဲဒီငါးပိချက်မစားနဲ့တော့။ ဒီမှာ ဒီငါးကြော်နဲ့ပဲစား"

ဒေါ်ချောပို စိတ်မကောင်းစွာနှင့် ငါးကြော်ပန်းကန်ကို အိမ်ဘက်သို့ ရွှေ့ချပေး၏။ တောသားတွေဆိုတော့ သူတို့ကတော့ ငါးပိချက်ကို ရေပ်သီးစပ်စပ်ကလေးနဲ့မှ ကြိုက်ကြတာ။ အိမ်ပုံစံက တောသူပုံ လုံးဝမပေါက်လေတော့ –

"မကြီး"

"ဟင်"

"ဒီနေ့တော့ ရှိတာလေးနဲ့ပဲ စားလိုက်ပါနော်။ နောက်နေ့တွေကျ ကျွန်တော် မကြီးအတွက် ဟင်းတစ်မျိုးမျိုးတော့"

"မမအိမ်အတွက် သီးသန့်ကြီးမလုပ်ပါနဲ့ ဇေဇေရယ်။ မမအိမ် စားနိုင်ပါတယ်"

"မကြီး"

"မမကို မမအိမ်လို့ပဲခေါ်ပါ ဇေဇေရဲ့။ မကြီး မကြီးနဲ့ခေါ်တာ

www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာကြားရတာ တစ်မျိုးကြီးပဲ။ အရသာမချိုမြိန်ဘူးထင်တယ်"

ဖင်ဖင် ခေါင်းကုတ်မလိုဖြစ်ပြီးမှ ထမင်းစားနေတာကို သတိရပြီး မကုတ်ဖြစ်။

"ဟုတ်သားပဲ သားရဲ့။ မကြီးလို့ခေါ်တာ သူစိမ်းဆန်သလိုပဲ။ သမီး ခေါ်နိုင်းသလိုပဲ ခေါ်လိုက်ပါ"

"ဟုတ်ကဲ့"

အိမ် ဖေဖေ့မျက်နှာလေးကို ကြည့်ပြီး ပြုံးသွားတယ်။ နေ့ပူထဲမှာ အလုပ်လုပ်နေတာတောင် အသားတွေကလက်ပြီး လှချောလေး တစ်ယောက်ပါပဲ။

"အိမ် နောက်ရက်တွေကျရင် အမေနဲ့ဟင်းရွက်ခူးလိုက်ခဲ့မယ်နော် အမေ။ နှစ်ယောက်ခူးတော့ ဟင်းရွက်ပိုရတာပေါ့။ ဟင်းရွက်သွားရောင်းရင်လည်း သမီးပါလိုက်ရောင်းမယ်"

"မလိုက်ပါနဲ့ သမီးရယ်။ ဟင်းရွက်ခူးရတာ ဟိုချုံတိုး ဒီချုံတိုးနဲ့ သတိထားနိုင်မှ။ မဟုတ်ရင် မြွေပါးကင်းပါး အန္တရာယ်များတယ် သမီးရဲ့။ ပြီးတော့ ဟင်းရွက်ရောင်းဖို့ဆိုတာလည်း သမီးက ဒီလောက်လှတာ မလိုက်ဖက်ပါဘူးကွယ်"

"ဟင် ဒါဆို အိမ်က အမေနဲ့ဖေဖေ့လုပ်စာကို ထိုင်စားနေရမှာလား။ မဖြစ်သေးပါဘူး"

မျက်မှောင်လေးကြုတ်ကာ အိမ်ဆိုလိုက်တော့ –





"မမအိမ် ထမင်းဟင်းချက်တတ်တယ်မို့လား"

"ဟင်"

အိမ် တွေခနဲ စဉ်းစားပြီးမှ –

"ချက်တတ်တယ်လို့ထင်တာပဲ"

"ဒါဆို မမအိမ်က အိမ်မှာထမင်းချက်ပေါ့"

"အိမ်က အိမ်မှာ ထမင်းချက်ရမယ်"

"အင်းလေ"

သူတို့လုပ်နေတဲ့အလုပ်တွေက အိမ်နဲ့ လောလောဆယ် အထာမကျသေးတာမို့ အိမ် ခေါင်းညိတ်လိုက်ရ၏။ နောက်မှ ဒီလိုပဲ သင်ယူရမှာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မင်းထက်စံနဲ့ ရွှေအိမ်စံသူတို့ရဲ့ နှစ်ဖက်မိဘများမှာ ဖင်မထိုင်နိုင်ကြပေ။ မင်းထက်စံတောင် ဆေးရုံကဆင်းလာပြီး ရွှေအိမ်စံသူက ရှာလို့မရ၊ အခုထိ သတင်းအစအနတောင် စုံစမ်းလို့မရပေ။ သေတယ်ဆိုရင် သက်မဲ့ခန္ဓာကိုယ်တော့ တွေ့ရမှာပေါ့။

ခုတော့ ခန္ဓာကိုယ်လည်းမတွေ့၊ သတင်းစုံစမ်းလို့လည်းမရ၊ ဝတ်ထားတဲ့ရွှေတွေ လိုချင်လို့ယူရင် လူကိုတော့တွေ့ရမှာ။ ဒါမှမဟုတ် လူကိုသတ်ပြီး ပစ္စည်းတွေယူသလား။ အို ဘုရား ဘုရား မဖြစ်ပါစေနဲ့။ ဒေါ်ပန်းမြင့်စံ နေ့စဉ်ရက်ဆက် ငိုခဲ့ရတဲ့မျက်ရည်တွေကို စုထားလို့သာ ရပါလျှင် ရေတစ်အိုးစာလောက် ရမလားမပြောတတ်။





"ကိုသော်၊ ရှင် ဒီလိုပဲ ငုတ်တုတ်ထိုင်နေတော့မှာလား။ သမီး တစ်ယောက်လုံး ဘယ်ရောက်မှန်းမသိ ပျောက်နေတာကို ရှင်မို့ နေနိုင်ရက်တယ်နော် ... အဟင့် ဟင့်"

"ဟ ... မင်းက မအေမို့လို့ သမီးအတွက် ပူပန်သောက ရောက်သလို ငါကလည်း ဖအေလေ။ ငါ့သမီးအတွက် ငါ သောက မရောက်ဘဲ နေပါ့မလား။ အခု ငါလည်း ခေါင်းမီးတောက်ပြီး စုံစမ်း နေတာ။ ဘယ်လိုမှစုံစမ်းလို့မရလို့ ငုတ်တုတ်ထိုင်ပြီး စိတ်ညစ်နေတာကွ သိလား"

"သမီးလေးတော့ ဒုက္ခရောက်နေပြီ ထင်ပါတယ် ... အဟင့် ဟင့်"

"ကျွန်တော်လည်း ဆေးရုံကဆင်းလာပြီဆိုတော့ အိမ်ကို ရှာပါ့မယ် မေမေရယ်။ သူ အသက်ရှင်လျက်ရှိနေပါစေလို့ပဲ ကျွန်တော် ဆုတောင်းပါတယ်"

ရဲဝင့်သူ မိဘတွေနဲ့ ယောက်ဖ ငိုကြ ညည်းကြဖြစ်နေကြတာ ကိုကြည့်ပြီး စိတ်မချမ်းသာ။ ကိုယ်ကိုယ်တိုင်လည်း အစ်မအတွက် စိတ်မကောင်းစွာ ဘာလုပ်ပေးရမှန်းမသိ။ သက်ပြင်းချလိုက် လက်ဝါး ခြင်း ဖိဆုပ်လိုက်နှင့် ရင်ထဲမှာနင့်နင့်ကြီးပါ။

"ကိုမင်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မမောတ်ပုံနဲ့ လူပျောက်ကြော်ငြာ သတင်းစာထဲမှာထည့်ရင် မကောင်းဘူးလား"

"အစ်ကိုလည်း ခုပဲသွားမလို့ စဉ်းစားနေတာ"

"အဲဒါကောင်းတယ်။ ဒါဆို သား သတင်းစာထဲမှာ သွားထည့်လိုက်လေ။ တစ်ခုခုတော့ ထူးခြားလာမယ်ထင်တယ်"

"ဟုတ်ကဲ့ ကျွန်တော် ခုပဲသွားလိုက်ပါ့မယ် ဖေဖေ"

မင်းထက်စံ ထရပ်လိုက်တော့ –

"ကိုမင်း"

ရဲဝံ့သူပါ ထရပ်လိုက်ပြီး –

"ကျွန်တော်ပါလိုက်မယ်"

"ဟုတ်တယ်၊ မင်း ကားမောင်းလို့မဖြစ်သေးဘူး မောင်မင်းထက်။ သားကိုခေါ်သွား"

"ဒါဆို အတူသွားကြတာပေါ့"

ပြောပြီး မင်းထက်စံ ရှေ့မှထွက်လာခဲ့၏။ အိမ် ပျောက်နေတဲ့ ကိစ္စအတွက် သူ့ရင်ထဲမှာ နေလို့မီးလို့မှုနေသည်။ အိမ် ဘာမှမဖြစ်ပါစေနဲ့။ ကိုယ့်ဘဝထဲကနေ မင်းထွက်မသွားပါနဲ့အိမ်။ ကိုယ့်ဘဝထဲမှာ မင်းမရှိလို့ မဖြစ်လို့ပါ။

သိပ်ချစ်လို့မှ လက်ထပ်ခဲ့တာ ပူပူနွေးနွေးပဲရှိသေးတယ်။ ခုတော့ ကံကြမ္မာက ရက်စက်ခါးသီးလိုက်တာ။ အိမ်နဲ့သူကြားမှာ





ရေစက်က ဒီလောက်ပဲ ပေါင်းဆုံခွင့်ရှိသလား။ မဖြစ်ပါစေနဲ့ တောင်းပန်ပါတယ် ကံကြမ္မာရယ်။ ကျွန်တော်တို့နှစ်ယောက်ကို ပြန်ဆုံခွင့်ပေးပါ။

"ကိုမင်း"

မင်းထက်စံ လှည့်ကြည့်လိုက်ခြင်းမှာ မျက်ဝန်းထဲ၌ မျက်ရည်တွေ ဝေ့နေ၏။

"ကိုမင်း သတင်းစာထဲထည့်ရုံနဲ့တော့ မပြီးသေးဘူးနော်။ ကိုမင်းတို့ အက်ဆီးဒင့်ဖြစ်ခဲ့တဲ့နေရာ ပတ်ဝန်းကျင်မှာ မမအကြောင်းကို စုံစမ်းသင့်သေးတယ်"

"ငါ သွားမှာပါ။ မနက်ဖြန်ပဲ ငါသွားဖို့ ဆုံးဖြတ်ပြီးပြီ"

"အဲဒါတော့ မြန်လွန်းပါတယ်။ ကိုမင်းက ခေါင်းရဲ့က ဆင်းကာစဆိုတော့ နားလိုက်ပါဦးလား"

"မနားနိုင်ဘူးရဲဝံ့။ ငါ သေမသွားနိုင်ပါဘူး။ အခုချိန်မှာ အရေးကြီးတာက အိမ်ပဲ။ ငါ ရင်တွေပူလိုက်တာကွာ"

စကားသံအဆုံးမှာ ရှိုက်သံက ထွက်ဖက်သွား၏။ ဒါပေ့ါလေ ဇနီးမယားတစ်ယောက်လုံး ပျောက်ဆုံးနေတဲ့ ယောကျ်ားဟာ ငြိမ်းနေနိုင်ပါ့မလား။ ပြီးတော့ မမကို ကိုမင်း ဘယ်လောက်ချစ်တယ်ဆိုတာ ရဲဝံ့သူသိတာပေါ့။

"ကိုမင်း မမကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

သိပါတယ်။ ကိုယ်ချင်းလည်းစာကြည့်မိပါတယ်''

"ဟုတ်တယ်၊ အိမ်,သာ တစ်ခုခုဖြစ်ရင် ငါ ရှူမလားဘဲ။ ငါ အဲဒီလောက်အထိ အိမ့်ကိုချစ်ခဲ့တာ''

"ကိုမင်းရယ်''

မမ ယောကျ်ားရတာ ကံကောင်းပါတယ်။ ဒါပေမဲ့ ကံဆိုးခြင်းတွေ ပြန့်နှံ့စက်လိုက်တာက မတန်တဆ။ ချစ်တဲ့သူတွေ ပြန်ပေါင်းခွင့်ကြုံပါရစေလို့ပဲ ဆုတောင်းပေးရတော့မှာပေါ့။

❋



## အခန်း (၉)

အိမ် ထမင်းဟင်းတွေ ချက်တတ်လားလို့ စမ်းချက်ကြည့်တော့ ချက်တတ်တာပဲ။ ထမင်းဟင်းတွေချက်ပြီး ကျက်ကုန်တော့ သူမ သနပ်ခါးလိမ်းပြီး အမေနဲ့ဖေဖေပြန်အလာကို မျှော်နေမိ၏။ အိမ်မှာ အားကိုးတွယ်တာစရာဆိုလို့ ဒီနှစ်ယောက်ပဲ ရှိတာလေ။ အမေက ရွာအနောက်ပိုင်းကို ဟင်းသီးဟင်းရွက်ကြွေး သွားတောင်းတာဖြစ်ပြီး ဖေဖေက ကောက်ရိတ်သွားတာ ဖြစ်၏။

"ဟော''

ဖေဖေပြန်လာတာကိုမြင်လိုက်ရသဖြင့် အိမ် အပြေးလေး သွားကြိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇေဇေ ပြန်လာပြီ"

"အမယ် ... ကျွန်တော့်ကို လာကြိုတာလား"

"အင်း ... ဟုတ်တယ်လေ၊ ဘာလဲ မကြိုက်ဘူးလား"

"ကြိုက်ပါတယ်ဗျာ ကြိုက်ပါတယ်။ တကယ်ကို အမောပြေသွားတာပဲ"

"လက်ထဲကဟာတွေပေး"

"ရပါတယ်၊ အိမ်ရောက်တော့မှာပဲဟာ"

"ဟင့်အင်း ... မရဘူး ပေးဆိုပေး"

"ကဲ ... ဒီလောက်ဖြစ်တာ။ ရော့ဗျာ ... ရော့ ရော့"

ဇေဇေ တံစဥ်သာမပေးဘဲထားပြီး ထမင်းချိုင့်ထည့်ထားတဲ့ လွယ်အိတ်ကို အိမ် လက်ထဲသို့ထည့်ပေးလိုက်၏။ ပြီး ဦးခမောက်ကိုပါ အိမ့်ခေါင်းမှာ ဆောင်းပေးလိုက်သည်။

"သနပ်ခါးဖွေးဖွေးနဲ့ မမအိမ် ရေချိုးပြီးတာလား"

"အင်း ... အားလုံးချက်ပြုတ်ပြီးတော့ အလုပ်မှမရှိတော့တာ။ အဲဒါကြောင့် ရေချိုးလိုက်တာလေ"

"အားလုံး ချက်ပြုတ်ပြီး ဟုတ်လား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"အားလုံးဆိုတော့ ဘာလဲ အဝတ်တွေကအစ အားလုံး ထည့်ပြုတ်ထားတာလား"





"ကြည့် ... ကတ်ဖိုးကတ်ဖဲ့ပြောတော့မယ်"

မျက်စောင်းထိုးလိုက်တော့ ဇေဇေက ရယ်နေသည်။ သူကတော့ ဘယ်လိုနေမယ်မသိပါဘူး။ အိမ့်ရင်ထဲမှာတော့ ဇေ့အပြုံးတွေက အေးချမ်းနေတာပါပဲ။ ကိုယ့်ဘဝအမှောင်ထဲမှာ စမ်းတဝါးဝါး ဖြစ်နေချိန်မှာ ဇေဇေတို့သားအမိက အလင်းရောင်ပေးသူတွေ။

အိမ် ဘယ်ကလဲ ဘယ်သူလဲ။ ကိုယ့်ကိုယ်ကိုယ် ဘာတွေ ဖြစ်ခဲ့မှန်းလဲမသိ။ တစ်ခါတလေ စဥ်းစားကြည့်တိုင်း စဥ်းစားမရဘဲ ရှိကာ ခေါင်းတွေပဲကိုက်ကိုက်လာတတ်တာ။ ဒါကြောင့် အိမ် ဘာကိုမှ မစဥ်းစားတော့ဘဲ ရစ်တည်နေတဲ့ဘဝသည်သာလျှင် ကိုယ့်ဘဝ အစစ်အမှန်လို့ သတ်မှတ်ထားခဲ့တာ။

"မမအိမ်"

"ဟင်"

"ဘာဟင်းတွေ ချက်ထားလဲ"

"ငါးပိချက်နဲ့ တို့စရာပဲပေါ့"

"ဟာ"

ဇေဇေ မျက်နှာလေးရှုံ့မဲ့သွားလေလျှင် –

"ပြီးတော့ ရှိပါသေးတယ် ဇေဇေရဲ့၊ မျက်နှာက ဖြစ်သွားလိုက်တာ တကတည်း"

"ဘာရှိသေးတာလဲ"



www.burmeseclassic.com

"မနက်က အမေ ကြွက်နှစ်ဆယ်သားဝယ်လာပေးလို့ ကြွပ်ကြွပ်ကြော်ထားပေးတယ်"

"တကယ်"

"အင်းပေါ့"

"ဗိုက်တောင် ဆာလာပြီ"

"အမေ ပြန်လာအောင်စောင့်ဦး။ မမအိမ် ချိုင့်သွားဆေးလိုက်ဦးမယ်"

အိမ် ချိုင့်ဆေးထွက်သွားလေတော့ ဖေဖေ ရေတစ်ခွက်ခပ်သောက်ပြီး အမောဖြေလိုက်သည်။ အရင်က အိမ်မှာ သားအမိနှစ်ယောက်တည်းနေရတာ ခြောက်သွေ့နေပေမယ့် အခု မမအိမ် ရှိတော့ စိုပြေလာသလိုလို။ မိသားစုတစ်စုအတွက် နွေးထွေးမှု၊ အေးချမ်းမှု၊ ပျော်ရွှင်မှု အစရှိတဲ့ ရသတွေကို မမအိမ်က ပေးစွမ်းနိုင်စွမ်းရှိသည်လေ။

"ဝုန်း"

"အမယ်လေး"

"ခွလန့်"

"ဟင်"

မီးဖိုချောင်ဘက်က အသံဗလံတွေကြောင့် ဖေဖေ ချက်ချင်းပဲ ထပြေးလာခဲ့ရာ –





"မမအိမ်"

"အား ကျွတ် ကျွတ်"

"မမအိမ် ဘာဖြစ်တာလဲ"

ဖေဖေ ရောက်သွားတော့ အိမ် ခြေသလုံးကို လက်နှင့်ဖိဆုပ်ပြီး မျက်နှာလေးက ရှုံ့မဲ့မဲ့။

"မမအိမ် ကျွန်တော် မေးနေတယ်လေ။ ဘာဖြစ်တာလဲလို့"

"ကြမ်းကျိုးပြီး အပေါက်ကျွံတာ ဖေဖေရဲ့ . . . အဟင့်ဟင့်"

"ဟာ"

ဟုတ်ပါရဲ့။ ခင်းထားတာက သစ်ကြမ်းတွေမို့ကြာတော့ ရေစိုများပြီး ဆွေးနေတာ။ ဒါကိုလုပ်မယ်လုပ်မယ်နဲ့ ဖေဖေ မအားလို့ မလုပ်ဖြစ်သေးတာ။ အခု မခိုင်လို့ကျိုးကျခြင်းမှာ မမအိမ်ခမျာ တော်တော်နာသွားသည်ထင်ပါရဲ့။ မျက်ရည်တွေတောင်ကျနေပြီး ချိုင့်ခင့်တွေက ကစဥ့်ကလျားနှင့်။ ဖေဖေ စိတ်မကောင်းစွာ ပျာပျာသလဲဖြစ်သွားပြီး –

"ခြေထောက် ဘာဖြစ်သွားတာလဲ"

"အား နာတာပေါ့"

"မှန်းစမ်း"

"ဟာ . . . ဘာလုပ်တာလဲ"

www.burmeseclassic.com



ဖေဖေက အိမ်ခြေသလုံးပေါ်က ထဘီစလေးကို ဆွဲမလိုက်လေတော့ အိမ်က ဖေဖေ့လက်ကို အတင်းဖယ်ချလိုက်လျှင် –

"ဘာဖြစ်လို့လဲ"

"မိန်းကလေးတစ်ယောက်ကို အဲဒီလိုလုပ်ရသလား"

"ဟာ ... မမအိမ်ကလည်း ဒါ ရှက်စရာမှမဟုတ်တာ။ ကျွန်တော့ မမအိမ်က မြို့သူပဲဖြစ်မယ်။ ဘာဖြစ်လဲ မမအိမ်ရယ်။ ကျွန်တော်တို့တောမှာက မိန်းကလေးတွေ ထဘီရင်လျားနဲ့ ရေချိုးနေတာကို မြင်နေရတာ ရိုးနေပြီ။ ဘယ်သူမှ စိတ်ဖောက်လွဲဖောက်ပြန် မဖြစ်ဘူး။ ခြေသလုံးကြည့်တာ ဘာဖြစ်မှာမို့လို့လဲ။ မြို့မှာ တမင်တောင် မြင်အောင် ဖော်ဝတ်နေကြတာကို"

ဒါလည်း ဟုတ်နေတာပါပဲ။

"ကြည့်ရမလား"

"အင်း ... ကြည့်"

အိမ် သူမကိုယ်တိုင် ထဘီစလေးကို မ,တင်ပေးလိုက်တော့–

"ဟာ ... အရေခွံတွေ စုတ်သွားတာပဲ။ ဒီမှာ သွေးတောင်ထွက်နေတယ်။ နာမှာပေါ့၊ ထနိုင်ပါ့မလား။ ထဘီမှာလည်း ရေတွေ စိုနေပြီ"

"နာတယ်၊ ထတော့ ထနိုင်မှာပါ"





"ဒါဆို ကျွန်တော့်ကို တွဲထား"

ဖေဖေ တွဲထူပေးတော့ အိမ် ထရပ်လိုက်သည်။ ခြေသလုံးက တော်တော်နာပြီး အောင့်နေတာပါပဲ။ အပြင်ကိုရောက်တော့–

"ထဘီ အရင်သွားလဲလိုက်ဦး။ ပြီးမှ ဆေးလိမ်းပေးမယ်"

သူနိုင်းတဲ့အတိုင်း အိမ် ထဘီအရင်ဝင်လဲလိုက်၏။ ပြီး ... ပြန်ထွက်လာတော့ ဖေဖေက ဆေးဘူးကို ကိုင်၍ စောင့်နေကာ –

"လာ"

သူက အိမ့်ခြေသလုံးကို ငုံ့ကြည့်ပြီး ဆေးလိမ်းပေးနေချိန်မှာ အိမ် မြင်နေရတဲ့ သူ့မျက်နှာလေးကို သေသေချာချာ ကြည့်မိ၏။ သူ့ပုံစံလေးက တစ်မျိုးလေးပါပဲ။ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်လေးနဲ့ နှုတ်ခမ်း မထူမပါးက ပန်းရောင်သမ်းလျက် အတော်လေး ကြည့်လို့ကောင်းတဲ့မျက်နှာ။

"သမီးရေ"

"ဟင်"

"ဟော ... အမေ ပြန်လာပြီ"

ဒေါ်ချောပို အိမ်နဲ့ ဖေဖေ နှစ်ယောက်သား ဘာလုပ်နေကြသလဲဟု မျက်မှောင်ကြုတ်ကြည့်လျက် ဆေးလိမ်းပေးနေတာကို မြင်မှ–

"သားလည်း ပြန်ရောက်နေပြီကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အမေ"

"သမီး . . . ဘာဖြစ်လို့လဲ"

"ကြမ်းပေါက်ကျွံလို့ အမေရေ။ ခြေသလုံးကို ခေါးလိမ်း ပေးနေတာ"

"ဟယ် . . . ဟုတ်လား"

ချက်ချင်းပဲ ဒေါ်ချောပို အနားကိုရောက်လာ၏။ ကိုယ့်ရင်ငယ် ပိုက်ထွေးပြီး မွေးလာရတဲ့သမီးတစ်ယောက်လို ခြေသလုံးဖွေးဖွေး နုနုလေးတွေ နာကျင်သွားမှာပဲဆိုတဲ့စိတ်က ခြေထောက်တွေကို လျှင် မြန်သွက်စေတာ။

"မှန်းစမ်း . . . ဘာဖြစ်သွားသေးလဲ"

"နည်းနည်းပါးပါးပါ အမေရဲ့"

"ကြော် . . . နာတာ ကျင်တာတော့ရှိမှာပေါ့။ ဟော ဒီမှာ တွေ့လား သွေးစို့နေတာ"

"အသက်နဲ့အဝေးကြီးပါ အမေရယ်"

"ဇေဇေ"

ဇေဇေ အမေအကဲပိုလွန်းတာကြောင့် ပြောလိုက်တော့ မျက် စောင်းထိုးခံလိုက်ရတော့၏။ အမေက မမအိမ်ဆိုရင် သဲသဲလှုပ်ချစ်တာ လားမသိ။ ချစ်ဆို မမအိမ်က မျက်နှာချော နှုတ်ချော ချိုတာကိုး။

"ဇေဇေ မနာလိုဖြစ်နေတာထင်တယ် အမေရဲ့။ မနာလို





မဖြစ်ပါနဲ့ ဇေဇေရယ်။ အမေ မမအိမ်ကို ဘယ်လောက်ပဲချစ်ချစ် သားအရင်းဖြစ်တဲ့ ဇေဇေ့ကို ချစ်တာလောက် ဘယ်မီပါ့မလဲ"

"အဲဒီလိုတော့ မပြောပါနဲ့ သမီးရယ်။ သမီးကို အမေ တကယ့်သမီးရင်းလေးလို ချစ်တာပါ"

"သမီးယုံပါတယ် အမေရဲ့။ ဇေဇေသာ"

"ကျွန်တော်ကလည်း ဘာမှမနာလိုမဖြစ်ပါဘူး။ အချစ်ဆို တာ ဘယ်လောက်ပဲ မျှဝေပေးပေး လျော့သွားတဲ့အရာမှ မဟုတ်တာ"

"တကယ် သဘောထားကြီးတာလား"

"အဟုတ် . . . တကယ်"

အိမ် သဘောကျစွာရယ်လိုက်၏။ ဇေဇေပြောတာ ဟန် ဆောင်ခြင်း အလျှင်းကင်းမဲ့တယ်လို့ အိမ် ယုံကြည်သည်။ ဒီကောင် လေး အသက်ငယ်ပေမယ့် သဘောထားကမငယ်ဘူးဆိုတာလေ။ တော်သေးတာပေါ့။ အိမ် သူ့မှာအိမ်မှာနေရတယ်ဆိုပြီး သူများမျက်နှာ ကြည့် အားငယ်စရာမလိုပေ။

"သား"

"ဗျာ"

"မနက်ဖြန်ကျ သား ကောက်ရိတ်မလိုက်နဲ့တော့"

"ဘာဖြစ်လို့လဲ အမေ"

"ဘာဖြစ်ရမှာလဲ။ မနက်ဖြန်ကျ သစ်စက်မှာ ပွဲသွားဝယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ထဲက ကြမ်းပြင်တွေကို လဲရမှာပေါ့။ မဟုတ်ရင် ဒီလိုပဲ ခထာခထာ ဖြစ်နေဦးမှာ''

သစ်စက်က သူတို့ရွာနဲ့ မနီးမဝေးက နယ်မြို့လေးမှာရှိတော့ ဘယ်အချိန်ပဲသွားဝယ်ဝယ် အဆင်ပြေလို့ အမေကပြောတာ။ ဖေဖေက အမေ့စကားကို ဘယ်တုန်းကမှ မလွန်ဆန်ခဲ့သူမို့ ခေါင်းညိတ်လိုက်သည်သာ။

❋



## အခန်း (၁၀)

''ကျွန်တော်တို့ အနီးတစ်ဝိုက်မှာ ဘာသတင်းမှမကြားမိပါဘူး။ အဲ ... ကျွဲတွေ စားကျက်လွှတ်ပြီး လျှောက်သွားနေတဲ့အထဲက ကျွဲတစ်ကောင်ကို ကားတိုက်ခံရတာနဲ့ ကားမောင်းတဲ့လူကို ဆေးရုံတင်လိုက်ရတယ်ဆိုတဲ့ အကြောင်းတော့ ကြားမိတယ်။ မိန်းကလေးတစ်ယောက်ပါတယ်၊ ဘာညာတော့ တကယ်မကြားမိတာပါ''

သူတို့ ကားအက်ဆီးဒင့်ဖြစ်တဲ့နေရာတစ်ဝိုက် ရွာနီးချုပ်စပ် အိမ့်သတင်းကို လိုက်စုံစမ်းပေးမယ့် အဖြေက ဒီအဖြေပဲ ထွက်လာတာ စိတ်ပျက်စရာ။ အော်ခေါ်လို့သာ ရမယ်ဆိုရင် တစ်ရွာဝင် တစ်ရွာထွက် အော်ခေါ်ပြီးရှာလိုက်ချင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရယ်လို့ တမ်းတမိတိုင်း ရင်ထဲမှာ ပူလောင်မှုတို့နှင့် တဆစ်ဆစ်နာကျင်ရ၏။ သူ ဘယ်ဆီရောက်ပြီး ဘယ်လိုဒုက္ခတွေနဲ့ ရင်ဆိုင်ရမလဲ။

"ဒါနဲ့ မောင်ရင်က အဲဒီကိစ္စနဲ့ ဘယ်လိုပတ်သက်နေသလဲ။ သတင်းထောက်လား။ အဲဒီလူတွေရဲ့ဆွေမျိုးလား"

မင်းထက်စံ သက်ပြင်းချလိုက်ပြီး –

"အက်ဆီးဒင့်ဖြစ်တုန်းက ဆေးရုံတင်လိုက်ရတာ ကျွန်တော်ကိုယ်တိုင်ပါ။ အဲဒီတုန်းက ကျွန်တော်တို့လင်မယား ပြည်ကိုသွားကြတာ"

"ဒါဆို မောင်ရင့်အမျိုးသမီးက အက်ဆီးဒင့်ဖြစ်တဲ့အချိန်မှာ မောင်ရင်နဲ့အတူတူရှိနေတယ်ပေါ့"

"ဟုတ်ပါတယ်"

လူကြီးက မျက်မှောင်ကြုတ်ပြီး စဉ်းစားဟန်ပြု၍ –

"စဉ်းစားရခက်တဲ့ကိစ္စပဲ"

"သူသေသွားတာဆိုရင် အလောင်းတွေ့ရမှာ။ ဒါမှမဟုတ် သဲလွန်စတစ်ခုခုတော့ ရမှာပေါ့။ ခုဟာက ပျောက်နေတာဆိုတော့ သူ မသေဘူးလို့ ကျွန်တော် ယုံကြည်တယ်"

"မသေရင် သူပြန်လာမှာပေါ့ ငါ့တူရဲ့"

"မဟုတ်ဘူး။ ကျွန်တော့်အထင်ပြောရရင် သူတစ်ခုခုဖြစ်ပြီး





ဒုက္ခရောက်နေလို့ မပြန်နိုင်တာလား"

"အင်း . . . နှစ်ယောက်ဖြစ်တဲ့အနက်က တစ်ယောက်က ဆေးရုံတင်ရပြီး တစ်ယောက်က ပျောက်နေတယ်ဆိုတော့ စဉ်းတော့ စဉ်းစားစရာပဲ"

စဉ်းစားရတာလည်း ဦးနှောက်တွေ ချာချာလည်နေပြီ။ ကြာတော့ မင်းထက်စံစိတ်ညစ်လွန်းလို့ ရူးသွားမလားပါပဲ။ ကိုယ်က ဆရာဝန်ဆိုတော့ တာဝန်ကတစ်ဖက်။ ကိုယ့်ဇနီးပျောက်နေတာကို မတွေ့မချင်း ရှာချင်ပေမယ့် တာဝန်ကရှိနေသေးတာမို့ ဘာသဲလွန်စမှ မရဘဲ ပြန်ခဲ့ရသည့်အဖြစ်။

သူငယ်ချင်းတွေကတော့ အားပေးရှာကြပါတယ်။ အားပေးတိုင်း အင်အားတွေဖြစ်လာရင်တော့ အကောင်းသားပေါ့။ ခုတော့ ကိုယ့်မှာ အင်အားတွေ ချည့်နဲ့ပြီး ခြေတွေလက်တွေ မသယ်ချင်ဖြစ်ကာ ဖြစ်နိုင်ရင်ဖြုတ်ထားချင်စိတ်တောင် ပေါက်အောင်ဖြစ်နေတာ။

"မင်းထက်"

"-----"

"တို့လည်း မင်းအတွက် စိတ်မကောင်းပါဘူးကွာ။ ကံကြမ္မာဆိုတာ ကိုယ်မြင်တဲ့အရာမဟုတ်တော့ ဘာတတ်နိုင်မှာလဲ"

"ဟင်"

ကံကြမ္မာဆိုတာ ကိုယ်မြင်နိုင်တဲ့အရာမဟုတ်တော့ ဘာ

www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်မှာလဲတဲ့။ ပြောရက်လိုက်တာဆိုတဲ့စိတ်နဲ့အတူ အိမ်ပြောခဲ့တဲ့ စကားကို ပြန်လည်သတိရမိသွား၏။

"ကို"

"ဟင်"

"ကိုနဲ့အိမ်ကြားမှာ ဘယ်လိုအကြောင်းမျိုးပဲ ရှိလာရှိလာ နားလည်မှုတွေနဲ့ ဖြေရှင်းကြမယ်နော်။ အိမ့်အပေါ်မှာ ကို မရက်စက် ပါနဲ့"

"ချစ်လို့ယူထားတာ ရက်စက်စရာ ဘာအကြောင်းရှိလို့လဲ အိမ်ရဲ့။ စိတ်ချ အိမ်က ကို့ရဲ့ကမ္ဘာကို့ရဲ့ ဘဝဖြစ်စေရမယ်"

"ကို့ကို အိမ် ယုံပါတယ်။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ကံကြမ္မာကို အိမ် မယုံရဲလို့ပါ"

ဩော် . . . အိမ်ရယ်။ ဒီစကားနဲ့ ကိုယ်တို့ဘဝစာမျက်နှာကို နိမိတ်ဖတ်ခဲ့လေရောသလား။

"စကားပုံတောင် ရှိသေးတာပဲ မင်းထက်ရာ။ သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာရင်တွေ့တဲ့"

"အခု ငါ့အဖြစ်က မေ့လည်း မမေ့၊ တွေ့လည်း မတွေ့ ဖြစ်နေတာ"

"အခုက သွေးပူသွေးလောမို့လို့ပါ။ နောက်တော့ မင်း သွေး





အေးရင် နေသားကျသွားမှာပါ"

"ထင်လို့လား"

ကိုယ့်အကြောင်းကိုယ် သိတာထက် အခြားဘယ်သူက ပိုသိနိုင်သလဲ။ မချိတင်ကဲ ဖြစ်နေရတဲ့ ရင်ဘတ်ထဲမှာ အိမ်မှအိမ်ဆိုတာ။

"ငါ အိမ့်ကို အရမ်းချစ်ခဲ့တာကွ။ အချိန်တွေကြာလာရင် သူ့ကို တမ်းတပြီး လွမ်းရတဲ့စိတ်တွေ ပါးချင်ပါးသွားနိုင်ဖွယ်ရှိပေမယ့် ပျောက်သွားမှာတော့ မဟုတ်ဘူး"

အချစ်ကြီးတတ်လိုက်တဲ့ မင်းထက်။ ဒီအချစ်တွေ ဘယ်နှနှစ် ခံမလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ညအခါသည် လသာသာအောက်မှာ ရေချိုကြာလို လိုက်ဖက်ညီစွာ ပန်ရနေ၏။ ဇေဇော်ခြံထဲက ကုံးကောက်ပင်အောက်မှာ ရှိနေသော သစ်သားခုံတန်းလေးဆီသို့ ခပ်သွက်သွက် လှမ်းလာနေတာ စောဦးနှင့် တာတီးပါ။ လသာရင် ဇေဇေနဲ့ သူတို့သူငယ်ချင်းတွေ ဒီခုံတန်းလေးပေါ်မှာ သီချင်းအော်ဆိုနေကျမို့လေ။

အခု –

အိမ်ကို အရင်သွားမလို့ကနေ မသွားတော့ဘဲ ခုံတန်းလေးဆီကပဲ စောင့်နေမယ်ဟု လာခဲ့တာ။ သူတို့လာတာကို ဇေဇေ မြင်မှာပါလို့ ယုံကြည်ကာ၊ မလာရင်လည်း လှမ်းခေါ်လိုက်ရုံပဲပေါ့။ ခေါ်ရတာ





လမ်းစရိတ်ကုန်တာမှမဟုတ်တာ။

"စောဦး"

"ဟင်"

"ဇေဇေ လာပါ့မလား"

"လာမှာပါကွာ။ မလာလို့ လှမ်းခေါ်တော့ရော လမ်းစရိတ်ကုန်တာမှတ်လို့"

"လာမှာပါမလုပ်နဲ့။ အခြေအနေက အရင်နဲ့တူတော့တာမဟုတ်ဘူး"

"ဘာလဲ မမအိမ်ရှိနေလို့ ပြောတာလား"

"အဲဒါအပြင် ဘာရှိဦးမှာလဲ"

"အေးကွ . . . မမအိမ်က အရမ်းလှတယ်နော်။ စိတ်ထားလေးကလည်း ဖြူစင်တော့ ဇေဇေနဲ့ငါ သဘောတူတယ်"

"အံမယ် . . . မင်းအကြောင်း ငါမသိရင် ခက်မယ်နော် စောဦး။ မင်းက ဇေဇေနဲ့အိမ်မွန်ကို လွဲစေချင်နေတာ မဟုတ်လား။ မင်း ဖြတ်ရုတ်ချင်လို့လေ"

"မဟုတ်ရပါဘူး တာတီးရာ။ ဇေဇေနဲ့လွဲလည်း အိမ်မွန်က ငါ့ကို ပြန်မကြိုက်ဘူးဆိုတာ ငါသိပြီးသား။ ငါက ငါ့စိတ်ထဲရှိတဲ့အတိုင်း ပြောပြတာပါ"

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



တာတီးနှုတ်က 'ဟော' ဆိုတဲ့အသံထွက်လာလေတော့ စောဦး အိမ်ဘက်သို့ လှမ်းကြည့်ရင်း –

"ဘာဖြစ်တာလဲ"

"ဖေဖေ ဆင်းလာပြီ ... မမအိမ်လည်း ပါတယ်ကွ"

"ဒါဆို တို့ ဒီခုံအောက်မှာ ဝင်ပုန်းနေရအောင်"

"ဟာ ... ဘာလို့ပုန်းရမှာလဲ"

"သူတို့ ဘာတွေပြောကြလဲ ချောင်းနားထောင်ရအောင်လေ။ ဝါသနာ ဝါသနာ ... ဟဲ ဟဲ"

"ဒါဆို မြန်မြန်ဝင်ရအောင်၊ လာနေပြီကွ"

ပြောရင်းဆိုရင်း စောဦးနဲ့တာတီး ခုံတန်းလေးအောက်မှာ ဝင်ပုန်းကြ၏။ ဒါက လူတော်တော်များများပါတဲ့ ဝါသနာလေး။ နှစ်ယောက်သား ဖင်ကလေးတွေပုထားရင်း တာတီးက အသံခပ်အုပ်အုပ်နှင့်။

"မင်းကသာ သဘောတူနေတာ၊ မမအိမ်ကဖြင့် အပျိုလား အအိုလား မသိဘဲနဲ့"

"ဒီပုံစံ, ဒီဒီဖိုင်းက အပျိုပဲဖြစ်မှာပါကွာ"

"ခုခေတ်က အပျိုနဲ့အအို သိပ်ခွဲခြားလို့ရတာ မဟုတ်ဘူးကွ"

"ရှူး"





စောဦးက တိတ်တိတ်နေရန်အချက်ပြသဖြင့် တာတီး ပါးစပ် ပိတ်သွားလေသည်။ ဖေဖေနဲ့အိမ် ခုံတန်းလေးဆီကိုလာနေပြီလေး သူတို့ဘာစကားတွေပြောကြမလဲ။

ထိုင်ခုံလေးပေါ်မှာ နှစ်ယောက်အတူထိုင်မိကြတော့ ချက်ချင်း စကားမပြောကြသေးဘဲ အိမ်က ကောင်းကင်ဆီက လမင်းကိုသာ မော့ကြည့်နေလျက်။ ဖေဖေလည်း လိုက်မော့ကြည့်ပြီး ရင်ထဲမှာ ပျော်သလိုလို လွမ်းသလိုလို။ လဆန်းရက်မှာသာ လကိုမြင်နေရပေမယ့် လဆုတ်ရက်ရောက်ရင် ဒီလကပျောက်သွားမှာပဲမဟုတ်လား။ အဲဒီလို ပျောက်သွားရင် လမင်းကို လွမ်းရပြန်ရောလေ။

"လရောင်နဲ့ကျတော့ ညက ပိုပြီးအေးချမ်းနေသလိုပဲနော် ဖေဖေ။ သာယာမှုကိုလည်း ပေးစွမ်းနိုင်တယ်။ ဒါကြောင့် လကို တမ်းတတဲ့သူပဲ ရှိတယ်။ မုန်းတဲ့သူဆိုတာမရှိဘူး။ မမ အိမ်သာလဖြစ်ရင် သိပ်ကောင်းမှာပဲ"

"လကိုမုန်းတဲ့သူ မရှိဘူးလို့ မမအိမ်ကို ဘယ်သူက ပြောလဲ"

"ဟင်"

"လကိုမုန်းတဲ့သူ ရှိတာပေါ့"

"ဟုတ်လား ...ပြောပါဦး။ ဘယ်လိုလူမျိုးက မုန်းတာလဲ"

"သူခိုးလေ"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမအိမ် စဉ်းစားကြည့်လေ။ သူနိုးတစ်ယောက်က မှောင်မိုက်တာကို အခွင့်ကောင်းယူပြီး ခိုးရတာ။ လသာနေရင် ဘယ်လိုခိုးမလဲ။ အဲဒီတော့ လကို မုန်းနေမှာပေါ့"

အိမ် ခစ်ခနဲရယ်လိုက်ပြီး –

"ဟုတ်တယ်နော်၊ လကိုမုန်းတဲ့သူလည်း ရှိသေးတာပဲ။ ဒါပေမဲ့ မကောင်းတဲ့သူတွေ မုန်းတာမုန်းပါစေ၊ မမအိမ်ကတော့ လမင်းလေးပဲ ဖြစ်ချင်တယ်"

"ကျွန်တော်က ကောင်းကင်ကြီးဖြစ်ချင်တယ်လို့ ပြောလိုက်ပါလား သူတောင်းစားရဲ့"

"ဟော့ကောင်"

ခုံအောက်ရှိ နှစ်ယောက်မှာလည်း တိုးတိုးကြိတ်ကြိတ်။ စောဦးအသံကိုကြားမှာစိုးလို့ တာတီးက ပါးစပ်လိုက်ပိတ်ထားရတာလေ။

"ဖေဖေ"

"ဗျာ"

"ဖေဖေ ဘာပြောလိုက်တာလဲ"

"ဟင့်အင်း . . . ဘာမှမပြောပါဘူး မမအိမ်ရဲ့"

"မသိပါဘူး၊ မမအိမ်နားထဲမှာ ကျွန်တော်က ကောင်းကင်ကြီးဖြစ်ချင်တယ်လို့ ပြောသံကြားလိုက်သလားလို့"





ထိုင်နေတာက အမှောင်ရိပ်အောက်မှာမို့ သေသေချာချာ မမြင်ရတဲ့မျက်နှာကိုပဲ လှည့်ကြည့်ကာ ပြုံးလိုက်ပြီး –

"ကျွန်တော်က ကောင်းကင်ကြီး မဖြစ်ချင်ပါဘူး"

"ဟင် . . . ဘာဖြစ်လို့လဲ။ ကောင်းကင်က အမြင့်မှာရှိတာကို"

"မမအိမ်က မြင့်တာတစ်ခုပဲသိတာကိုး။ ကောင်းကင်ဆိုတာ တကယ်တော့ စွန့်ခွာချန်ထားခံရတဲ့အရာပါ။ နေဖြစ်ဖြစ်၊ လဖြစ်ဖြစ်၊ မိုးပဲဖြစ်ဖြစ် . . . သူတို့လုပ်ဆောင်ရမယ့် အခန်းကဏ္ဍတွေ ပြီးဆုံးသွားရင် ကောင်းကင်ရဲ့ရင်ခွင်ကို စွန့်ခွာထားရစ်ခဲ့ကြတာလေ"

"ဒါက သဘာဝတရားပဲဥစ္စာ ဖေဖေရဲ့"

"အဲဒီသဘာဝတရားကို သေသေချာချာတွေးကြည့်ရင် ကျွန်တော် မခံစားနိုင်ဘူး"

"ဘယ်လို"

"မမအိမ် စဉ်းစားကြည့်လေ။ တစ်နေ့နေ့မှာ မမအိမ်သာ အတိတ်ကို ပြန်သတိရလို့ ပြန်သွားရင် ကျွန်တော်တို့သားအမိ ဘယ်လို ကျန်ခဲ့မလဲဆိုတာ"

အဲဒီလိုလုပ်စမ်းပါဆိုတဲ့ စောဦးအသံက ဒီတစ်ခါကြားနိုင်ဖွယ်ရာ မရှိတော့ပေ။ ဖေဖေစကားကြောင့် အိမ့်ရင်ထဲမှာ မသိမကောင်းဖြစ်သွားမိငြား ဖေဖေ စိုးရိမ်မယ်ဆို စိုးရိမ်စရာဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်က ကိုယ့်ကိုယ်ကိုယ်တောင် အိမ်ဆိုတာကလွဲရင် ဘာမှမသိတဲ့သူ မဟုတ်။

ဒါပေမဲ့ အိမ်ကလည်း လက်ရှိဘဝကို သံယောဇဉ်တွယ်နေမိပြီလေ။ ပစ္စည်းဥစ္စာ မချမ်းသာပေမယ့် စိတ်ချမ်းသာမှုရှိတဲ့ ချမ်းသာခြင်းအစစ်ကို ရထားတာ။

"မမအိမ်"

"ဟင်"

"ကျွန်တော်လေ မမအိမ်အတိတ်ကို သတိရပြီး ပြန်သွားမှာကို စိုးရိမ်နေတယ် သိလား"

"ဒါဆို မမအိမ် မပြန်နိုင်အောင် ကြိုးနဲ့တုပ်ထားပေါ့"

"ကြိုးနဲ့တုပ်ထားရမယ်"

"အင်း"

ဒီစကားကို အိမ်က စသလိုနောက်သလို ခပ်ပေါ့ပေါ့လေး ပြောလိုက်ပေမယ့် ဇေဇေ့ရင်ထဲမှာက လေးလေးနက်နက်။ မပြန်နိုင်အောင် ကြိုးနဲ့တုပ်ထားရမယ်တဲ့။ ဘယ်လိုကြိုးမျိုးနဲ့ တုပ်ထားရမလဲ။ ဟုတ်တယ် တုပ်ထားရမှာပေါ့။ သံယောဇဉ်ဆိုတဲ့ နှောင်ကြိုး။ မေတ္တာချစ်တာ နှောင်ကြိုးတွေနဲ့လေ။

"ဟုတ်တယ်၊ မမအိမ်ကို ဟိုကြိုးနဲ့တုပ်ထားရမယ်"

"ဟင် ... ဘယ်ကြိုးနဲ့လဲ"





"သံယောဇဉ်ကြိုး"

"ခိုင်ပါ့မလား"

"နောက်တော့ ကြိုးတွေ ပိုများလာမှာပေါ့"

"ဘယ်လို"

"ဇာတ်ရှိန်က တက်လာပြီကွ ... ဟီ ဟီ ..."

"ဟင်"

ဒီတစ်ခါ စကားပြောသံကြားလိုက်သူက ဇေဇေ။ ဒါ မမအိမ် အသံ မဟုတ်တာကတော့ အသေအချာပါပဲ။ သူတို့အနားမှာ ဘယ်သူတွေရှိနေပြီး နိုးကြောင်နိုးဝှက် ချောင်းနားထောင်နေတာလဲ။ ဇေဇေ ခုံတန်းလေးပေါ်က ဆင်းပြီး ကုံ့ကော်ပင်နောက်ကိုကြည့် ဟိုကြည့် ဒီကြည့် ကြည့်တာ ဘာမှမတွေ့။

"ဇေဇေ ... ဘာလဲဟင်"

"ကျွန်တော် လူသံကြားလိုက်လို့။ ဒီအနားမှာ မမအိမ်နဲ့ ကျွန်တော့်အပြင် အခြားသူရှိနေသေးတယ် ထင်တယ်"

လူသံကြားမှာပေါ့ လူတွေပြောနေတာပဲဥစ္စာ။

"မမအိမ်လည်း ကြားလိုက်တယ်၊ ရှာကြည့်ပါဦး"

ဇေဇေ ဟိုကြည့် ဒီကြည့် ကြည့်နေတော့ စောဦးနဲ့တာတီး သူတို့ကို တွေ့သွားမှာစိုးလို့ ပုပုကပ်ကပ်။ နှစ်ယောက်သား [illegible]ကြရင်း ပုရွက်ဆိတ်က ကိုက်လေသဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဟာ ... ကိုက်တယ်၊ ကိုက်တယ်"

"သေပါပြီ ... ထွက်ကွ ထွက်"

"မင်းအရင်ထွက်ပါလား။ ဟာ ... ဒီမှာ ဘယ်တွေကိုက်ကုန်ပြီ မသိဘူး"

"ဟင်"

ဆူဆူညံညံအသံတွေနှင့်အတူ ထွက်လာကြတော့ –

"ဩော် ... လက်စသတ်တော့ မင်းတို့နှစ်ကောင်ကိုး။ အဲဒါ ဘာလုပ်နေတာလဲ"

"ချောင်း ... ချောင်းနေတာ။ ဓါသနာအရလေ .. ဟဲ ဟဲ"

"ဘာ ... ဟဲ ဟဲလဲ။ နှစ်ယောက်စလုံး အကျင့်ကို မကောင်းဘူး သိလား"

"စိတ်မဆိုးပါနဲ့ မမအိမ်ရယ်။ ကျွန်တော်တို့က ဘာတွေများ ပြောကြမလဲလို့"

"အခု ဘာတွေကြားရလဲ"

"အဟဲ"

တာတီး ခေါင်းကုတ်လိုက်ပြီး –

"အဟမ်း အဟမ်း"

ချောင်းဟန့်ပြီး စောဦးကို အကူအညီပေးဖို့ လက်ကုပ်ကာ





သူက ကန့်ကလန့်ဟန်လုပ်၍ –

"လရောင်နဲ့ကျတော့ ညက ပိုပြီး အေးချမ်းနေသလိုပဲနော် ဖေဖေ။ သာယာမှုကိုလည်း ပေးစွမ်းနိုင်တယ်။ ဒါကြောင့် လကို တမ်းတတဲ့သူပဲရှိတယ် မုန်းတဲ့သူဆိုတာ မရှိဘူး။ မမအိမ်သာ လဖြစ်ရင် သိပ်ကောင်းမှာပဲ"

"လကို မုန်းတဲ့သူမရှိဘူးလို့ မမအိမ်ကို ဘယ်သူပြောလဲ"

"ဟင်"

"လကို မုန်းတဲ့သူရှိတာပေါ့"

"ဟုတ်လား ... ပြောပါဦး။ ဘယ်လိုလူမျိုးက မုန်းတာလဲ"

"သူခိုးလေ"

"ဟယ်"

ဟယ် သံကန္တဲ့လွှန်းတော့ အမျှင်ရှည်။ စောဦးနဲ့တာတီး ဟန်နဲ့ပန်နဲ့လုပ်ပြလေတော့ အိမ့်မျက်နှာလေးက ရှက်ဝဲဝဲ။ ဖေဖေကတော့ ခါးကြီးထောက်လို့ မျက်မှောင်ကြုတ်ကာ ကြည့်နေဆဲမှာ။

"မမအိမ် စဉ်းစားကြည့်လေ။ သူခိုးတစ်ယောက်က မှောင်မိုက်တာကို အခွင့်ကောင်းယူပြီး ခိုးရတာ။ လသာနေရင် ဘယ်လိုခိုးမလဲ။ အဲဒီတော့ လကိုမုန်းနေမှာပေါ့"

"ဟုတ်တယ်နော် ... လကိုမုန်းတဲ့သူလည်း ရှိသေးတာပဲ။ ဒါပေမဲ့ မကောင်းတဲ့သူတွေ မုန်းတာမုန်းပါစေ မမအိမ်ကတော့ လမင်း



www.burmeseclassic.com

www.burmeseclassic.com



လေးပဲဖြစ်ချင်တယ်''

''တော်ပါတော့''

''ခွေးကောင် လူရှုပ်တွေ''

ဖေဖေလည်း ရှက်ရှက်နဲ့ နှစ်ယောက်စလုံးကို ဖက်ပိုးအုပ်ထည့်လိုက်၏။ သူတို့ပြောသမျှ အကုန်ချောင်းနားထောင်နေတာ သူများကြားတော့ ရှက်တာပေါ့။ မမအိမ်က မိန်းကလေးဆိုတော့ သူ့ထက်ပိုဆိုးပေလိမ့်မည်။ စောဦးတို့ကတော့ အရယ်မပျက်နိုင်။

''ဆက်ပြောဦးမလား ကြိုးတွေအကြောင်း''

''ဟောကောင်တွေ . . . မင်းတို့ နောက်တာ တော်လောက်ပြီနော်။ ဟိုမှာ မမအိမ် ရှက်နေပြီကွ''

''ဘာမှရှက်မနေနဲ့ . . . ဒါ သဘာဝတရားပဲလေ။ ကိုယ်တစ်ယောက်တည်း ချစ်ပြီး ထူးခြားနေတာမှ မဟုတ်တာ။ တစ်ယောက်နဲ့တစ်ယောက်ချစ်ရင် လက်ထပ်မယ်။ လက်ထပ်ပြီးရင် ကွစိကွစ ကြိုးတွေတိုးလာတာ''

''တာတီး . . . တော်ပါတော့ဆို။ ဘာတွေလာပြောနေမှန်း မသိဘူး''

ပြောပြီး အိမ် သူတို့ရှေ့မှ ထွက်လာခဲ့တော့၏။ ရင်ထဲမှာ ရှက်တာက သိပ်သိပ်၊ ပျော်သလိုဖြစ်နေတာက တခြားပါ။ တာတီးတို့ စကားတွေထက် အိမ့်ရင်ထဲမှာ တွယ်ငြိသွားတာ ဖေဖေ့စကားတွေ။





သံယောဇဉ်ကြိုးနဲ့တုပ်ထားမယ်တဲ့လား ဖေဖေရယ်။ ဖေဖေသည် သူ့မအားအကိုးရဆုံးနှင့် သံယောဇဉ်အရှိဆုံးယောကျ်ားဆိုရင်မမှားပေ။

''မင်းတို့ တော်တော်နောက်တဲ့ ကောင်တွေပဲ။ မမအိမ် ရှက်သွားပြီကွ''

''တို့က နောက်တာမဟုတ်ဘူးကွ။ အတည်ပြောနေတာ''

''ဘာအတည်လဲ''

''မင်းနဲ့မမအိမ်ကို ဖြစ်စေချင်တာလေ။ မင်း မမအိမ်ကို မချစ်ဘူးလား ပြော''

''မင်းတို့ကလဲ''

''ညာဖို့မကြိုးစားနဲ့ ဟောကောင်၊ အမွှေးမြင် အပင်သိတယ်''

''မညာပါနဲ့၊ တစ်မျိုးတော့တစ်မျိုးကြီးဖြစ်နေတာ အမှန်ပဲ။ အဲဒီတစ်မျိုးကြီးက ဘာလဲဆိုတာတော့ ငါ မသိဘူး''

''မသိမရှိနဲ့ ဖေဖေ။ အဲဒါ အချစ်ကွ အချစ် . . . ဟား ဟား ဟား''

သူငယ်ချင်းတွေ ရယ်ကြပါစေတော့။ ဖေဖေက မချစ်ဖူးတော့ အချစ်ရဲ့ထူးခြားချက်တွေကို မသိတာ ဘာဆန်းလဲ။ သူငယ်ချင်းတွေ ပြောသလို အတူနေတာကြာလာတော့ သူ မမအိမ်ကို တကယ်ချစ်နေမိပြီလားဆိုတာ။

❁

www.burmeseclassic.com

## အခန်း (၁၂)

"ကလင် ကလင် ကလင်"

နောက်က စက်ဘီးဘဲလ်တီးသံကြောင့် ဇေဇေ ဘေးကိုကပ်ပြီး ရှောင်ပေးလိုက်၏။ ဒီလမ်းမကြီးက ရပ်ဝေးရပ်နီး လူအများ သွားနေကြတာဆိုတော့ ဘယ်သူဘယ်ဝါလဲ စိတ်ဝင်စားပြီး လှည့်ကြည့်ဖို့ မလိုဘူးလေ။

ဒါကြောင့် –

ဘေးကပ်ပြီး ကိုယ့်လမ်းကိုယ်လျှောက်ခဲ့ရာ –

"ဇေဇေ"

"———"





"ဟဲ့ ... ဇေဇေ"

"ဟင်"

ကိုယ့်နာမည်ကိုခေါ်လိုက်တာမို့ လှည့်ကြည့်လိုက်တော့ အိမွန်။ အိမွန်က စက်ဘီးပေါ်မှဆင်းကာ –

"ခေါ်လိုက်ရတာဟယ် ... ဘာတွေ တွေးလာတာလဲ။ ငါကဖြင့် နင့်ကိုမြင်လို့ လိုက်လာတာ"

"ငါ့ကိုမြင်လို့ လိုက်လာတာ"

"ဟုတ်တယ်"

"ပြောပါဦး ... ဘာကိစ္စရှိလို့လဲ"

"နင့်ကို မေးစရာရှိလို့"

အိမွန့်မျက်နှာမကောင်းပေ။ ဘာကိုမေးချင်တာလဲဟု ဇေဇေ ပခုံးပေါ်မှာထမ်းလာတဲ့ ဘတ်ထရီအိုးနှင့် ကျင်စက်ကို ခဏချလိုက်၏။ အချိန်က ညနေစောင်းရှလေ။ ကောက်တွေရိတ်ပြီးပြီမို့ ဒီလို အလုပ်ပြတ်တဲ့အချိန်မှာ သူတို့ဝမ်းစာအတွက် လုပ်ရတာက ငါးရှာ၊ ဖားရှာအလုပ်။

အခု ...

ဇေဇေ ဘတ်ထရီအိုးနဲ့ ကျင်စက်ကိုယူပြီးထွက်လာတာ ငါးရှာဖို့လေ။ ရေထဲမှာရှိတဲ့ ငါးကို ကျင်စက်နဲ့ရှာပြီး ဖမ်းတဲ့အလုပ်ပေါ့။ သူတို့ဒေသက လူတွေက ဒီလိုပဲ အင်းတွေ အိုင်တွေကို [illegible]ပြီး ရှာဖွေစားသောက်နေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာမေးမှာလဲ အိမ့်နှံ"

အိမ့်နှံ မျက်နှာလေးမော့လာပြီး ဇေဇေ့ကိုကြည့်တဲ့အကြည့်တွေထဲမှာ ဘာတွေပျော်ဝင်နေသည်မသိ။

"ဟဲ့ . . . မေးလေ"

"မေးမှာပါ။ နင်တို့အိမ်မှာရောက်နေတဲ့ မမအိမ်ဆိုတာက အရမ်းလှတာပဲနော်"

"အဲဒါ ဘာဖြစ်လဲ"

"နင်နဲ့သူက ဘာတွေလဲ ဇေဇေ"

"ရှင်းရှင်းပြော အိမ့်နှံ။ စကားကို သွယ်ဝိုက်မနေနဲ့။ နင် ဘာကိုသိချင်တာလဲ"

"လေသံက မာလှချေလား။ နင် ငါ့ကို မခင်တော့ဘူးလား ဇေဇေ"

"ခင်တယ်လေ . . . အဲဒါနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဟဲ့။ နင် ငါ့ကို ခင်တယ်ဆိုပြီး အဲဒီမမအနေအထားက မရှာနိုင်ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ။ တို့အိမ်ဘက်ကို လုံးဝကို မလာတော့တာ"

"ကျုတ်"

အလုပ်မအားလို့ မလာတာပါဆိုတဲ့ ဆင်ခြေကိုမပေးတော့။ ပြောလည်းယုံမှာမှ မဟုတ်ဘဲလေ။ ကိုယ်ကလည်း သူပြောသလို





ဟုတ်နေသလိုပဲ ဥစ္စာ။

"ဇေဇေ"

"ပြော"

"စောဦးပြောတာ တကယ်ပဲလားဟင်"

ဇေဇေ မျက်ခုံးလေးရှုံ့ကြုတ်သွားပြီး –

"စောဦးက ဘာပြောလို့လဲ"

"နင်နဲ့မမအိမ်က ယူတော့မှာဆို"

စောဦး အာချောင်တာကြည့်စမ်း။ ဇေဇေ ဖြေရှင်းချက်မပေးနိုင်။ အိမ့်နှံကို သနားပေမယ့် သူ ချစ်လို့မရဘူးလေ။ ရင်ထဲမှာရှိနေတာက မြူစင်သန့်ရှင်းသောမေတ္တာမို့ သနားတာတစ်ခုနဲ့ မဟုတ်တာ အဟုတ်လုပ်ပြီး ညာလည်း မညာရက်။

"ဇေဇေ ဖြေလေ"

"အချိန်က အဖြေပေးလိမ့်မယ် အိမ့်နှံ။ ဒီကိစ္စ ဟုတ်,မဟုတ်ကို ငါမဖြေရှင်းချင်ဘူး"

"နင် အဖြေရခက်နေလို့လား"

"ဟုတ်တယ်"

အိမ့်နှံမျက်နှာ ချွေးရိပ်သန်းသွားတော့၏။ အိမ့်နှံက ဇေဇေ့ကို မျှော်လင့်နေတဲ့သူလေ။ သူငယ်ချင်းတွေ စကြနောက်ကြရင်း နောက် များ ဇေဇေကိုယ့်ကို ဖွင့်ပြောလာလေမလားလို့ မျှော်လင့်နေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မျှော်လင့်ချက်တွေ ပျောက်ဆုံးရတော့မှာလား။

"အေးလေ ... အဖြေရခက်နေရင် နှင် မဖြေပါနဲ့။ ဘာပဲ ဖြစ်ဖြစ် နှင်ပျော်မယ်ဆိုရင် ငါ ကျေနပ်ပါတယ်"

"အိမွန်"

"ငါသွားတော့မယ်"

"နေဦး"

"နှင် ဘာပြောစရာရှိလို့လဲ"

"နှင့်ကို ငါ ခင်ပါတယ်"

"ဒါပဲမို့လား"

ဇေဇေ ခေါင်းညိတ်ပြလိုက်တာနှင့် အိမွန် စက်ဘီးကို နောက် ပြန်လှည့်ကာ စီးနင်းသွားလေတော့၏။

မျက်ရည်ဝေ့လာတာကို မကျမိအောင် ထိန်းသိမ်းရင်း ဖြော် ဇေဇေရယ်။

သူငယ်ချင်းလိုပဲ ဆက်၍ ခင်ကြမယ်ဆိုတဲ့သဘောလား ဟယ်။

❁



## အခန်း (၁၃)

ခေါ်ချောပို အဝတ်တွေလျှော်နေတော့ ဇေဇေကော ရေစည်ပိုင်း ထဲကို ရေခွဲထည့်ပေးနေချိန်မှာ အိမ်က ထမင်းချက်ပေါ့။ ကိုယ် နိုင်ရာဝန်ကိုထမ်းကြရင်း နားလည်မှုတွေနှင့် တည်ရှိနေတဲ့ ကမ္ဘာလေး က အေးချမ်းမှု နွေးထွေးမှု ပျော်ရွှင်မှု ကျေနပ်မှုတွေနှင့် ရသပေါင်းစုံ ကို ပေးစွမ်းနိုင်ခဲ့သည်လေ။

ဇေဇေကော ဖြစ်နိုင်ရင် ဝန်မှန်သမျှကို သူတစ်ယောက်တည်း ပဲ ထမ်းချင်သူ။ ဒါကြောင့် ရေပြည့်တာနှင့် မိခင်ဖြစ်သူဘေးမှာ ဝင် ထိုင်လိုက်ပြီး –

"ပေး အမေ ... သားလျှော်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် သား။ အမေပဲ လျှော်ပါ့မယ်ကွယ်။ သား ပင်ပန်းနေပြီ မဟုတ်လား။ သွားနားတော့လေ"

"မပင်ပန်းပါဘူး အမေရဲ့။ သားက အမေ ပင်ပန်းမှာကိုပဲ စိုးတာ"

"သိပါတယ်တော် သိပါတယ်။ သားက အမေ့အပေါ်မှာ သိတတ်လွန်းတဲ့ သားလိမ္မာလေးပဲဥစ္စာ။ သားက အဲဒီလိုသိတတ်လေ အမေက ငိုထားမတတ်ချစ်ရလေပါပဲကွယ်"

"ငိုတော့မထားပါနဲ့ အမေရယ်။ အမေ့ပါးစပ် မောင်းနေပါ့မယ်။ ရင်ထဲကချစ်ရုံနဲ့ရတယ်"

"ကောင်လေး ကတ်သီးကတ်သက်ပြောတော့မယ်"

"သားကိုချစ်ရင် ပေးအမေရာ။ ဒီအဝတ်တွေ သားလျှော်မယ်"

ပြောလည်းပြော လုယူပြီး လျှော်လေတော့ ဒေါ်ချောစိုး ကျေနပ်ခြင်းများနှင့် ကြည့်နေလိုက်သည်သာ။ အခြားကာလသားတွေမှာ အသက်နှစ်ဆယ်မပြည့်ခင်ကတည်းက အရက်ကလေးတမြမြ အမောက်ကလေးတသသနှင့် ရည်းစားဆိုလည်းထားကြ။ ဟိုတစ်စ ဒီတစ်စသူများတွေ အတာတ်ပေါင်းစုံတာတ်ပြီး လက်တည့်စမ်းနေကြပေမယ့် –

ကိုယ့်သားလေးကတော့ ရိုးသားလိမ္မာစွာ။ တစ်ရွာလုံးမှာ





လက်ညှိုးထိုးပြပါဆိုရင် ကိုယ့်သားလိုလူမျိုးက အရှားသားလား။

"သား"

"ဗျာ"

"သား အိမ်ထောင်ပြုရမယ့်အရွယ်ကို ရောက်နေပြီနော်"

"အမေရယ် . . . သားအသက် ခုမှ နှစ်ဆယ်ထဲဝင်ရုံပဲ ရှိသေးတာ၊ စောပါသေးတယ်။ သား အမေ့ကို လုပ်ကျွေးချင်သေးတယ်"

"ပြော် . . . သားရယ်။ အလိမ္မာအိမ်ပါမလေးဆိုရင် သား အမေ့ကို လုပ်ကျွေးလို့ရနေတာပဲလေ။ အမေတို့သားအမိနှစ်ယောက်တည်း နေခဲ့ရတဲ့ဘဝက ဘယ်လောက်အထီးကျန်ဆန်သလဲ။ အမေ မြေးချီချင်ပြီ သားရဲ့"

"အမေကလည်း"

ဇေဇေ ရှက်ရယ်ရယ်ရင်း လျှော်ပြီးသားအဝတ်တွေကို ရေညှစ်လိုက်၏။ သူ အရွယ်ရောက်နေတာမှန်ပေမယ့် အချစ်ဆိုတာကို ကိုယ်လိုသလို အပေါ့အပေါ့ပြည့်ပြီး အစားသွပ်လို့ရတဲ့အရာမှ မဟုတ်ဘဲ။ သူ့အလိုအလျောက် ဖြစ်တည်လာတဲ့ အချစ်က အခုတော့ ရင်ဘတ်ထဲမှာ လှုပ်စိလှုပ်စိတော့ ဖြစ်နေပြီ။

"အမေကလည်း မလုပ်နဲ့လေ။ အမေ့ချွေးမနဲ့မြေးနဲ့ ဓိသားတွေ သိုက်သိုက်ဝန်းဝန်းနေသွားချင်တယ်။ အမေက အသက်ကြီးလာပြီလေ။ တစ်နေ့ထက်တစ်နေ့ သေမယ့်ရက်က ပိုနီးလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အမေရယ် . . . ခုမှ အမေ့အသက်က လေးဆယ်ကျော်ပဲ ရှိသေးတာကို ဘာတွေတွေးပူနေတာလဲ"

"လေးဆယ်ကျော်ပေမယ့် သေခြင်းရှင်ခြင်းကိစ္စကို တားဆီးလို့မရဘူးလေ"

"နေပါဦး . . . အမေက သားကို ဒီလောက်မိန်းမပေးစားချင်နေတာ အမေသဘောတူသူ တွေ့နေလို့လား"

"မချောရေ"

"——"

"မချော မချော"

ခေါ်သံကြားတာကြောင့် စကားစက ပြတ်သွားတော့။ သူတို့ဆီသို့ လျှောက်လာနေတာက ရွာလယ်ပိုင်းက ဒေါ်ညိုပု။

"ညိုပု . . . ဘာကိစ္စရှိလို့လဲ"

ဒေါ်ညိုပုက ဟိုဟိုဒီဒီကြည့်၍ ပြီးမှ အပြုံးချိုချိုနှင့် –

"ဇေဇေ့ကို စပါးတင်တဲ့နောက် လိုက်မလား မေးမလို့ပါ။ တစ်ခေါက်ကို တစ်ထောင်ပေးမယ်လေ။ ငါးခေါက်လောက်တော့ ဒီနေ့သယ်ရမယ်"

"လိုက်မယ် လိုက်မယ်"

ဇေဇေဖြေလိုက်ပုံက မြှာမြှာသလဲပါ။ သမာအာဇီဝကျတဲ့ အလုပ်နဲ့ ငွေရှာရမယ်ဆိုရင် ဇေဇေက ဘာပဲလုပ်ရလုပ်ရ။ အရင်လို





ပါးစပ်ကနှစ်ပေါက်တည်း မဟုတ်တော့ဘူး။ တစ်ပေါက်ပိုလာတာနဲ့ အရင်ကထက် အလုပ်ကိုပိုလုပ်ရမှာ။

"မလိုက်ပါနဲ့လား သားရယ်။ သားက အလုပ်နဲ့လက် ပြတ်တယ်ကိုမရှိဘူး။ နည်းနည်းပါးပါး နားပါဦးလား"

"နားလို့ဘယ်ဖြစ်မှာလဲ အမေရဲ့။ ငွေဆိုတာ ရှာနိုင်တုန်း ရှာထားမှ။ အလုပ်မရှိမှ လုပ်ချင်ပါတယ်ဆိုလို့ မရဘူးလေ"

"အဟွန်း . . . ဇေဇေက လောဘတက်လိုက်တာ။ ဘာလဲ မိန်းမယူမလို့ ငွေစုနေတာလား"

"မဟုတ်တာဗျာ"

ပြောရင်း ဇေဇေ အဝတ်တွေကိုလှန်းဖို့ အမေ့လက်ထဲ ထည့်ပေးပြီး ထရပ်ကာ လက်ကရေတွေကို ပုဆိုးနှင့်ပွတ်တိုက်သုတ်နေချိန်မှာ ဒေါ်ညိုပုက အိမ်ဘက်သို့ တစ်ချက်လှမ်းကြည့်ပြီး –

"ဟိုကလေးမလေးရော မမြင်ပါလား။ သူ ဘာလုပ်နေလဲ မချော"

"ထမင်းချက်နေတယ်လေ။ သူရောက်လာပြီးကတည်းက ငါလည်း ထမင်းမချက်ရတော့ သက်သာနေတာပေါ့"

ဒေါ်ညိုပု ဒေါ်ချောပိုအနားသို့တိုးကပ်ပြီး အသံခပ်အုပ်အုပ်နှင့်။

"ပြောသံတွေကြားနေတာ ဟုတ်လားမချော။ အဲဒီကလေးမ



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ ဇေဇေက ယူတော့မှာဆို။ ကောင်မလေးက လှတာတော့ တော်တော်လှတယ် သိလား"

"ဟာ ... ဒေါ်ညိုပု ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ။ ဟိုက ကြားသွားမှဖြင့်"

"ကြားတော့ ဘာဖြစ်လဲ။ ပုပ်လို့ပေါ့ ဟုတ်လို့ကျော်နေတာပဲ မဟုတ်ဘူးလား"

"ဒေါ်ညိုပု ခင်ဗျား"

"သား"

လူတွေပါးစပ်များ အဲဒီလို ကြောက်ဖို့ကောင်းတာ။ အနေနီးတိုင်း ညားကုန်ကြတာမှ မဟုတ်ဘဲလေ။ ဒါပေမဲ့ ဒေါ်ချောပိုကတော့ သားနဲ့အိမ်ကို ဖြစ်မယ်ဆို သဘောမတူစရာအကြောင်းမရှိ။ အိမ်က သိတတ်လိမ္မာပြီး ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်ပဲ မဟုတ်လား။

ကြီးရင်မှီ ငယ်ရင်ချီတဲ့။

အိမ်က သားထက်နည်းနည်း အသက်ကြီးပုံတော့ရ၏။

"ငါက ဖြစ်စေချင်လို့ပြောတာပါ ဇေဇေရယ်။ မဟုတ်ဘူးဆိုလည်း ပြီးတာပါပဲ"

"ကဲ ... ဒေါ်ညိုပု မဆိုင်တာတွေမပြောနဲ့တော့။ ကျွန်တော် အခုလိုက်ခဲ့ရမှာလား ပြော"





"အေး ... လိုက်ခဲ့ပေါ့"

"ဒါဆို ခင်ဗျား သွားနှင့်၊ ကျွန်တော် လိုက်လာခဲ့မယ်"

ပြောပြီး ဇေဇေ အိမ်ဘက်သို့လျှောက်လာခဲ့၏။ လောလောဆယ် စွပ်ကျယ်ချိုင်းပြတ်ကလေးနဲ့နေတာဆိုတော့ အင်္ကျီလက်ရှည် ထပ်ဝတ်ပြီး ဦးထုပ်ဆောင်းတာကို မီးဖိုချောင်ထဲကထွက်လာတဲ့ အိမ် မြင်လေလျှင် –

"ဇေဇေ"

"ဗျာ"

"ဘယ်သွားမလို့လဲ"

"ဒေါ်ညိုပုလာခေါ်လို့ မမအိမ်ရဲ့။ ဝော်လာကျိုနဲ့ စပါးလိုက်တင်ရမှာလေ"

"ပင်ပန်းမှာပေါ့"

"ဘာဖြစ်လဲ ပိုက်ဆံရမှာပဲဥစ္စာ"

"နေဦး ... နေပူထဲသွားမှာ အင်္ကျီကြယ်သီးတွေ တပ်မှပေါ့"

"ရပါတယ်၊ ဒီအတိုင်းသွားနေကျကို"

"မရဘူး စကားကိုနားထောင်"

ပြောရင်း အိမ်ကိုယ်တိုင် အင်္ကျီကြယ်သီးတပ်ပေးတော့ ဇေဇေ အိမ့်မျက်နှာကို ငုံ့ကြည့်ရင်း ရင်ထဲမှာ ရှိန်းမြနွေးထွေးသွား၏။ အဲဒါ ဘာဖြစ်တာလဲ။ ဝမ်းသာတာလား။ ရင်ခုန်ချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မမအိမ်"

"ဟင်"

အိမ် မော့ကြည့်လိုက်ခြင်းမှာ မျက်နှာနှစ်ခုက နီးနီးကပ်ကပ်ဖြစ်သွားပြီ။ ဒီတော့မှ သေချာခြင်းကို ဘာသာပြန်ကြည့်ကာ–

"မမအိမ် အဲဒီလိုလုပ်ပေးတော့ ကျွန်တော့်ရင်ထဲမှာ ဘာဖြစ်သွားမှန်းမသိဘူး သိလား"

အိမ် ရယ်လိုက်ပြီး –

"ဘယ်လိုဖြစ်သွားတာလဲ ပြောပါဦး"

"ရင်တွေခုန်နေတာ"

"ဟုတ်လား"

"အင်း"

"မမအိမ်လည်း အဲဒီလိုဖြစ်နေတယ်ထင်တယ်"

"ဟာ . . . ဒါဆို"

"ဘာ . . . ဒါဆိုလဲ"

"ချစ်ခြင်းအစ ရင်ခုန်ခြင်းကလို့ ကျွန်တော်ကြားဖူးတယ်။ အဲဒါ ဟုတ်လား"

"မသိဘူးလေ"

ရှက်မျက်နှာလေးနှင့် အိမ် ထွက်သွားမယ်လုပ်တော့ –

"မမအိမ်"





"ဟင်"

ဇေဇေ အိမ်လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလိုက်မိ၏။ မမြင်ရခင် အဟုတ်သား။ မြင်လိုက်ရပြီဆို ဒီမျက်နှာလေး ပျောက်ကွယ်သွားမှာကိုပဲ စိုးရိမ်နေသလိုလို။ ခဏလေး ခွဲသွားရမှာကိုပင် နှမြောတသရှိနေရင် အကြာကြီးဆို ဇေဇေ ဘာဖြစ်သွားနိုင်သလဲ။ မမအိမ်ပြောဖူးတဲ့စကားရှိတယ်။

မမအိမ်ကို မပြန်နိုင်အောင် ကြိုးနဲ့တုပ်ထားပေါ့တဲ့။ အဲဒီကြိုးက ဘာဖြစ်ရမလဲ၊ သံယောဇဉ်ကြိုးပဲပေါ့။ မမအိမ်က ခဏရောက်လာတဲ့ ဧည့်သည်။ အိမ်ရှင်ဖြစ်မှ ပြန်လို့မရမှာဆိုတော့ –

"ဘာပြောမလို့လဲ ဇေဇေ"

"ဟိုဟာလေ"

အိမ် ဘာပြောလာမလဲလို့ စောင့်နေဆဲမှာပဲ ပြောမထွက်တဲ့စကားအတွက် ဇေဇေ လည်ပင်းကိုပွတ်လိုက်ပြီး ရယ်ကျဲကျဲနှင့်။

"ကျွန်တော် . . . ကျွန်တော် မမအိမ်ကို ချစ်နေတယ် ထင်တယ်"

"ထင်ရုံပဲလား"

"မဟုတ်ဘူး . . . သေချာနေတာ"

ကိုယ့်ရင်ထဲမှာလည်း ဒီအတိုင်းပဲမို့ အိမ် ခေါင်းလေးငုံ့လိုက်မိ။ ပြောတဲ့သူက မရဲတရဲ နားထောင်တဲ့သူက ခပ်ရှက်ရှက်ကြားမှာ

ရွှေပဒေသာစာပေ

www.burmeseclassic.com



"မမအိမ်"

"ပြော"

"မမအိမ်ကရော"

"ဘာကိုလဲ"

"ကျွန်တော့်ကို ချစ်လားလို့"

"မင်းအတိုင်းပါပဲ"

"ဗျာ ... ဘယ်လို"

"မင်းလိုပဲလို့ ပြောတာလေ"

"ဟာ"

ဇေဇေ မျက်နှာမှာ ဝင်းပထိန်လင်းသွားလျက်။ မချစ်မှုတော့ အချစ်ဦးအပေါ်မှာ အရှုံးအမှုဖြစ်ကြတာ မမှတာ။ အဲဒီ မမှတာကို တစ်ယောက်က ချိုးဖောက်ရင် ကျန်ခဲ့တဲ့တစ်ယောက်မှာ ခံစားရတာ သက်သာတယ်ဆိုတာ ရှိသလား။

အခု ဇေဇေ့ရင်ထဲကို အချစ်ဦးက နူးညံ့သိမ်မွေ့စွာ တိုးဝင် လာသည် ဆိုတော့ –

"မမအိမ် ... မမအိမ် တကယ်ပြောတာနော်"

"အင်း ... တကယ်ပေါ့"

"ကျွန်တော် ဝမ်းသာလိုက်တာ မမအိမ်ရယ်။ သေချာတယ် သိကြားမင်းက ကျွန်တော့်တဝကို သနားလို့ သာယာမှုတွေ ပေးစွမ်းနိုင်





တဲ့ အချစ်အိမ်လေးတစ်လုံးကို ကျွန်တော့်ဆီရောက်အောင် ပို့ပေးလိုက် တာ"

"ဘယ်သူက ပြောလဲ"

"ချစ်တဲ့စိတ်က ပြောတာ"

"ဟုတ်လည်း မဟုတ်ဘဲနဲ့"

"သားရေ"

"ဟော ... အမေ လိုက်လာပြီ"

"ဟား ... အရေးထဲကျမှ"

အိမ် အပြစ်သည်းနေတဲ့ဇေဇေ့ကို မျက်စောင်းထိုးပစ်လိုက် ၏။ ဒေါ်ချောပိုက အိမ်ပေါ်တက်လာကာ –

"လိုက်မယ်ဆို သွားလေ သားရဲ့။ ဟိုမှာ ညိုပုစောင့်နေတာ အားနာစရာကြီး"

"ဟုတ်ကဲ့ပါ အမေ"

ကောင်းတယ်ဆိုသည့်သဘောနှင့် အိမ်က လက်ညှိုးလေး ကွေးချည်ဆန့်ချည်လုပ်ကာ ကရော်တိုက်လေလျှင် –

"ပြန်လာမှတွေ့မယ်"

"ဟဲ့ ... ဘာတွေမှာလဲ။ သမီး သူ့သမီးကို ဘာပြဿနာရှာ နေတာလဲ"

"မဟုတ်ပါဘူး အမေရဲ့။ သူ့ အိမ်ကို စနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪော်"

"အမေ . . . အမေလိုချင်တာ သားပေးတော့မယ်သိလား"

"ငါလိုချင်တာ ဘာပေးမှာလဲ။ စကားကိုရှင်းအောင်ပြောစမ်း ဇေဇေ"

"အမေပဲ ချွေးမလိုချင်တယ်ဆို"

"အေး . . . ဟယ်"

"အမေ မကြာခင် ရစေရမယ် စိတ်ချ"

ပြောပြီး ဇေဇေက ထွက်သွားလေလျှင် ဒေါ်ချောပို ဘယ်လို နားလည်လိုက်ရမှန်းမသိ။ အိမ်ကို လှည့်ကြည့်လိုက်တော့လည်း မီးပို ချောင်ထဲ ပြန်ဝင်သွားပြီဆိုတော့ –

ဪော် . . . ဆိုပြီး . . .

နားလည်လိုက်သောအပြုံးတို့က ကျေနပ်ခြင်းများနှင့်။

❀



## အခန်း (၁၄)

ကုံကော်ပင်အောက်က ခုံတန်းလေးပေါ်မှာ ဇေဇေရယ်၊ အိမ်ရယ် ချစ်တဲ့အကြောင်းတွေ ပြောလို့မကုန်နိုင်။ ဒီလိုပဲလေ ချစ်သူ ဘဝမှာတော့ ချစ်သူတွေအတွက် လမင်းကြီးကလည်း ကဗျာရဲ့ကာရန် တစ်ခုလို လှလှပပ တင့်တင့်တယ်တယ် သစ်ရွက်လွှပ်ရင်တောင် ရယ်ချင်တဲ့အရွယ်မဟုတ်ပေမယ့် ကောင်းကင်ကို မော့ကြည့်ပြီး ရယ်နေချင်ကြသူတွေ။

လေတိုးလို့ သစ်ရွက်ချင်း ထိခတ်သံသည် ချစ်သူတွေ နားမှာတော့ သာယာငြိမ့်ညောင်းလှတဲ့ သံစဉ်များပေမာပါပဲ။

"လူတွေက ပြောကြတယ်၊ နေမင်းကြီးမရှိရင် လမင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝက မတောက်ပနိုင်ဘူးတဲ့။ အဲဒီစကားသာမှန်ရင် မမအိမ်ရဲ့ဘဝမှာ ဇေဇေက နေမင်းကြီးတဲ့ သီလား ဇေဇေ"

"အဲဒီစကားကို ကျွန်တော်က ပြောရမှာလေ မမအိမ်ရဲ့။ ပြောင်းပြန်ဖြစ်နေပြီ"

"ဟင် ... ဘာဖြစ်လို့လဲ"

"မမအိမ်ပဲ စဉ်းစားကြည့်လေ၊ ကျွန်တော်တို့သားအမိရဲ့ ခြောက်သွေ့နေတဲ့ဘဝထဲကို မမအိမ်ရောက်လာတာ ဘာမှ ကယနဏ သိရတဲ့ဘဝမျိုးမှ မဟုတ်တာ။ တကယ်တော့ မမအိမ်က အတောင်ညောင်းလို့ ခဏဝင်နားတဲ့ ငှက်ကလေးလိုပဲဥစ္စာ။ မမအိမ်သာ အတိတ်ကို သတိရလို့ပြန်သွားရင်"

"ဇေဇေ"

အိမ် ဇေဇေ့နှုတ်ခမ်းကို သူမ၏လက်ချောင်းလေးများနှင့် ပိတ်လိုက်၏။ ဇေဇေနဲ့ခွဲဖို့ခွာဖို့ကိစ္စကို အိမ် လေသံပင်မကြားနိုင်။

"အဲဒီစကားမျိုးတွေ မပြောပါနဲ့ ဇေဇေရယ်။ မမအိမ် မကြားနိုင်လို့ပါ"

"ကျွန်တော်က အမှန်တရားကို ပြောပြတာပါ"

"မှန်တာက ဟုတ်ပါတယ်။ ဒါပေမဲ့ မမအိမ် ... ဇေဇေနဲ့မခွဲနိုင်ဘူး။ စိတ်ချပါ ... မမအိမ် ဘယ်ဘဝပဲရောက်ရောက် ဇေဇေတို့ကို ခွဲမသွားဘူးဆိုတာ ယုံပါ"





"မမအိမ် တကယ်ပြောတာလားဟင်"

"ဒီကလိမ်တဲ့ရုပ် ပေါက်နေလို့လား"

ဇေဇေ သက်ပြင်းချလိုက်ပြီး –

"ဟုတ်ပါတယ်လေ၊ ကျွန်တော်က ကြံဖန်ပြီး တွေးကြောက်နေတာပဲ ဖြစ်မှာပါ။ ပြီးတော့ မမအိမ်ပြောသလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပေါ့"

"ဆုတောင်း ... ဆုတောင်း"

အိမ် နှုတ်ခမ်းလေးစူပြီးပြောတော့ ဇေဇေရယ်ကာမောကာနှင့် အိမ်ပခုံလေးကို ဖက်လိုက်၏။ ကြံကြောက်ပြီး လှည်းအောက်တိုးသလို ဖြစ်နေတဲ့ ဇေဇေ့အဖြစ်က မမအိမ်ကို ချစ်ရတာပင် ရင်တမမနှင့် ပျော်ရွှင်ရသလောက်မပျော်နိုင်။ မပျော်နိုင်ဆို ကိုယ်တွေက အတောင်ညောင်းတဲ့ ငှက်ကို လက်ခံထားမိတဲ့ သစ်ကိုင်းပေပဲကိုး။

ကိုင်းဖျားကိုကာမိုပြီး ပျံထွက်သွားရင် လွမ်ရစ်ခဲ့ရမှာက သစ်ကိုင်းပဲ မဟုတ်လား။

"ဇေဇေ"

"ဗျာ"

"ဇေဇေ သီချင်းဆိုတတ်လားဟင်"

"ဘာလုပ်မလို့လဲ"

"ဇေဇေ့အသံနဲ့ သီချင်းဆိုတာကို မမအိမ်နားထောင်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ချစ်သူအသံက နားထဲမှာ သာယာနေမှာ အမှန်ပဲ''

''တယ်ဆိုတဲ့စာပါလား''

''ဟင် ... ဖေဖေက မမအိမ်ကို လှောင်တာလား''

''မလှောင်ရက်ပါဘူးဗျာ။ ကဲ ... မမအိမ် နားထောင်ချင်ရင် ကျွန်တော်ဆိုပြမယ်၊ ကျေနပ်လား''

''တကယ်နော်''

''ဟုတ်ကဲ့''

''ဒါဆို ဆိုပြ''

''အဟမ်း ... အဟမ်း''

ဖေဖေ ချောင်းဟန့်ပြီး လည်ချောင်းရှင်းလိုက်တော့ အိမ်က အပြုံးနှင့်ငြိမ်သက်၍ နားစွင့်နေရှာချိန်တွင် ဖေဖေ သူပိုင်ပိုင်နိုင်နိုင်ရသော သီချင်းကို စတင်ဆိုလေတော့၏။

♫ ရေနဲ့ကမ်း ပန်းနဲ့လိပ်ပြာ ××× ကြယ်စင်ငွေလမင်း ××× တွဲ လျက်အတူတည်ရှိလို့နေ သဘာဝအတိုင်း ××× ရှိလျက်ပါပဲ ××× တမင်ရက်စက်ခွဲ သွားသူရေ။

ရင်ခွင်ဦး အသည်းနုသစ္စာ ××× မပန်လို မခြွေရက်ဘူး ××× စကားတစ်ခွန်း ခြွေကဗျာလေးတစ်ပုဒ်လို ××× နင်လေ အမြဲပြောခဲ့ပေ မယ့် အခုများတော့ စိမ်းရက်လေပြီ ×××





စိမ်း စိမ်းရက်သူကို ××× လွမ်းနေဆဲပါ ××× နင့်ကိုမေ့လို့မရ လို့ ထာဝစဉ်လွမ်းရပြီ ××× ဒီသီချင်းနဲ့ လွမ်းလိုက်ချင်တယ်××× ♫

သီချင်းရဲ့စာသားအဓိပ္ပာယ် နက်နဲမှုနဲ့ ဖေဖေရဲ့ အဆွဲအငင် အဖြတ်အတောက်ကောင်းမှုတို့က အိမ်ရင်ထဲကို ဘာတွေထည့်လိုက်မှန်းမသိ။ အိမ် ဒီလိုသီချင်းတွေကို နားမထောင်ခဲ့ဖူးဘူးလို့ ထင်တာပဲ။ နားထဲမှာ စိမ်းသက်သလိုပေမယ့် နားထောင်လို့ ကောင်းပြီး ရင်ထဲမှာ ခံစားမှုတွေက ဘာအတွက်မှန်းမသိ။

♫ မကြာပါဘူး လွမ်းရခဏတာ ××× နင်ပြန်လာမယ်တဲ့ ××× စကားကတိတွေပြောသောနေ့ဆီ ××× ပြန်လည်တွေး အလွမ်း စိတ်ရယ် မပြေ ××× နင်ကတော့ မေ့လောက်ပါပြီ ×××

နွေလွန်လို့ မိုးဆောင်းနှင်းတွေ အကြိမ်ကြိမ်ဝေနေဆဲ ××× ချစ်ရသူပြန်ခဲ့မလားလို့ ငါတစ်ယောက်တည်း အလွမ်းနဲ့ကြိုနေ ××× ဒီဆောင်းလည်း ရောက်လို့မလာပြီ ×××

ဩော် ××× အသည်းအသက်ရည်စူး ××× ချစ်ခဲ့ဖူးသူ ××× နင့်ကို ခွင့်လွှတ်ခြင်းနဲ့ ကမ္ဘာတည်မယ့်မေတ္တာ ××× ဒီဘဝအတွက် အသည်းနုလုံးမှာတည် ××× ♫

သီချင်းသံက ကြာလေလေ အိမ့်ကို ငိုချင်စိတ်ပေါက်စေ လေပါပဲ။ မိန်းကလေးဆိုတာ အသည်းနုတတ်တဲ့မျိုးလေး။ ငိုချင်စိတ် ကို ထိန်းရင်း မျက်ရည်ကဝေ့ဝေ့။



www.burmeseclassic.com

www.burmeseclassic.com



♫ မကြာပါဘူး လွမ်းရခထားတာ နင်ပြန်လာမယ်တဲ့ ××× စကား ကတိတွေပြုသောနေ့ဆီ ပြန်လည်တွေး အလွမ်းစိတ်ရယ်မပြေ ××× နင်ကတော့ မေ့လောက်ပါပြီ ×××

နွေလွန်လို့ မိုးဆောင်းနှင်းတွေ အကြိမ်ကြိမ်ဝေနေဆဲ ××× ချစ်ရသူပြန်ခဲ့မလားလို့ ငါတစ်ယောက်တည်း အလွမ်းစုံကြီးနေ ××× ဒီဆောင်းလည်းရောက်လို့မလာပြီ ×××

ဩော် အသည်းအသက်ရည်ရူး ××× ချစ်ခဲ့ဖူးသူ ××× နင့်ကို ခွင့်လွှတ်ခြင်းနဲ့ ကမ္ဘာတည်မယ့်မေတ္တာ ××× ဒီဘဝအတွက် အသည်း နှလုံးမှာတည် ××× ♫

ဇေဇေ့သီချင်းသံလေးဆုံးသွားတော့ အိမ့်ပါးပြင်ပေါ်မှာ မျက်ရည်စတွေနှင့်။ ဒါကိုမသိတဲ့ ဇေဇေက အိမ့်မျက်နှာလေးကို ငုံ့ကြည့်ပြီး –

"ဘယ်လိုလဲ ... ကျွန်တော်ဆိုတာ ကောင်းရဲ့လား မမအိမ်"

အိမ် ခေါင်းပဲညိတ်ပြလေလျှင် –

"ဟာ ... ခေါင်းပဲညိတ်ပြတာ အားမရှိလိုက်တာ။ ပါးစပ်က ဖြေပါ မမအိမ်ရဲ့"

အိမ်ခေါင်းလေး ဆတ်ခနဲမော့လိုက်ပြီး –

"ကောင်းလွန်းလို့ ဒီမှာ မျက်ရည်တွေကျနေတာ ရှင် သိရဲ့လား။ သူ့သီချင်းက ရင်ထဲမှာ ဘယ်လိုခံစားရမှန်းမသိဘူး"





"ဟောချာ"

ဇေဇေ ရယ်ရင်း သေသေချာချာ ငုံ့ကြည့်လိုက်တော့ တကယ်ပဲ မမအိမ်ရဲ့ပါးပြင်ပေါ်မှာ မျက်ရည်တွေစိုလူးနေလျက်။ ဒီလို မြင်တော့ စိတ်မကောင်းခြင်းသို့ရောက်ကာ –

"တကယ် ငိုနေတာပဲ။ ဘာလို့ငိုရတာလဲ မမအိမ်ရဲ့၊ ရူး လိုက်တာ"

"ဘာ"

"တိုးတိုးပြောပါ လန့်လိုက်တာ"

"မင်းပဲ ပြောရက်တယ်နော်။ မမအိမ်က မိန်းကလေးပါ ဇေဇေရယ်။ ထိလွယ်, ရှလွယ်, ပွန်းပဲ့လွယ်တဲ့ နှလုံးသားပိုင်ရှင်တွေပါ။ မင်းဆိုတဲ့သီချင်းအဓိပ္ပာယ်မှာ ကျန်ခဲ့ရသူက ဘယ်လောက် သနားဖို့ ကောင်းလဲ သိလား"

"သနားဖို့ကောင်းရင် မမအိမ် အဲဒီသီချင်းထဲကလို ကျွန်တော့်ကို မထားခဲ့နဲ့ပေါ့။ ထားခဲ့ရင်တော့ အဲဒီ သီချင်းထဲကလိုပဲ ကျွန်တော် လည်း"

"ဘယ်သူက ထားခဲ့မှာလဲ။ မယုံရင်စောင့်ကြည့်၊ မမအိမ် ဇေဇေ့ကို ဘယ်တော့မှမထားခဲ့ဘူး။ ဇေဇေက မမအိမ်ရဲ့ဘဝမှာ မရှိမဖြစ်လိုအပ်တဲ့နေမင်းကြီးလို့ ပြောဖူးတယ်လေ"

"တကယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဒါဆို အမေ့ကို ဖွင့်ပြောပြီး ယူကြမယ်လေ"

"ယူမယ်လို့ မပြောရဘူးလေ ဖေဖေရဲ့။ လက်ထပ်မယ်လို့ ပြောရတယ်"

"အတူတူပါပဲ မမအိမ်ရာ။ ယူတာလည်း လင်မယား။ လက်ထပ်တာလည်း လင်မယား။ လင်မယားချင်း အတူတူပဲဥစ္စာ၊ ဘာကွာလို့လဲ"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ ကျွန်မပြောမိတာ မှားပါတယ်နော်"

ပြောပြီး အိမ် တစ်ဖက်ကိုလှည့်သွားလေတော့ ဖေဖေ မချင့်မရဲဖြစ်သွား၏။ ချစ်သူဘဝမှာ အချို့တွေ စည်းလွတ်ဘောင်လွတ်ကဲကြပေမယ့် ဖေဖေကတော့ စည်းကမ်းရှိချင်သူ။ စိတ်နောက်ကိုယ်ပါပြီး အမှားမခံနိုင်ဘူးလေ။ ကိုယ့်မှာ နှမ မရှိပေမယ့် အဲဒါ နှမချင်း စာနာစိတ်ထားတာပါပဲ။

ဒါကြောင့် အိမ့်အပေါ် လက်ကလေးကိုင်ရုံ ပခုံးလေးဖက်ရုံမှလွဲပြီး ပါးပြင်နုနုကို တစ်ကြိမ်တစ်ခါမျှ မနမ်းဖူးခဲ့။ အခု နမ်းချင်စိတ်ပေါက်လာတာကိုပဲ မထိန်းမရဲ့နိုင်။

"မမအိမ်"

"ဟင်"





အိမ် လှည့်ကြည့်လိုက်တော့ သူ့အသက်ရှူသံက ပါးပြင်ကို ထိခတ်လာ၏။

"ကျွန်တော် ကျွန်တော် မမအိမ်ကို တစ်ခါလောက် နမ်းကြည့်ချင်တယ်၊ ခွင့်ပြုနိုင်မလား"

သေလိုက်ပါတော့လား ဖေဖေ။ ဒီလောက်တောင်ပဲ ရိုးရသလား။ ချစ်သူနှစ်ယောက်ကြားမှာ ဒီအခွင့်အရေးက မပေးဘဲလည်း ယူနေကြတာကို မသိဘူးတဲ့လား။

"တစ်ခါလောက်တော့ ခွင့်ပြုပါနော်"

"မသိဘူးလေ"

"ဟင် . . . ဘာမသိတာလဲ၊ ခွင့်မပြုဘူးလား"

အိမ် စိတ်တိုကာ သူ့ကို ထုချင်, ရိုက်ချင်စိတ် ပေါက်သွား၏။

"ဖေဖေ"

"ဗျာ"

"ရိုးလွန်းရင်ပေါ၊ ပေါလွန်းရင် အရူးအခေါ်ခံရတတ်တယ် ဆိုတဲ့စကားကို မင်းမကြားဖူးဘူးလား"

ဖေဖေ ခေါင်းကိုကုတ်လျက် –

"ဟုတ်သားပဲ၊ ဒါဆို ကျွန်တော် မရိုးတော့ဘူး ဆန်းပေါက်တော့မယ် . . . ကဲ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှာ လရိပ်ထင်သလို အိမ့်ပါးပြင်မှာ အနမ်းရိပ် ထင်သွားလျက် နှစ်ဦးစလုံးခေါင်းရင်းထဲမှာ အချစ်တို့က ထိန်လင်းတောက်ပနေတော့သည်။

❁



## အခန်း (၁၅)

စိတ်ညစ်လို့ အရက်ကိုသောက်တယ်၊ အရက်သောက်တော့ သိပ်စိတ်ညစ်တယ်။ အကြောင်းရှာတော့ ခေါင်းမှာချာချာလည်ဆိုတာကို အခု မင်းထက်စံ သဘောပေါက်ပြီ။ စိတ်ညစ်လို့ အရက်သောက်တော့ စိတ်ညစ်မပြေဘဲ မူးလာလေလေ ငိုချင်လေလေ။ ဆေးရုံမှာ လူနာတွေကြား သူ့ကို သတိမရအားရင်တောင် –

ဆေးရုံကပြန်လာတာနဲ့ အိမ် အကြောင်းက ခေါင်းထဲရောက်လာတာ နှီးစက်မလို သတိပေးသံချောင်းခေါက်စရာမလို။ အိမ်ကို လွမ်းလွန်းလို့ မေ့အောင် အရက်သောက်တော့ မူးတာပဲ အဖတ်တင်တယ်၊ အိမ်ကိုက မေ့လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



"သား"

"_____"

"သား"

"ဗျာ . . . ဪ မေမေ"

အသံက လျှာလေး အာလေးအသံ။ ဒေါ်မြခင် သားကိုကြည့်ပြီး ရင်ထုပြီး ငိုချင်သလိုလို အော်ဟစ်ပြီး ငိုချင်သလိုလို။ အင်မတန်မှ တည်ငြိမ်းအေးချမ်းတဲ့ သားဘဝက ခုတော့ လင်သေသားဆုံးနဲ့ ပဋာစာရီဖြစ်ရတော့မယ်ပါပဲ။ သားက အစွဲအလမ်းကြီးသူပီပီ အခုထိ အိမ်ကို မမေ့နိုင်ခြင်းများနှင့် တမ်းတလွမ်းနေဆဲ။

ဆရာဝန်က မိန်းမတစ်ယောက်အတွက်နဲ့ အရက်သောက်နေတာ ဘေးလူသိရင် ဘာပြောကြမလဲ။ ကိုယ်လည်း ကိုယ့်ချွေးမကို ချစ်တာပဲလေ။ သူမိဘတွေက ပိုဆိုးတာပေါ့။ အိမ့်အမေ ပန်းမြင့်စံဆိုရင် အိပ်ရာထဲလဲသည်အထိပါပဲ။ အိမ် ပျောက်ဆုံးနေတာ သေသလား ရှင်သလားမသိနဲ့ သတင်းအစအနပင်မရ။

ဪ . . .

ဒါ ဝဋ်ကြွေးတစ်ခုလေလား။

"တော်ပါတော့ သားရယ်၊ သား ဒီအရက်တွေကို မသောက်ပါနဲ့တော့နော်။ မေမေ မကြည့်ရက်လို့ပါ။ သားမေ့မေ့ကို ရင်ကွဲအောင် မလုပ်ပါနဲ့"





"မေမေ"

"သား"

"သားကို နားလည်ပေးပါ မေမေရယ်။ သားရင်ထဲမှာ နာကျင်ခံစားရသမျှ ခဏလောက် မေ့ထားချင်လို့ပါ။ မေမေ့မှာ မေ့ဆေးရှိရင်လည်း သားကိုပေးပါ။ သား သူ့ကိုမေ့ထားပါရစေ။ အားလုံးကိုမေ့ချင်တယ်"

"သားရယ်"

မချိတင်ကဲနှင့်ကျလာတဲ့ မျက်ရည်တွေကိုသုတ်ပြီး သားပခုံးကို ဆုပ်ကိုင်လိုက်ကာ –

"ကိုယ့်စိတ်ကို ကိုယ်ဖြေပါ သားရယ်။ ခုလိုလုပ်နေရင် သားပဲ ဘဝပျက်သွားမှာပေါ့"

"သားဘဝ ပျက်မယ်"

"ဟုတ်တယ် သား။ ဖြစ်ပြီးတာကို ပြန်လည်ပြင်ဆင်လို့မှ မရဘဲ သားရယ်။ သား ကိုယ့်ဘဝကို အရက်လောင်းပြီး မဖျက်ဆီးပါနဲ့။ မေမေ့မှာ ဒီသားလေးတစ်ယောက်တည်းရှိတာ၊ သားကို မေမေ ဘဝပျက်မခံနိုင်ဘူး သား"

"သားကတော့ ပျက်ပျက်သေသေး အိမ်မရှိတော့တဲ့ဘဝမှာ မနေချင်တော့ဘူး မေမေရာ"

"တော်စမ်း သား"



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်အပေါ်ထားတဲ့ မိခင်တစ်ယောက်ရဲ့ ကရုဏာဒေါသက အသံကို မာထန်သွားစေလျက် –

"ငါမွေးထားတဲ့ ငါ့သားမင်းထက်စံက အဲဒီလောက် စိတ်ဓာတ်မပျော့ညံ့ဘူးကွ။ မင်း ဆရာဝန်တစ်ယောက်ဖြစ်နေပြီး ဘာလို့ စိတ်ဓာတ်ကြံ့ခိုင်မှု မရှိရတာလဲ။ အိမ် သေသည်ဖြစ်စေ ရှင်သည် ဖြစ်စေ လက်ရှိဘဝမှာ ကြံ့ကြံ့ခံပြီး မင်းရပ်တည်နိုင်ရမှာ"

"ပြောရက်လိုက်တာ မေမေရယ်၊ မေမေဟာ မခံစားဖူးတော့ ဘယ်ကိုယ်ချင်းစာတတ်မှာလဲ"

"ဘာ"

သူကမှ တကယ်ပြောရက်တာ။ ဘာလို့မခံစားဖူးရမှာလဲ။ လင်သေလို့ ကလေးတစ်ယောက်နဲ့ မုဆိုးမဘဝကို ရောက်ခဲ့တာ မခံစားဖူးဘူးတဲ့လား။ ကိုယ်တွေလည်း သူတို့လို ချစ်လို့ပဲယူခဲ့ကြတာ လေ။

"ငါက မခံစားဖူးလို့ ကိုယ်ချင်းမစာဘူး ဟုတ်လား မင်းထက် စံ"

"– – – –"

"လင်သေလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ခဲ့တဲ့ ငါက မခံစားဖူးဘူးတဲ့လား။ ခံစားဖူးတယ်ဟဲ့ သိလား။ ဒါပေမဲ့ ငါက မိန်းမ ဖြစ်ပြီး ခုလိုဘဝမျိုးနဲ့ ရပ်တည်နိုင်အောင် ကြိုးစားခဲ့တယ်။ မင်းက





ယောက်ျား။ ယောက်ျားဖြစ်ပြီး ဘာလို့ လောကဓံကို ကြံ့ကြံ့မခံနိုင်ရ တာလဲ မင်းထက်စံရဲ့"

"မေမေ"

"လောကမှာ မင်းထက်ပိုဆိုးတဲ့သူတွေ ခုနဲ့ဒေးဆိုတာ မင်း မမေ့နဲ့ မင်းထက်စံ။ လူရယ်လို့ဖြစ်လာရင် မသေသေးခေါင်ထားလို့ မရဘူး။ သေသူကိုနေသရွေ့ ကျန်ရစ်သူက လွမ်းဆွေးသောကရောက် ရမှာ ဓမ္မတာပဲ"

မင်းထက်စံ မိခင်၏မှန်ကန်သောစကားတွေကြောင့် ဘာ တစ်ခွန်းမှ ပြန်မပြောနိုင်။ ခေါင်းကိုသာ ငိုက်စိုက်ချ၍ မျက်ရည်တွေ သာ ကျနေမိတော့၏။ အိမ်ကိုချစ်တဲ့စိတ်ကြောင့် သူ့အသိဉာဏ်တွေ အမှောင်ဖုံးနေခဲ့တာ။ အချို့ဆေးရုံမှာ တွေ့ရသားပဲ။

တစ်ဦးတစ်ယောက်သေဆုံးသွားခြင်းအတွက် ငိုကြွေးကြတာ အလူးအလိမ့်။ အဲဒီတုန်းကတော့ ကိုယ်က နှစ်သိမ့်ပေးခဲ့သူ။ အခု ကိုယ့်ဇနီးက သေသည်ရှင်သည် မသိရသေးဘဲ ပျောက်လင့်လို့ရသေး တာပဲဥစ္စာ။ ဘာပဲဖြစ်ဖြစ် လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်နေ ကြတာမဟုတ်လား။

"မင်းပုံစံနဲ့ ဘဝကို အဆုံးသတ်မယ်ဆိုရင် မေမေ့ကို သတ် လိုက်ပါ သားရယ်။ မင်းအဖြစ်ကို မေမေ မကြည့်ရက်လွန်းလို့ပါ"

"မေမေ သား"



www.burmeseclassic.com

www.burmeseclassic.com



မင်းထက်စံ စိတ်ကိုတင်းပြီး ထရပ်လိုက်၏။ မိခင်ကိုခေါ်လိုက်တဲ့အသံက တုန်တုန်ယင်ယင်။

"သားသိပါပြီ မေမေ။ သား သားမှားပါတယ်၊ သားကြောင့် မေမေ မျက်ရည်ကျရပြီ။ တောင်းပန်ပါတယ် မေမေ၊ မငိုပါနဲ့"

"သား"

"မေမေ မကြိုက်တာကို သား မလုပ်တော့ပါဘူး မေမေ။ သား ကတိပေးပါတယ်။ ဒီအရက်တွေကို နောက်ထပ် မေမေ လုံးဝ မမြင်စေရဘူး"

"ခွမ်း"

"အို သား"

"ကဲကွာ"

"ခွမ်း ခွလန်"

"သား မလုပ်ပါနဲ့"

ခေါ်မြင် သား၊ ကိုယ်ကြီးဝင်ဖက်ပြီး ထသိမ့်သိမ့်ငိုလေတော့၏။ အရက်ပုလင်းနဲ့ အမြည်းပန်းကန်တွေက မင်းထက်စံ လွှင့်ပစ်လို့ ကစဉ့်ကလျားပါ။

"စိတ်ကိုထိန်းပါ သားရယ်။ မေမေတို့အားလုံး အိမ်အတွက် ပူဆွေးသောကရောက်နေကြတာပါ။ နောက်ထပ် တစ်ပူပေါ်နှစ်ပူဆင့် အောင် မလုပ်ပါနဲ့"





"ကျွန်တော်တို့ဘဝက ဘာလဲမေမေရာ။ ကျွန်တော်တို့ဘဝက ဒီလိုကြီးလားဗျာ"

"ဒီမှာ သား . . . မေမေ့ကိုကြည့်စမ်း"

ကြည့်လိုက်တဲ့မျက်ဝန်းထဲမှာ မေမေ့ပုံရိပ်က မျက်ရည်တွေကြောင့် မပီပြင် ဝိုးတဝါးပါ။

"အိမ် မသေဘူးလို့ မေမေ ယုံကြည်တယ်။ သူ အကြောင်း တစ်ခုခုကြောင့် ပြန်မလာနိုင်တာပဲဖြစ်မှာပါ။ တစ်နေ့ သားဆီကို ပြန်လာလိမ့်မယ်လို့ မေမေ ထင်တယ် သား"

မေမေရဲ့စကားက သူ့အတွက် အားမဖြစ်စေပေမယ့် မိခင် စိတ်ချမ်းသာဖို့အတွက် ဖွတ်မိုတ်ပြီး ခေါင်းညိတ်လိုက်တော့မည်လေ။

"ဒီလိုပဲ မျှော်လင့်ရတော့မှာပေါ့ မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"တာတီး"

"ဟေ"

"မြန်မြန်လာပါကွာ။ ခြေလှမ်းကလည်း လေးဘက်တွားသွားတဲ့ ကလေးတောင် မင်းထက်မြန်ဦးမယ်"

"မင်း အဲဒီလိုတော့ မပြောနဲ့ဖေဖေ။ တာတီးဘက်က ငါ နာတယ်ကွ သိလား"

"ဘယ်နေရာနာတာလဲ"

"နားရွက်"

"ဘာလဲ ... ခွေးရူးနဲ့ဖက်ကိုက်လို့ နားရွက်ပြတ်ခံထားရတာလား"





"ဟုတ်တယ် ... ဘကြီးဖိုးလုံးအိမ်ကခွေးနဲ့။ အယ် ... ဟာ မင်း ဘာတွေလျှောက်ပြောနေတာလဲ ဖေဖေရာ။ ငါပြောတာက မင်း တာတီးကို အပြစ်တင်နေလို့ သူ့ဘက်က မခံနိုင်ဘူးလို့ ပြောတာကွ"

"ဪ ... ဟုတ်လား"

ဖေဖေ့ပုံစံက စပ်ဖြဲဖြဲပါ။ မိန်းမရကာနီးဆိုတော့ အူမြူးနေတာလေ။ ဒါကိုပဲ တာတီးက မျက်စောင်းကြီးထိုးလျက် –

"ပြောပါစေ စောဦးရာ။ သင်းက မိန်းမရတော့မယ့်ကောင် ဆိုတော့ အခုချိန်မှာ လက်သွက်ခြေသွက် ဖြစ်နေတာကိုး"

"အဲဒါတော့ မင်းအပြစ်မတင်နဲ့တာတီး။ အခုချိန်မှာ လက်သွက် ခြေသွက်ရုံတင်မကဘူး နှာခေါင်းပါ သွက်ချင်သွက်နေမှာကွ"

"ဟာ မင်းတို့ကောင်တွေ ဘာတွေလျှောက်ပြောနေတာလဲ။ ဘေးလူတွေကြားသွားမှဖြင့်"

ရှက်တတ်သူပီပီ ဖေဖေ မျက်နှာလေးရဲသွားပြီး ဟိုကြည့် ဒီကြည့် လုပ်လေတော့ –

"ဘေးမှာ ဘယ်သူမှမရှိပါဘူးကွာ။ မင်း အဲဒီလောက် ရှက်တတ်နေရင် မင်္ဂလာဦးညမှာ ဘယ်လိုလုပ်မလဲ ပြော"

"ဟော့ကောင်"

"လက်ကလေးတောင် ကိုင်ရဲလို့လားလို့ မေးတာပါကွာ ... ဟား ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ချွေးကောင်တွေ"

ဆဲပြီး ရှေ့ကထွက်သွားတဲ့ ခြေလှမ်းတွေက ရှက်ကျဲကျဲရယ်ပါ။ ဒါကိုပဲ စောဦးနဲ့တာတီး မီအောင်လိုက်၍ –

"ဇေဇေ"

"____"

"ဇေဇေ နေပါဦးကွ"

"လာပါလား"

"တို့က မင်းဝယ်မယ့်ခနိုးဝင်ပစ္စည်းတွေကို ရက်ရောစွာ လိုက်ထမ်းပေးရမယ့် ကောင်တွေနော်။ ချိုချိုသာသာ ဆက်ဆံစမ်းပါ"

"မင်းတို့ကို ငါခေါ်လို့လား"

"အံမယ် ... လမ်းရောက်မှ မင်း ပုန်စားပုန်ကန်မလုပ်နဲ့နော် ဇေဇေ။ မင်းအမေက လိုက်သွားလိုက်ပါဆိုလို့ တို့က လိုက်လာရတာ ကို"

"လိုက်လာပေးတဲ့အတွက် ထိုင်ကန်တော့ရမလိုပါလား"

"ကောင်းတာပေါ့"

သူငယ်ချင်းတွေ စရင်းနောက်ရင်း စကားပြောရင်း လျှောက်လာခဲ့ရာ –

"ဟာ"

"ဟိုမှာ အိမွန်ကွ"





လက်ညှိုးထိုးပြရာကိုကြည့်လိုက်တော့ တကယ်ပဲ အိမွန်။ စက်ဘီးစီးလာတဲ့အိမွန်ကလည်း သူတို့ကိုမြင်သွားပြီး စက်ဘီးပေါ်က ဆင်းလေရဲ့။ ပြုံးလိုက်တဲ့အပြုံးက အသက်မဝင်သလိုမို့ ဟန်ဆောင်ပြုံးဆိုတာ ဒါလား။

"ဇေဇေ"

"အိမွန်ပါလား။ ဈေးက ပြန်လာတာလား"

"ဟုတ်တယ်"

"တို့က ခုမှသွားတာဟ"

"ခနိုးဝင်ပစ္စည်းတွေ သွားဝယ်မလို့မဟုတ်လား"

"အေး ဟုတ်တယ်"

"နင် သိပ်ပျော်နေမှာပဲနော်"

ဖြစ်နေတဲ့မျက်နှာက ဇေဇေက ပျော်နေသလောက် သူက မပျော်နိုင်ဘူးဆိုတဲ့သဘောလား။ ဇေဇေ အောင့်သက်သက်နှင့် ပြန်ပြောရခက်နေတာကို သိပြီး တာတီးက –

"မင်္ဂလာဆောင်တော့မယ့် သတို့သားလောင်းက မပျော်တဲ့ ရှိပဲ့မလားဟ အိမွန်ရ။ နင်လည်း မင်္ဂလာဆောင်ရမယ်ဆိုရင် မပျော်ဘဲ နေမလား ပြော"

"တာတီးနော် ... နင် ဘာတွေလျှောက်ပြောနေတာလဲ"

"ဘာပြောလို့လဲ၊ ငါက သဘာဝတရားကိုပြောပြတာ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသဘာဝတရားလဲ။ ငါက ယောကျ်ားမယူဘူးဟဲ့ သိလား"

"ဟင် ... နင်က ယောကျ်ားမယူဘဲ မိန်းမယူမလို့လား။ ကြည့်လည်းလုပ်ဦးနော်။ တော်ကြာ မျိုးဆက်တုံးနေမှဖြင့် ... ဟီး ဟီး"

"ဟော့ကောင်"

"ဘာ ... ဟီး ဟီးလဲ"

ဇေဇေက အားနာသလိုနှင့် တာတီးကို တံတောင်နှင့်တွက်သလို အိမွန်ကလည်း မျက်စောင်းခဲလေ၏။

"တာတီးပြောတာ မှန်တယ် အိမွန်။ မိန်းမချင်းတော့ မယူပါနဲ့ဟာ။ နင့်ကိုငါ မျှော်လင့်နေတာ နင်သိသားနဲ့။ နင် သစ္စာရှိနေသရွေ့ ငါ အနစ်နာခံပြီးပေါင်းပါ့မယ်။ နောက်မှ သဘောမကျဘူးဆိုလည်း ကွာပေးမှာပေါ့"

"အောင်မယ် ... ကောင်စုတ်၊ ပြောပုံက တင်တင်စီးစီးနဲ့ တော်တော် ကြိုက်ချင်စရာကောင်းတယ် ... ကဲ"

"ဒေါက်"

"အာ လာ လာ"

အိမွန် ခေါင်းကို လှမ်းခေါက်လိုက်တာ ဒေါက်ခနဲပါပဲ။ ပျော်စေပြက်စေ ပြောနေကြပေမယ့် အိမွန်ရင်ထဲမှာ ဘာတွေရှိနေမလဲ





ဇေဇေ သိသည်။ ဒါကြောင့် ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။

"နင် ငါ့ကိုဆို တကယ်ရက်စက်တယ်နော်"

"မင်းပုံစံက ရက်စက်ချင်စရာကောင်းတာကိုး"

"တာတီး ... မင်း မီးလောင်ရာ လေပင့်မလုပ်နဲ့နော်။ မင်း အလှည့်ကျမှ တွေ့မယ်"

"ကဲ ... စကားကြောရှည်မနေကြနဲ့ အချိန်ရှိတုန်း သွားကြရအောင်"

ဇေဇေ အိမွန်ရှေ့မှာ ဆက်မနေချင်တော့ပေ။ ကိုယ်က အပြစ်ရှိသူမဟုတ်ပေမယ့် သူ့ရင်ထဲကသံယောဇဉ်တွေအတွက် ကိုယ်က ရောင်ပြန်ဟပ်မပေးနိုင်တော့ အပြစ်ရှိသူလို စိတ်က သိပ်မလုံချင်ဘူးလေ။

ခွင့်လွှတ်ပါ အိမွန်။

အချစ်ဆိုတာ ဈေးဝယ်သလို ဘယ်ပေးညာယူ သက်ရောက်ခြင်းတွေမရှိလို့ပါ။ ကိုယ်ချစ်တာက တစ်ယောက်၊ ကိုယ့်ကိုချစ်တာက တစ်ယောက် ဖြစ်နေခြင်းအတွက် နင်အပြစ်တင်မယ်ဆိုရင် ကံကြမ္မာကိုသာအပြစ်တင်လိုက်ပါ။

"အိမွန်"

"ဟင်"

"တို့သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမွန်က ခေါင်းညိတ်ပြပြီး –

"နင်တို့ ထာဝရပျော်ရွှင်ကြပါစေ ဖေဖေ"

"ခုလို ဆုတောင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ငါက စိတ်ရင်းမှန်နဲ့ ပြောတာနော်။ တစ်မျိုးတော့ မထင်စေချင်ဘူး"

"ငါ နားလည်ပါတယ်"

ချန်ထားခဲ့သူနဲ့ ကျန်ရစ်ခဲ့ရမယ့်သူ။ ချန်ထားခဲ့သူက ပျော်နိုင်မှာပေမယ့် ကျန်ရစ်ခဲ့ရသူရဲ့ရင်ထဲမှာတော့ အကောင်းအတိုင်း ရှိနေပါ့မလား။



## အခန်း (၁၅)

♬ အခါတော် ××× ပေးပါလို့ ××× နတ်ရေးရွှေစာ ××× ♬

ရွာသူရွာသားတွေ အုတ်အုတ်ကျက်ကျက်နှင့် ဆင်နွှဲနေတဲ့ မင်္ဂလာပွဲမှာ သတို့သားနဲ့ သတို့သမီးမျက်နှာက ကောင်းကင်မှာ လနှစ်စင်း အပြိုင်သာနေသည့်နှယ်။ မိဘကတော့ နှစ်ဖက်ပေါင်းမှ ဒေါ်ချောပိုတစ်ယောက်တည်းရယ်။

ဒါပေမဲ့ –

တော့ဝေလေ့အရတော့ မျက်နှာငယ်စရာမရှိတဲ့ နှစ်ယောက်စလုံး ဒါတွေကိုလည်း တွေးဖြစ်မှာမဟုတ်။ ချစ်တဲ့သူချင်း ပေါင်းရလို့ ရင်ထဲမှာ ကိုယ်စီဝမ်းသာပီတိ ဂွမ်းဆီထိလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



“သတို့သားနဲ့သတို့သမီးက နေနဲ့လ ရွှေနဲ့မြပဲပေါ့”

“ဟုတ်ပါ့ … နှစ်ယောက်စလုံး ချောချောလေးတွေ”

“ဒါပေမဲ့ … တစ်ခုတော့ဆိုးတယ်”

“ဘာဆိုးတာလဲ”

“ကောင်မလေးက အတိတ်မေ့နေတာလေ။ ရင်ကတော့ ခပ်လေးလေးပဲ”

“ဩော် … ရသွားမှတော့ ဘာရင်လေးစရာရှိလဲ။ သူလင် သူမယားတော့ ဆက်ပေါင်းကြမှာပေါ့”

“ပြောသလိုဖြစ်ရင်တော့ ကောင်းတာပေါ့ဗျာ။ ကောင်မလေး က သူ့အကြောင်း သူဘာမှသိတာမဟုတ်ဘူး။ နောက်ကြောင်းမရှင်း ရင် ဘယ်လိုလုပ်မလဲ”

“ခင်ဗျားပဲ ပြောရက်တယ်။ ကောင်မလေးပုံစံက ဒီလောက် သန့်တာ၊ အပျိုပဲဖြစ်မှာပါ”

“သန့်တာတော့ မပြောနဲ့လေ။ ဒီခေတ်က အပျိုနဲ့အအို ခွဲခြားလို့ရတာမှမဟုတ်တာ”

ကြားနေရတဲ့အသံတွေကြောင့် အိမွန် သက်ပြင်းချလိုက်မိ၏။ သူများတွေပြောသလို မဖြစ်ပါစေနဲ့လို့ ဆုတောင်းပေးရုံမှအပ ကိုယ်က ဘာတတ်နိုင်မှာလဲ။ ကိုယ်ကတော့ မေတ္တာမပျက် စေတနာဖက်လို့ ဖေဖေတို့လျှောက်မယ့်လမ်းက သာယာဖြောင့်ဖြူးသော ပန်းခင်းလမ်းပဲ





ဖြစ်စေချင်တာအမှန်။

ဒါပေမဲ့ –

စိုးရိမ်ပူပန်မိတာကလည်း တကယ်ပါပဲ။ မမအိမ်သာ နောက် ကြောင်းမရှင်းခဲ့ရင် ဒုက္ခရောက်မှာက ဖေဖေပဲလေ။ ကိုယ် သူ့နဲ့ပတ် သက်ပြီး ခံစားရသည့်တိုင် ဖေဖေကိုတော့ မခံစားစေချင်တာ စစ်မှန် သော စေတနာတွေပါ။

“အိမွန်ရေ”

“ဟင် … ရှင်”

“ဟိုမှာ မုန့်ပွဲချပေးမယ့်လူက နည်းနေလို့ သမီးသွားကူလိုက် ပါဦးကွယ်”

“ဟုတ်ကဲ့ ဒေါ်ချော”

အိမွန် မုန့်ပွဲတွေပြင်တဲ့နေရာသို့ ထလာခဲ့၏။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က တာဝန်ကျေရမှာပေါ့။

“မမအိမ်”

“ဟင်”

အိမ့်ကိုကြည့်နေတဲ့ ဖေ့ဖေ့မျက်ဝန်းတွေက အချစ်ရည်တို့နှင့် ရွှန်းလဲ့တောက်ပနေလို့ပါ။ အိမ်ကလည်း ဒီအတိုင်းပဲ ထပ်တူထပ်မျှပဲ ပေါ့။

“မမအိမ် ဒီနေ့ အရမ်းလှတာပဲသိလား”



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ အရမ်းလှတာပဲဆိုတော့ အရင်နေ့တွေက မလှဘူးပေါ့ ဟုတ်လား"

"ဟာ ... အဲဒီလို စကားကို အထာမကောက်နဲ့လေ မအိမ်ရဲ့။ အရင်နေ့တွေက လှတာထက် ဒီနေ့ပိုလှတယ်လို့ပြောတာ"

"မင်းလည်း အရမ်းချောတယ်"

"တကယ်"

"အင်း"

"ဒါဆို မွေးလာတဲ့ကလေးတွေကျရင် ကိုင်လို့မိမှာမဟုတ်ဘူး။ ချောလွန်းလို့လေ"

"ဟာ ... ဖေဖေ ဘာတွေလာပြောနေတာလဲ။ နားရှက်စရာတွေ သွား"

"ရှက်မနေနဲ့လေ ... မွေးတာပဲဥစ္စာ"

"ဖေဖေ"

ခပ်ဆောင့်ဆောင့်လေးခေါ်ပြီး မျက်နှာကို ဟိုလွှဲ ဒီလွှဲပါ။ ဒီကနေ့ကစလို့ ဖေဖေနဲ့အိမ် အကြင်လင်မယားဖြစ်ကြတော့မှာပေမယ့် ရှက်တတ်တာက ရှက်တတ်တာပါပဲ။

"အမေက ပြောတယ်"

"ဟင် ... အမေက ဘာပြောလဲ"

"ချွေးမနဲ့မြေးတွေနဲ့ သိုက်သိုက်ဝန်းဝန်းနေချင်လှပြီတဲ့"





"ဒါကြောင့် မိန်းမယူတယ်ဆိုပါတော့"

"အင်း"

"အံမယ် ... ဒါဆို သူများကို မချစ်ဘဲနဲ့ယူတာပေါ့လေ ဟုတ်လား"

"မဟုတ်ဘူးလေ ... ချစ်တာက ပထမ။ အမေ့စကားကို နားထောင်တာက ဒုတိယ"

"လူလည်"

ချစ်မျက်စောင်းလှလှက အဆိပ်လူးမြားဖြစ်ရင်တောင် နုတ်မပစ်ချင်လောက်အောင် ရင်ထဲမှာ အချစ်တွေက ထုံနှံ့ထည့်နှံ့ပါ။

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဖေဖေ"

"ဗျာ"

ဖေဖေ ငါးရှာထွက်ဖို့ ဘတ်ထရီအိုးနှင့်ကျင်စက်ကိုယူပြီး ပလိုင်းကိုလည်း လွယ်လျက် အိမ်ပေါ်က ဆင်းလာခဲ့စဉ် အိမ် သုတ်သီး သုတ်ပျာ လိုက်လာပြီး ခေါ်တာဖြစ်၏။ သူ့ပုံစံကိုကြည့်တော့လည်း သနပ်ခါးပါးကွက်ကြားနှင့် ဖေဖေ့ပုဆိုးကို ခေါင်းပေါင်းပေါင်းထား လျက်။

"ငါးရှာသွားမှာမဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ မမအိမ်ရဲ့"





"မမအိမ်လည်း လိုက်မယ်"

"ဟာ ... မမအိမ်က ဘာလိုက်လုပ်မှာလဲ။ ရွှံ့ထဲ, ရေထဲမှာ"

"ဘာဖြစ်လဲ၊ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုးဆိုတဲ့စကား ရှိတယ်လေ။ မမအိမ်ရောက်ရာအရပ်မှာ ကြုံရာအလုပ်ကိုလုပ်နိုင် အောင် ကြိုးစားရမှာပေါ့။ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတဲ့စကား လည်းရှိတယ်"

"ကဲ ... တော်ပါတော့ မမအိမ်ရယ်။ ရှိသမျှစကားပုံတွေ လည်း ကုန်နေပြီ။ မယ်တစ်ရွက် ရွက်ချင်ရင် အိမ်က အလုပ်ပဲရွက်ပါ။ ကွင်းထဲ ကျင်းထဲတော့ မလိုက်ခဲ့ပါနဲ့ဗျာနော်"

"ဖေဖေ"

ခပ်ဆောင့်ဆောင့်ထွက်လာတဲ့အသံကြောင့် ဖေဖေ ခေါင်း သာ ကုပ်မိတော့၏။

ခြေဖဝါးတော်နုနု သွေးကြည်ဥမှာစိုးတယ်ဆိုတာမျိုး ကိုယ်က မမအိမ်ရဲ့ ဖြူနုနေတဲ့ ခြေဖဝါးလေးတွေ နာကျင်ကုန်မှာစိုးတာပါ။ ကိုယ်တွေက သွားနေ လာနေကျနေပြီ။ ဒါတောင် တစ်ခါတစ်ခါ ထိကရုံဆူးခြစ်တဲ့အခါခြစ်၊ ဆူးစူးတဲ့အခါစူးနဲ့ ပရိယာယ်ဝမ်းစာ အတွက် ရှာဖွေစားသောက်နေရတာ။

"မမအိမ်က ဖေဖေ့မိန်းမဖြစ်နေပြီလေ။ ကိုယ့်ယောက်ျား တစ်ယောက်တည်း သွားလာနေတာကို စိတ်ချမှတဲ့လား မရဘူး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာပဲ။ မမအိမ်ကိုမခေါ်ဘူးဆိုရင် ဇေဇေလည်း တစ်ယောက်တည်း မသွားနဲ့ . . . ဒါပဲ"

"ကျွတ်"

"ဘာကျွတ်လဲ"

"မမအိမ်က ကလေးကျနေတာပဲဗျာ။ ကျွန်တော်က မမအိမ်ကို ပင်ပန်းမှာစိုးလို့ မခေါ်တာကို စေတနာ နားမလည်ဘူး။ ကျွန်တော်က ယောက်ျားလေ။ မိန်းမယူပြီး မင်္ဂလာဆောင် ရှာကျွေးရမှာ ကျွန်တော့်တာဝန်။ မသွားလို့ဖြစ်မလား"

"မသိဘူး။ မမအိမ်ပါမှ ဇေဇေသွားရမယ်"

ပြောရင်း ပလိုင်းကို ဆွဲလွှဲယူလိုက်ပုံက တကယ့်ကလေးဆိုးနယ်။

"မမအိမ်"

"မရဘူးလို့ ပြောပြီးပြီနော်"

မမအိမ်ကိုကြည့်ပြီး ဇေဇေရယ်ချင်စိတ်ပေါက်သွားကာ စလည်း စချင်တာကြောင့် –

"ဘာလဲ . . . ယောက်ျားနဲ့ အဲဒီလောက်ကလေးတောင် မခွဲနိုင်ဘူးလား"

"ဟုတ်တယ်"

"အဲဒီလောက်တောင် ချစ်သလား"





"ချစ်တယ်"

"ဒါဆို သက်သေပြ"

"ဟင် . . . ဘယ်လိုသက်သေပြရမှာလဲ"

"ဒီမှာ"

ဇေဇေက ပါးကိုဖောင်းပေးပြီး အိမ့်အနားသို့တိုးကပ်သွားလေလျှင် အိမ်ရယ်ပြီး လူလစ်မလစ် ဟိုကြည့်ဒီကြည့်ကြည့်ပြီး ဘယ်သူမှမရှိဘူးဆိုမှ ဇေဇေ့ပါးကို ဖျတ်ခနဲမော့နမ်းလိုက်၏။

"ကဲ . . . ကျေနပ်ပြီလား"

"အင်း"

"ကျေနပ်ရင် သွားမယ်လေ"

"ဒီလောက် မခွဲနိုင်ဘူးဆိုမှတော့ ခေါ်ရတော့မှာပေါ့"

"ပလိုင်း မမအိမ် လွယ်ခဲ့မယ်"

"သဘော သဘော"

ရှေ့သွားနောက်လိုက်ညီတယ်ဆိုသလို ဇေဇေ ရှေ့ကသွားတော့ အိမ်က နောက်မှလိုက်ခဲ့ရာ အချစ်ကပေးတဲ့ခွန်အားကြောင့် ခြေဖဝါးနုနုလေးတွေက အားလုံးကို နင်းဖြတ်ကျော်လွှားနိုင်ခဲ့သည်ဆိုလျှင် –

"မမအိမ် ရေထဲဆင်းမလိုက်နဲ့နော်။ အဲဒီကုန်းပေါ်မှာပဲနေ"

"ဆင်းရင် ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မဆင်းနဲ့ဆို မဆင်းနဲ့ပေါ့။ ရေထဲဆိုတာ အောက်မှာ ဘာရှိတယ်ဆိုတာ မြင်ရတာမှ မဟုတ်တာ။ တော်ကြာ ထိမိနိုက်မိ ဖြစ်မှာစိုးလို့"

"ဖေဖေကျတော့ရော"

"ဆင်ခြေပေးပြန်ပြီ"

ဖေဖေ ဟောက်လိုက်တော့ အိမ် ဇက်ကလေးပုပြီး ပလိုင်းကို ပိုက်ကာ ကမ်းပါးမှာ ငုတ်တုတ်ကလေးထိုင်လို့ပါပဲ။

ဖေဖေက ငါးရတော့မှာ ပလိုင်းထဲလာထည့် တစ်နေရာ ပြောင်းတော့ အိမ်က လျှောက်လိုက်နှင့် ဟုတ်တော့ဟုတ်နေတာပါပဲ။ အတန်ကြာပြီးနောက် –

ဖေဖေ့ခြေသလုံးက ယားလာသဖြင့် လက်နှင့်ကုတ်လိုက်ရာ မျှော့တွယ်နေတာဖြစ်ပြီး ခြေထောက်ကိုမြှောက်ကာ မျှော့ကိုခွာလေတော့ –

"အဲဒါဘာလဲ ဖေဖေ"

"မျှော့လေ"

"မျှော့"

"ဟုတ်တယ် ... မကြောက်ဘူးလား"

"မြင်တောင်မမြင်ဖူးဘူး။ အချို့ မျှော့ဆို ကြောက်တတ်ကြတာတော့သိတယ်"





"ကျွန်တော်တို့ဒေသမှာတော့ မျှော့ကိုကြောက်နေရင် ထမင်းငတ်မှာ မမအိမ်ရဲ့"

"အဲဒီလောက်ပေါသလား"

"ပေါတာပေါ့။ မိုးတွင်းဆို မျှော့ပမ်းရောင်းပြီးစီးမွှားရှာနေကြတာ"

"မမအိမ် မမြင်ဖူးလို့ ပြပါလား"

မမအိမ်က မကြောက်ဘူးလားဟု ဖေဖေ မျက်ခုံးနှစ်ဖက် စုကျုံ့သွားကာ လက်ထဲမှာ လွှင့်မပစ်ရသေးဘဲရှိနေသောမျှော့ကို လက်ဖြန့်ကာ ငုံ့ကြည့်၍ –

"ဒီမှာလေ ... မမအိမ် မကြောက်ဘူးလား"

"ကြောက်လို့ မဖြစ်ဘူးလေ။ ဒီဒေသမှာ မျှော့ကြောက်နေရင် ထမင်းငတ်မှာဆို။ ဖေဖေပဲ ပြောပြီးတော့။ မမအိမ်က ဖေဖေ့မိန်းမ ဖြစ်နေပြီဆိုမှတော့ ကြောက်နေလို့ ဘယ်ဖြစ်မှာလဲ ... ဟုတ်တယ်နော်"

မမအိမ်ရယ်လို့ ရင်ထဲမှသာ ညည်းတွားလိုက်မိကာ ဖေဖေ မမအိမ်ရဲ့မျက်နှာလေးကို ငေးငေးလေးစိုက်ကြည့်မိ၏။

တကယ်ဆိုရင် မမအိမ်က သူ့ဘဝနှင့်မထိုက်တန်တဲ့ ပင်မြင့်ပန်းတစ်ပွင့်ပဲ ဖြစ်မှာပါ။ ရှင်ဘုရင်နဲ့ညားတော့ မိဖုရားတဲ့။ ဆင်းရဲသားနဲ့ ညားတော့ အခုမွဲနေတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



မမအိမ်မှာ ပါလာတဲ့ရွှေတွေက အနည်းလေး နှစ်ကျပ်သား လောက်ရှိပေမယ့် ဖေဖေတို့သားအမိက လုံးဝအပွန်းအပဲ့မခံ။ ဘာဖြစ် လို့လဲဆို လူကိုမြတ်နိုးလို့ယူထားတာ ဒါတွေကိုမက်လို့လို့ သူများ အပြောမခံနိုင်ဘူးလေ။

"ဖေဖေ"

"ဟင်"

"လူကို ဘာလို့စိုက်ကြည့်နေတာလဲ။ ဒီမှာမနေတတ်တော့ ဘူး။ မျက်လုံးဝထဲဝင်နေပေးရမလား"

"မြင်နိုင်ရင် ကောင်းတာပေါ့။ ကျွန်တော်က မမအိမ်ကို သနားနေတာ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့နဲ့နေရတာ မမအိမ် ပင်ပန်းဆင်းရဲလို့ပေါ့"

"ဒါပေမဲ့ ချမ်းသာခြင်းအစစ်ကို ရထားတယ်လေ။ ပစ္စည်း မချမ်းသာတာ ဘာဖြစ်လဲ၊ စိတ်ချမ်းသာဖို့ပဲလိုတာ"

လက်ထဲကမျှောကို ဖေဖေ အဝေးသို့ လွှင့်ပစ်လိုက်ပြီး အိမ့် ဘက်သို့ ပြန်လှည့်လာကာ –

"စိတ်ချပါ၊ ကျွန်တော် မမအိမ်ကို စိတ်ချမ်းသာအောင် ထားမယ်"

"တကယ်နော်"





"မယုံဘူးလား"

"မသိဘူးလေ၊ အချို့ယောကျ်ား တော်တော်များများက ညားခါစသာ သည်းသည်းလှုပ်ချစ်ပြတာ။ ရိုးသွားရင် ရိုက်ဟယ် နှက်ဟယ်နဲ့"

"ဟုတ်တယ် ကျွန်တော်လည်း မမအိမ်ကို ရိုက်မှာ။ တုတ် ကြီးကြီးနဲ့လေ"

"အံမယ် ... ရိုက်ကြည့်ပါလား။ ဒီကလည်း လက်နဲ့ခြေနဲ့ပါ နော်။ ပြောပုံက ဒါလားချစ်တာ"

"စတာပါဗျာ၊ တကတဲ ဖြစ်သွားလိုက်တဲ့မျက်နှာက။ ဒီက နီးပြားနဲ့တောင်မရွယ်ရက်အောင် ချစ်တာဗျ သိလား"

ပြောရင်း အိမ့်နှာသီးဖျားလေးကို လိမ်ဆွဲလိုက်တော့ –

"သူ့လက်ကရေတွေနဲ့ကို သနပ်ခါးတွေပျက်ကုန်ပြီ"

"ပြီးမှ ဒီထက်ပျက်အောင် လုပ်ဦးမယ်"

ဖေဖေ ပြန်လှည့်ထွက်ပြီး ကိုယ့်အလုပ်ကိုယ်ဆက်လုပ်တော့ အိမ်က –

"ဖေဖေ"

"ဟင်"

"ဒီဒေသကလူတွေ မိုးတွင်းဘက်ဆို မျှောဖမ်းပြီး စီးပွားရှာ တယ်ဆိုတော့ အဲဒီမျှောတွေ အများကြီးရအောင် ဘယ်လိုမိမ်းကြလဲ



www.burmeseclassic.com

www.burmeseclassic.com



ဟင်''

''ကျွဲတွေနဲ့ ဖမ်းရတာပေါ့ မမအိမ်ရဲ့။ ကျွဲတွေကို ရေထဲ မောင်းချရင် မျှော့တွေတွယ်ရော။ အဲဒီတော့မှ ခွာယူတာပေါ့''

''ကျွဲ''

''ဟုတ်တယ်လေ၊ ရွာထဲမှာ ကျွဲမွေးတဲ့သူတွေရှိတော့ ကျောင်းပေးပြီး ဖမ်းရတာ''

ကျွဲဆိုတော့ အိမ် အာရုံထဲမှာ ရေးရေးပေါ်လာတာသည် လမ်းမကြီးပေါ် ဖြတ်ပြေးလာတဲ့ ကျွဲတစ်အုပ်။ ပြီးတော့ ကျွဲတစ်ကောင်ကို ကားနဲ့တိုက်မိတာ။ ဘာတွေလဲ။ အဲဒါ အိမ် အိမ်မက်မက်ခဲ့ဖူးတာလား။ တကယ်လား။ မပီပြင် ဝိုးတဝါးအရိပ်တွေကို တွေးမိတော့ ခေါင်းထဲ မိုက်ခနဲဖြစ်သွားကာ –

''အား''

''ဝုန်း''

ကိုယ်ကို မထိန်းလိုက်နိုင်ဘဲ ရေထဲသို့ ပြုတ်ကျသွားလေလျှင်

''မမအိမ်''

ဇေဇေ လက်ထဲကကိရိယာတွေလွှတ်ချပြီး မမအိမ်ဆီသို့ အပြေးသွားကာ ရေထဲကနေ အတင်းမွေ့ထူလိုက်တော့ မျက်နှာမှာ ရေတွေနှင့်။ အတင်း ရေတွေကိုလည်း သပ်ချပေးပြီး –

''မမအိမ် မမအိမ်''





''____''

''ဒုက္ခပါပဲ မမအိမ်''

အိမ် မျက်လုံးလေးဖွင့်ကြည့်ပြီး –

''ဇေဇေ''

ခပ်ပွန်းသည့်ကို အားကိုးတကြီးဖက်တွယ်ကာ မျက်ရည်တွေ ကျလာတာ ဝိုးဝိုးပေါက်ပေါက်။

''မမအိမ် ဘာဖြစ်တာလဲဟင်''

''ခေါင်း . . . ခေါင်းထဲမူးသွားတာ''

အဲဒါကြောင့် မလိုက်စေချင်တာဆိုတဲ့ အပြစ်တင်စကားကို လည်း မဆိုရက်တော့။ ဒီအချိန်မှာ သူက ကိုယ့်ကိုပဲ အားကိုးနေရတာ ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

"ဟော့ကောင် ဖေဖေ"

"ဟေး"

"တို့ကောင်ကြီး ပျောက်ချက်သားကောင်းနေလိုက်တာကွာ။ တို့ဆီတောင် လာဖော်မရဘူး။ တို့ကလာမှပဲ တွေ့ရတယ်"

"ဒီကောင် မိန်းမပြေးကတည်းက တို့ကို စိမ်းကားနေတာပါကွာ။ မိန်းမအနားကနေ ခွာတောင်ခွာရဲ့လားမသိဘူး"

"မခွာသာ မခွာရမယ် ပြာနေပြီ ဟော့ကောင်ရေ"

"ဟေ ... ဘာပြောတာလဲ"

"အသားကိုပြောတာ၊ ကွင်းထဲ ကျင်းထဲ သွားရလွန်းလို့လေ"





အိမ်နောက်ဖေးရှေးဆိုင်တည်ဆိုသလို ခြံထဲမှာ ဟင်းသီးဟင်းရွက်ပင်တွေစိုက်ဖို့ ပေါက်တူးတစ်လက်နှင့် အလုပ်ရှုပ်နေတဲ့ ဖေဖေ၊ သူငယ်ချင်းတွေရောက်လာတာနှင့် ပေါက်တူးကိုချပြီး ချွေးတွေသုတ်လိုက်၏။ မယားနဲ့ဖြစ်လာပြီဆိုတော့ အရင်ထက် အလုပ်ကို ပိုကြိုးစားနေရတာ။

အိမ်ထောင်တစ်ခုတည်ဆောက်ပြီဆိုကတည်းက သူ့ရယ် ကိုယ့်ရယ် နှစ်ယောက်တည်းနဲ့ ဘဝက အဆုံးသတ်သွားမှာမှ မဟုတ်တာ၊ တော်ကြာ သားသမီးဆိုတာတွေ ရှိလာဦးမှာ မဟုတ်လား။

"ဖေဖေ ... မင်းက တို့ကို မိန်းမယူချင်စိတ်ကုန်အောင် ပြောနေတာလား"

"တာတီးရာ ... ဒါကတော့ ဖေဖေမပြောလည်း အားလုံး သိတယ်။ အိမ်ထောင်တစ်ခုတည်ဆောက်လိုက်ရင် သားကျွေးမွေး မယားကျွေးမွေးဆိုတာ ရှိတယ်လေ။ သိလား သိတယ်။ သိသိနဲ့ ပိုးဖလံမျိုး မီးကိုတိုး ဖြစ်နေကြတာမဟုတ်လား"

"ဒါကတော့ အချစ်ဆိုတဲ့အရာကိုမှ မလွန်ဆန်နိုင်ကြတာ ကိုးကွ"

"မင်း မယားကို တော်တော်ချစ်လား ဖေဖေ"

"ဟ ... ချစ်လို့မှယူထားတာလေ။ မချစ်ဘဲနဲ့တော့ ယူပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ အပင်ပန်းခံပေါ့ကွ"

"ဒါပေါ့ . . . နောက်ဆို လူက တိုးလာချင်လာဦးမှာ။ ရှာနိုင်တုန်းရှာ၊ လုပ်နိုင်တုန်း လုပ်ထားမှ"

တာတီးနဲ့စောဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးစိစိ။ သူငယ်ချင်းသုံးယောက်ရှိတဲ့အနက်က ဇေဇေကတော့ သူ့ဘဝနဲ့သူ ဖြစ်သွားပြီ။ နောက်ဆို သူတို့လည်း ဒီလိုပဲဖြစ်လာမှာပေါ့။ ဇေဇေတို့လင်မယားချစ်ပုံကတော့ တကယ် အားကျစရာပါပဲ။

"ဇေဇေ"

"ဘာလဲကွ"

"တို့ကို နည်းနည်းပါးပါး သင်တန်းလေး ဘာလေး ပို့ချမပေးချင်ဘူးလား"

"ဘာမှပို့ချစရာမလိုဘူး။ တစ်နေ့ မင်းတို့ အလိုလိုတက်လာလိမ့်မယ်"

"မင်းကလည်း၊ အထာကိုင်လိုက်တာ"

"ကိုင်ရမယ်ပေါ့၊ ဒါမျိုး သူများသိအောင် ပြောစရာလား"

"သားရေ"

"– – –"

ဒေါ်ချောပိုက်ခေါ်သံကြောင့် အားလုံး လှည့်ကြည့်လိုက်ကြစဉ်

"သား"





"ဗျာ အမေ"

"မြန်မြန်လာဦး"

"ဘာဖြစ်လို့လဲ အမေ"

"လာဆို မြန်မြန်လာစမ်းပါ။ မင်္ဂလာသတင်း ပြောစရာရှိလို့ သားရဲ့၊ မင်္ဂလာသတင်း"

"ဟုတ်ကဲ့ အမေ"

ဇေဇေ အမေ့ဆီသို့ ခြေလှမ်းကျဲကြီးများနှင့် သွားလိုက်၏။ မင်္ဂလာသတင်းဆိုလို့ စိတ်ဝင်စားသွားတာလေ။ အမေ့မျက်နှာကတော့ တကယ့်ကို ဝမ်းသာအားရပာန်ပါပဲ။ တာတီးနဲ့စောဦးလည်း နောက်က လိုက်လာကာ –

"ဘာ မင်္ဂလာသတင်းလဲ အမေရဲ့"

"ဒေါ်လေး မင်္ဂလာသတင်းဆိုတာ ဝမ်းကောင်းတယ်နော်။ ကျွန်တော်တို့ကိုလည်း ပြောဦး"

"ပြောမှာ . . . ပြောမှာ"

"ပြော . . . ပြော"

"သား"

"ဗျာ"

ဒေါ်ချောပို သားပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး –

"မင်း မင်းကလေးအဖေဖြစ်တော့မယ် သားရဲ့၊ အမေ မြေး



www.burmeseclassic.com

www.burmeseclassic.com



ချိရတော့မယ်"

"ဒါဆို"

"ဟုတ်တယ်၊ ... အိမ့်မှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"ဟာ ... အမေ အမေ တကယ်ပြောတာနော်"

"တကယ်ပေါ့"

"ဝေး ... ဟေး"

စောဦးနဲ့တာတီး လက်ခုပ်တီး၍ ထအော်လေလျှင် –

"ဟော့ကောင်တွေ ... ငါ အော်ရမှာလေ။ ငါ ဝမ်းသာရမှာကွ"

"တို့က မျှဝေခံစားတာလေ"

"အေးလေ ... မင်း တိုစရာမရှိ ကြံဖန်ပြီး မတိုနဲ့ ဟော့ကောင်"

"ကဲ ... ဒါဆို အော်ကွာ အော်ကြ"

"ဝေးဟေး"

"ဇေဇေ လူဖြစ်ပြီကွ"

"ဇေဇေ ကလေးအမေဖြစ်တော့မယ်တဲ့ကွ"

"ဟော့ကောင်တွေ"

"ဟမ်"

ဇေဇေ အိမ်ပေါ်တက်တော့ အားလုံး လိုက်တက်ကြ





လေလျှင် ဇေဇေလက်ဆန့်ကာ သူတို့ကို တားထားပြီး –

"မင်းတို့က ဘာလိုက်လုပ်မှာလဲ"

"မသိဘူးလေ ... မင်းသွားရာ လျှောက်လိုက်တာ"

"ငါက ငါ့မိန်းမဆီသွားမှာ။ မင်းတို့က ဘာလုပ်ရအောင်လဲ။ သွား သွား"

"အဲ အဟဲ ... ဆောရီးမှားသွားလို့"

"တောင်းပန်ပါတယ်ကွာ။ ဝမ်းသာလွန်းလို့ မှားသွားတာပါ"

စောဦးနဲ့တာတီး ပြန်ဆင်းသွားတော့ ဇေဇေ အိမ်ထဲသို့ ဝင်လာခဲ့၏။ ရင်ထဲမှာ ကိုယ့်ရင်သွေးဆိုတဲ့အသိက သာယာချမ်းမြေ့ခြင်းအတိနှင့်။ သားသမီးဆိုတာ ရတနာတစ်ပါးပဲ မဟုတ်လား။

"မမအိမ်"

"____"

"မမအိမ်"

"မမအိမ် ဒီမှာဇေဇေရဲ့၊ ဘယ်လိုဖြစ်လို့ မောကြီးပန်းကြီးနဲ့ ခေါ်နေတာလဲ"

ဇေဇေ ချစ်ဇနီး၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ဝမ်းသာအားရပာန်နှင့် –

"အမေပြောတာ တကယ်လား မမအိမ်"

အိမ်.ရှက်မျက်နှာလေး ဖြစ်တည်သွားပေမယ့် ဟန်ဆောင်၍



www.burmeseclassic.com

www.burmeseclassic.com



မသိဟန်ပြုကာ –

"အမေပြောတာ တကယ်လားဟင်"

"အမေက ဘာပြောလို့လဲ"

"မမအိမ်မှာ ဟိုဟာရှိနေပြီဆို"

"ဟင် ... ဘယ်ဟာလဲ၊ စကားက အဆုံးမရှိ အစမရှိနဲ့၊ ဘာမှန်းမသိဘူး"

"ဟိုဟာလေဗျာ၊ မမအိမ်မှာ ကျွန်တော့်ရင်သွေးလေး ရှိနေပြီဆိုတာ တကယ်လား"

"အင်း"

"ဟာ ... ဒါဆို တကယ်ပေါ့၊ ဝမ်းသာလိုက်တာဗျာ"

"အို ... ဇေဇေ"

ဇေဇေ မမအိမ်ကိုယ်လေးကို ဆွဲဖက်ပြီး မွှေ့ယမ်းလိုက်တော့ အိမ်က အော်လေသည်။ ကိုယ့်ရင်သွေးဆိုတဲ့အသိနဲ့ မျက်နှာမမြင်ရသေးခင်တောင် ရင်ထဲမှာ ပျော်ရွှင်မှုတို့က အတိုင်းမသိ၊ မြင်လိုက်ရတဲ့ မိဘတွေရင်ထဲမှာ ဘယ်အတိုင်းအတာအထိ မေတ္တာစမ်းရေတွေ တသွင်သွင်စီးဆင်းနေပါမလဲ။

"ဖယ်စမ်းပါ ဇေဇေရဲ့"

"ကျွန်တော် ပျော်လွန်းလို့ပါ မမအိမ်ရယ်။ ကျွန်တော် တကယ် ကလေးအဖေ ဖြစ်တော့မယ်နော်။ မမအိမ် အရမ်းတော်တာပဲ



သိလား"

"အရင်ဆက် အလုပ်ပိုကြိုးစားရမှာနော်"

"စိတ်ချ ... အလုပ်လုပ်ရင်း လဲသေသွားပါစေ၊ ကျွန်တော် ဖခင်တာဝန်ကျေစေရမယ်"

"အို ... ဘာလို့ သေစကားကြီးက ပါလာရတာလဲ။ ဇေဇေနော် နိမိတ်မရှိ နမာမရှိနဲ့"

"ဩော် မမအိမ်ရယ် ... လူဆိုတာ သေမျိုးချည်းပဲဥစ္စာ"

"တော်စမ်း ဇေဇေ၊ ဘာပဲဖြစ်ဖြစ် အဲဒီစကားကြီး ထည့်မပြောစမ်းပါနဲ့"

"ကဲ ... မမအိမ် မကြိုက်ရင် မပြောတော့ဘူးနော်။ မမအိမ်မှာ ကျွန်တော့်ရင်သွေးလေး လွယ်ထားရပြီဆိုတာ သိရတော့ ဝမ်းသာလွန်းလို့ ထွက်မိထွက်ရာ ထွက်သွားမိတာပါ"

ဇေဇေ တောင်းပန်ပေမယ့် အိမ့်ရင်ထဲမှာ မကောင်းဖြစ်သွားရ၏။ စကားအဖြစ်တောင် အိမ်မခံစားနိုင်ပါဘူး။ အိမ့်ဘဝမှာ ဇေဇေမရှိလို့ မဖြစ်ပေ။ ဇေဇေသာ တစ်ခုခုဖြစ်ရင် အိမ် ရှုမလားမပြောတတ်။

"မမအိမ် မခံစားနိုင်ဘူး သိလား။ မမအိမ်ဘဝမှာ ဇေဇေမရှိလို့ မဖြစ်ဘူး ဇေဇေရဲ့။ ဇေဇေသာ တစ်ခုခုဖြစ်ရင်"

စကားက ရှေ့ဆက်ထွက်မလာဘဲ မျက်ရည်က ဝေ့တက်လာ၏။ ဒါကို ဇေဇေက လိုက်ငုံ့ကြည့်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ငိုတော့မလို့လား"

"ဟုတ်တယ်"

"ငိုတော့ မငိုပါနဲ့ဗျာ။ ဒီကောင်က မိန်းမမျက်နှာညှိုးရင် နေတတ်တာမဟုတ်ဘူးဗျ သိလား"

"အဲဒါနဲ့များ"

"တိတ်တော့နော်"

ဇေဇေ ပါးပြင်ပေါ်သို့ကျမလာသေးတဲ့မျက်ရည်တွေကို တယု တယ သုတ်ပေးလိုက်၏။ ချစ်ခင်စ ကြင်နာစမို့ ဇေဇေ ယုယနေတာ မဟုတ်ပေ။ နောက်လည်း ဒီလိုပဲ အသက်တွေကြီးသည်အထိ မပျက် ယွင်းသော ချစ်မေတ္တာသံယောဇဉ်နှင့် ချစ်သွားမှာပါ။

"ဇေဇေ"

"ဗျာ"

"မမအိမ်ကို ဘယ်တော့မှ မထားခဲ့ပါနဲ့နော်"

"ကိုယ်ချစ်လို့ယူထားတဲ့မိန်းမကို ထားခဲ့ရလား။ မမအိမ် ရဲ့ တသမတ်တည်းသောအချစ်နဲ့ သက်ဆုံးတိုင် ချစ်သွားမှာ သိလား"

"မသိဘူးလေ . . . အချို့ယောက်ျားတွေက သစ္စာရှိကြတာမှ မဟုတ်တာ"

"အချို့လေ မမအိမ်ရဲ့။ အကုန်လုံးမှ မဟုတ်တာ"

"အဲဒီအချို့ထဲမှာ ဇေဇေ့ကို မပါစေချင်လို့ ပြောနေတာပေါ့"





"အင်း . . . မပါစေရဘူးလို့ ကတိပေးတယ်။ ကျွန်တော်က ဟောဒီမမအိမ်ကလွဲရင် ကျန်တာတွေ ဖွဲဆန်ကွဲပဲ"

အိမ် ကျေနပ်စွာ သူ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်မိ၏။ ဒီဘဝ လေးမှာ အိမ် ပျော်ရွှင်နေတာမို့ အတိတ်ကာလဆိုတာကို စဉ်းလည်း မစဉ်းစားချင်၊ သတိလည်း မရချင်တော့ပေ။

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဒေါ်ပန်းမြင့်စံတစ်ယောက် သမီးစိတ်နှင့် စိတ်ထောင်းလို့ ကိုယ်ကြေဖြစ်ကာ ကျန်းမာရေး ချူချာနေတာကြာခဲ့ပြီ၊ ဆရာဝန်တွေ ပေးတဲ့ဆေးက သူ့အတွက် အရာမဝင်သလို ဖြစ်နေခဲ့တာ စိတ်ကြောင့်ပဲ လေ၊ သေတယ်လို့ တိတိကျကျသိရရင်လည်း ဪ ငါ့သမီးလေး ဆုံးသွားရှာပြီလို့ တသသလွမ်းဆွေးနေရင်းပဲ တရားနဲ့ဖြေလိုက်ရရဲ့၊

ခုတော့ သေမှန်းမသိ ရှင်မှန်းမသိနဲ့ ဘယ်လိုဒုက္ခ ရောက်နေ သလဲတွေးပြီး စိုးရိမ်ပူပန်နေရတာ။

"ပန်း"

"ဟင်"





ဦးသော်ထွေး ဆိုဖာပေါ်မှာ ခပ်လျော့လျော့မှီထိုင်နေတဲ့ ဇနီး သည်ဘေးမှာ ဝင်ထိုင်လိုက်ရင်း –

"ဆေးသောက်ဖို့ အချိန်ရောက်ပြီလေ ပန်းရဲ့။ ဆေးသောက် လိုက်ဦးနော်"

ဆေးသောက်ဖို့အချိန်ရောက်တာနဲ့ အိမ်က ထမင်းချက် ကောင်မလေးကလည်း တာဝန်ကျေစွာ ဆေးလုံးနဲ့ ရေဖန်ခွက်ကလေး ယူကာ ရောက်လာပြီ။

"အဲဒီဆေးတွေလည်း မသောက်ချင်တော့ပါဘူး ကိုသော် ရယ်။ ပန်း သေချင်လည်း သေပါစေတော့"

"မဟုတ်တာ၊ ပန်းက ဘာလို့သေရမှာလဲ။ တို့သမီးက သေသွားပြီလို့ တိတိကျကျသိရတာ မဟုတ်ဘူးလေ။ တို့မှာ မျှော်လင့် ချက်တွေ အများကြီးရှိတယ်။ လူဆိုတာ မျှော်လင့်ချက်နဲ့အသက်ရှင် နေကြတာမဟုတ်လား"

"ပန်း မခံစားနိုင်တော့လို့ပါ ကိုသော်ရယ်"

"ဪ ပန်းရယ် . . . ကိုယ်လည်း ဖအေတစ်ယောက်ပါ။ ကိုယ့်သမီးအတွက် မခံစားရဘဲနေမလား။ ဒါကြောင့် မောင်မင်းထက်စံ ရော ကိုယ်ရော သမီးအကြောင်း စုံစမ်းနေတာပဲလေ။ သားငယ်လည်း စုံစမ်းနေတာပဲ။ မောင်မင်းထက်စံမှာလည်း အခုထိ သူ့မိန်းမအတွက် ပူဆွေးသောကရောက်နေရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . သူခွေးတာ သောကရောက်တာ ပန်းကိုမီမှာတဲ့လား။ သူက မယားဆိုတော့ အစားထိုးလို့ရတယ်လေ။ ကျွန်မကကိုးနှစ်ဝမ်းနဲ့လွယ်မွေးထားတဲ့ သမီးဆိုတော့ အစားထိုးလို့ရတာ မဟုတ်ဘူးရှင့်"

ဦးသော်ထွေး သက်ပြင်းချလိုက်မိ၏။ ပန်းက မိန်းမဆိုတော့ယောကျ်ားတွေလို သဘောထားကြီးစွာ မင်းထက်စံအပေါ် နားမလည်နိုင်။

သူ့ခများလည်း တကယ်မှာ အရူးတစ်ပိုင်းဖြစ်နေခဲ့တာ။

"အဲဒီလိုတော့ မပြောပါနဲ့ ပန်းရယ်။ သူ့ခများလည်း ပန်းထက်မပိုရင်တောင် မလျော့ပါဘူးကွာ"

"မတူတာကို မတုနဲ့ကိုသော်။ လောကမှာ လူတစ်ယောက်ကိုအချစ်နိုင်ဆုံးက မိဘပဲရှင့် သိလား"

"အဲ . . . ထားလိုက်ပါတော့။ ပန်း ဆေးမသောက်လို့တော့မရဘူးနော်။ တို့သမီး တစ်နေ့ပြန်လာမယ်လို့ ကိုယ် ယုံကြည်တယ်။အဲဒီအချိန်မှာ ပန်း ကျန်းမာနေမှဖြစ်မှာ"

"ဒီဆေးတွေသောက်လည်း သမီးပြန်မလာသရွေ့ ကျွန်မကျန်းမာရေးက ထူးခြားလာမှာမဟုတ်ဘူး ကိုသော်"

"ကလေးမဟုတ်ဘဲနဲ့ ပြောရခက်ပါလား ပန်း။ မင်း အဲဒီလိုလုပ်နေလို့ ကိုယ်နဲ့သားငယ် တစ်ပူပေါ်နှစ်ပူဆင့် ဘယ်လောက် စိတ်





ဆင်းရဲနေရလဲ မင်းသိလား"

"ဟင်"

ဒေါ်ပန်းမြင့်စံ ခင်ပွန်းသည်၏မျက်နှာကို တွေတွေလေး မော့ကြည့်လိုက်၏။ ကိုယ်က ကိုယ့်ရင်ထဲက အပူမှအပူမှန်းသိသလို ဖြစ်နေပြီလား။

သမီးကြောင့် သောကရောက်နေတဲ့အထဲမှာ ကိုယ့်လိုပဲခင်ပွန်းနဲ့သား ခံစားနေရမလား။ အတွေးထဲမှာမပါ။ ဟုတ်တာပေါ့။

ကိုယ်ကမှ သမီးအတွက်တင် ပူပန်သောကရောက်နေတာ။သူတို့သားအဖက ကိုယ့်အတွက်ပါ ပူနေရမှာပေါ့။

"ဟုတ်ပါတယ် အန်တီပန်းရယ် . . . ရဲဝံ့ဆိုရင်လည်းလေသူ့ခများ အစ်မကိုလိုက်ရှာနေတာ မတွေ့ရတဲ့အထဲ အမေက ကျန်းမာရေး မကောင်းတော့ တစ်ခါတလေ ထမင်းတောင် စားချင်စိတ်မရှိဘူးတဲ့"

"ဟင် . . . သားက တကယ်ပဲ အဲဒီလိုပြောသလား"

"ဟုတ်ကဲ့"

"သြော်"

သမီးအတွက် ပူရသလို သားရှိနေသေးတယ်ဆိုတဲ့အသိဝင်လာတော့ ဆေးလုံးပေးတဲ့သူဆီ အကြည့်ကရောက်သွားပြီး –

"ပေး ဆေးလုံး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပန်းမြိုင်စံ ဆေးလုံးယူပြီး သောက်လိုက်တော့မှ ဦးသော် ထွေးမျက်နှာ ပြုံးသွားကာ –

''အဲဒီလိုလုပ်ပါ ပန်းရဲ့။ သမီးအတွက် စဉ်းစားသလို တို့ သားအတွက်လည်း စဉ်းစားပေးရမယ်''

''ပန်း နားလည်ပါပြီ''

❁



နွေကိုစွန့်ခွာ
ရော်ရွက်ဝါတို့
တိမ်းကာထွက်ပြေး
မိုးစက်ကလေးဆီ၊
မိုးကာတစ်ဖန်
ပြောင်းရပြန်ကာ
ဆောင်းတွင်းကိုကူး
နှင်းစက်လူးလို့
စက်ဝန်းရာသီ
လည်လာပြီပေါ့
အချိန်တွေပြောင်းလဲသမျှ
ဘဝတွေကလည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

အိမ် ဗိုက်ထဲက နာလာတာမို့ အိပ်ရာကနေ ထထိုင်လိုက်သည်။ ဖေဖေ့ကို နှိုးရကောင်းမလား၊ မနှိုးရကောင်းမလား စဉ်းစားရင်း မီးထွန်းလိုက်၏။ မီးက ဘတ်ထရီအိုးနဲ့ထွန်းရတဲ့ ဖန်မီးချောင်းလေး။ မီးရောင်အောက်မှာမြင်နေရတဲ့ ဖေဖေ့မျက်နှာလေးကိုကြည့်ပြီး မနှိုးရက်။

သူ့ခမျာ နေ့ရှိသရွေ့ အလုပ်ကြိုးစားနေတော့ ပင်ပန်းနေရှာတာ။ နေလို့ရသေးတာပဲဆိုပြီး အိမ် ငုတ်တုတ်ကလေးထိုင်နေတော့ ဗိုက်က ပိုနာလာတာကြောင့် –

"အား ကျွတ် ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



မရှုမှန်းသိသိနှင့် ဗိုက်ကို လက်ကလေးနှင့်နှိပ်ပြီး မျက်နှာလေးက ရှုံ့ရှုံ့မဲ့မဲ့။

"အင်း"

ဇေဇေ အိပ်ရာထဲမှာ လူးလွန့်လာပြီး အိမ့်ကို လှမ်းဖက်လေလျှင် အိပ်ရာထဲမှာ အိမ်က မရှိ။

ဒါကြောင့် မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ မီးရောင်က လင်းနေတာကြောင့် –

"ဟင်"

"–––––"

"မမအိမ်"

"အား ကျွတ် ကျွတ်"

ချက်ချင်းပဲ ဇေဇေ ထထိုင်ပြီးသားဖြစ်သွားကာ –

"မမအိမ် … မမအိမ် ဘာဖြစ်လို့လဲဟင်"

"ဗိုက်နာလို့ ဇေဇေရဲ့"

"ဟင် … ဟုတ်လား။ အဲဒါ ကျွန်တော့်ကို နှိုးရောပေါ့ မမအိမ်ရဲ့။ တော်တော်နာနေလား"

"နာတယ် အား"

"ဒါဆို မွေးချင်လို့ ထင်တယ်"

သူများတွေလို အာထရာဆောင်းတွေ ဘာတွေ ရိုက်တာ





ဘာညာမရှိတော့ ကလေးက ယောက်ျားလေးလား မိန်းကလေးလားလည်းမသိ။ ဘယ်နေ့ဘယ်ရက် မွေးမယ်ဆိုတာလည်း သူတို့မှာ မသိရှာ။

ဇေဇေက အာထရာဆောင်း သွားရိုက်ခိုင်းပါတယ်။ အိမ်က ပိုက်ဆံတွေအပိုကုန်မှာစိုးလို့ သွားမရိုက်ခဲ့တာ။ သူ့အချိန်တန်ရင် မွေးမှာပဲ မဟုတ်လား။

"ဟုတ်လား မမအိမ်"

"ဟုတ်မှာပေါ့ … အမယ်လေး"

"တော်တော် တော်တော်နာနေလားဟင်"

"နာတယ်"

"ဟာ … ဒါဆို အမေ့ကို နှိုးမှပေါ့။ ပြီးတော့ လက်သည် သွားခေါ်မှဖြစ်မှာ"

"အမယ်လေး … သေပါပြီ"

"အမေ အမေ"

ဇေဇေ ခေါ်လည်းခေါ် သုတ်သီးသုတ်ပျာနှင့် အမေ့ဆီသို့ ထွက်လာခဲ့၏။

"အမေ"

"––––"

"အမေ … အမေ"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... ဟင်"

ဖေဖေ လှုပ်နိုးမှပဲ ဒေါ်ချောပို နိုးလာကာ –

"ဟဲ့ ... ဘာလဲသားရဲ့"

"ထပါဦး အမေရဲ့၊ မမအိမ် ဗိုက်နာနေလို့တဲ့"

"ဟေ ... ဟုတ်လား"

"ဟုတ်တယ် အမေ၊ သား လက်သည် သွားခေါ်ရမလား"

"အေး .... ခေါ်ရမှာပေါ့။ သွား မြန်မြန်လက်သည်သွားခေါ်"

"ဟုတ်ကဲ့၊ ဒါဆို ... သား သွားလိုက်ဦးမယ်။ အမေက မမအိမ်ဆီကို သွားလိုက်ပါဦး"

"သွားမှာပါဟယ် သွားမှာပါ။ ငါက မသွားဘဲနေပါ့မလား"

"ဒါဆို သားသွားပြီ"

ကသုတ်ကယက်နှင့် ဖေဖေထွက်သွားတော့ –

"ဟဲ့ သားဖေဖေ"

"ဗျာ"

"ဓာတ်မီး ယူသွားဦးလေ"

"ဟုတ်သားပဲ ... ပေး ပေး"

ဒေါ်ချောပို သားကို ဓာတ်မီးလိုက်ပေးပြီး အိမ်ဆီသို့လာခဲ့၏။ အိမ်က အခန်းထဲမှာ ဗိုက်နာလို့ ညည်းတွားနေလျက်။





"သမီး"

"အမေ သမီးကို ကယ်ပါဦး"

"သမီး တော်တော်နာနေလား သမီး"

"နာတယ်"

"သမီး ခဏလေးအောင့်ထားနော်။ သား လက်သည် သွားခေါ်နေတယ်"

"နာတာကို အောင့်ထားလို့ရမလား အမေရဲ့"

"ဪ ... အေး ဟုတ်သားပဲ"

ဒေါ်ချောပိုလည်း ဖေနဲ့ ဘာတွေပြောမိမှန်းမသိ။ ယောက်ျားဖောင်စီး မိန်းမစီးနေတဲ့။ ဒီအချိန်က အရေးကြီးတဲ့အချိန်။ အိမ့်ကို အားပေးရင်း သား ပြန်အလာကိုပဲ မျှော်နေမိ၏။

လက်သည်သွားခေါ်တဲ့သူကလည်း ပြေးသွားသလားတော့ မပြောတတ်ပေ။

"မမအိမ်, အမေ ... ကျွန်တော်ပြန်လာပြီ"

"လက်သည်ပါရဲ့လား သား"

"ပါတယ် ပါတယ်"

"မြန်မြန်လာပါ မညီးရယ်၊ ဒီမှာ အရမ်းနာနေပြီ"

"မမအိမ်"

ဖေဖေက အိမ့်လက်ကိုဆုပ်ကိုင်လိုက်တော့ –



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဖေဖေ"

"ဗျာ"

"နင်က ဒီမှာ ဘာလုပ်နေတာလဲ။ အပြင်ထွက်လေ"

"ကျွန်တော်က အပြင်ထွက်ရမှာလား"

"အေးလေ"

"အား အမယ်လေး"

"မမအိမ် အရမ်းနာနေပြီဗျ။ ကျွန်တော် အနားမှာနေလို့မရဘူးလား"

"ဘယ်ရမှာလဲ။ ထွက် ထွက် သွား"

"မြန်မြန်သွားပါ ဖေဖေရဲ့။ ဒီမှာနာလှပြီ။ အမေရေ"

"အင်း . . . မမအိမ် သွားဆိုသွားပါ့မယ်"

အကုန်လုံးက နှင်လွှတ်လို့သာ ထွက်လာခဲ့ရတယ် ဖေဖေ့စိတ်က မမအိမ်ကိုစိတ်မချ။ အပြင်ရောက်တော့ ငြိမ်ငြိမ်ထိုင်မနေနိုင်။ လက်အုပ်ကလေးချီကာ ဖိုကာ ရသမျှ ဘုရားစာတွေရွတ်ရင်း ကုန်းထလိုက် ပြန်ထိုင်လိုက်။ မမအိမ်ရဲ့အော်သံကိုကြားနေရတာမို့ စိုးရိမ်စိတ်ကတစ်ဖက်။

တစ်ဖက်မှာလည်း မိန်းမတစ်ယောက်အတွက် သားမွေးရခြင်းက ခက်ခက်ခဲခဲ သက်စွန့်ဆံဖျားပါလားလို့ တွေးမိပြီး အမေ့မေတ္တာတရားကို ပို၍ နားလည်လာတော့သည်။





အရင်က နားမလည်လို့လားဆိုတော့ မဟုတ်။ နားလည်ပြီးသားအပေါ်မှာ ထပ်ပြီးနားလည်သွားခဲ့တာ။

"အား သေပါပြီ အမယ်လေး"

"ဟင်"

"အမေရေ ဟီး"

"သမီး . . . အမေ့လက်ကိုကိုင်ထား။ မွေးတော့မှာပါ၊ အမေ့လက်ကိုကိုင်ပြီး အားတင်းထား"

"ဒေါ်ညို ဒေါ်ညို"

ဖေဖေ မနေနိုင်စွာ အခန်းနားကိုသွားပြီး ဒေါ်ညိုကိုခေါ်လိုက်တာဖြစ်၏။

"ဒေါ်ညို"

"ဟဲ့ . . . ဘာလဲဖေဖေရဲ့"

"မမွေးသေးဘူးလားဗျ"

"မွေးတော့မယ် . . . မွေးတော့မယ်"

"မြန်မြန်မွေးအောင် လုပ်ပါဗျ။ မမအိမ် အရမ်းနာနေပြီ"

"လုပ်နေတာပဲလေ။ မွေးတော့မှာပါဆို ဘယ်လိုဖြစ်နေတာလဲ"

သက်ပြင်းချ ခေါင်းကုတ်ပြီး ပြန်ထွက်လာရသည့်တိုင် ထိုင်လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



မမအိမ်သာ တစ်ရှုရှုဖြစ်ရင်လို့တွေးမိတော့ ရင်ထဲမှာ ပူလောင်မှုများနှင့်။

"အား အမယ်လေး"

"အူဝဲ အူဝဲ အူဝဲ"

"ဟာ"

"မွေးပြီဟေ့ ... မွေးပြီ"

မွေးပြီဆိုတာနှင့် ဖေဖေ ထပြေးရမလို ထခုန်ရမလိုနှင့် ထိုင်လည်း မထိုင်ဖြစ်ဘဲရှိကာ ကုန်းကုန်းကွကွ။

မွေးပြီဆိုတော့ ယောကျ်ားလေးလား၊ မိန်းကလေးလား သိချင်စိတ်ကလည်း ပြင်းပြကာ –

"အမေရေ ... ဘာလေးလဲ"

"ယောကျ်ားလေးဟေ့ ယောကျ်ားလေး"

"ယောကျ်ားလေးတဲ့၊ အဲဒါမှ ငါကွ"

ဖေဖေ ဝမ်းသာလွန်းလို့ လက်သီးဆုပ်ရမလို လက်ဝါးဖြန့်ရမလို။ ဒီနေ့ အင်္ဂါနေ့။ သူကလည်း အင်္ဂါသားပဲလေ။ သားကလည်း အင်္ဂါသားဆိုတော့ ဖအေက ဇေယျတ၊ သားကျတော့ ဇေရတုလို့ နာမည်ပေးရမယ်။ ဒါ မင်္ဂလာရှိတဲ့နာမည်။

"ဖေဖေ"

"ဗျာ"





"အထဲဝင်လို့ရပြီဟေ့။ နင့်သားလေးကို လာကြည့်ပါဦး"

"လာပြီ ... လာပြီ"

ကမန်းကတမ်းပဲ ထသွားပြီး အခန်းထဲကိုရောက်တော့ –

"ရော့ ... ဒီမှာ နင့်သား"

ရင်ခွင်ထဲရောက်လာတဲ့ သားကို ငုံကြည့်ပြီး ရင်ထဲမှာ တလှိုက်လှိုက်ဖြစ်လာပြီး –

"တစ်တုံးတစ်ခဲကြီးပဲ၊ မမအိမ် ကျွန်တော် သားကို နာမည်ပေးပြီးပြီ သိလား"

အိမ်က ကြည်စင်သောအပြုံးတို့နှင့် –

"ဟင် ... ခုမှမွေးပြီးတယ်၊ ခု နာမည်ပေးပြီးပြီလား။ ပြောပါဦး ဘယ်လိုနာမည်ပေးလဲ"

"သားကလည်း အင်္ဂါသားပဲလေ။ အဲဒါကြောင့် ဇေယျတရဲ့ သား ဇေရတုဆိုတဲ့နာမည်ပေးမှာ"

"ဇေရတု ဟုတ်လား"

"ဟုတ်တယ် ... မမအိမ်ရောကြိုက်လား"

"အင်း ... ကြိုက်တယ်"

"ကောင်းတယ် သား ... ကောင်းတယ်။ အဲဒီနာမည်ကို အမေလည်း သဘောကျတယ်။ ဇေရတု၊ ငါ့မြေးလေးနာမည် ဇေရတု တဲ့ မင်္ဂလာရှိလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချောပိုမှာလည်း မြေမှုန်နုရဲရဲလေးကို ငုံ့ကြည့်ပြီး ရင်ထဲမှာ မေတ္တာစမ်းရေတွေက တသွင်သွင်စီးဆင်းလျက်။ သားသမီးဆိုတာ မိဘတွေအတွက် ရင်ငြိမ်းအေးမြစ်သလို သားအချစ် မြေအနှစ်တဲ့။

ဒီမြေးလေးက ...

ဒေါ်ချောပိုရဲ့အနှစ်ကလေးပါ။



## အခန်း (၂၂)

"ဟာ မမအိမ် အဲဒါ ဘာလုပ်နေတာလဲ"

"အဝတ်တွေ လျှော်နေတာလေ ဖေဖေရဲ့။ သားက ရှုးရှုးတွေ ခဏခဏပေါက်တော့ လဲပေးစရာ ဘောင်းဘီအခြောက်ကို မရှိတော့တာ"

"အဲဒါ ကျွန်တော့်ပုဆိုးနဲ့ ယူထွေးထားရောပေါ့။ အဲဒါတွေ ကျွန်တော် လျှော်မယ်"

ထမ်းလာတဲ့ထင်းတွေကို ပခုံးပေါ်ကပစ်ချပြီး ဖေဖေ မမအိမ်ဆီသို့ ခပ်သုတ်သုတ်သွားပြီး လျှော်နေတဲ့အဝတ်တွေကို ဆွဲယူလိုက်တော့ အိမ်က ပြန်ဆွဲယူကာ –



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဖေဖေရဲ့၊ မမအိမ်ပဲ လျှော်ပါ့မယ်။ ဖေဖေက ပင်ပန်းလာတာကို"

"ရမနေနဲ့ ပေ။ ကျွန်တော်က အိမ်ထောင်ဦးစီး။ ဘယ်အရာမဆို အိမ်ထောင်ဦးစီးတာဝန်ကျေရမယ်လို့ ပြောထားတယ်လေ။ ပင်ပန်းတာလည်း ကိုယ့်မယားနဲ့ ကိုယ့်သားအတွက်ပဲဥစ္စာ ခံနိုင်ရည်ရှိပါတယ်ဗျ"

"မမအိမ် အရမ်းကံကောင်းတယ် သိလား"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဖေဖေ့လိုလူမျိုးနဲ့ ဇနီးမယားဖြစ်ခွင့်ရလို့လေ။ ဖေဖေက အားလုံးအပေါ်မှာ သိတတ်တာကို။"

"အဲဒါ မေတ္တာတရားကြီးမားတတ်တာလို့ခေါ်တယ် မမအိမ်ရဲ့။ ကျွန်တော်က အမေရယ်၊ မမအိမ်ကိုရော သားပါ အားလုံးကို ချစ်တော့ အားလုံးကို စိတ်ချမ်းသာအောင် ထားချင်တာ"

"မမအိမ် ယုံကြည်ပါတယ် ဖေဖေရယ်"

"သမီးရေ အိမ်"

"ရှင် အမေ"

"မြေးလေး နိုးနေပြီ၊ နို့လာတိုက်လိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ အမေ"

ဒေါ်ချောပိုက ကလေးကိုပိုက်၍ လှမ်းပြောတော့ အိမ်က





သွားလိုက်၏။ ဖေဖေကတော့ အဝတ်တွေလျှော်နေခဲ့။

"ဖေဖေ ... ဟော့ကောင် ဖေဖေ"

"ဟာ ... တာတီးနဲ့စောဦးပါလား။ မင်းတို့ ဘာလာလုပ်ကြတာလဲ"

"မင်းကိုပြောစရာရှိလို့ လာတာကွ။ မင်း ဘာလုပ်နေတာလဲ ကလေးအနှီး လျှော်နေတာလား"

"အေးလေ ... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ အဲဒါတွေ ဖောထားခဲ့ဦး။ ပြောစရာရှိလို့ပါဆို ... လာ ခဏထိုင်ရအောင်"

"အရေးကြီးလို့လား"

"အေးပေါ့"

အရေးကြီးတယ်ဆိုသောကြောင့် ဖေဖေ အဝတ်လျှော်ခြင်းအလုပ်ကို ရပ်ထားခဲ့ပြီး ရေစိုနေတဲ့လက်တွေကို ပုဆိုးနဲ့သုတ်ကာ ထလာခဲ့ပြီး သုံးယောက်သား စုထိုင်လိုက်ကြ၏။

"ကဲ ပြော ... ဘာအရေးကြီးလို့လဲ"

"ဟိုဘက်ရွာကကျောင်းမှာ အာစရိယပူဇော်ပွဲရှိတယ်ကွ။ အဲဒီပွဲမှာဆိုကြမယ်၊ ပျော်ကြမယ် အစီအစဉ်ပါတယ်။ ဝင်ကြေး လူတစ်ယောက်ငါးထောင်တဲ့"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ၊ မင်းက သီချင်းဆိုကောင်းတယ်လေ။ အဲဒါကြောင့် တို့က မင်းကို ဝင်ပြိုင်စေချင်တာ"

"ဟုတ်တယ် ဖေဖေ၊ ဝင်ကြေးငါးထောင်လေးကို နမြောမနေစမ်းပါနဲ့ကွ။ ဆုမရတော့လည်း စီးပွားပျက်သွားတာမှ မဟုတ်တာ။ ဆုရရင် ပထမဆုက နှစ်သိန်း။ ဒုတိယဆုက တစ်သိန်း။ တတိယဆုက ငါးသောင်း။ နှစ်သိမ့်ဆုက သုံးသောင်းတဲ့။ နှစ်သိမ်းဆုကသုံးဆု ဆိုတော့ အဲဒီဆုခြောက်ဆုထဲက မင်း တစ်ဆုချိတ်မယ်လို့ ယုံကြည်လို့ တို့က တိုက်တွန်းတာပါ"

ဖေဖေ တွေခနဲဖြစ်သွား၏။ ကိုယ့်ဘက်က စွန့်ရမှာက ငါးထောင်။ တကယ်လို့ ဆုတစ်ဆုချိတ်ရင်တော့ မဆိုးပါဘူး။ ကြောက်ရင်လွဲ ရဲမင်းဖြစ်တဲ့။ စွန့်စားကြည့်ရတာပေါ့။

"ဆိုတာကျင့်ဖို့က ဘယ်မှာသွားကျင့်ရမှာလဲ။ တစ်ညတည်းနဲ့ ဆုက ကြေညာမှာလား"

"နှစ်ညကွ၊ ပထမည ကောင်းတဲ့လူ ဆယ့်ငါးယောက်ရွေးမယ်။ ဒုတိယညကျတော့မှ ဆန်ခါတင်ရွေးပြီးဆုချမှာ"

"ဆိုတာကျင့်ဖို့ မင်း ဘာမှ မပူပါနဲ့။ အိမ့်မွန်တို့အိမ်မှာ DVD ရှိနေတာပဲဥစ္စာ။ သူ့အဖေကို ငါတို့ပိုင်းပြောပြီး အကူအညီတောင်းပေးမှာပေါ့"

"ဒါဆို စွန့်စားကြည့်ကြတာပေါ့"





"သူငယ်ချင်းတွေစုပြီး ဘာတွေတိုင်ပင်နေကြတာလဲ"

အိမ်က ကလေးကိုဖိုက်လို့ရောက်လာပြီး နောက်ကလိုက်လာရင်း မေးလိုက်သူက ဒေါ်ချောဝိ။

"ဟိုဘက်ရွာက အာစရိယပူဇော်ပွဲမှာ ဆိုကြမယ် ပျော်ကြမယ် အစီအစဉ်ပါတယ် ဒေါ်လေးရဲ့။ အဲဒါကြောင့် ဖေဖေ့ကို သီချင်းဆိုဝင်ပြိုင်ဖို့လာပြောတာ"

"ဘာအစီအစဉ်"

ဒေါ်ချောဝိက လူကြီးဆိုတော့ ခုခေတ်စကားတွေကို နားမလည်သလို မေးလေလျှင် –

"ဆိုကြမယ် ပျော်ကြမယ် အစီအစဉ် ဒေါ်လေးရဲ့။ သီချင်းဆိုပြိုင်ကြတာလေ"

"ဪ . . . မသိပါဘူးဟယ်။ နင်တို့ခေတ်ကဟာတွေကို နားမလည်ပါဘူး။ ဘာလဲ အဲဒီမှာ ပြိုင်လို့နိုင်ရင် အဆိုတော်ဖြစ်မှာလား"

"အဆိုတော်တော့ မဖြစ်ဘူးပေါ့ ဒေါ်လေးရဲ့။ ဆုတော့ပေးမှာပါ"

"ဘာဆုလဲဟဲ့"

"ပထမဆုက နှစ်သိန်း။ ဒုတိယဆုက တစ်သိန်း။ တတိယဆုက ငါးသောင်း။ နှစ်သိမ့်ဆုကသုံးသောင်းပေးမှာ ဒေါ်လေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဟုတ်လား"

"ဟုတ်တယ်၊ ဖေဖေက သီချင်းဆို အရမ်းတော်တာပဲဟ။ ဆုတစ်ခုခုရိုက်မယ်လို့ အိမ် ယုံကြည်တယ်။ ဖေဖေဝင်ပြိုင်မှာလား ဟင်"

"အင်း ... ပြိုင်မယ်လေ"

သူငယ်ချင်းနှစ်ယောက်က ဖေဖေ့လက်နဲ့ပခုံးကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး အားပေးသောအပြုံးတွေနှင့်။ မင်း ဖြစ်ကိုဖြစ်ရမယ် ဆိုတာမျိုးလေ။ မမအိမ်ကလည်း အားပေးတာမို့ ဖေဖေ့မှာ အင်အားတွေရှိကာ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ သတ္တိတွေလည်းရှိလာ၏။

"မမအိမ်"

"ဟင်"

"ကျွန်တော် ပထမဆုရအောင် ကြိုးစားမယ် သိလား"

အိမ့်အပြုံးတွေက ပိုရှုံတောက်ပလာ၏။ ဒါ ဖေဖေ့အပေါ်မှာ သူ မယုံကြည်လို့ တောက်ပလာတဲ့အပြုံးပါ။



# အခန်း (၂၃)

"ဖေဖေ"

"ဟင်"

ရဲ့ံသူနောက်မှာ သူငယ်ချင်းတွေပါ ပါလာသဖြင့် မျက်ရိပ်ပြပြီး ထိုင်ခိုင်းလိုက်ကာ ဖခင်ကိုလည်းခေါ်တော့ ဦးသော်တွေးထူးပြီး မော့ကြည့်လိုက်၏။ မော့ကြည့်ဆို သတင်းစာဖတ်နေတာကိုး။ ကောင်လေး သုံးလေးယောက်ကိုမြင်တော့ —

"ဩော် ... သားသူငယ်ချင်းတွေပါ လာတာကိုး"

"ဟုတ်ကဲ့ ခင်ဗျာ"

တစ်ယောက်က သွက်သွက်လက်လက်ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ နေကြဦးကွာ။ ငါ မင်းတို့အတွက် တစ်ခုခုသွားပြီး စီစဉ်နိုင်းလိုက်ဦးမယ်"

"နေပါစေ ... တို့အတွက် ဘာမှမလုပ်ပါနဲ့။ တို့တွေ လက်ဖက်ရည်ဆိုင်ထိုင်ခဲ့ကြပြီးပြီပဲ ဦးစွာ"

"မဟုတ်ဘူးလေ၊ ငါက အိမ်ရှင်တာဝန်ကျေချင်လို့ပါ"

"အချင်းချင်းတွေပဲဦးစွာ ... မလိုပါဘူး။ တို့က ရောက်ဖူးရဲ့ သက်သက်ပဲ လိုက်လာကြတာကို"

တကယ်တော့ ရဲဝံ့သူရဲ့ သူငယ်ချင်းတွေထဲမှာ ဒီအိမ်ကို ရောက်ဖူးသူရှိသလို လုံးဝမရောက်ဖူးသူလည်း ရှိသည်လေ။ အခုပြော လိုက်တာက လုံးဝမရောက်ဖူးသေးတဲ့လူ။

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ သား ကောင်မလေးကို သွားစီစဉ်နိုင်းလိုက်ပါ"

"ဟုတ်ကဲ့ ဖေဖေ"

ရဲဝံ့သူ လက်ကာပြပြီး ထသွားတော့ ကျန်တဲ့သူငယ်ချင်းတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်ကြ၏။ သူတို့ ဒီလိုလိုက်ခဲ့ ကြတာ ရဲဝံ့သူအကူအညီတောင်းထားလို့လေ။ မြိမ်ချမ်းတို့ရွာက အာစရိယပူဇော်ပွဲကိုလိုက်ချင်လို့ သူ့အဖေကို ပိုင်းပြောပေးပါတဲ့။

ဒါကို –

သူပြောငါပြောဆိုသောသဘောနှင့် တစ်ယောက်နဲ့





တစ်ယောက် မေးဆတ်ပြီး မျက်စပစ်နေကြတာ။ ဦးသော်တွေးမြင်ပေ မယ့် ဘာမှတော့ မပြောပေ။ ကိုယ်က ဘာလဲလို့မေးလိုက်ရင် ကလေး တွေ အနေခက်သွားမှာစိုးလို့ပါ။

ရဲဝံ့သူ ပြန်လာတော့မှ –

"သားငယ်"

"ဗျာ ... ဖေဖေ"

"သားတို့ ဖေဖေ့ကို ပြောစရာရှိလား"

"ဖေဖေက သိနေတာပဲ။ ဟုတ်တယ် ဖေဖေ၊ သား ဖေဖေ့ဆီမှာ ခွင့်တောင်းစရာရှိလို့ပါ"

"အင်း ... ပြောပါဦး"

"မြိမ်ချမ်းတို့ရွာမှာ အာစရိယပူဇော်ပွဲရှိတယ် ဖေဖေ။ မြိမ်ချမ်း က ပြန်မလို့တဲ့။ အဲဒါ သားလိုက်သွားချင်လို့ပါ"

"ဘယ်လောက်ကြာမှာလဲ"

"တစ်ပတ်လောက်တော့ကြာမယ် အနီကယ်လ်"

ဦးသော်တွေး တွေခနဲဖြစ်သွားပြီးမှ –

"သားက ဘာလုပ်လိုက်ချင်တာလဲ"

"ရောက်ဖူးအောင်ပါ ဖေဖေ။ မြို့မှာနေရတာ တစ်နေ့တစ် နေ့ ဆူဆူညံညံ အသံတွေနဲ့ ညှော်နံ့တွေနဲ့။ တစ်ခါတလေ ဟိတ် ဆိတ်အေးချမ်းတဲ့ တောသဘာဝကို ခံစားကြည့်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . လိုက်ချင်လိုက်သွားလေ"

"ဟာ"

ဝမ်းသာအားရမျက်နှာတွေနဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။ သူတို့က ဒီလို လွယ်လွယ်ကူကူ ခွင့်ပြုလိမ့်မယ်လို့ ထင်မှထင်မထားတာ။

"ဖေဖေ ဖေဖေ . . . တကယ်ပြောတာနော်"

"တကယ်ပြောတာပါ။ ဒါပေမဲ့ ဖေဖေ သားကို တစ်ခုတော့ သတိပေးလိုက်ချင်တယ်"

"ဟုတ်ကဲ့၊ ဘာများလဲ ပြောပါဖေဖေ"

"တောမှာ လွတ်လပ်တယ်ဆိုပြီး စိတ်လွတ်ကိုယ်လွတ် ထင်တိုင်းကြဲတာမျိုးတော့ မဖြစ်စေချင်ဘူး။ တောက မြို့နဲ့မတူဘူး သား။ ကိုယ့်ကြောင့် သူများစိတ်အနှောင့်အယှက် ဖြစ်တာမျိုး မဖြစ်ပါစေနဲ့"

"စိတ်ချပါ အန်ကယ်လ်၊ ကျွန်တော်တို့လည်း ပါမှာပါ။ ကျွန်တော်တို့သူငယ်ချင်းတွေထဲမှာ ရမ်းကားတတ်တဲ့သူ မပါ ပါဘူး။ အားလုံးက တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးတွေပါ"

"ဟုတ်ပါပြီ . . . အန်ကယ်လ်ကလည်း မဖြစ်သင့်တာတွေ မဖြစ်ရအောင် ကြိုပြီးသတိပေးတာပါ"

"ဟုတ်ကဲ့ပါ အန်ကယ်။ ကျွန်တော်တို့အတွက် စိတ်ချပါ"

ဦးသော်ထွေး ဆတ်ခနဲ ခေါင်းညိတ်လိုက်၏။ မီးကို မလောင်





ခင်က ကြိုးတားတဲ့သဘောသာ ရှိတာ၊ သားက လိမ္မာရေးခြားရှိတဲ့ ကလေးပါ။ ဒါကြောင့်ပဲ လိုက်သွားဖို့ ခွင့်ပြုခဲ့တာလေ။

"အန်ကယ်လ် . . . ဟော လူတွေများနေပါလား။ ရဲ့ဝံ့သူငယ်ချင်းတွေထင်တယ်"

ဝင်လာသူက မင်းထက်စံဖြစ်ပြီး ရဲ့ဝံ့သူငယ်ချင်းတွေကိုကြည့်ကာ မေးလိုက်တော့ –

"မောင်မင်းထက်ပါလား . . . လာကွာ ထိုင်"

"ကိုမင်း"

"သူငယ်ချင်းတွေကို အလည်ခေါ်လာတာလား"

"ဟုတ်တယ် ကိုမင်း။ ကျွန်တော်တို့သူငယ်ချင်း ရွာကို အလည်လိုက်သွားကြမလို့။ အဲဒါ လိုက်သွားပါရစေလို့ ဖေဖေ့ဆီမှာ ခွင့်တောင်းနေတာပါ"

"ကြော်"

"မောင်မင်းထက် ဘယ်ကလှည့်လာတာလဲ"

"ဒီကိုပဲ တမင်လာခဲ့တာ အန်ကယ်လ်။ အန်တီ့ကျန်းမာရေး အခြေအနေ ဘယ်လိုရှိလဲ လာကြည့်တာပါ"

ဦးသော်ထွေးမျက်နှာက ပြုံးနေပုံထောက်တော့ အခြေအနေ ကောင်းလို့ပဲဖြစ်မှာပါ။

"မင်းအန်တီ့ကျန်းမာရေးက အတော်လေးကောင်းနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခဏခဏ ဂရုစိုက်ပြီးလာကြည့်ပေးတဲ့ မောင်မင်းထက်ကို အန်ကယ်လ် အရမ်းကျေးဇူးတင်ပါတယ်''

''အဲဒီလိုတော့ မပြောပါနဲ့အန်ကယ်လ်။ အန်ကယ်လ်တို့နဲ့ ကျွန်တော့်ကြားမှာ ကျေးဇူးတင်စရာမှမလိုတာ။ အိမ် မရှိတော့ပေမယ့် ကျွန်တော်က အန်ကယ်လ်တို့ရဲ့သမက်အဖြစ် ရှိနေပါသေးတယ်''

စောစောက ပြုံးနေမိတဲ့မျက်နှာက အိမ်အကြောင်းကိုပြောမိတာနှင့် ညှိုးနွမ်းသွားရော။ မတတ်သာလို့ သွားလာလှုပ်ရှားနေရပေမယ့် မေ့လို့မှမရပဲလေ။ ဖြစ်နိုင်ရင် အိပ်ရာထဲမှာ ခွေခေါက်နေပြီး အိမ်အကြောင်းတွေပဲ တွေး။ အိမ့်ကိုပဲ သတိရနေချင်တာ။

ဒါပေမဲ့ –

တစ်ဖက်မှာက တာဝန်တွေရှိနေသေးတယ် မဟုတ်လား။

''ဟုတ်ပါတယ်၊ အန်ကယ်လ်တို့ကလည်း သားကို သမက်အဖြစ် သားအဖြစ် သတ်မှတ်ထားတုန်းပါ''

''ကိုမင်း''

''ဟင်''

''ကျွန်တော်တို့နဲ့ စိတ်ပြေလက်ပျောက်လိုက်ခဲ့ပါလား''

မင်းထက်စံ မချိပြုံး ပြုံးလိုက်မိ၏။ ရဲဝံ့သူက စေတနာနဲ့ ပြောတာ မှန်ပေမယ့် ဖြစ်မှမဖြစ်နိုင်ပဲလေ။

''ကိုမင်းက တာဝန်တွေရှိသေးတယ်လေ။ မင်းတို့လို သွား





ချင်တိုင်း လွတ်လွတ်လပ်လပ်မှ သွားခွင့်မှမရှိတာ''

''အင်း ... ဟုတ်တော့ ဟုတ်ပါတယ်''

''ကဲ ... အန်ကယ်လ်''

''ဟင်''

''အန်တီ နေကောင်းနေပြီဆိုရင်လည်း ကျွန်တော် ပြန်လိုက်ပါဦးမယ်''

''ချက်ချင်းကြီးပါလား''

''ဟုတ်ကဲ့၊ ကျွန်တော် ဆေးရုံသွားရဦးမှာမို့လို့ပါ''

''အေးလေ ... ဒါဆိုလည်းပြန်ပါ။ အန်ကယ်လ် မတားတော့ပါဘူး''

မင်းထက်စံ ထပြန်သွားတော့ ဦးသော်ထွေး သက်ပြင်းချမိ၏။ ကြော် ... သံယောဇဉ်မီးက ငြိမ်းသတ်ရခက်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

သီချင်းဆိုပြိုင်ပွဲ ပထမညမှာ ဇေဇေ့ကို ဝိုင်းပြီး အဝတ်အစား ကစ မျက်နှာမငယ်ရအောင် ငှားရမ်းပြီးဆင်ကြလေသည်။ အိမ်က သူမကိုယ်တိုင်ပဲ ဇေဇေ့ကို သနပ်ခါးလေးဖွဲ့ဖွဲ့လိမ်းပေးလျက် ခေါင်းဖြီး ပေးကာ –

"ဇေဇေက ခုလိုကျအရမ်းချောတာပဲ သိလား"

"ဟုတ်လား . . . အရင်က မချောဘူးလား"

"အရင်ကထက် ပိုချောတာကိုပြောတာ"

အိမ် အပြောကြောင့် ဇေဇေက သဘောကျစွာ ရယ်လေ၏။ ပြီး မမအိမ်ကို စိုက်ကြည့်ကာ –





"မမအိမ်လည်း အရမ်းလှတာပဲလေ။ သားဆို မမအိမ်နဲ့ တူလို့ အရမ်းချစ်ဖို့ကောင်းတာပဲ"

"သားဦးယောကျ်ားလေး မအေတူရင် ကောင်းစားတယ်တဲ့"

"အင်း . . . လူကြီးတွေ ပြောကြတာပဲလေ။ ကျွန်တော်က တော့ ကျွန်တော့်မယား ကျွန်တော့်သားအတွက် အမြဲတမ်း ကြိုးစားနေ မှာပါ။ ခုလည်း ပထမဆုရအောင် ကျွန်တော်ကြိုးစားမယ်သိလား"

"မမအိမ် ယုံကြည်ပါတယ်"

ပြောပြီး အိမ် သူမလည်ပင်းက ဆွဲကြိုးလေးကို ဖြုတ်လိုက် ၏။ အိမ် ရောက်လာတုန်းကပါလာတဲ့ ရွှေထည်ပစ္စည်းတွေကို ဇေဇေက တစ်ခုမှ အပေါင်မခံခဲ့ဘူးလေ။ ဒါကြောင့် ကိုယ်ချည်းပဲ ဝတ် နေရကာ ယောကျ်ားကို ဝတ်စေချင်တဲ့စိတ် ဖြစ်လာတာကြောင့် –

"ခေါင်းခထောင့်"

"ဟင် . . . ဘာလုပ်မလို့လဲ"

"ဒါလေး ဝတ်ပေးချင်လို့ပါ"

"ဟာ . . . မဝတ်ချင်ပါဘူး မမအိမ်ရယ်။ ကျွန်တော်က ယောကျ်ားပဲဟာ ဒါတွေမလိုပါဘူး။ ပြီးတော့"

"ဇေဇေ"

"ဗျာ"

"မမအိမ်က ဝတ်ဆိုရင်ဝတ်လိုက်နော်။ မဟုတ်ရင် . . .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်ရောက် လွှင့်ပစ်လိုက်မှာသိလား"

"အဲဒီလိုတော့ မလုပ်နဲ့လေ။ ဒီလောက် တန်ဖိုးကြီးတဲ့ပစ္စည်းကို"

"ဒါဆို မမအိမ်စကားကို နားထောင်ပေါ့"

"ကဲ . . . ဝတ်ပေးဗျာ ဝတ်ပေး"

ဖေဖေ ခေါင်းငုံ့ပေးလိုက်တော့ အိမ်က ဖေဖေ့လည်ပင်းမှာ ဆွဲကြိုးကို ဆွဲပေးလိုက်၏။ သူများလင်မယားတွေကြာရင် ရန်ဖြစ်ကြ စကားများကြရှိပေမယ့် အိမ်တို့လင်မယားကတော့ တစ်ယောက်အပေါ် တစ်ယောက် နားလည်ပေးပြီး တစ်ယောက်တင်းရင် တစ်ယောက်က အလျှော့ပေးပြီးပေါင်းသင်းလာခဲ့ကြတာ ကြာလေလေ ပိုချစ်လေလေ။

အခု

သားလေးတစ်ယောက်ပင်ရခဲ့ပြီ မေတ္တာစမ်းရေက ခန်းခြောက်မသွားသည့်အပြင် ရေများရာမိုးရွာပင် ဖြစ်နေသေး၏။

"လော့ကတ်သီးထဲမှာ ဖေဖေရဲ့သတို့သားပုံနဲ့ မမအိမ်ရဲ့ သတို့သမီးပုံ ဓာတ်ပုံလေးတွေထည့်ထားတယ်။ ဒါ မမအိမ် ဖေဖေ့ကို အရမ်းချစ်လို့ ချစ်သက်လက်ဆောင်ပေးတာ။ အမြဲဆွဲထားရမယ်နော်"

"ဟာ . . . မမအိမ်ကလည်း ကျွန်တော်က လယ်ထဲ ချောင်းထဲ ဆင်းနေရတာ ဒါကြီးနဲ့။ တော်ကြာ သူများ ကဲ့ရဲ့နေပါ့မယ်"

"ပတ်ဝန်းကျင်ကို ဂရုစိုက်မနေစမ်းပါနဲ့။ ကိုယ့်ထမင်းကိုယ်





စားနေတာ။ သူများမေးတော့ မမအိမ်က အမြဲဆွဲထားခိုင်းလို့လို့သာ ပြောလိုက်"

"ကျွန်တော့်မိန်းမကတော့စံပဲ"

"ဟုတ်တယ် စံထားလောက်အောင် ဖေဖေ့ကိုချစ်တဲ့ မိန်းမ ဒီလောက်ချစ်တတ်တဲ့ မိန်းမကိုရထားတာ ဖေဖေ ကံကောင်းတာပေါ့။ ကျေနပ်စွာပြုံးရင်း အိမ် ပါးပြင်လေးကို ဖျတ်ခနဲ ငုံ့နမ်းလိုက်စဉ် –

"ဖေဖေရေ"

"ဟော့ကောင် . . . မပြီးသေးဘူးလားကွ"

"အရေးထဲ ဒီကောင်တွေက တစ်မျိုး။ ပြီးပြီဟေ့ ပြီးပြီ"

"ပြီးရင် လာလေကွာ၊ သွားမယ်"

"လာပြီ . . . လာပြီ"

အပြင်ကိုပြန်အော်ပြီး အိမ်ဘက်သို့ ပြန်လှည့်ကာ နောက်ပါးတစ်ဖက်ကို နမ်းပြစ်အောင် နမ်းလိုက်သေး၏။ အိမ်ကလည်း ဖေဖေ့ မေးစေ့ကို မော့ပြီးပြန်နမ်းကာ –

"ကဲ . . . သွားတော့နော်"

"ဟုတ်ကဲ့"

စောင့်နေရရှာတဲ့စောဦးနဲ့ တာတီးမှာ စိတ်မရှည်စွာ သက်ပြင်းချသူကချ၊ ခေါင်းခါသူကခါ။ စောင့်နေရတဲ့ဖေဖေက ထွက်မလာသေးဘဲ သုတ်သီးသုတ်ပျာနှင့်ထွက်လာသူက ဒေါ်ချောပို။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးပါ လိုက်မှာလား"

"အေး လိုက်မှာပေါ့၊ ငါ့သားသီချင်းဆိုတာကို ငါက လိုက်အားမပေးလို့ဖြစ်မလား"

"ဒေါ်လေးသားကဖြင့် ခုထိတောင် မလာသေးဘူး။ မိန်းမကို အလွမ်းသယ်နေသလားမသိပါဘူး"

"လာပြီ . . . လာပြီ"

"ဘာလုပ်နေတာလဲ ကြာလိုက်တာ"

"လျှာမရှည်နဲ့ သွားမယ်"

ဇေဇော ရှေ့မှဦးဆောင်၍ ထွက်လာခဲ့သည်။ ဇေဇော့ကို လိုက်အားပေးမယ့်သူတွေက ဒီလူတွေတင်မဟုတ် ရွာထဲကလူကြီးလူငယ် ရွာထိပ်မှာစုပြီး ဇေဇော့ကိုစောင့်နေကြကာ။

❋



# အခန်း (၂၅)

ဇေဇော့အလှည့် ရောက်တာနဲ့ ရွာသူရွာသားတွေရဲ့ လက်ခုပ်သံက သောသောညံသွားလေသည်။ လက်ခုပ်သံတွေမဆုံးခင်မှာပဲ ဇေဇော့သီချင်းသံက ထွက်လာ၏။

♪ အမေသာ မျက်ရည်ပင်လယ်ဖြစ်နေ ××× ပြန်မလာတော့ဘူးလား အမေ ××× အမေလေ နေ့တိုင်း အမေ့ကို ရွာမှာလွမ်းနေခဲ့ပါ ××× အမေ့ကရုဏာနဲ့ ပျိုးတဲ့ပန်း ××× အမေ့မေတ္တာရိပ်ဥယျာဉ်မှာ××× ပွင့်လန်းခဲ့ လန်းဆန်းခဲ့ပါ ×××

ကျွန်တော် ဒီသီချင်းကိုဆိုရင် ငိုမိမယ် ××× အလိုလိုမျက်ရည်များ ပြည့်အောင် အရာရာပြည့်ဆည်းပေးသူ အမေဟာ ဖြန့်ခွာသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



××× အခုတော့ ဘယ်များရောက်နေသလဲ အဖေ့မေတ္တာဖွဲ့တေးသံစဉ်

××× ဒီသီချင်းတစ်ပုဒ်နဲ့ သားကန်တော့ပါသည် ♬

"ဖေဖေကွ . . . ဖေဖေ"

"ဖြောင်း ဖြောင်း ဖြောင်း"

ကိုယ့်ရွာသားတွေက လက်ခုပ်တဖြောင်းဖြောင်းတီးပြီး အားပေးနေလိုက်ကြတာ။ ဒေါ်ချောပို့ သားရဲ့သီချင်းသံကြောင့် ဝမ်းသာဝမ်းနည်း မျက်ရည်တွေကျလာ၏။ ငယ်ငယ်လေးကတည်းက အဖမဲ့ဖြစ်ခဲ့ရတဲ့သားလေ။ သူမ လောကဓံကို ရင်ဆိုင်ပြီး ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်ကာ သားကို ကျောင်းထားပေးခဲ့ပါသေးသည်။ ပညာတတ်တစ်ယောက် ဖြစ်စေချင်လို့လေ။

ဒါပေမဲ့ –

သားရှစ်တန်းအောင်ပြီးတော့ ကိုးတန်းတက်ဖို့ကို လုံးဝဆက်တက်ခိုင်းလို့မရတော့။ အမေပင်ပန်းနေတာကို မကြည့်ရက်လို့ဆိုပြီး ခဏခဏ ကျောင်းပြေးကာ အလုပ်လုပ်ခဲ့တာလေ။ အမေ့အပေါ် သိတတ်လွန်းတဲ့သား။ သားနဲ့မယားနှဲ့ဖြစ်တော့လည်း အားလုံးအပေါ် တာဝန်ကျေခဲ့သည်လေ။

"ဖေဖေ မင်းတော်တယ်ကွာ"

"ဟုတ်တယ် ဖေဖေ့ ဒီညရွှေမယ့် ဆယ့်ငါးယောက်ထဲမှာ မင်းပါမှာ ကျိန်းသေတယ်"





"ဟင်"

ဘေးက အသံကျယ်ကျယ်တွေကိုကြားပြီး ကိုယ့်ကိုဝင်တိုက်သူက တိုက်မိ သတိရကာ ကြည့်လိုက်တော့ ဖေဖေက စင်အောက်ကို ပြန်ရောက်နေပြီ။

"အမေ"

"ဟင်"

"သားဆိုတာ ကောင်းရဲ့လား"

"ဪ . . . အင်း ကောင်းတယ်၊ ကောင်းတာပေါ့ သားရယ်"

ကောင်းတယ်သာ ပြောလိုက်ရတယ် တကယ်တော့ အတွေးလွန်ကာ ကိုယ့်သား ဘယ်လိုဆိုသွားမှန်းပင် မသိလိုက်။

"လာ အမေ ဟိုမှာသွားထိုင်ရအောင်"

ကိုယ့်အလှည့်ပြီးလို့ အိမ်ပြန်ချင်ပေမယ့် ပြန်လို့မရသေးပေ။ ဒီညရွှေမယ့် ဆယ့်ငါးယောက်ထဲမှာ ကိုယ်ပါ မပါသိချင်သေးတာကြောင့် သူများတွေဆိုတာကိုပါ ပြီးဆုံးအောင် ထိုင်ကြည့်ရဦးမည်။ အိမ်မှာက မမအိမ်တို့သားအမိနှစ်ယောက်တည်း ကျန်ခဲ့တာဆိုတော့ စိတ်မချ။

ဒါကြောင့် လည်တဆန့်ဆန့် ဖင်တကြွကြွဖြစ်နေသောလျှင်တာတီးက –



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဇေဇေ"

"ဟင်"

"ငြိမ်ငြိမ်ထိုင်နေစမ်းပါကွာ။ မင်းကိုကြည့်ရတာ ငါ မျက်စိနောက်လာပြီ။ ခုမှ ချွေးသားမွှေးနေတဲ့အတိုင်းပဲ"

"အိမ်မှာ မမအိမ်တို့သားအမိနှစ်ယောက်တည်း ကျန်ခဲ့တာကွ"

"ဘာလဲ စိတ်မချလို့ ပြန်ချင်နေပြီလား"

"ဒါပေါ့"

"ဒါဆို မင်းတို့သားအမိ ပြန်ချင်ပြန်လေ။ တို့စောင့်နေလိုက်မယ်"

"အေး အဲဒါကောင်းတယ်၊ ဒါဆို အမေနဲ့ငါ ပြန်မယ်"

"အေး အေး"

ပထမညမှာတော့ ဇေဇေ အမေ့ကိုခေါ်ပြီး အိမ်ပြန်လာခဲ့၏။ မမအိမ်ကလည်း မအိပ်သေးဘဲ စောင့်နေတာလေ။ နောက်နေ့ မနက်မိုးလင်းတော့ စောဦးနဲ့တာတီး ရောက်လာပုံက ဝမ်းသာအားရ မျက်နှာတွေနှင့်။ နောက်ညဆိုဖို့ ရွေးတဲ့ဆယ့်ငါးယောက်ထဲမှာ ဇေဇေပါတယ်တဲ့။

ဝမ်းသာမိပေမယ့် အပြည့်တော့ မဟုတ်သေးပေ။ ဒီည အတွက် ရင်ခုန်ရဦးမှာလေ။ ဒီည ပိုကြိုးစားရမယ်ဆိုပြီး သီချင်းဆို





ကျင့်တာ တစ်နေ့လုံး။ ညရောက်လို့ သွားကြမယ်ဆိုတော့ –

"အမယ် ... မမအိမ်က ပြင်လို့ဆင်လို့ပါလား။ ဘာလဲ ကျွန်တော်တို့နဲ့ လိုက်မလို့လား"

"ဟုတ်တယ်လေ၊ ဒီညတော့ မမအိမ်ကိုယ်တိုင် ဇေဇေ့ကို လိုက်အားပေးမယ်"

"ဖြစ်ပါ့မလား မမအိမ်ရယ်။ သားလေးက နုနုလေးပဲရှိသေးတာ ပင်ပန်းမှာပေါ့။ ပြန်လာရင် သိရမှာပဲဥစ္စာ၊ မလိုက်ပါနဲ့"

"အရမ်းမနုတော့ပါဘူး ဇေဇေရဲ့။ ဒီလိုပဲ တစ်ကိုယ်တစ်လှည့် ချိုရတာပေါ့"

"အရမ်းလိုက်ချင်နေလား"

"လိုက်ချင်တာပေါ့"

"ဒါဆို လိုက်စေဗျာ"

ပြောမရမှန်းသိသဖြင့် ဇေဇေ မတားတော့ပေ။ ဒါကြောင့် အိမ်ကို တံခါးပိတ်ခဲ့ပြီး မိသားစုတွေ ထွက်ခဲ့ကြ၏။ ပထမညလိုပဲ ရွာသူရွာသားတွေက အားပေးဖို့လိုက်ကြတာ အုတ်အုတ်ကျက်ကျက်။

"ဇေဇေ ဆုရအောင်ဆိုနော်"

"အင်းပါ"

"ကြိုးစား ဇေဇေရေ့ မင်းအဆိုကျော်ဖြစ်ရင် တို့က အခြောက်ကျော်လေးများ ဖြစ်မလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မင်းအိမ်မှာ ဆီမရှိဘူးလား"

"ဘာလို့မရှိရမှာလဲ။ တို့အိမ်ကပဲ ဆီစစ်စစ်မှစားတာကွ"

"ဩော် ... အေး ဟုတ်သားပဲ။ မင်းမိန်းမနာမည်က မပဲဲ ဦးစွာ"

"ပေါ့ကောင် ... မင်း ငါ့မိန်းမနာမည်ကို မထိနိုက်နဲ့ကွ"

"မဟုတ်လို့လား"

"ဟုတ်တယ်"

"ခွေးကောင်"

ရွာသားတွေရဲ့ တစ်ယောက်တစ်ပေါက် စသံနောက်သံတွေက ဆူဆူညံညံ။ ဟိုရောက်တော့ ကိုယ့်အလှည့်မရောက်မချင်း ထိုင်စောင့်နေရသေး၏။ ဖေဖေ့အလှည့်ရောက်လာတော့ ရွာသားတွေမှာ သူ့ပခုံးကိုဖက်သူက ဖက်၊ လက်ကိုဆုပ်သူက ဆုပ်နှင့် အားပေးကြ၏။ ဖေဖေ စင်ပေါ်ကိုရောက်တော့ သူဆိုတဲ့သီချင်းက –

♪ ရေနဲ့ကမ်း ပန်းနဲ့လိပ်ပြာ ××× ကြယ်စင်ငွေလမင်း ××× တွဲ လျက်အတူတည်ရှိလို့နေ သဘာဝအတိုင်း ××× ရှိလျက်ပါပဲ ××× တမင်ရက်စက်ခွဲ သွားသူရေ။

ရင်ခွင်ဦး အသည်းနုသစ္စာ ××× မပန်လို မခြွေရက်ဘူး ××× စကားတစ်ခွန်း ခြွေကမျှာလေးတစ်ပုဒ်လို ××× နှင်လေ အမြဲပြောခဲ့ပေ မယ့် အခုများတော့ စိမ်းရက်လေပြီ။





စိမ်း စိမ်းရက်သူကို ××× လွမ်းနေဆဲပါ ××× နှင့်ကိုမေ့လို့မရလို့ ထာဝစဉ်လွမ်းရပြီ ××× ဒီသီချင်းနဲ့ လွမ်းလိုက်ချင်တယ်××× ♪

ဒီသီချင်းကို အိမ် ကောင်းကောင်းမှတ်မိနေသည်။ ဖေဖေ သူမကို ဆိုပြခဲ့ဖူးသည်လေ။ ဒီသီချင်းကြောင့် အိမ် မျက်ရည်ကျခဲ့ဖူးတာ မေ့နိုင်ပါ့မလား။ အဲဒီတုန်းကတော့ ဖေဖေက အိမ်ရှင် အိမ်က ညည်းသည်အဖြစ်ပဲ ရှိနေခဲ့သေးတာ။ ဒါကြောင့် ပြန်ရတော့မလား ခွဲရတော့မလားနဲ့ ဝမ်းနည်းမိခဲ့တာ။

အခုကျတော့ –

ဖေဖေနဲ့အိမ်က တစ်သက်မခွဲ လက်တွဲသွားကြမယ့် လင်မယားတွေဖြစ်လို့ ကလေးတစ်ယောက်တောင်ရနေပြီ။

ဒါပေမဲ့ ဒီသီချင်းသံကြားရင်ကိုပဲ အိမ် ဘာဖြစ်လို့ ဝမ်းနည်းတတ်နေမှန်းမသိ။

♪ မကြာပါဘူး လွမ်းရခဏတာ ××× နှင်ပြန်လာမယ်တဲ့ ××× စကားကတိတွေပြုသောနေ့ဆီ ××× ပြန်လည်တွေး အလွမ်းစိတ်ရယ်မပြေ ××× နှင်ကတော့ မေ့လောက်ပါပြီ ×××

နွေလွန်လို့ မိုးခေါင်နှင်းတွေ အကြိမ်ကြိမ်ဝေနေဆဲ ××× ချစ်ရသူပြန်ခဲ့မလားလို့ ငါတစ်ယောက်တည်း အလွမ်းနဲ့ကြိုနေ ××× ဒီခေါင်းလည်း ရောက်လို့မလာပြီ ×××

ဩော် ××× အသည်းအသက်ရည်စူး ××× ချစ်ခဲ့ဖူးသူ



www.burmeseclassic.com

www.burmeseclassic.com



xxx နှင့်ကို ခွင့်လွှတ်ခြင်းနဲ့ ကမ္ဘာတည်မယ့်မေတ္တာ xxx ဒီဘဝအတွက် အသည်းနှလုံးမှာတည် xxx ♫

မီးရောင်အောက်မှာ ကိုယ့်ယောက်ျားက မင်းသားတစ်ပါးလို ချောမွေ့နေတော့ အိမ့်ရင်ထဲမှာ ဝမ်းသာပီတိ ဖြစ်နေလျက်။

"သမီး"

"____"

"သမီး အိမ်"

"ရှင်"

"အမေ့အပေါ်ကို မြေးလေး သေးတွေပေါက်ချကုန်ပြီ လုပ်ပါဦး"

"ဟင် ... ဟုတ်လား။ ခုကွပါပဲ"

"အမေက ရတယ် သမီးရဲ့။ မြေးလေးရဲ့သေးစိုတဲ့ဘောင်းဘီကို လာလဲပေး"

"သားလေးဘောင်းဘီတွေက တာတီးဆီမှာ အမေရဲ့။ ခဏနေဦးနော်။ အိမ် တာတီးကို သွားရှာလိုက်ဦးမယ်"

"အေး ... အေး"

အိမ် တာတီးကို လိုက်ရှာတာမတွေ့။ ဘယ်နေရာမှာရှိနေမလဲ ဟိုရှာ ဒီရှာ ရှာရင်းအပြင်ထွက်လာခဲ့တော့ –

"မမအိမ်"





"ဟင် စောဦး"

"မမအိမ် ဘယ်သွားမလို့လဲ"

"တာတီးဆီမှာ ငါ့သားဘောင်းဘီထုပ် ပါသွားလို့။ အဲဒါ လိုက်ရှာနေတာ။ နင် တာတီးကို မတွေ့မိဘူးလား"

"တာတီး ပွဲဈေးတန်းဘက်ကို ထွက်သွားတယ် မမအိမ်ရဲ့"

"အေး အေး ... ငါလိုက်ရှာလိုက်ဦးမယ်"

အိမ် သုတ်သီးသုတ်ပျာနှင့် ထွက်သွားရာနောက်သို့ သတိထားပြီး လိုက်ကြည့်နေသူတစ်ဦးမှာ သူငယ်ချင်းတွေကို လက်ကုတ်ခေါ်ပြီး အိမ့်နောက်သို့ နောက်ယောင်ခံပြီးလိုက်လေ၏။ ဒါကို ဘုမသိ ဘမသိနဲ့ လိုက်လာတဲ့ သူငယ်ချင်းတွေက –

"ရဲဝံ့ ဘာလဲကွ"

"ဟိုမှာ ငါ့အစ်မလားလို့"

"မဖြစ်နိုင်တာကွာ၊ မင်းအစ်မက ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာမှာလဲ"

"ငါ့အစ်မပျောက်နေတာ ကြာပြီကွ။ ငါ့အစ်မနဲ့တော့ တော်တော်တူတယ်။ ဟုတ်,မဟုတ် သိရအောင် ငါ စုံစမ်းမယ်။ လာ ... မင်းတို့ လိုက်မှာသာလိုက်ခဲ့"

"ဟုတ်ရင် ဘယ်လိုလုပ်မလဲ"

"ဟိုမှာ ငါ့ကား ရပ်ထားတယ်လေ။ ငါ့အစ်မ ဘာကယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရင် ဆွဲခေါ်ပြီး ချက်ချင်းပြန်မယ်''

''ဟာ . . . မင်း အဲဒီလိုတော့ မလုပ်နဲ့လေ''

''မလုပ်လို့မရဘူး သူငယ်ချင်း။ ငါ့အစ်မပျောက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အားလုံး စိတ်ဆင်းရဲနေကြရတာ။ လူကြီးတွေ စိတ်ချမ်းသာဖို့အတွက် ငါ ဘာပဲလုပ်ရလုပ်ရ လုပ်မှာပဲ''

ပြောပြောဆိုဆို ရဲဝံ့သူ၏ခြေလှမ်းတွေက ခပ်ကျဲကျဲနှင့် မမနောက်ကို လိုက်နေမိသည်။ လက်ထဲမှာလည်း လက်နှိပ်ဓာတ်မီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက်။ သူ အနားရောက်ရင် မမ နားရွက်နောက်ကို ဓာတ်မီးနှင့်ထိုးကြည့်မှဖြစ်မှာ။ ဘာလို့လဲဆို မမရဲ့ ဘယ်ဘက်နားရွက်နောက်မှာ မှဲ့နက်ကလေးတစ်လုံး ရှိနေသည်လေ။

အနားရောက်တာနှင့် နောက်ကနေ မမလို့ထင်ရတဲ့ အမျိုးသမီးရဲ့ ဘယ်ဘက်နားရွက်နောက်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်တော့ မှဲ့နက်ကလေးက ထင်ထင်ရှားရှားပါပဲ။

''မမ''

ခေါ်လည်းခေါ် လက်မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်တော့

''ဟဲ့ ဘာလုပ်တာလဲ ဖယ်စမ်း''

''မမ မမ . . . ကျွန်တော်နဲ့ ပြန်လိုက်ခဲ့''

''ဟင် . . . နင် ဘယ်သူလဲ။ ဘာလို့လိုက်ရမှာလဲ။ လူကို ဘယ်လိုမိန်းမစားမှတ်နေတယ် မသိဘူး။ ဖယ်စမ်း။ ပျိုမှန်း အိုမှန်း





တောင် နားမလည်ဘူးလား''

''မဟုတ်ဘူး မမ၊ ကျွန်တော်က မမရဲ့မောင် ရဲဝံ့သူလေဗျာ။ မမ ပျောက်သွားလို့ လူကြီးတွေ စိတ်ပူနေကြတာ။ ကျွန်တော်နဲ့ ပြန်လိုက်ခဲ့ပါနော်''

''ဘာတွေ လာပြောနေတာလဲ။ ငါ ဘာမှမသိဘူး။ ဖယ် . . . သွား''

အေးအေးဆေးဆေး ခေါ်လို့မရတာနဲ့ ရဲဝံ့သူ စိတ်မရှည်တော့။ သူငယ်ချင်းတွေဘက်သို့လှည့်ပြီး –

''ဟေ့ကောင်တွေ . . . ငါ့အစ်မကို ငါ့ကားပေါ် ဆွဲတင်ပေးကွာ''

သူငယ်ချင်းတွေကလည်း အသင့်အနေအထားနဲ့မို့ ရဲဝံ့သူ ပြောတာနှင့် အိမ်ကို ကားပေါ်သို့ ဆွဲတင်ပေးကြလေလျှင် အိမ် ကားပေါ်ရောက်တာနှင့် ရဲဝံ့သူ တံခါးကို လော့ခ်ချလိုက်ပြီး –

''သူငယ်ချင်းတို့ မင်းတို့ကို ငါနှုတ်ဆက်တယ်ကွာ။ ငါ ပြန်မှ ဖြစ်တော့မှာမို့လို့ သွားတော့မယ်''

''နင်တို့ ငါ့ကိုဘာလုပ်ကြတာလဲ။ အခု တံခါးဖွင့်ပေးနော်။ တံခါးဖွင့်ပေး''

အိမ် ဘယ်လောက်ပဲ အော်အော် တံခါးဖွင့်ပေးမယ့်သူမရှိဘဲ ကားလေးက လျှောခနဲထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . နင် ငါ့ကို ဘာလို့ခေါ်လာတာလဲ။ အခုပြန်ပို့ပေး"

"အိမ်မှာ မေမေဆိုရင် မမစိတ်နဲ့ အိပ်ရာထဲ လဲခဲ့သေးတယ်။ ဖေဖေနဲ့ကိုမင်းတို့လည်း စိတ်ပူနေကြတာ။ ခဏဖြစ်ဖြစ် တစ်ရက် နှစ်ရက်တော့ လိုက်ခဲ့ပေးပါ မမ။ ပြီးမှ ပြန်ပို့ပေးဆို ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"ဖေဖေနဲ့မေမေ ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ငါ့မှာ ဖေဖေနဲ့မေမေ ရှိတယ်ပေါ့"

"ရှိတယ်လေ၊ ကျွန်တော်က မမရဲ့မောင်"

ပြန်မပို့ဘူးဆိုတာသိပြီး သူမ အော်လည်း အလကားပါဆိုတဲ့ အတွေးထဲမှာ ဖေဖေနဲ့မေမေဆိုတာကို စဉ်းစားကြည့်နေသလို ကျွန်ုပ်ခဲ့တဲ့ သားကိုလည်း စိတ်မချခြင်းများနှင့် ရင်ထဲမှာ မွှေနှောက်ဝင်ရောက်လာတာ ဘာတွေမှန်းမသိတော့။

❁



## အခန်း (၂၆)

"မြေးလေးကို ဘောင်းဘီလဲပေးဖို့ တာတီးနောက်မှာ ဘောင်းဘီပါသွားတယ်ဆိုပြီး တာတီးကိုရှာဖို့ ထွက်သွားတာ သားရဲ့ အခု တာတီးတောင် ဒီပြန်ရောက်လာပြီး သူက ဘယ်ရောက်နေတယ် မသိဘူး။ ရှာကြပါဦးကွယ်"

"ကျွတ် . . . မမအိမ်ကွာ ဘယ်တွေလျှောက်သွားနေတယ် မသိဘူး"

"ကျွန်တော်တို့လည်း ရှာနေတာပဲ ဒေါ်လေးရဲ့။ ဘယ်မှာမှ ကို ရှာလို့မတွေ့တာ"

"မဖြစ်သေးပါဘူး . . . လာ ထပ်ရှာကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့အဖွဲ့ အိမ်ကိုထပ်ရှာမယ်ဆိုပြီး ပြန်ထွက်သွားတော့ ဒေါ်ချောပိုမှာ ကလေးကိုပိုက်၍ ကျန်ခဲ့တာ မျက်ရည်လည်ရွဲနှင့်။ မိန်းမတိုင်းက ဒီလိုပဲလေ။ တစ်ခုခုဖြစ်လာပြီဆို မျက်ရည်ပဲကျကြတာ။ စိတ်ဓာတ်ခိုင်မာတဲ့မိန်းမတွေ ရှိတော့ရှိပါတယ်။ ဒါပေမဲ့ ခပ်ရှားရှားပါပဲ။

ပွဲဈေးတန်းထဲမှာ ဖေဖေတို့အဖွဲ့ အိမ်ကိုရှာနေကြတာ ခေါက်ကယ်ပြန်ကယ်။ အိမ်ကိုက အစအနပင် ရှာလို့မတွေ့။ မြေလျှိုးပြီး မိုးပျံသွားတာတော့ မဖြစ်နိုင်ပါဘူး။ စိတ်ပူတာကြောင့် နားထင်ပါးရင်းတွေပါ ပူလာပြီး ငိုချင်စိတ်ပေါက်လာသည်အထိ။

"ဘယ်မှာမှလည်း ရှာလို့မတွေ့ဘူး။ တို့ ဘယ်လိုလုပ်ကြမလဲ ဖေဖေ"

"ငါလည်း စိတ်ပူနေတာပဲ။ ဘာလုပ်ရမှန်းကို မသိတော့ဘူး"

"ဈေးသည်တွေကို မေးကြည့်ပါလား"

စောဦး အကြံပေးတာနှင့် ဖေဖေ့ခြေလှမ်းတွေက ကွမ်းယာဆိုင် တစ်ဆိုင်သို့ ဦးတည်ပြီးသားပါ။

"ညီမလေး ဟိုလေ၊ အနွေးအကျီ အနီအနက်စင်းလေးနဲ့ အမျိုးသမီးတစ်ယောက်များ ဖြတ်သွားတာမမြင်မိဘူးလား"

ကွမ်းယာရောင်းတဲ့ကောင်မလေးက မော့ကြည့်ပြီး တွေခနဲဖြစ်ကာ –





"တွေ့တယ် ... တွေ့တယ်၊ အဲဒီအစ်မကို ကောင်လေးသုံးလေးယောက် ဆွဲခေါ်ပြီး ကားပေါ်တင်ပေးလိုက်တာနဲ့ မောင်းထွက်သွားတာ တွေ့လိုက်တယ်"

"ဟင်"

စောဦး တာတီးနဲ့ ဖေဖေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်သွားကြ၏။ ပြီးမှ –

"သေချာရဲ့လား ညီမရယ်"

"သေချာပါတယ်ရှင်၊ တစ်ယောက်ကတောင် ပြောသေးတယ်။ သူ့အစ်မ ပျောက်နေတာကြာပြီတဲ့"

"ဟာ"

"ဟင်"

"ကျွတ်"

လူသုံးယောက်ကို အာမေဍိတ်သံအမျိုးမျိုး ထွက်သွား၏။ ဖေဖေ့ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိ။ သူများက ပျောက်ဆုံးသူတဲ့။ ကိုယ်က ကောက်ရထားသူလေ။ ပိုင်ရှင်ကတွေ့လို့ ပြန်ခေါ်သွားတိုင်း ကိုယ်က ပြန်ပေးလိုက်ရမှာလား။

"သွားပါပြီ"

"အဲဒီကိစ္စ ဘယ်လောက်ကြာပြီလဲ ညီမ"

"တစ်နာရီကျော်လောက်ရှိပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား တွေတွေကြီးတွေရင်ပြီး ဘာလုပ်ရမှန်းမသိ အဖြေကမထွက်။ နောက်မှ စောဦးက –

"မင်း သွားပါပြီဆိုရုံနဲ့ မပြီးဘူး ဇေဇေ၊ တို့ ဘာလုပ်ကြမလဲ"

"ဘာလုပ်ရမလဲ စုံစမ်းရမှာပေါ့"

"စုံစမ်းရအောင် ဘယ်လိုစုံစမ်းမလဲကွ။ ဘယ်သူမှန်း ဘယ်ကမှန်းမသိနဲ့။ ပြီးတော့ ကားနဲ့တင်ခေါ်သွားတာတဲ့။ ဘယ်သူက သိလို့ ဘယ်လိုလိုက်ရမှာလဲ"

"အေးကွာ ... ဒီမှာ ကလေးငယ်လေးနဲ့ကို မသိဘူးလား မသိဘူး။ ကလေးဒုက္ခရောက်တော့မှာပဲ"

ဇေဇေ ခေါင်းငိုက်စိုက်ချသွားလေတော့၏။ ဟိုကောင်က သူ့အစ်မဆိုပြီခေါ်သွားတာတဲ့။ ကားနဲ့ခေါ်သွားတယ်ဆိုမှတော့ မမအိမ်တို့အသိုင်းအဝိုင်းက ချမ်းသာနေမှာအမှန်ပါပဲ။ အစကတည်းက စော်ရဲ့ အဆင့်အတန်းထဲက မဖြစ်နိုင်ဘူးဆိုတာ ထင်တော့ထင်သားပဲ။ ပြန်ခေါ်သွားပြီဆိုတော့ ပြန်လာပါဦးမလား။

သား –

သားအတွက် တွေးမိတော့ ရင်ထဲမှာ ပူလောင်ပြင်းပြသွားသည်။ ဇေဇေ ဘာလုပ်ရမလဲ။ ခုတော့ ကိုင်းများကိုကာနိုပြီး ပုံထွက်သွားပြီပေါ့ မမအိမ်။ ပြန်လာခဲ့ပါ၊ တစ်နေ့နေ့မှာ ပြန်လာခဲ့ပေးပါ မမအိမ်ရယ်။ သားအတွက် ကျွန်တော့်အတွက် မမအိမ်က မရှိမဖြစ်





လိုအပ်နေတာ။ ဇေဇေ့ကို အရမ်းချစ်တယ်တဲ့။ ချစ်တယ်ဆိုရင် ရောက်အောင်ပြန်လာလိမ့်မယ်လို့ ရင်ထဲမှာ ယုံကြည်ချင်ပေမယ့် ကံကြမ္မာက ယုံရခက်သားလား။

"ဇေဇေ"

"_____"

စောဦးက ဇေဇေ့လက်မောင်းကို ခပ်တင်းတင်းဆုပ်ပြီး စိတ်မကောင်းသောလေသံနှင့် –

"ဒီလိုပဲဇေဇေ ကောက်ရပစ္စည်းဆိုတာ ပိုင်ရှင်ပေါ်လာရင် ပြန်ပေးရမစပြီပါ။ မင်း ကိုယ်ပိုင်ပြီလို့ ထင်မိတာ မှားတာပေါ့"

"ဘာမှမမှားဘူး။ ကောက်ရပစ္စည်းရော ဘာဖြစ်လဲ။ ရေအဆုံး၊ ကုန်းတစ်ဝက်တဲ့။ သူတို့နှစ်ယောက်ညားလို့ ကလေးတစ်ယောက်တောင် ရနေပြီပဲဥစ္စာ။ ဇေဇေ့မှာ ပိုင်ဆိုင်ခွင့်ရှိတယ်"

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

အိမ် ဘာမှန်းမသိတဲ့မိသားစုဘဝဆိုတာကို တွေးကြည့်လို့မရ။ နို့တွေက တင်းလာလေလေ ရင်ထဲမှာ တဆစ်ဆစ်နာကျင်လေလေ။ သားလေးကို သတိရ စိတ်မချမ်းသာ ပိုရတာလည်း မျက်လုံးတွေပင်အောင့်နေပြီ။ ကောင်လေးပြောပြတာတော့ အိမ်နာမည်က ရွှေအိမ်စံသူ။ အားလုံးကတော့ အိမ်လို့ပဲခေါ်ကြတယ်တဲ့။ သူကတော့ အိမ်ရဲ့မောင် ရဲဝံ့သူဆိုလားပဲ။

အိမ် တစ်လမ်းလုံး အိမ့်ကိုပြန်ပို့ပေးပါလို့ တောင်းပန်တာမရ။ မထူးဝဲကယက်ထဲမှာ နစ်ရင်း အိမ် ဘယ်အထိ ဆက်လိုက်နေရမှာလဲ။ အမေနဲ့ဖေဖေကတော့ စိတ်ပူနေရှာရှာမည်။ ဘာပဲဖြစ်ဖြစ်





အိမ် အခြေအနေကြည့်ပြီး ရောက်အောင်ပြန်ရမှာပေါ့။

ကားက တရိပ်ရိပ်ပြေးလိုက် ရပ်သွားလိုက်။ မီးပွိုင့်တွေမှာ ရပ်ရင် အိမ် ဆင်းပြေးဖို့ကြိုးစားတော့ တံခါးကဖွင့်လို့မရ။ ဒါကြောင့် မျက်လုံးက ဟိုဟိုဒီဒီလိုက်ကြည့်နေတော့ အရာအားလုံးက ကိုယ်နဲ့ မစိမ်းသက်တဲ့ ရင်းနှီးနေသလို။ ဘယ်လိုရင်းနှီးခဲ့လဲ တွေးကြည့်တော့ မရပြန်။ ကားက ခြံကျယ်ကြီးတစ်ခြံထဲကို ကွေ့ဝင်သွားပြီး ကားရပ်သွားတော့ –

"ပြန်လာပြီ . . . သားပြန်လာပြီ"

"လာ မမ ကျွန်တော် မေမေတို့ကို ကြိုပြီးဖုန်းဆက်ထားတယ်"

"သား . . . သမီးရော သမီး"

"ဟင်"

"အမယ်လေး . . . သမီးလေးရယ်။ မေမေ့သမီး မသေဘူး ပြန်တွေ့ရပြီ။ မေမေ ဝမ်းသာလိုက်တာ သမီးရယ်"

ဒေါ်ပန်းမြင့်စံ သမီးကိုဖက်၍ ငိုလေတော့၏။ ဒီသမီးကို မတွေ့လို့ စိတ်သောကရောက်ခဲ့ရသမျှ အခု အရာအားလုံးက ငြိမ်းချမ်းသွားသလို။

"သမီး"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘယ်ကိုရောက်နေတာလဲ သမီးရယ်။ ဘာလို့ မေမေတို့ဆီကို ပြန်မလာရတာလဲ။ မေမေ့မှာတော့ မစားနိုင် မအိပ်နိုင်နဲ့ စိတ်ပူနေရတာ"

"ကျွန်မ ကျွန်မကို ပြန်ပို့ပေးပါနော်။ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မသားလေး နို့ငတ်နေမှာစိုးလို့ပါ။ အန်တီက ကျွန်မ မေမေဆိုရင်လည်း မေမေခေါ်ပါ့မယ်။ အရင်တုန်းက အိမ် ဘယ်သူဆိုတာ အိမ် တကယ်မသိပါဘူး။ အခု အိမ်မှာ လင်နဲ့သားနဲ့ ဖြစ်နေပါပြီ၊ အိမ်ကိုပြန်ပို့ပေးကြပါ"

"ဘာ"

"ဘုရား . . . ဘုရား"

ရင်ဘတ်ကိုဖိပြီး ခေါင်းမြတ်စံ ခြေတစ်လှမ်းဆုတ်သွားမိ၏။ လင်နဲ့သားနဲ့ ဖြစ်နေပြီတဲ့လား။ ဟိုတုန်းကလည်း အပျိုမှမဟုတ်ခဲ့ပဲလေ။ မင်းထက်စံသိရင် ရင်ကျိုးတော့မှာပဲ။ သူခမျာ သမီးကို ဘယ်လောက်ချစ်ပြီး သမီးအတွက် ဘယ်လောက်ခံစားနေရလဲ ကိုယ်တွေမသိတာမှ မဟုတ်တာ။

ဒီပြဿနာကို ဘယ်လိုရှင်းကြမလဲ။ ဘာပဲဖြစ်ဖြစ် သူမကတော့ သမီးကို ပြန်မလွှတ်နိုင်၊ အရင်ကဖြစ်ခဲ့သမျှကို ဘာမှမသိဘူးဆိုတော့ အတိတ်မေ့နေတာပဲဖြစ်မှာပေါ့။

အတိတ်ကို ပြန်သတိရအောင် ဆေးကုရမယ်။ ပုံစံက





ဒီလောက်နွမ်းနေတာ သမီးရောက်သွားခဲ့တဲ့ အသိုင်းအဝိုင်းက ဘယ်လိုမျိုးလဲဆိုတာ ခန့်မှန်းလို့ရသည်။ ဒီတော့ ကိုယ့်အသိုက်အမြုံထဲ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီးမှ ဘာလို့ပြန်လွှတ်ရမှာလဲ။

"သားငယ်"

"ဗျာ မေမေ"

"မောင်မင်းထက်ကို ဖုန်းဆက်ကြည့်စမ်း။ အခုမဆက်နဲ့ မနက်မိုးလင်းတာနဲ့ဆက်။ အိမ် ပြန်ရောက်နေပြီ မြန်မြန်လာခဲ့ပါလို့"

"ဟုတ်ကဲ့"

"ကျွန်မ . . . ကျွန်မကို ဘာလုပ်ကြမလို့လဲဟင်"

"မေမေတို့က သမီးကို ဘာလုပ်မှာတဲ့လဲ သမီးရဲ့။ သမီးက မေမေတို့ရဲ့သမီးလေး။ သမီး အိမ်ပြန်ရောက်လာပြီဆိုမှတော့ မောင်မင်းထက်ကို လာခေါ်နိုင်းရမှာပေါ့။ သူသိရင် ဘယ်လောက်တောင် ဝမ်းသာမယ်မသိဘူး"

"ဟင် . . . အိမ်က သူနဲ့ဘာလို့လိုက်ရမှာလဲ။ အိမ်မှ သူ့ကိုမသိတာ"

"နောက်သိလာလိမ့်မယ် သမီး။ မောင်မင်းထက်က သမီးရဲ့ ယောက်ျားပဲ"

"ရှင်"

အိမ့်ကိုယ်လေး ဆတ်ခနဲတုန်သွားသည်အထိပါပဲ။ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ဖြစ်နိုင်မှာလဲလို့။ ခေါင်းက တခါခါ။

"မဟုတ်ဘူး . . . မဟုတ်ဘူး။ ကျွန်မယောက်ျားက ဇေသုတပါ။ ကျွန်မမှာ သားလေးရှိတယ်။ ကျွန်မယောက်ျားက ဇေဇေပါ"

"သမီး"

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မပြန်ပါရစေ။ ကျွန်မသားလေး နို့ဆာနေရှာမယ်။ သားသမီးချင်းကိုယ်ချင်းစာတယ်ဆိုရင် ကျွန်မကို ပြန်ပို့ပေးကြပါ"

အိမ် လက်အုပ်ကလေးတချီချီနှင့် တောင်းပန်နေတာ မျက်ရည်တွေနှင့်။ ဒေါ်ပန်းမြိုင့်စံမှာလည်း မျက်ရည်မဆည်နိုင်။ သမီးက သူတို့ကိုမှ မသိတော့ပဲလေ။

"ပြန်သွားလို့ ဘယ်ဖြစ်မလဲ သမီးရယ်။ သမီးက မေမေတို့ရဲ့ သမီးလေ။ မေမေတို့ရင်ကျိုးအောင် မလုပ်ပါနဲ့။ သမီးကို မေမေတို့ နောက်ထပ် အဆုံးရှုံးမခံနိုင်ဘူး"

"ဟုတ်တယ် သမီး။ ပြီးတော့ မောင်မင်းထက်ကလည်း ဇေဇေတို့သဘောတူသလို သမီးကိုယ်တိုင် ချစ်လို့လက်ထပ်ခဲ့တဲ့ သမီးရဲ့ယောက်ျားပါ။ သူ့ခမျာ အက်ဆီးဒင့်ဖြစ်ပြီး သမီးပျောက်သွားကတည်းက အရူးတစ်ပိုင်း ဖြစ်နေရှာတာ"

"မသိဘူး။ အဲဒါတွေ ကျွန်မ မသိဘူး။ ကျွန်မသိတာ ကျွန်မယောက်ျားက ဇေဇေပဲ"





"သမီး"

"ဇေဇေ"

ဒေါသဖြစ်သွားတဲ့ ဖေဖေ့လက်ကို ရဲ့ဝံ့သူ ဆုပ်ကိုင်လိုက်၏။ မမနဲ့မေမေ မျက်ရည်တွေကျနေတာကို မကြည့်ရက်။ မမကို သူ အတင်းခေါ်လာမိတာ မှားပြီလား။ ကလေးနဲ့တဲ့။ ဒီဘက်မှာကျတော့လည်း အားလုံးက သနားစရာကောင်းအောင် ပူဆွေးသောကရောက်နေကြတာဆိုတော့ –

"မမ နားပါဦး ဖေဖေ၊ သားတို့ မမအတိတ်ကို ပြန်သတိရလာအောင် တဖြည်းဖြည်းပြောရမှာပေါ့။ လောလောဆယ် သည်းခံလိုက်ပါ"

"ဟုတ်တယ် . . . ဟုတ်တယ်၊ အချိန်လည်း မရှိတော့ဘူး။ သမီး အိပ်တော့နော် လာ"

အတင်းဆွဲခေါ်လို့သာလိုက်ရတယ် စိတ်ထဲမှာက သောကများပါဒတွေနှင့်။ နောက်ပြန်လှည့်ပြေးရအောင်ကလည်း ညအချိန်မတော် ဘယ်သွားလို့ ဘယ်လာရမှန်းမသိဖြစ်ဦးမှာ။

ဇေဇေ။ မမအိမ်ရဲ့ဒုက္ခကို လာကယ်ပါဦး ဇေဇေရယ်။ သူတို့ပြောနေ ကြတာ မမအိမ်ရဲ့ယောက်ျားက မင်းထက်တဲ့။ ဘယ်သူ မင်းထက်လဲ မမအိမ် မသိဘူး။ မမအိမ်ရဲ့ မမအိမ်သိပ်ချစ်တဲ့ယောက်ျားက ဇေဇေတစ်ယောက်တည်းပါ။ မမအိမ် ဘာလုပ်ရမလဲ ဇေဇေ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"___"

"အိပ်ပျော်အောင် အိပ်လိုက်နော်"

"____"

"နောက်နေ့ကျ သမီး သေသေချာချာ ပြန်စဉ်းစားကြည့်ပါ။ အတိတ်ကအကြောင်းတွေကို တရေးရေးနဲ့ ပြန်သတိရလာမှာပါကွယ်"

"_____"

"မေမေ သွားမယ်နော်"

ဒေါ်ပန်းမြင့်စံ အိပ်ခန်းတံခါးလေးကိုစေ့ပြီး ထွက်သွားလေတော့ အိမ် နှိုက်ပိုမိတာ တသိမ့်သိမ့်။ နောက်တော့ ငိုရလွန်းလို့ မျက်လုံးတွေ အောင့်လာကာ အိပ်ပျော်သွားလေတော့သည်။ အိပ်မက်ထဲမှာ –

ဖေဖေနဲ့အတူနေခဲ့ဖူးတဲ့ ပုံရိပ်နဲ့ စကားသံတွေ။ ကိုလို့ အိမ် ခေါ်ခဲ့ဖူးတဲ့ မင်းထက်စံနဲ့ ပြောခဲ့ဖူးတဲ့စကားသံ။ ပုံရိပ်တွေ။ ပြီးတော့ သား၊ သားလေးရဲ့ငိုသံ။ အားလုံးက ရှုပ်ထွေးပြီး ဘာတွေမှန်းမသိ။ နောက် သားရဲ့ငိုသံစူးစူးဝါးဝါးကြောင့် ဖျတ်ခနဲ လန့်နိုးလာကြတော့–

"သား"

တကယ်လားလို့ ထင်မိကာ မျက်လုံးကို ဖွင့်ကြည့်မိမှ အိမ် မက်မှန်း သိကာ မျက်ရည်ကကျလာပြန်၏။ အိမ် အိပ်ရာပေါ်က ဆင်းပြီး အပြင်ထွက်လာခဲ့တော့ ဘယ်သူ့ကိုမှမတွေ့ရ။ ဒါ အိမ့်





အတွက် အခွင့်အရေးပါပဲ။ အပြင်ရောက်မှ အိမ် သူများကို အကူအညီ တောင်းပြီး ပြန်လို့ရမှာ။ လောလောဆယ် ဒီအိမ်ကနေ လွတ်မြောက် သွားဖို့က အရေးကြီးတာမို့ ဟိုကြည့် ဒီကြည့် ကြည့်၍ထွက်လာခဲ့စဉ်–

"သမီး"

"ဟင်"

ဒေါ်ပန်းမြင့်စံကိုမြင်တာနှင့် အိမ် ထွက်ပြေးလေလျှင်–

"ဟဲ့ ဟဲ့ ဒါကဘယ်လဲ သမီး"

အိမ်က နောက်ကို လုံးဝလှည့်မကြည့်တော့ပေ။

"ပြေးပြီ လုပ်ကြပါဦး။ သားငယ်ရေ ကိုသော် လာကြပါဦး"

ဒေါ်ပန်းမြင့်စံ လက်တွေရော ခြေထောက်တွေရော အငြိမ် မနေနိုင်စွာ အိမ် နောက်သို့ပြေးလိုက်ရမလို လင်နဲ့သားကို ပြေးခေါ်ရ မလိုနှင့် ယောက်ယက်ခတ်စွာ အော်နေစဉ် ဦးသော်ထွေးနှင့် ရဲပုံသူ လည်း အော်သံကိုကြားပြီး သုတ်သီးသုတ်ပျာပြေးလာကာ –

"ပန်း ဘာဖြစ်လို့လဲ"

"မေမေ ဘာဖြစ်လို့လဲ"

"ဟိုမှာ . . . ဟိုမှာ"

ရှည်ရှည်ဝေးဝေး ပြောမနေနိုင်တော့ဘဲ လက်ညှိုးသာထိုးပြ လေလျှင် အိမ် ပြေးတာကို မြင်သွားကြပြီး –

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"သမီး ... နေဦး"

"မမ ... မပြေးနဲ့"

နောက်ကအသံတွေကို ကြားလေလေ အိမ် ပြေးလေလေ ပါပဲ။ ပြေးနိုင်မှ လွတ်မယ်လေ။ ပြန်မိသွားလို့ကတော့ အိမ် ရှာပြန်ရေးကမလွယ်။

"သမီး ... မပြေးနဲ့လေ မပြေးနဲ့"

"မမ"

အိမ်နားထဲမှာ ခေါ်သံတွေကို မကြားတော့ဘဲ လွတ်မြောက်ဖို့ တစ်ခုသာ တွေး၍ လမ်းကိုဖြတ်ကူးလိုက်စဉ် ကားတစ်စီးက လျှာခနဲ မောင်းလာတာနှင့် –

"အား"

"သမီး"

"မမ"

ရဲ့ဝုံးသူနှင့်ဦးသော်ဒွေ မျက်လုံးများ ပြာဝေသွားပြီး အော် လိုက်ချိန်မှာပဲ အိမ်က ကားရှေ့မှာ ခွေခွေလေးလဲကျနေလျက်။ ကံ ကြမ္မာဆိုတာ အဲဒီလို အမြင်ကတ်ဖို့ ကောင်းအောင် လှည့်ကွက်တွေ များလွန်းလှသည်ဆိုတာ။

❁



## အခန်း (၂၈)

"အိမ်"

"သမီး"

အိမ်ဆိုတဲ့ခေါ်သံက နားထဲမှာ ပဲ့တင်ထပ်နေသလို။ ဒါ ဘယ်သူခေါ်တာလဲ။ ကိုယ်ကို လှမ်းကြည့်တော့ လှမ်းကြည့်လို့မရ။ ခြေထောက်တွေက နှံ့ထဲနစ်နေပြီး လှုပ်မရ ရုန်းမရနှင့် တစ်ကိုယ်လုံး လေးလံနေသည်။ အိမ် ဘာဖြစ်တာလဲ။ အိမ်ဘာဖြစ်နေတာလဲ။

"အိမ်"

"အ"

ညည်းသံက အကာနဲ့သာ ထွက်လာပြီး လူကမလှုပ်။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အိမ်မျက်နှာကိုသာ စိုးရိမ်တကြီး ငုံ့ကြည့်နေကြစဉ် –

အိမ်မှာတော့ အိပ်မက်ထဲမှာလိုလို တကယ်လိုလိုနှင့် အိမ်ရယ် ကိုရယ်။ ကားပေါ်မှာအတူရှိနေကြရင်း အမှတ်မထင် လမ်းကို ပြေးတက်လာပြီး ဖြတ်ကူးတဲ့ ကျွဲတစ်အုပ်။

"အား"

"အိမ် အိမ်"

"သမီး"

"မမ"

"အိမ်"

အိမ် ပါးစပ်မှ အားခနဲအော်သံကြားတာနှင့် အားလုံးခေါ်လိုက်ကြတာ ထိတ်ထိတ်ပျာပျာ။ ခဏကြာတော့ အိမ် မျက်လုံးကို ဖွင့်ကြည့်လေလျှင် –

"အိမ် အိမ် သတိရပြီလား"

"သမီး သတိရပြီ"

အိမ် ကိုယ့်ကိုငုံ့ကြည့်နေတဲ့ မျက်နှာတွေကို စုံအောင်လိုက်ကြည့်လိုက်တော့ ဖေဖေ၊ မေမေနဲ့ ကို။ ပြီးတော့ မောင်လေးရဲ့ဝှံ့သူ။ ကို ဘာမှမဖြစ်ဘူးပေါ့။ ကိုရယ် အိမ်ရယ် ကားအက်ဆီးဒင့်ဖြစ်ခဲ့တာ။

"ကို"

"အိမ်"





"ကို ကို ဘာမှမဖြစ်ဘူးနော်"

"ဟင် ... ကိုက ဘာဖြစ်ရမှာလဲ အိမ်ရဲ့"

"အိမ်နဲ့ကို ကားအက်ဆီးဒင့်ဖြစ်ခဲ့တာလေ။ အိမ် မြင်လိုက်တာ ကိုနဖူးမှာ သွေးတွေနဲ့။ အိမ်က ကို သေသွားပြီလို့ထင်တာ"

"ဟင် ... ဒါဆို သမီး သမီး အတိတ်ကို ပြန်သတိရပြီပေါ့"

"ရှင်"

"ဘာမှမဟုတ်ဘူး သမီး၊ ဘာမှမဟုတ်ဘူး။ သမီးနေသာသလိုနေနော်။ ပန်းကကွာ သမီးကို ဘာတွေ လျှောက်ပြောနေတာလဲ"

"ခြော် ... အင်း ဟုတ်သားပဲ"

အိမ်က ဘာမှနားမလည်သလို မျက်လုံးလေး ကလယ်ကလယ်နှင့် ဟိုလူမျက်နှာကြည့်လိုက် ဒီလူမျက်နှာကြည့်လိုက်။

"အိမ်"

"ကို"

"အိမ် နေသာရဲ့လား"

"နေသာပါတယ် ကိုရဲ့။ ကို ဘာမှမဖြစ်တဲ့အတွက်ပဲ အိမ်ဝမ်းသာလှပါပြီ"

ဦးသော်တွေနဲ့ ဒေါ်ပန်းမြင့်စံတို့မှာ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြတာ ဝိတိမျက်နှာတွေနှင့်။ ဘာပဲပြောပြော အဆိုးထဲကအကောင်းဆိုသလို အိမ် အတိတ်ကို ပြန်သတိရလာတာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားမတာပဲပေါ့။ ကျန်တဲ့ပြဿနာတွေ ဖြေရှင်းဖို့က နောင်ခါလာ နောင်ခါရေးပါပဲ။

"ကို"

"ဟင်"

"အိမ်ကို ခဏလောက်ထူပေးပါလားဟင်။ အိမ် ထိုင်ပြီး စကားပြောချင်တယ်"

မင်းထက်စံ ခေါင်းညိတ်ပြီးထူပေးလိုက်တော့ အိမ် ထထိုင် လိုက်ချိန်မှာ ထူးခြားတဲ့ခံစားမှုတစ်ခုကြောင့် နာကျင်တဲ့နေရာဆီသို့ လက်နှင့်ဖိရင်း –

"အား ကျွတ် ကျွတ်"

"ဟင်"

အိမ် လက်နှင့်ဖိတဲ့နေရာကိုကြည့်ပြီး ဘာဖြစ်တယ်ဆိုတာ ဒေါ်ပန်းမြင့်စံ သဘောပေါက်လိုက်၏။ မိန်းမချင်းဆိုတော့ သိတာပေါ့ လေ။ ကလေးနဲ့ဆိုတော့ နို့တွေတင်းပြီး နာနေမှာပေါ့။ သားအချစ် မြေးအနှစ်တဲ့။ သမီးက မွေးတဲ့မြေးကို မြင်ချင်လိုချင်စိတ်ရှိပေမယ့် လောလောဆယ်က မဖြစ်နိုင်။

နောက်မှတစ်မျိုးကြည့်ပြီး စိစဉ်ရတော့မှာပေါ့။ အခုက တော့–

"သမီး"





"ရှင်"

"သမီးက ကားအက်ဆီးဒင့်ဖြစ်ပြီး အတိတ်မေ့သွားတာ ကြာပြီကွဲ့။ နောက် သမီးနဲ့ မောင်မင်းထက်တို့မှာ ကလေးရလာတယ် လေ။ အခု ကလေးက ဆုံးသွားတော့ သမီး နို့တွေတင်းပြီး နာနေ မှာပေါ့"

"ရှင်"

အိမ် ခေါင်းလေးဆတ်ခနဲမော့သွား၏။ ကလေးရပြီး သေ သွားတယ်တဲ့။ ရင်သွေးဆိုတဲ့အသိက ကိုယ်မမြင်လိုက်ရ မသိလိုက်ရ ပေမယ့် ရင်ထဲမှာ စူးရှနာကျင်သွားရ၏။ ဒါကြောင့် မျက်ရည်တွေ ချက်ချင်းဝေ့တက်ကာ –

"သမီးရဲ့ကလေး ဆုံးသွားတယ် ဟုတ်လား မေမေ"

"ဟုတ်တယ် သမီး"

"ကို"

"အိမ်"

"ကလေးက ဘာဖြစ်လို့ ဆုံးသွားတာလဲဟင်။ ကို ကို့အတွက် အိမ် စိတ်မကောင်းလိုက်တာ"

"စိတ်မကောင်းမဖြစ်ပါနဲ့ အိမ်ရယ်။ ကံကြမ္မာ လှည့်စားတာ ကိုသာ လူတွေက အလူးအလိမ့်ခံရတာ။ လူတွေက ကံကြမ္မာကို လှည့်စားလို့မှမရဘဲ။ အိမ်က ငယ်သေးတာပဲဥစ္စာ၊ နောက်အေးဆေးမွေးလို့



www.burmeseclassic.com

www.burmeseclassic.com



ရသေးတာပဲ နော်''

ခေါင်းလေးကို ကလေးလိုပွတ်သပ်ပေးပြီး နှစ်သိမ့်လိုက်တော့ အိမ်က ခေါင်းညိတ်ရှာသည်။ မင်းထက်စံမှာတော့ ပြုံးလိုက်ရ[illegible]ပိုင် နှာခေါင်းထဲမှာ မွှန်စပ်စပ်ကြီးပါပဲ။ သူ အိမ်ကို ပြန်ပေါင်းသင့်လား၊ မပေါင်းသင့်လား။

သူ အိမ်ကိုချစ်တဲ့စိတ်နဲ့ အတွေ့ကြီးရမယ်ဆိုရင် ကိုယ်က အိမ့်ရဲ့တရားဝင်လင်ယောက်ျားပါ။ နောက်အိမ်ထောင်ဆိုတာက အိမ် အတိတ်မေ့ဝေဒနာသည်ဖြစ်နေချိန်မှာ တစ်ဖက်က အခွင့်အရေးယူ လိုက်တာ။ အိမ်က လူတော့ ဒီလိုပဲဖြစ်လာမှာပေါ့။

ဒီကိစ္စနဲ့ပတ်သက်ပြီး အိမ့်မှာ အပြစ်မရှိ။ သိသိနဲ့ မိုက်တာ မျိုး မဟုတ်ဘဲ မသိလိုက်တဲ့အချိန်မှာ ဖြစ်သွားတာအတွက် သူ ခွင့်လွှတ်နိုင်သည်။ နောက်တစ်ကြိမ် ထပ်ပြီး အိမ်ကို အဆုံးရှုံးမခံနိုင်လေတော့။

''မောင်မင်းထက်''

''ရှာ''

ဦးသော်ထွေးက ခေါင်းညိတ်ပြပြီး အပြင်သို့ထွက်သွားလေတော့ မင်းထက် သဘောပေါက်စွာ နောက်က လိုက်ခဲ့၏။ အပြင်ကို ရောက်လေလျှင် ဦးသော်ထွေးက ရပ်စောင့်နေပြီး –

''မင်း ဘယ်လိုဆုံးဖြတ်မလဲ မောင်မင်းထက်''





''ရှာ''

''သမီးအပေါ်မှာ မင်း နားလည်ပေးနိုင်ရဲ့လား''

မင်းထက် မဆိုင်းမတွနှင့် ခေါင်းညိတ်လိုက်ပြီး –

''အိမ် အတိတ်မေ့သွားတဲ့အချိန်မှာ ဘာမှမသိဘဲ ဖြစ်လိုက်တဲ့ကိစ္စအတွက် ကျွန်တော် နားလည်ခွင့်လွှတ်ပေးနိုင်ပါတယ်။ အိမ်က အသိခေါက်ခက် အဝင်နက်ပြီး အိမ်ထောင်ရေးကို တမင် သစ္စာဖောက်ခဲ့တာမှမဟုတ်ဘဲ။ အိမ်ကို ကျွန်တော် ချစ်တယ်။ သူ ဘာပဲဖြစ်နေ ဖြစ်နေ ကျွန်တော့်မိန်းမက ကျွန်တော့်မိန်းမပါပဲ''

''ဒီစကားကြားရတာ အန်ကယ်လ် ဝမ်းသာပါတယ် မောင်မင်းထက်။ အခုဆိုရင် သမီးက ဟိုဘက်ကိစ္စကို သတိမရတော့ဘူး''

''ဒါမျိုးက ချက်ချင်းမဟုတ်ပေမယ့် နောက် ဟိုဘက်ဒီဘက် အားလုံးကို သတိရသွားနိုင်ပါတယ်''

''အန်ကယ်လ်ကတော့ သမီး အတိတ်မေ့သွားတဲ့ကာလက အဖြစ်အပျက်တွေကို သတိမရစေချင်ဘူး''

''သတိရလည်း ကိစ္စမရှိပါဘူး။ ကျွန်တော် အိမ့်ကိုယုံကြည်တယ်။ အိမ် ကျွန်တော့်ကို သိပ်ချစ်တယ်ဆိုတာကိုလေ။ အတိတ်မေ့နေတဲ့ကာလက သူ ဘာမှမသိလို့ အခြားတစ်ယောက်ကို လက်ထပ်လိုက်တာပဲဟာ''

''ဒါဆို မောင်မင်းထက်က သမီးကို ပြန်ပေါင်းမယ်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဆေးရုံက ဆင်းတာနဲ့ ကျွန်တော် အိမ်ကို ပြန်ခေါ်သွားမှာပါ"

ဦးသော်ဇွေး မျက်နှာပြုံးသွား၏။ ကိုယ်ဖြစ်စေချင်တာက လည်း ဒီလိုပဲမဟုတ်လား။

❁



## အခန်း (၂၉)

"အဲ အဲ ဝါး ဝါး"

"အို အေ သားရေ တိတ်ပါကွာ။ တိတ်ပါ ဖေကြီးနဲ့ဖျော် တိုက်မယ်နော်။ တိတ်ပါကွာ။ သားက လိမ္မာပါတယ်"

သားက အသားလွှတ်အော်ငိုနေတော့ ဖေဖေ သားကို ချော့ရင်းပဲ ကိုယ်ပါ ငိုချင်လာမိသည်။ အဖြစ်အပျက်က ရင်ထဲကို မြားအစင်းပေါင်းများစွာ လာစိုက်နေသလို ကောက်ရတဲ့ပစ္စည်းကို ကိုယ့် လက်ထဲရောက်လို့ ကိုယ်ပိုင်ပြီလို့ တွက်လိုက်မိတာကိုက သူ့ အမှားပါပဲ။ ခုတော့ မရှိသောနှလုံးသားကို ရင်မှာပိုက်ထားရသောက ကိုယ်။



www.burmeseclassic.com

www.burmeseclassic.com



နို့ဘူးကို ပါးစပ်ထဲထည့်ပေးလိုက်တော့ သားက အငိုတိတ်သွား၏။

ဇေဇေ။

သားမျက်နှာလေးကို ငုံ့ကြည့်လိုက်စဉ်မှာပဲ သားက သူ့မျက်နှာကို မော့ကြည့်တာနှင့် တိုးပြီး ပေါက်ခနဲကျသွားတဲ့မျက်ရည်စက်တွေက သား၏ပါးပြင်လေးပေါ်သို့ ကျလူးစိုစွတ်သွားစေ၏။

"မေ"

"သား"

"မေ မေ မေ"

"ဘာလဲ သား၊ ချိုချိုလေ"

သားက သူ့ကို ရယ်ပြပြီး သူ့လည်ပင်းကို ထဖက်တော့ ဇေဇေ သားကို ပြန်လည်ပွေ့ဖက်၍ အသက်ရှူပင်မှားလုမတတ် ရင်ဘတ်ထဲမှာ အောင့်တက်လာသည်။

ရက်စက်လိုက်တာ မမအိမ်ရယ်။ တစ်နေ့ ပြန်လာလိမ့်မယ်လို့ ထင်ထားခဲ့တာ အရာမထင်စွာ ကျောခိုင်းထားရစ်ခဲ့တာ ယခုထိ။ ရှေ့တင်ကျရင် လွမ်းအောင်ချွဲ နောက်ကွယ်ကျရင် မေ့မှာပဲဆိုတာ ဒါမျိုးလား။ ဇေဇေ့ဘဝထဲမှာရှိနေတုန်းကတော့ –

စံထားလောက်အောင် ဇေဇေ့ကို ချစ်တဲ့မိန်းမတဲ့။ အခု စံထားလောက်အောင် ရက်စက်နိုင်ခဲ့တာလား မမအိမ်ရယ်။





"ဇေဇေ"

"ဟင်"

"လူကို ဘာလို့စိုက်ကြည့်နေတာလဲ။ ဒီမှာ မနေတတ်တော့ဘူး။ မျက်လုံးထဲ ဝင်နေပေးရမလား"

"ဖြစ်နိုင်ရင် ကောင်းတာပေါ့။ ကျွန်တော်က မမအိမ်ကို သနားနေတာ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့နဲ့နေရတာ မမအိမ် ပင်ပန်းဆင်းရဲလို့ပေါ့"

"ဒါပေမဲ့ ... ချမ်းသာခြင်းအစစ်ကို ရထားတယ်လေ။ ပစ္စည်းမချမ်းသာတာ ဘာဖြစ်လဲ စိတ်ချမ်းသာဖို့ပဲလိုတာ"

"စိတ်ချပါ၊ ကျွန်တော် မမအိမ်ကို စိတ်ချမ်းသာအောင် ထားမယ်"

"တကယ်နော်"

"မယုံဘူးလား"

"မသိဘူးလေ၊ အချို့ယောက်ျား တော်တော်များများက ညားခါစသာ သည်းသည်းလှုပ်ချစ်ပြတာ။ ရိုးသွားရင် ရိုက်ဟယ်၊ နက်ဟယ်နဲ့"

"ဟုတ်တယ်၊ ကျွန်တော်လည်း မမအိမ်ကို ရိုက်မှာ၊ ဘုတ်ကြီးကြီးနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ် ရိုက်ကြည့်ပါလား။ ဒီကလည်း လက်နဲ့ခြေနဲ့ပါ နော်။ ပြောပုံက ဒါလားချစ်တာ"

"စတာပါဗျာ၊ တကတဲ ဖြစ်သွားလိုက်တဲ့မျက်နှာက။ ဒီက နှီးပြားနဲ့တောင်မရွယ်ရက်အောင် ချစ်တာဗျ သိလား"

အဲဒီတုန်းက ပြောခဲ့ဖူးသောစကားသံတွေကို မှတ်မိနေပြီး မမအိမ်ရဲ့ နှာသီးဖျားလေးကို လိမ်ဆွဲမိခဲ့တာကိုလည်း သတိရသည်။

"သူ့လက်ကခရေတွေနဲ့ကို သနစ်ခါးတွေပျက်ကုန်ပြီ"

"ပြီးမှ ဒီထက်ပျက်အောင် လုပ်ဦးမယ်"

ကာလတွေ ဘယ်လောက်ပဲကြာနဲ့ကြာခဲ့ မမအိမ်နဲ့ပတ်သက် ပြီး အရာအားလုံးကို မေ့မရ။ ကိုယ့်တစ်ယောက်တည်းအပေါ် ရက်စက် ရင်တောင် လွမ်းရင်းနဲ့ ဇေဇေသေရင် သေသွားပါစေ၊ ကျေနပ်နိုင်ပါ သေးသည်။

ခုတော့ –

ဘာမှမသိ နားမလည်သေးတဲ့ နို့စို့သားလေးကို ရက်ရက် စက်စက် ထားပစ်နိုင်ခဲ့တာ။ တကယ်ဆို ပြန်လာခဲ့ဖို့ကောင်းပြီ။ ဘယ် လို အခက်အခဲ အတားအဆီးတွေပဲရှိရှိ မိခင်စိတ်ဓာတ်ရှိရင် သားလေး အတွက် ကျော်ဖြတ်နိုင်ခဲ့ရမှာပေါ့။

"ဇေဇေ"

"___"





"ဇေဇေရေ"

"ဟင်"

အိမ်ရှေ့က ခေါ်သံကျယ်ကျယ်ကြောင့် ဇေဇေ သားနှင့်ပါး ချင်းကပ်ထားရာမှ ခွာလိုက်ပြီး အိမ်ရှေ့သို့ထွက်လာခဲ့စဉ် –

"ဇေဇေ"

"ဪ . . . အိမ့်မွန်ပါလား။ ဘာကိစ္စရှိလို့လဲ အိမ့်မွန်။ လာ ထိုင်လေ"

"ထွေထွေထူးထူးကိစ္စတော့ မရှိပါဘူး။ ငါ ဈေးသွားလို့ နင့် သားလေးအတွက် နို့မှုန့်ဘူးဝယ်လာပေးတာ။ ရော့ ဇေဇေ သွား သိမ်းထားဦး"

"ဘာလို့ဝယ်လာရတာလဲ အိမ့်မွန်ရယ်။ သားနဲ့ပတ်သက်ပြီး ငါ ဘယ်သူ့အကူအညီမှ မလိုချင်ဘူး။ ငါက သားရဲ့အဖေပါ။ သားနို့ဘူး အတွက် ငါရှာနိုင်ပါတယ်"

"နင်ကလည်း မာနကြီးစရာမရှိ ကြီးနေပြန်ပါပြီ ဇေဇေရယ်။ နင်နဲ့ငါက ပြောနေရမယ့် လူတွေလားဟဲ့။ သူငယ်ချင်းတွေပဲဥစ္စာ"

"သူငယ်ချင်းဖြစ်ဖြစ်၊ ဆွေမျိုးဖြစ်ဖြစ် ဘယ်သူ့အကူအညီကို ငါမလိုချင်ဘူး အိမ့်မွန်။ ဒီတစ်ခါတော့ ဝယ်လာလက်စနဲ့ ငါယူထားလိုက် ပါ့မယ်။ နောက်တစ်ခါဆို ငါ လုံးဝလက်ခံမှာမဟုတ်ဘူး"

အိမ့်မွန် ဟင်းခနဲ သက်ပြင်းချပြီး နို့မှုန့်ဘူးတွေကို ဇေဇေ့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



သို့ ချပေးလိုက်၏။ အိမ္မန် ခုလို ဒါတွေဝယ်လာပေးတာ ဘာမျှော်လင့်ချက်နဲ့မှ မဟုတ်ပေ။ သူငယ်ချင်းသံယောဇဉ်နဲ့ စေတနာကို အရင်းခံပြီး ဝယ်လာခဲ့တာ။

ပြီးတော့ ကလေးကိုလည်းသနားလို့ပါ။ ဇေဇေက နို့မှုန့်ဘူးကို စိုက်ကြည့်ပြီး ကောက်မယူသေးပေ။

"ဇေဇေ"

"ဟင်"

"နင့်အတွက် ငါ တကယ်စိတ်မကောင်းဘူး သိလား"

"ကံတရားပဲပေါ့ဟာ။ ဘာတတ်နိုင်မှာလဲ"

"ကဲ ... ငါ ပြန်လိုက်ဦးမယ်"

"အေးပါ"

အိမ္မန်ပြန်သွားတော့ ခြံဝမှာ တာတီးတို့လာတာနှင့် ဆုံလေလျှင် –

"အိမ္မန်ပါလား။ နင် ဘာလာလုပ်တာလဲ"

"ဇေဇေသားလေးအတွက် နို့မှုန့်ဘူးဝယ်လာပေးတာပါ။ သူငယ်ချင်းတွေဆိုတော့ မနေစိမ့်နိုင်ဘူးလေ"

"အင်း ... တို့လည်း အဲဒီလိုပါပဲ။ အိမ်ရှေ့မှ အိမ်နောက် မချမ်းသာဆိုသလို ဇေဇေ့အတွက်ပဲ စဉ်းစားပြီး ခေါင်းကိုက်နေကြတာ"





"အေးပါ ... သူ့ကို နင်တို့ပဲ အားပေးကူညီလိုက်ပါဟာ။ နင်တို့က ယောကျ်ားချင်းဆိုတော့လေ"

"တို့လည်း တတ်နိုင်သလောက် ကူညီနေတာပါ"

"ကဲ ... ငါသွားတော့မယ်"

"အေး အေး"

စောဦးနဲ့တာတီး ဇေဇေ့ဆီသို့ ဆက်လျှောက်လာခဲ့၏။ တကယ်ကိုပဲ သူတို့မှာလည်း ဇေဇေ့အတွက် စိတ်မချမ်းသာကြပေ။ ဒီလိုတွေဖြစ်လာမယ်မှန်းသိရင် အစကတည်းက ဇေဇေ့ကို မဖအိမ်နဲ့ လက်ထပ်ဖို့ သူတို့ မတိုက်တွန်းခဲ့ပါဘူး။

"တာတီးတို့ပါလား။ လာ ထိုင်ကြကွာ"

ထိုင်ဆိုလို့ ထိုင်လိုက်ကြပြီး –

"သတင်းဆိုးလား သတင်းကောင်းလားတော့မသိဘူး။ တို့ သတင်းတစ်ခုရလာတယ် ဇေဇေ"

"ဘာသတင်းလဲ"

"ပြောမယ် ... ဒါနဲ့ ဒေါ်လေးရော"

"အမေ ဈေးရောင်းထွက်သွားတယ်"

"ပြောမှာသာပြောလိုက်စမ်းပါကွာ။ သွယ်ဝိုက်မနေစမ်းပါနဲ့"

"ပေ ပေ ပေ"

ကလေးက ပေ ပေ ပေဆိုပြီး ဇေဇေပါးကိုကိုင်လိုက် နားရွက်



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုင်လိုက်နှင့် ရယ်နေတော့ စောဦးနဲ့တာတီးလည်း ဖေရော့လေးကို ချီကာ မြှူလိုက်ကြသေးတယ်။ အမေသေသွားတာမဟုတ်ဘဲ အမေနိုကို မတွေ့ရတဲ့ ကလေး။ ဘယ်လောက်သနားစရာကောင်းလိုက်ပါသလဲ။

သူတို့တောင် ကလေးကိုကြည့်ပြီး ရင်ထုမနာဖြစ်နေရင် ဖေဖေက ရင်ကွဲပက်လက်ပေါ့။ အဲဒီဖန်ဆင်းရှင် ကံကြမ္မာက မာကျော တဲ့ ကျောက်တုံးတစ်တုံးသာဆို ပိုင်းဝန်းပြီးထုခွဲပစ်လိုက်တာကြာပြီ။ အရာအားလုံး ဖြစ်တည်လာခဲ့တာ ဖေဖေတို့သားအဖအပေါ် ရက်စက် ဖို့တွေလား။

"တာတီး မင်းတို့ ဘာသတင်းရလာတာလဲ ပြောလေ"

"အေးပါ"

အေးပါဆိုပြီး တာတီးက ကလေးကို ဖေဖေ့ရင်ခွင်ထဲသို့ ပြန်ထည့်ပေးကာ –

"ဟိုတက်ရှာက ဦးမြသာရဲ့သား ငြိမ်းချမ်းကို မင်းသိလား"

"သိတယ်လေ၊ ရန်ကုန်မှာ ကျောင်းသွားတက်နေတဲ့ကောင် မဟုတ်လား"

"အေး . . . ဟုတ်တယ်၊ သူတို့ရွာ အာစရိယပူဇော်ပွဲတုန်းက အဲဒီကောင် ပြန်လာတယ်။ သူနဲ့ ရန်ကုန်ကသူ့သူငယ်ချင်းတွေလည်း ပါလာတယ်တဲ့။ အဲဒီသူ့သူငယ်ချင်းတွေထဲကတစ်ယောက်က အာစရိယပူဇော်ပွဲ ဒုတိယညမှာ ပျောက်နေတဲ့သူ့အစ်မကို မထင်မှတ်ဘဲ



ပြန်ရှာတွေ့သွားလို့ သူ့အစ်မကို ခေါ်ပြီး ညတွင်းချင်း ရန်ကုန်ကို ပြန်သွားတယ်တဲ့"

"ဟင်"

ဖေဖေ့မျက်နှာက အားတက်သလိုဖြစ်သွားပြီးမှ ပြန်လည် နွမ်းလျသွားတယ်။ ရန်ကုန်မြို့က အကျယ်ကြီးကို ဘယ်လိုရှာမလဲ။ လိပ်စာတိတိကျကျ သိလို့ သွားရှာတော့ရော ကိုယ်နဲ့ပြန်လိုက်မှာတဲ့ လား။

ဒါပေမဲ့ မျှော်လင့်ချင်သေးသည်။ မမအိမ်က သူ့ကို သိပ်ချစ် တာပဲဟာ။ မလွှဲသာတဲ့ အကြောင်းတရားတွေကြောင့် ပြန်လို့မရတာ လား။

ဘာပဲဖြစ်ဖြစ် တွေ့ခွင့်ရမယ်ဆိုရင် မမအိမ်ရဲ့မျက်နှာလေးကို မြင်ခွင့်ရရင်ပဲ ကျေနပ်ပါပြီ။

"မင်းတို့သားအဖနဲ့ တို့နှစ်ယောက် ရန်ကုန်ကိုတက်မယ် ဖေဖေ။ ပြီးရင် တို့အလုပ်လုပ်ရင်း မမအိမ်ကိုရှာကြတာပေါ့"

"ငါ့မှာ လမ်းစရိတ်အတွက်တောင် ပိုက်ဆံမရှိဘူးကွ"

"ဟာ . . . မင်းသိချင်းဆိုတုန်းက ပထမဆုရထားတဲ့ပိုက်ဆံ နှစ်သိန်းက ကုန်ပြီလား"

"သုံးလတောင်ရှိနေပြီကွာ ကုန်ပြီပေါ့။ သားအတွက် နို့မှုန့် ဘူးဖိုးက တော်တော်ကိုကုန်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ပူမနေပါနဲ့။ လမ်းစရိတ်အတွက် တို့တာဝန်ထား"

တော်လိုက်တဲ့သူငယ်ချင်းတွေ။ ခင်ရာဆွေမျိုး မြို့ရပ်ဟင်းကောင်းတဲ့။ မေမေနဲ့ပတ်သက်ပြီး အနစ်နာခံတတ်ကြတာ တကယ့်ညီအစ်ကိုရင်းပမာပဲ့ ဒီအတွက်တော့ မေမေ ကံကောင်းတာပေါ့။

❀



## အခန်း (၃၀)

ဒေါ်ချောပို မြေးကို ရင်ခွင်ထဲမှာထည့်ထားပြီး လက်ကဟင်းရွက်တွေ ညှိနေတယ်။ မေမေက ထမင်းချက်နေသည်လေ။ သူတို့သားအမိက ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်ခဲ့တာတောင် ဒုက္ခပါလို့ မမြင်ရက်နိုင်အောင် အိမ့်အပေါ် ချစ်ခဲ့သူတွေ။

အခု –

ကလေးကတစ်ဖက် အလုပ်ကတစ်ဖက်နှင့် သားအမိတွေ လှုပင်ပန်း စိတ်ပင်ပန်းပါပဲ။ ဒါပေမဲ့ ပင်ပန်းလိုက်တာလို့ မညည်းနိုင်

"အမေ"

"ဟေ … ဘာလဲသား"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းအိုးကျပြီ အမေ၊ ဘာချက်ရဦးမလဲ"

"ဟင်းက ... အမေချက်မယ် သား။ ဒီမှာ ပြီးလုပြီ။ သားက မြေးလေးကို ထမင်းခွံ့ဖို့လုပ်လေ"

"ဟုတ်ကဲ့"

ဖေဖေ မီးဖိုချောင်ထဲသို့ ပြန်ဝင်သွားပြီး သားအတွက် ထမင်းခူးကာ ဆီဆမ်း ဆားဖြူး၍ ပြန်ထွက်လာခဲ့၏။

"သားရေ ... လာ ထမင်းစားရအောင်၊ ဖေကြီးဆီကို လာနော်"

"သား"

"ဗျာ"

"သားတို့ ရန်ကုန်ကို ဘယ်တော့သွားကြမှာလဲ"

"မသိသေးဘူး အမေ၊ ဟိုကောင်တွေ လမ်းစရိတ်ရအောင် ပိုက်ဆံရှာကြတုန်းပါ"

"သူတို့နှစ်ယောက်စလုံး လိုက်ကြမှာလား"

"ဟုတ်တယ် အမေ"

ဒေါ်ချောပို တိတ်ဆိတ်သွားပြီး ဟင်းရွက်ဘယ်နှစ်စည်းရှိလဲ ရေပြီးမှ –

"သူတို့နှစ်ယောက်က သားအတွက် တကယ့်ကိုသူငယ်ချင်းကောင်းတွေပါကွယ်။ လောကမှာ လူတစ်ယောက်အတွက် အရေးကြီး





ဆုံးက သူငယ်ချင်းကောင်း မိတ်ဆွေကောင်းနဲ့ တွေ့ဖို့တဲ့"

"သူတို့က သားကို သနားနေကြတာပါ"

"သနားတိုင်း ကူညီတတ်ကြတာမှမဟုတ်ဘဲ သားရယ်"

"အဲဒီလို အသနားခံရတာကိုပဲ သား ကိုယ့်ကိုယ်ကိုယ် ဝမ်းနည်းမိတယ် အမေရယ်"

"ကံတရားပေါ့ သားရယ်။ ကံကိုယုံပြီး ဆူးပုံတက်နင်းရင် ဆူးစူးမယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကံစီမံတာကိုတော့ လွန်ဆန်လို့မှ မရဘဲ"

"သား ပါးစပ်ဟ၊ ပါးစပ်ဟ"

ဖေဖေ ထမင်းခွံ့ဖို့ သားကို ပါးစပ်ဟခိုင်းတော့ ဖေရတုလေးက ပါးစပ်ဟပေးလေသည်။ ခုခေတ်ကလေးတွေက တတ်လွယ် မှတ်လွယ်ပဲလေ။ ဖေရတုက ချစ်စရာကောင်းသလို ပါးစပ်ဟဆိုတာကိုလည်း သိနေသလိုလို။

"ဟဲ့ ... သား"

"ဗျာ"

"ဟိုမှာ တံခါးထဲကိုဝင်လာတာ ဘယ်သူတွေလဲဟဲ့"

ဖေဖေ မော့ကြည့်လိုက်တော့ ကိုယ်မသိတဲ့လူတွေ။

"သားလည်း မသိဘူး အမေရဲ့"

"ဘယ်သူတွေများပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



သားအမိတွေ ကြည့်နေကြစဉ်မှာပဲ ထိုလူတွေက ပိုနီးလာကာ သူတို့ရဲ့ဦးတည်ချက်က ဇေဇေတို့သားအမိဆီ။

"ကျွန်တော်တို့ကို အိမ်ပေါ် ခဏလောက်တက်ခွင့်ပြုပါ ခင်ဗျား။ ကျွန်တော်တို့ မောင်ဇေသုတနဲ့ တွေ့ချင်လို့လာခဲ့တာပါ"

"ဪ . . . တက်ပါရှင် တက်ပါ။ လာ . . . ထိုင်ကြပါ"

ဒေါ်ချောပို ပျာပျာသလဲ သင်ဖြူးတွေယူပြီး ခင်းပေးလေ၏။ ကိုယ်မသိတဲ့ မျက်နှာစိမ်းတွေမို့ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတာတော့အမှန်။

"မောင်ဇေသုတ"

"ဗျာ"

"ဦးက ဟိုဘက်ရွာက ဦးသန်းဌေးပါ။ သူကတော့ ဦးတို့ရွာဇာတိမှာမွေးပေမယ့် အခု ရန်ကုန်မှာနေတဲ့ ဦးတင်ကိုလတ်တဲ့"

"ဟုတ်ကဲ့ . . . ဘာကိစ္စများရှိလို့လဲ မသိဘူး။ ကျွန်တော် ဘာကူညီပေးရမလဲ ခင်ဗျ"

"ဪ . . . ဒီလိုပါ။ ဦးတို့ရွာက အာစရိယပူဇော်ပွဲတုန်းက ကိုတင်ကို ရှိနေတယ်လေ။ အဲဒီတုန်းက မောင်ဇေသုတက ပထမဆု ရတဲ့သူဆိုတော့ သူ သတိထားမိသွားတယ်"

"ဟုတ်ကဲ့"

"ကိုတင်ကိုက ရန်ကုန်မှာ စားသောက်ဆိုင်ဖွင့်ထားတာ





မောင်ဇေသုတရဲ့"

"ဪ"

အကြောင်းမဲ့ သူတို့ ပိုင်ဆိုင်မှုတွေကို လာကြွားပြနေတာ မဟုတ်ဘူးဆိုတာကိုတော့ သိသည်။

ဒါပေမဲ့ –

ကိုယ်နဲ့ရော ဘာပတ်သတ်စရာရှိလို့လဲ။ ကိုယ့်အသံကို ကြိုက်လို့ စီနီးထုတ်ပေးချင်တာတို့၊ ဘာတို့ဆိုတာလည်း မဖြစ်နိုင်။ မမျှော်မှန်းရဲတဲ့အရာကို တစ်ဖက်စိတ်ကူးယဉ်လိုက်ရင်ပဲ ကိုယ် အရူးဖြစ်သွားမှာက ကျိန်းသေ။

"လိုရင်းက ဒီလိုပါမောင်ဇေသုတ။ မောင်ဇေသုတ နားလည်အောင် ပြောရရင် ဦးတို့ဆိုင်မှာ ဖျော်ဖြေရေးအစီအစဉ်ပါတယ်လေ။ အဲဒီ ဦးက ဒီမိုနီလိုင်းအဆိုရှင် တစ်ယောက်လိုချင်တာ။ အဲဒါကြောင့် မောင်ဇေသုတ ဆိုနိုင်မလားလို့ လာပြီးကမ်းလှမ်းတာပါ"

"ဗျာ"

ဇေဇေ မယုံနိုင်စွာ မျက်လုံးဝိုင်းသွား၏။ စားသောက်ဆိုင်မှာ သီချင်းဆိုရမယ်တဲ့။ သီချင်းဆိုရတာကို ဝါသနာပါပေမယ့် ဒီလောက်အထိတော့ တွေးမထားပေ။ အမေ့ကိုကြည့်လိုက်တော့ အမေကသူ့ကို ပြန်ကြည့်နေ၏။

"မောင်ဇေသုတ လက်ခံလိမ့်မယ်လို့ ယုံကြည်လို့ ဦး ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ကနေ ဒီပြန်လာပြီး ခေါ်တာပါ။ ဘယ်လိုလဲ မောင်ဖေသုတ"

"သား"

"ဗျာ အမေ"

"သားတို့ ရန်ကုန်ကို အလုပ်လုပ်သွားကြမယ့်ဆဲဆဲမှိလား။ အခု အလုပ်က ကိုယ့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာလေ။ အမေကတော့ ဖြစ်နိုင်ရင် လက်ခံစေချင်တယ်"

"ကျွန်တော် ဟိုကောင်တွေနဲ့ တိုင်ပင်ကြည့်ပါဦးမယ် အမေ"

"ဒီလိုလုပ်လေ၊ ဦးက သန်ဘက်ခါပြန်မယ်ဆိုတော့ မောင်ဖေသုတ သူငယ်ချင်းတွေနဲ့တိုင်ပင်ပြီး မနက်ဖြန်အကြောင်းပြန်ပေါ့။ တကယ်လို့ လက်ခံမယ်ဆိုရင် ဦးပြန်တော့ တစ်ခါတည်း လိုက်ခဲ့လေ။ ကိုယ့်ကားနဲ့ကိုယ်ဆိုတော့ လမ်းစရိတ်သက်သာသွားတာပေါ့"

"ဟုတ်ကဲ့ . . . ဒါဆို မနက်ဖြန် ကျွန်တော် အကြောင်းပြန်လိုက်ပါ့မယ်"

ဦးသန်းရွှေနဲ့ ဦးတင်ကိုလတ်တို့ ပြုံးတုံ့ခေါင်းညိတ်လိုက်ကြပြီး –

"ဒါဆို ဦးတို့ကို ပြန်ခွင့်ပြုပါဦး"

"ဪ . . . နေပါဦး ရေနွေးကြမ်းလေးသောက်သွားပါဦး"

"သောက်မနေတော့ပါဘူး။ အခြားကိစ္စလေးလည်းရှိလို့ သွားခွင့်ပြုပါဦးနော်"





"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ဧည့်သည်တွေ နှုတ်ဆက်ပြီးထွက်သွားလေတော့ ဒေါ်ချောပိုလည်း ဟင်းရွက်ဗန်းကိုမပြီး ထသွားလေ၏။ ပြီးမှ ပြန်လာကာ–

"သား"

"ဗျာ"

"အမေကတော့ ရတဲ့အခွင့်အရေးကို လက်မလွှတ်စေချင်ဘူးကွယ်။ တောက်လျှောက်ပင်ပန်းလာခဲ့သမျှ နောက်ထပ် သားကို ပင်ပန်းတဲ့အလုပ်တွေ မလုပ်စေချင်တော့ဘူး"

"ဟုတ်ကဲ့ပါ အမေ။ အမေ့စေတနာကို သား နားလည်ပါတယ်"

"ကဲ . . . သားလည်း မြေးလေးကို ထမင်းဆက်ခွံ့လိုက်ဦး။ အမေလည်း ချက်စရာရှိတာ ချက်လိုက်ဦးမယ်"

ဖေဖေ ခေါင်းညိတ်ပြီး သားကို ထမင်းဆက်ခွံ့လိုက်[illegible]က်ကြမှာရယ် ကျွန်တော့်ကို သနားသောအားဖြင့် ကျွန်တော်တို့မိသားစုကို ပြန်လည်ဆုံစည်းခွင့်ပေးပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"အိမ်"

နောက်ကနေ အိမ့်ကိုယ်လေးကို သိမ်းဖက်ပြီးခေါ်လိုက်တော့ ခေါင်းငြိမ်းနေတဲ့အိမ် လက်တွေရုပ်တန့်သွားကာ –

"ကို ဘာပြောမလို့လဲ ပြောလေ"

"ပြောချင်တာကတော့ ချစ်တဲ့အကြောင်းတွေပဲပေါ့"

"ပြောရတာ မရိုးသေးဘူးလားကိုရဲ့"

"ဟင့်အင်း ...ဘယ်ရိုးမှာလဲအိမ်ရဲ့။ အဲဒီစကားက အဘိုးကြီး အဘွားကြီးဖြစ်သည်အထိ ဘယ်တော့မှ ရိုးမသွားဘူး သိလား"





အိမ် သူ့ဘက်သို့လှည့်လိုက်ပြီး သူ့ခါးကိုဖက်လိုက်၏။ မင်းထက် အိမ့်လည်တိုင်ကြောလေးကိုကြည့်ပြီး စိတ်တော့မကောင်းပေ။ အိမ့်မွေးနေ့မှာ သူမွေးနေ့လက်ဆောင်ပေးထားတဲ့ ဆွဲကြိုးလေးက မရှိတော့။

ဒါကို ဘယ်ရောက်သွားလဲလို့မေးရင် အိမ် စိတ်ရှုပ်သွားဦးမှာ။ ဒါကြောင့် မမေးတော့။

"အိမ် စိတ်မကောင်းဖြစ်မိတယ်ကို"

"ဟင် ... ဘာကိုလဲ"

"ကိုနဲ့အိမ်တို့ရဲ့ ရင်သွေးလေးက ဆုံးသွားတယ်ဆိုတော့လေ"

"ဪ"

ကိုနဲ့အိမ်ရဲ့ ရင်သွေးဆိုသောကြောင့် မင်းထက်ရင်ထဲမှာ အောင့်သက်သက်။ အိမ် ရင်သွေးမှန်ပေမယ့် ကလေးအဖေက ကိုယ်မဟုတ်တဲ့ အခြားတစ်ယောက်။ အိမ့်ကိုချစ်လွန်းလို့ ပြန်ပေါင်းရပေမယ့် မင်းထက် ကိုယ့်လိပ်ပြာကိုယ်မလုံချင်း။ တစ်ဖက်လူအပေါ်မှာ မတရားရာကျနေပြီလားလို့လေ။ ပိုဆိုးတာက ကလေးအပေါ်မှာ သူ မသက်ညှာရာရောက်နေတာ။

ဆရာဝန်တစ်ယောက်ဖြစ်ပြီး ကလေးတစ်ယောက်အပေါ် မတရားတဲ့ကိုယ်ဟာ ဘာကောင်ဖြစ်နေမှန်းမသိတော့။

www.burmeseclassic.com



"ကလေးက ဘာဖြစ်လို့ဆုံးသွားတာလဲ ကို"

"အဲဒီအကြောင်းတွေ မေးမနေပါနဲ့တော့ အိမ်ရယ်။ ပြီးခဲ့တာတွေ ပြီးသွားပြီပဲဥစ္စာ။ အိမ် ငယ်ပါသေးတယ်။ နောက်ထပ် သားသားမီးမီးတွေ အများကြီးမွေးနိုင်သေးတယ်လေ"

"အင်း . . . မွေးပေးမယ်နော်။ ကို ယူမယ်မဟုတ်လား"

"ယူမှာပေါ့"

"ဘယ်နှစ်ယောက်ယူမလဲ"

"တစ်ဒါဇင်"

"အာ . . . အဲဒါတော့ လွန်တာပေါ့။ ကို မမွေးရဘိုင်း"

ချစ်မျက်စောင်းလေးကြောင့် မင်းထက် အသည်းယားစွာ အိမ့်ပါးပြင်လေးကို ဖျတ်ခနဲ ငုံ့နမ်းလိုက်၏။ အိမ်က တစ်သားမွေး တစ်သွေးလှုဆိုသလို ခုမှ ပိုလှနေတယ်တောင် ထင်ရသေး၏။

"အိမ်"

"ဟင်"

"ဘာလိုလို့နဲ့ အိမ့်မွေးနေ့တောင်နီးလာပြီနော်"

"အင်း"

ခေါင်းညိတ်ပြီး အိမ် သူ့မလည်ပင်းကိုပြန်စမ်းကြည့်ပြီး–

"ကို"

"ဟင်"





"ကို အိမ်ကို မွေးနေ့လက်ဆောင်ပေးထားတဲ့ ဆွဲကြိုးလေး အိမ့်မှာမရှိတော့ဘူး။ ကို သိမ်းထားတာလားဟင်"

"မဟုတ်ဘူး အိမ်ရဲ့။ ကိုနဲ့အိမ် အက်ဆီးဒင့်ဖြစ်တုန်းကတည်းက အဲဒီဆွဲကြိုးလေး ပျောက်ကျန်ခဲ့တာ။ ကို လိုက်ရှာပါသေးတယ်။ ရှာလို့မတွေ့ဘူးလေ"

"ဟင်"

မှသားမပါ လက်ာမချောတဲ့။ အိမ် စိတ်မကောင်းဖြစ်မှာစိုးလို့ လက်ာချောဖို့အတွက် မင်းထက် မှသားသုံးလိုက်ရခြင်းပါ။ ကို့ကို ခွင့်လွှတ်ပါ အိမ်ရယ်။ အိမ့်ကိုချစ်လွန်းလို့ ကိုယ်ပြုမိခဲ့တဲ့အပြစ်တွေ အတွက် ကိုကို့ နားလည်ပေးပါ။

အချစ်ကြောင့် –

ကို သူများအပေါ် စုတ်ချက်ကြမ်းကြမ်းနဲ့ ဆွဲချနေမိတာ ဆရာဝန်စိတ်ဓာတ်မရှိဘူးလို့ ပြောချင်လည်း ပြောကြပါစေတော့။ မယားထိ မာကြည့်တဲ့။ အိမ့်ကြောင့် မိုက်မဲနေမိတဲ့ ကို့စိတ်ဓာတ် အညစ်အနွမ်းတွေကို အခြားနေရာမှာပဲ ဆေးကြောပစ်ပါရစေတော့။

"အိမ် စိတ်မကောင်းမဖြစ်ပါနဲ့။ ဒီတစ်ခါ အိမ်မွေးနေ့မှာ ကို အစားပြန်ဝယ်ပေးပါ့မယ် နော်"

"အင်းလေ . . . ပျောက်သွားပြီဆိုတော့ ဘာတတ်နိုင်မလဲ"

"အဲဒီနေ့ကျ အိမ် ညှိခံပွဲလုပ်ချင်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်တော့ပါဘူး။ ကိုနဲ့ ဘုရားအတူတူသွားမယ်။ ပြီး ဆိုင်တစ်ဆိုင်မှာ ဒင်နာအတူတူစားမယ်လေ"

"ကောင်းပါတယ်၊ အိမ့်သဘောပါပဲ"

"ကို ဆေးရုံသွားတော့မလို့လား"

"သွားတော့မယ်လေ၊ အိမ် ဘာမှာဦးမလို့လဲ"

"မမှာတော့ပါဘူး"

"ဒါဆို ကို သွားတော့မယ်"

အိမ် ခေါင်းညိတ်ပြတော့ မင်းထက် ထွက်သွားလေလျှင်–

"ကို"

"ဟင်"

မင်းထက် လှည့်ကြည့်တော့ အိမ်နောက်ကနေလိုက်လာပြီး မျက်နှာချင်းဆိုင်ရပ်မိရိုန်မှာ ခြေဖျားလေးထောက်ပြီး မင်းထက်မေးစေ့ကို မော့နမ်းလေလျှင် ရင်ထဲမှာ ပန်းပေါင်းများစွာ ပွင့်သွားသလိုပါပဲ။



## အခန်း (၃၂)

ကိုရွှေတောသား ဖေဖေတို့အဖွဲ့ ကလေးတစ်ယောက်ကို တစ်လှည့်စီချီလို့ ရန်ကုန်မြို့ကြီးကိုတဲ့ရောက်လာခဲ့ပါပြီ။ ဖေဖေ သား လေးကို မထားခဲ့နိုင်ဘူးလေ။ ကလေးတစ်ယောက်နဲ့ အမေ့ကို ဒုက္ခ မရောက်စေချင်။ ဒါကြောင့်ပဲ သားကိုခေါ်လာခဲ့တာဖြစ်၏။

ကားရပ်သွားလို့ ကားပေါ်ကဆင်းကြမယ်ဆိုတော့ ကား တံခါးကို တစ်ယောက်မှမဖွင့်တတ်။ ဒါကြောင့် စောဦးကပဲ –

"ဦးလေး ... ဦးလေး"

"ဟေ"

ဦးတင်ကိုလတ်ကို လှည့်ကြည့်လေလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ကားတံခါးမဖွင့်တတ်ဘူးဗျ။ လာဖွင့်ပေးပါဦး"

"အေး . . . အေး"

ဦးတင်ကိုလတ် ကားတံခါးဖွင့်ပေးလို့ ဆင်းကြပြီးနောက် သူတို့ လောလောဆယ်နေဖို့ ဈေးချိုချိုနဲ့ ငှားထားတဲ့ အိမ်လေးသို့ ရောက်လေလျှင် တာတီးက နှာခေါင်းရှုံ့ပြီး –

"ဦးလေး ကျွန်တော်တို့ ဒီအိမ်မှာနေရမှာလား"

"အေးလေ . . . မင်းတို့က တိုက်ခန်းငှားနေနိုင်တဲ့ လူတွေမှ မဟုတ်တာ။ အဲဒါကြောင့် ငါက ဈေးအချိုဆုံးနဲ့ရတဲ့ အိမ်ကို ငှားပေးထားတာကို။ အဲလေ ငါ့မိန်းမငှားပေးထားတာ"

"ဦးလေးမိန်းမက ကျွန်တော်တို့လာမယ်ဆိုတာ ဘယ်လိုသိလဲ"

"ဩော် . . . ငါ ကြိုပြီးဖုန်းဆက်ထားတာပေါ့"

တာတီးက နှာခေါင်းရှုံ့မပြေဘဲ –

"ဟွန်း . . . ရန်ကုန်မြို့ထဲဝင်လာကတည်းက ဘာစော်တွေ နံမှန်းကို မသိဘူး။ ရေပုပ်နံ့နဲ့ ကားဩော်နံ့တွေနဲ့ ခေါင်းတွေတောင် မူးတယ်။ အိမ်ကလည်း ကြည့်ဦး။ တို့ဆီက ဝါးပိုးဝါးနဲ့ ဆောက်တဲ့ အိမ်လောက်တောင် မကျယ်ဘူး။ အသက်ရှူရမှာတောင် ဘယ် အပေါက်ကလေ ဝင်လာမလဲ ချောင်းနေရမှာမျိုး"





"မင်းကလည်းကွာ။ ညည်းလိုက်တာ ခြူသံခလောက်သံ ပါနေတာပဲ။ ရောမရောက်ရင် ရောမလိုကျင့်ရမှာပဲလေ"

"ဒါ ရောမ မဟုတ်ဘူးကွ။ ကြည့်ပါဦး လေဝင်ပေါက်မနည်း ရှာရမယ့်အိမ်။ ကျွန်တော်တို့ကို ပညာသားနဲ့ ထောင်ချတာလား ဦးလေးရယ်"

"ဟာ . . . ဒီကောင်တော့"

ဇေဇေနဲ့စောဦး တစ်ဖက်လူကို အားနာစွာနှင့် တာတီးပါးစပ် ကို လိုက်ပိတ်၏။ တောသားတွေဆို ရင်ထဲမှာရှိရင် ရှိတဲ့အတိုင်းပဲ ပြောတတ်ကြတာ။

"ကဲ . . . ငါတူ"

"ဗျာ"

"ဦးဘက်ကတော့ တာဝန်ကျေပြီနော်။ ဒီနေ့တော့ နားလိုက် ပါဦး။ မနက်ဖြန်ကစပြီး မောင်ဇေသုတ အလုပ်ဆင်းလို့ရပြီ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဦး"

"ဒါဆို ဦးကိုပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ဦးတင်ကိုလတ်ပြန်သွားပြီးမှ ပြန်လှည့်လာကာ –

"ဩော် . . . မောင်ဇေသုတ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီအလုပ်ကိုလုပ်တဲ့နေရာမှာ အဝတ်အစားကောင်းကောင်း ဝတ်ဖို့တော့လိုတယ်နော်။ မင်းက ရုပ်လေးလည်းချောတော့ အဆင်ပြေမှာပါ။ လောလောဆယ်တော့ ဦးပဲစိုက်ထုတ်ပြီး ဝယ်လာပေးပါ့မယ်။ နောက်မှ တဖြည်းဖြည်းပြန်ဆပ်ပေါ့"

"ဟုတ်ကဲ့ ... အဲဒီအတွက် ထပ်ပြီးကျေးဇူးတင်ပါတယ် ဦး"

"အေး အေး ...ဦးသွားလိုက်ဦးမယ်"

ဒီတစ်ခါတော့ ဦးတင်ကိုလတ် ပြန်လှည့်မလာတော့။ အားနာရမယ့်သူမရှိတော့တာနှင့် တာတီး ကျောပိုးအိတ်ကို ဖုန်းခနဲပစ်ချကာ လူကလည်း ထိုင်ချလိုက်တာ စိတ်ပျက်လက်ပျက်။ မရောက်မှုခင်က တော့ လာချင်လိုက်တဲ့ရန်ကုန်။ အခု ရန်ကုန်ကိုရောက်မှပြီဆိုတော့ မှားမှန်းသိပြီ။

ဦးသိန်းတန်ပြောသလို –

ဩော် ... ရန်ကုန် ရန်ကုန် ရန်ကုန်ဆိုတာ ဒါပါလားဆိုတာမျိုးပေါ့။

"ဖြည်းဖြည်းသက်သာလည်းလုပ်ပါ တာတီးရာ။ အိမ်ကျိုးကျသွားပါဦးမယ်"

"မင်းတို့က အဲဒါပဲ သိတာ။ ငါ တော်တော်စိတ်ညစ်နေပြီ သိလား"





"မင်းကလည်း နည်းနည်းပါးပါး သည်းခံမှပေါ့။ နောက်တော့ နေသားကျသွားမှာပါ"

"နေသားမကျခင် အရေးပြားတွေတောင် ရှုံ့ပုပ်စော်နံလာပြီလားမသိဘူး"

"အဲ ဝါး ဝါး"

"ဟင်"

ကလေးက ရုတ်တရက်ထငိုတော့ အားလုံးလန့်သွားကာ–

"ဟာ ... ရတုဘာဖြစ်တာလဲ"

"ငါ့သား ဗိုက်ဆာပြီထင်တယ်ကွ။ မေ့နေလိုက်တာ ရော့ သား ချိုချိုစို့နော်"

နို့ဘူးကိုပါးစပ်ထဲထည့်ပေးလိုက်မှပဲ ဇရေတုလေးက အငိုတိတ်ကာ နို့ဘူးကိုစုပ်ရင်း ဟိုကြည့်ဒီကြည့်။ အမိမဲ့သား ရေနည်းငါးတဲ့ သားလေးက အမိမဲ့သားဖြစ်နေတာတော့မှန်ပြီ။ ဒါပေမဲ့ သားရဲ့ဘဝကို ရေနည်းငါးလိုတော့ ဖေဖေ အဖြစ်မခံနိုင်။ ကိုယ်အသက်ရှင်နေသရွေ့ သားဘဝ အေးချမ်းသာယာစေဖို့အတွက် မေတ္တာစမ်းရေတွေ တစိမ့်စိမ့် စီးဆင်းပေးနေမှာပါ။

ဩော် ... မမအိမ်ရယ်။

စွန့်ခွာသွားသူကို တွေ့အောင်လိုက်ရှာဖို့ဆိုတာ လွယ်မှ လွယ်ပါ့မလား။ မမအိမ်ကို ကျွန်တော်အရမ်းချစ်တယ်။ ပြန်လာခဲ့ပါ မမအိမ်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ချက်ပြုတ်စားဖို့ အိုးတွေ၊ ပန်းကန်တွေရှိလား သွားကြည့်ဦးမှ"

စောဦး ထသွားတော့ ဖေဖေနဲ့တာတီးက ကိုယ့်ကျောပိုးအိတ်ကလေးတွေ ကိုယ်ခေါင်းအုံးလို့ အမောဖြေလိုက်ကြတာ မှေးခနဲပင် အိပ်ပျော်သွားတော့။

နောက်နေ့ ဖေဖေ စပြီးအလုပ်ဆင်းတော့ စောဦးလည်း အလုပ်တစ်ခုရှာဖို့ထွက်သလို တာတီးက ခပ်ပျင်းပျင်းကောင်ဆိုတော့ ကလေးထိန်းပေါ့။ ကိုယ့်အလှည့်မရောက်ခင် ဖေဖေအလုပ်သဘော အရ သနပ်ခါးဖုန်ဖုန်လေးလိမ်းပြီး အဝတ်လဲလိုက်တော့ တာတီးမှာ ဖေဖေ့ကို စုန်ချည်ဆန်ချည် ကြည့်ရှု –

"ခုလို ဘောင်းဘီတွေ ဘာတွေဝတ်လိုက်တော့ မင်းက တကယ်ချောတဲ့ကောင်ပဲ။ ဗီဇယိုထဲက မင်းသားအတိုင်းပဲ သိလား"

"မင်းက ကြည့်ကောင်းနေ၊ ဒီမှာ ဘောင်းဘီနဲ့မနေတတ်လို့ ဒုက္ခရောက်နေတာ"

"နောက်တော့ ကျင့်သားရသွားမှာပါ"

"သားရေ ဖေကြီး သီချင်းသွားဆိုလိုက်ဦးမယ်နော်"

"ပေ ပေ ပေ"

သားရဲ့ပါးပြင်လေးကို ဖျစ်ညှစ်လိုက်တော့ သားက သူ့နောက် ကိုလိုက်ချင်ဟှာ လက်ကမ်းလေလျှင် စိတ်က နောက်ဆံတင်းနေပြန်တော့။





"သားအဖေကြီးဆီ လိုက်ချင်လို့လား . . . ကဲ လာကွာ"

"ဟာ . . . ဟော့ကောင်"

"ဟင် . . . ဘာလဲ"

တာတီးက ကလေးကိုမပေးဘဲ နောက်ဆုတ်သွားပြီး –

"တော်ကြာ စင်ပေါ်တက်ကာနီးမှ ကလေးသေးပန်းချနေဦး မယ်"

"စောစောကမှ တစ်ခါပေါက်ထားတာ မပန်းပါဘူး"

"ကိုဖေသုတ၊ ကိုဖေသုတ အလှည့်ရောက်ပြီ"

"ဗြော် . . . အင်း"

ကိုယ့်အလှည့်ရောက်ကြောင်း ကြေညာနေပြီမို့ သားရဲ့ပါးပြင် လေးကို ဖျတ်ခနဲငုံနမ်းပြီး စင်ပေါ်တက်ကာနီး ပြန်ကြည့်လိုက်တဲ့ အကြည့်က သားနဲ့ တစ်သက်လုံးပဲဝေးသွားရမလို ခံစားချက်နှင့် မျက်ဝန်းတွေက ရီဝေဝေ။

"ကဲ . . . နောက်ဆံတင်းမနေနဲ့ သွားပါတော့"

တာတီးပြောမှ ခေါင်းညိတ်ပြီးထွက်လာခဲ့ခြင်းမှာ ရင်ထဲမှာ ဘာတွေမှန်းမသိတော့။

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"အင် အင် အင်း"

ပုခက်ထဲမှာသိပ်ထားတဲ့သားက လူးလွန့်ပြီး နိုးလာသဖြင့် ဖေဖေ ထသွားလိုက်တော့ တအင်အင်ညည်းရင်း သားက မျက်လုံးမဖွင့်၊ သေသေချာချာငုံ့ကြည့်လိုက်တော့ သားရဲ့မျက်နှာလေးက ရဲနေသလိုလို။ ဖေဖေ မသင်္ကာတာနှင့် နဖူးကို လက်ဖဝါးနှင့်စမ်းကြည့်လိုက်တော့ –

"ဟာ ... သား ကိုယ်တွေခြစ်ခြစ်တောက်ပူနေပါလား။ သား ... သားလေး"

"အင် ... အင်း"





"သား"

ဖေဖေ စိုးရိမ်စိတ်တို့နှင့် ဒိန်းခနဲဖြစ်ကာ သားကို ချက်ချင်း ပွေ့ချီလိုက်၏။ ပြီး ပျာပျာသလဲနှင့် –

"တာတီး တာတီးရေ"

"ဗျော"

တာတီးကိုအော်ခေါ်တော့ တာတီးက မီးဖိုချောင်ထဲမှ ပြန်ထူးလေလျှင် တာတီးထွက်အလာကို မစောင့်နိုင်ဘဲ ဖေဖေ သူ့ပဲ သုတ်သီးသုတ်ပျာသွားလိုက်ပြီး –

"တာတီး"

"ဘာလဲကွ ဘာဖြစ်လာတာလဲ"

"သား ... ငါ့သား ကိုယ်တွေအရမ်းပူနေတယ်ကွ။ လုပ်ပါဦး"

"ဟုတ်လား မှန်း"

တာတီး ယောက်မတစ်ဖက် လက်နှီးတစ်ဖက်ကိုင်ထားရင်းမှ တစ်ဖက်တည်းပူးကိုင်ဖြစ်သွားကာ ကျန်လက်တစ်ဖက်က ရတုနဖူးလေးကိုစမ်းကြည့်ပြီး –

"ဟာ ... ဟုတ်တာပဲ၊ ဒါဆို ဆေးခန်းမြန်မြန်သွားမှဖြစ်မှာပေါ့"

"အေး ... ဒါဆို ငါ ဆေးခန်းပြေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အေး"

မြို့မှာဆိုတော့ ဆေးခန်းသွားရင် ပိုက်ဆံက ဘယ်လောက်ကုန်မယ်မှန်းမသိ။ ဒါကြောင့် ဖေဖေ ရှိတုန်းမဲ့စုပိုက်ဆံလေးတွေ အကုန်ယူခဲ့ပြီး ဆေးခန်းသို့ပြေးခဲ့ရ၏။ ကိုယ့်နေရာဒေသမဟုတ်တော့ ဆေးခန်း ဘယ်နေရာရှိမှန်းမသိ။ ဒါကြောင့် တက္ကစီငှားစီးလို့ ပိုက်ဆံပိုကုန်ပေမယ့် ကိုယ့်သားထက် အရေးကြီးတာဘာရှိလဲ။

"သိပ်လည်း စိတ်မပူပါနဲ့ ကလေး မကြာခင် ကိုယ်ပူကျသွားမှာပါ။ သောက်ဆေးလည်း ပေးလိုက်မယ်လေ"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဆရာရယ်။ သားလေး တစ်ခုခုဖြစ်ရင် ကျွန်တော် ရင်ကွဲရမှာဗျ။ သားက ကျွန်တော့်ဘဝ ကျွန်တော့်အသက်ပါ"

"ဒါနဲ့ ကလေးက အမေမရှိဘူးလား"

"ဗျာ"

ဗျာဆိုပြီး မော့ကြည့်လိုက်တဲ့မျက်နှာက ချက်ချင်းပဲ ညှိုးလျော် နွမ်းလျသွားလျက် –

"ဟုတ်ကဲ့ . . . လောလောဆယ်တော့ သားလေးမှာ အမေ မရှိပါဘူး ဆရာ"

"ဟ . . . မင်းစကားက ဘာလဲကွ။ ရှိရင်ရှိတယ် မရှိရင် မရှိဘူးပေါ့"





"သားလေးအမေက ဆုံးသွားတာမျိုးမဟုတ်ဘူး ဆရာ။ အသက်ရှင်လျက်နဲ့ ပျောက်သွားတာ။ အဲဒါကြောင့် ကျွန်တော်တို့ သားအဖ သူပြန်လာမယ့်နေ့ကို စောင့်မျှော်နေတာပါ"

အသံက လှိုင်းထွတ်ကြေကွဲမှုတို့နှင့် အဖျားခတ်တုန်ခါသွားပြီး မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်ဥတွေဝေ့လာတာမြင်တော့ ဒေါက်တာမင်းထက်စံ စိတ်မကောင်းဖြစ်ကာ မေးမိတဲ့ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်လိုက်မိ၏။

ငိုချင်လျက်လက်တို့ပေးသလို ဖြစ်နေပြီလား။

ကလေးအမေက ပျောက်သွားတာဆိုတော့ အိမ်ထောင်ရေး ဖောက်ပြန်သွားတာလားမသိ။ ကလေးလေး သနားပါတယ်လို့ မျက်နှာလေးကို သေသေချာချာငုံ့ကြည့်လိုက်တော့ ကလေးရဲ့နှုတ်ခမ်းလေးနဲ့ မျက်လုံးလေးတွေက ကိုယ်နဲ့ ရင်းနှီးနေသလိုလို။

"ဆရာ"

"ဟင်"

"ဆေးဖိုးဝါးက ဘယ်လောက်ကျလဲ ဆရာ"

မင်းထက်စံ သားအဖနှစ်ယောက်စလုံးကို ကရုဏာသက်မိခြင်းများနှင့် –

"နေပါစေ ညီ၊ အစ်ကို ကလေးအပေါ် စေတနာထားသွားတာကြောင့် မယူပါရစေနဲ့"

www.burmeseclassic.com



သနားတာဆိုရင် ကြိုက်ချင်မှကြိုက်မှာမို့ ဒီလိုပြောလိုက်ရခြင်းပါ။

''မဟုတ်တာ ဆရာရယ်၊ ယူပါ''

''အစ်ကို့စေတနာကို လက်ခံပါ ညီလေးရယ်။ အစ်ကို ဒီကလေးကို မြင်မြင်ချင်း ချစ်မိလို့ ကူညီတာပါ''

ထပ်ငြင်းနေရင် တစ်ဖက်သားရဲ့စေတနာကို စော်ကားသလိုဖြစ်မှာစိုးတာနဲ့ ဖေဖေ သက်ပြင်းချကာ လက်ခံလိုက်ရတော့၏။

''အဲဒီအတွက် ထပ်ဆင့်ပြီးကျေးဇူးတင်ပါတယ် ဆရာ''

''ဒါနဲ့ ညီ့နာမည်က ဘယ်လိုခေါ်လဲ''

''ဖေသုတပါ''

''ဖေသုတ''

''ဟုတ်ကဲ့''

''ဩော်''

ယင်ယင်ရွယ်ရွယ် ချောချောမောမောလေး ရင်ခိုင်နေရတဲ့ဒုက္ခက သေးပုံမပေါ်။ ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေမှာပေါ့။

''ကလေးရဲ့နာမည်ကရော''

''ဖေရတုပါ''

''နာမည်လေးက ချစ်စရာလေးပဲ။ မျက်နှာလေးကလည်းချစ်စရာကောင်းတယ်နော်''





''သားက သူ့အမေနဲ့တူတာ ဆရာရဲ့''

''ဟုတ်လား''

ပြောပြီး မင်းထက်စံ ကလေးရဲ့နှုတ်ခမ်းသားလေးကိုလက်ညှိုးနှင့်တို့ထိကြည့်ပြီး ရင်ထဲမှာ ကြည်နူးသွားသလိုလို၊ ကိုယ်လည်း ဒီလို ချစ်စရာကောင်းတဲ့ ရင်သွေးလေးတစ်ယောက်လောက်လိုချင်နေတာ။

''နောက်လည်း ကလေးနဲ့ပတ်သက်ပြီး အကူအညီလိုရင်ပြောပါညီ။ အစ်ကို တတ်နိုင်သလောက် ကူညီပါ့မယ်''

''ဟုတ်ကဲ့၊ ဆရာ့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားကလွဲရင် ဘာပြောရမှန်းတောင် မသိတော့ဘူး''

''ဖေသုတက အခု ဘာအလုပ်လုပ်လဲ''

''စားသောက်ဆိုင်မှာ သီချင်းဆိုပါတယ် ဆရာ''

''အဆင်ပြေရဲ့လား''

''ဟုတ်ကဲ့ ပြေပါတယ်''

''ဒီမှာ သောက်ဆေး။ မနက်တစ်ကြိမ် ညတစ်ကြိမ် တိုက်ရမယ်။ အစ်ကို သုံးရက်စာပေးလိုက်မယ်။ မသက်သာရင် ပြန်လာခဲ့ပေါ့နော်''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦးနော်''

''ကောင်းပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဆေးတွေကိုယူပြီး သားကိုချီကာ ဆေးခန်းထဲမှ ပြန်ထွက်လာခဲ့၏။ သားက ပခုံးပေါ်မှာ မှေးနေသည်။ သက်သာသွားလို့ပဲဖြစ်မှာပေါ့။

ကံကောင်းထောက်မစွာ စေတနာဆရာဝန်နဲ့တိုးလို့ ဆေးဖိုးဝါးခ မကုန်တဲ့အတွက် တော်သေးတာပေါ့။

အိမ်ကိုပြန်ရောက်တော့ တာတီးက ပျာပျာသလဲနှင့် –

“ဆေးခန်းက ပြန်လာပြီလား။ ရတုလေး ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား”

“အင်း ... သက်သာသွားပါပြီ”

“တော်ပါသေးရဲ့၊ ငါက စိတ်ပူနေတာကွ”

ကလေးက အိပ်ပျော်နေတာမို့ ဖေဖေ ပုခက်ထဲမှာထည့်သိပ်လိုက်ပြီး တာတီးဆီသို့ ပြန်လျှောက်လာကာ –

“ဆရာဝန်က ငါ့သားကို မြင်မြင်ချင်းချစ်သွားပုံ ရတယ်ကွ။ ဆေးဖိုးဝါးခ တစ်ပြားမှမယူလိုက်ဘူး။ ပြီးတော့ လိုအပ်တဲ့ အကူအညီရှိရင် ပြောပါတဲ့”

“ဟုတ်လား ... အဲဒါ မင်းတို့သားအဖ ကံကောင်းတာပေါ့”

“အင်း ကံဆိုးခြင်းတွေကနေ ပေါက်ကွဲလွင့်စင်ပြီး ထွက်လာတဲ့ အပိုင်းအစလေးတစ်ခုပဲ ဖြစ်မှာပါ”





တာတီး ဖေဖေ့ပခုံးကို ဆုပ်ကိုင်လိုက်ပြီး –

“ဒီလောက်လည်း အားငယ်မနေပါနဲ့ ဖေဖေရာ။ မှောင်မိုက်ရက်တွေ ကုန်ဆုံးသွားတဲ့အခါ လသာရက်ဆိုတာ မင်းဘဝမှာ ရှိလာမှာပါ”



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

အိမ် မွေးနေ့မို့ ဒီနေ့ လင်မယားနှစ်ယောက် ဘုရားသွားခဲ့ကြသည်။ အိမ်ပြောထားသလို ခင်နှာစားဖို့အတွက်တော့ စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်တွင် –

"မင်းဆိုတဲ့ကောင်ကလေ ကလေးကို ငါတို့ထိန်းထားမယ်၊ အိမ်မှာထားခဲ့လို့ ပြောတာကို ပြောလို့ကိုမရဘူး။ အခု သွားလေရာမှာ ကလေးချီထားတာ ဘယ်လောက်အောက်လဲ"

"အောက်ရုံမကလို့ ဘာဖြစ်ဖြစ် ငိုသား ငါချီတာ ဘာဖြစ်လဲ။ ငါက လူပျိုမှ မဟုတ်တာ၊ ကလေးအဖေ"

"အသံကောင်းဟစ်မနေနဲ့။ ရတုလေးကို တို့နဲ့ထားခဲ့လည်း





တို့က ကိုက်ဖဲ့မစားဘူး။ အခုတော့ တို့မှာ အပင်ပန်းခံ ကားခပိုက်ခံ အပိုကုန်ခံပြီး လိုက်လာရတာ"

"အဲဒီပိုက်ဆံက ငါ့ပိုက်ဆံလေ။ အပိုတွေမပြောနဲ့"

"တို့က စေတနာနဲ့ပြောတာပါ။ မင်းက ကလေးအဖေလို့ မထင်ရအောက်အောင်ကို ချောနေတော့ နှမြောနေတာ"

"နှမြောမနေနဲ့။ အမှန်တရားက ပန်းကန်ပြားနဲ့ ဖုံးဖိထားလို့ မရဘူး"

စကားပြောရင်း ဖြတ်သွားကြတဲ့လူတွေကို လိုက်ကြည့်လိုက်တော့ ဖေသုတ။ နာမည်လှသလို လူကလည်း ချောသည့်အပြင် သနားစရာဘဝလေးမို့ မင်းထက်စံ ကောင်းကောင်းမှတ်မိနေတာပါ။ ငယ်ငယ်ရွယ်ရွယ် ချောချောမောမောလေးကို ဘဝကျ ဘာလို့ မလှပါလိမ့်။

"အိမ် ခဏနေဦးနော်"

"ဟင် ... ကိုက ဘယ်သွားမလို့လဲ"

"ဟိုမှာ အသိတစ်ယောက်မြင်လိုက်လို့ပါ ခဏလေး"

"ဒါဆို သွားလေ"

မင်းထက်စံ ထသွားပြီး ဖေဖေ့နောက်ကို လိုက်သွားလိုက်၏။ သူ ဒီကောင်လေးကို ဘာကြောင့် မသိစိတ်က ငြိတွယ်နေမိမှန်းမသိ၊ ကလေးကို ချစ်မိသွားတာကြောင့်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဇေယျတ . . . ဟေ့ ဇေယျတ"

"ဗျာ"

သုံးယောက်စလုံး လှည့်ကြည့်လာပြီး ဇေယျတ သူ့ကို မြင်သွားလေတော့ –

"ဟာ . . . ဆရာ"

"မင်း သီချင်းဆိုတာ ဒီဆိုင်မှာလား"

"ဟုတ်ကဲ့ ဆရာ၊ ဆရာက ဒီဆိုင်မှာ လာစားတာလား"

"ဟုတ်တယ်၊ ဒီနေ့ အစ်ကို့ဇနီးမွေးနေ့လေ။ တစ်နေကုန် ဘုရားတွေလျှောက်သွားပြီး ဒီဆိုင်မှာ ဒင်နာဝင်စားတာ"

"ဪ"

"မင်းကို အစ်ကို့ဇနီးနဲ့ မိတ်ဆက်ပေးချင်တယ်၊ ခဏ လောက် လိုက်ခဲ့ပါလား။ သူက ကလေးချစ်တတ်တယ်ကွ။ ဇေရဝှ လေးကိုလည်း ပြချင်လို့ပါ"

"ရပါတယ် ဆရာ၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်"

ဇေဇေ မင်းထက်စံခေါ်ရာနောက်သို့ လိုက်လာခဲ့၏။ သူက ကိုယ့်ကို ခင်လို့ ကိုယ့်ကို သူ့ဇနီးနဲ့ မိတ်ဆက်ပေးချင်တာကို ငြင်းလို့ ကောင်းမလား။ မင်းထက်စံက သူ့ဇနီးရဲ့ဘေးမှာ ရပ်လိုက်တော့ ဇေဇေက နောက်ကျောဘက်မှာ။

"အိမ်"





"ဟင်"

"အိမ့်ကို ကို့အသိတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့"

"အင်း"

"ဇေရဝှ . . . လာ ဒီဘက်ကို"

သူ ခွဲခေါ်ရာနောက်မှာ ရပ်လိုက်မိတော့ မျက်နှာကိုကြည့်လို့ ရတဲ့အနေအထားမှာ –

"အိမ် . . . သူက ဇေယျတတဲ့။ ဒီဆိုင်မှာ သီချင်းဆိုတာလေ။ သူ့သားလေးနာမည်ကတော့ ဇေရဝှတဲ့"

"ဟင်"

မော့ကြည့်ပြီး ပြုံးပြတဲ့မျက်နှာနှင့် အကြည့်ချင်းဆုံသွားတော့ ဇေဇေ အံ့သြစွာ မျက်လုံးလေးဝိုင်း၊ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ သူမကလည်း အိမ်ပဲလား။ နာမည်နဲ့လူကို တွဲလျက်မြင်လိုက်တာနှင့် ရင်ထဲမှာ မြည်ဟီးသံတွေ ဆူညံသွားသလို။ မမအိမ် သူ့ရဲ့မမအိမ်မှ မမအိမ်အစစ်ပါပဲ။

မမအိမ်ရယ် . . .

လို့ စိတ်ထဲမှာ အထပ်ထပ်ရေရွတ်ရင်း ရင်ဘတ်တစ်ခုလုံး ပေါက်ကွဲသွားတော့မတတ်။ ဆရာက မမအိမ့်ရဲ့ယောကျ်ားတဲ့လား။ ဆုံမှဆုံတတ်လေပ။ ထိန်းထားသည့်ကြားမှ သားမျက်နှာလေးကို ငုံ့ကြည့်ပြီး မျက်ရည်က ဝေ့ခနဲတက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်လိုက်တာ မမအိမ်ရယ်။ ကျွန်တော်တို့သားအဖ အပေါ်မှာ မမအိမ် သိပ်ရက်စက်တာပဲ။ ကျွန်တော့်ရင်ခွင်ထဲက သား လေးမျက်နှာကို ကြည့်လိုက်စမ်းပါ။ မိခင်ရှိလျက်နဲ့ အမိမဲ့နေရတဲ့ သားလေးက မမအိမ်ရဲ့သား။ မမအိမ်ရဲ့ရင်သွေးပါ။ ချစ်တယ်လို့ တဖွဖွရွတ်ခဲ့ပြီး ခုတော့ တကယ်မေ့နိုင်ပြီပေါ့။

ဒါပေါ့လေ ...

သစ်ပင်နဲ့ငှက်တို့ရဲ့သဘာဝအတိုင်း ငှက်က အစာဝလို့ ဌာန ပြန်သွားရင် သစ်ကိုင်းကတော့ လှုပ်ခါကျန်ရစ်ရမြဲပါ။ တစ်နေ့စာ ဆန်ကုန်ရင် နောက်တစ်နေ့စာ ဆန်အပြေးအလွှားရှာရတဲ့ဘဝမျိုး ထမင်းဘယ်ကရလဲ ဆန်အိုးထဲကဆန်ကို ခပ်ချက်ရင်ရတယ်ဆိုတဲ့ ဘဝ တူမှမတူညီကြပဲလေ။

ရက်စက်ပါ။

ဒီလိုဖြစ်လာနိုင်မှန်းသိသိနဲ့ ချစ်ခဲ့မိတဲ့နှလုံးကို မမအိမ် ကြိုက် သလောက် ရက်စက်ပါတော့။

"တွေ့ရတာ ဝမ်းသာပါတယ် ဖေသုတ။ ကလေးက ချစ်စရာ လေးနော်။ မမ ခဏလောက်ချီလို့ရမလား"

တစ်ဖက်က လက်ကမ်းပေးမယ့် သားကို ဖေဖေ မပေးမိဘဲ ဖက်ထားမိတာ ခပ်ကျစ်ကျစ်။

"ဖေသုတ ... သူက အစ်ကို့ဇနီးလေ ရွှေအိမ်စံသူတဲ့"





ဖေဖေ အသံမတုန်အောင် အတတ်နိုင်ဆုံး ထိန်းရင်း –

"ဟုတ်ကဲ့ ကျွန်တော်ကလည်း တွေ့ရတာ ဝမ်းသာပါတယ်"

"မမ ကလေးကို ခဏလောက်ချီပါရစေနော်"

မချိတင်ကဲပြုံးရင်း ဖေဖေ ကလေးကိုပေးလိုက်စဉ် မြင်နေရ တဲ့ စောဦးနဲ့တာတီး ဘယ်လိုမှ မခံစားနိုင်တော့။ ကာယကံရှင် ဖေဖေ မပြောနဲ့ သူတို့အနေနဲ့တောင် ခံစားရတာ သက်သာသလား။

ဒါကြောင့် –

ဖေဖေဆီသို့လျှောက်သွားလိုက်ကြပြီး –

"ဖေဖေ"

"ဟော့ကောင် မင်းအလှည့်ရောက်တော့မယ် လာ"

"ကလေးပြန်ပေးပါ"

စောဦးက ဖေဖေ့ကိုဆွဲခေါ်ပြီး တာတီးက အိမ်လက်ထဲက ကလေးကို ပြန်ခေါ်ပြီးထွက်လာခဲ့ကြသည်။ ဖေဖေ့ကိုယ်စား သူတို့ မခံစားနိုင်တာ လွန်သလား။

"မင်း အဲဒီလောက် နွားကျရသလား ဖေဖေ။ ဘာဖြစ်လို့ ဟန်ဆောင်ပြုံးနဲ့ လက်ခံစကားပြောနေရတာလဲ။ ပြောလိုက်ပါလား၊ အိမ်က ကျွန်တော့်မိန်းမ၊ ကလေးကလည်း သူ့ကလေးလို့"

"မင်းဘဝထဲကို ရောက်လာတုန်းကတော့ အတိတ်မေ့ပြီး ဘာမှမသိဘူးတဲ့။ အခုကျတော့ မင်းကို မသိပြန်ဘူးလား။ မတရား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကွာ"

"ဒီအတိုင်း ငြိမ်ခံနေလို့ မဖြစ်ဘူး။ ဟိုလူကို ငါသွားပြောမယ်"

"ပြောကွာ"

"စောဦး"

ဇေဇေ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျကာ စောဦးလက်ကို ဖမ်းဆွဲထားလိုက်ပြီး –

"ငါ့ဘဝကိုက ဒီလိုဖြစ်လာဖို့ ကံပါလာတာပါ စောဦးရာ။ မပြောပါနဲ့၊ မပြောပါနဲ့တော့ ငါတောင်းပန်ပါတယ်။ သူများတွေရဲ့ ပျော်ရွှင်မှုကို ငါ မဖျက်ဆီးပါရစေနဲ့။ ငါ့ဘဝနဲ့ငါ ရှိပါစေတော့ကွာ"

"ဘာ"

"ပေ ပေ ပေ"

"သား"

သားက ဖအေနောက်လိုက်ချင်လို့ လက်ကမ်းလေလျှင် ဇေဇေ သားကိုခေါ်လိုက်ပြီး ရင်ခွင်မှာပိုက်ကာ –

"သားရယ်"

"ပေ ပေ အက် ဝါး"

ကလေးကလည်း သိနေသည့်အလားပမာ ဖအေဝိုနေတာကို ကြည့်ပြီး မဲ့ကာ မဲ့ကာ ငိုလေတော့ တာတီးနှင့်စောဦးမှာလည်း





မျက်ရည်တွေကျလာပြီး –

"ဇေဇေ မင်းကွာ . . . ဟီး"

"ဒါက ငါ့ဘဝ၊ ငါ့ဘဝက ဒါလားကွာ"

"သူငယ်ချင်းရာ"

"အဲဒါကြောင့် မင်းကို ငါပြောခဲ့ဖူးပါတယ်။ ခြေနှစ်ချောင်းလည်း မကယ်နဲ့ မင်းလေ့မျှောလည်း မဆည်နဲ့လို့၊ အခု မင်းကယ်မိလို့ ဒုက္ခရောက်ပြီ မဟုတ်လား။ မင်း အိမ့်မှန်ကိုသာယူရင် ဒီလိုမဖြစ်ဘူးကွ"

"ဟုတ်တယ်၊ မင်း မမအိမ်ကိုကယ်မိလို့ ခုလိုဖြစ်ရတာ။ အဲဒီတုန်းကတည်းက သေသေဆိုပြီး ထားခဲ့လိုက်ရမှာ။ ခုတော့ကွာ တောက်"

"ငါက ရတုလေးကို ပိုပြီးသနားတာကွ။ ကြည့်စမ်း သူ့ခမျာ မအေရှိလျက်နဲ့ မိခင်နို့ကိုမစို့ရတဲ့ဘဝ။ ငါစိတ်ရှိတိုင်း သွားပြောရရင်တော့"

"ငါတို့သားအဖကိုက ဘဝပေးကံသိုလ်ကံ မကောင်းတာပါကွာ။ ပြီးခဲ့တာတွေ ပြီးပါစေတော့"

"တို့က မပြီးနိုင်ဘူးကွ။ ရေနစ်နေတဲ့သူကို သေမှာစိုးလို့ ကယ်တာ ကိုယ်ပါနစ်ပြီး ဝါးကူအထိုးခံဖို့မဟုတ်ဘူး။ ဒီလို စာပြနားမလည် လုပ်လို့ရမလား"

"မင်းတို့ကို တောင်းပန်ပါတယ်။ ဘာမှမပြောကြပါနဲ့တော့။

www.burmeseclassic.com



ဘာမှထပ်မပြောကြပါနဲ့တော့"

"ဝါး ဝါး"

"သား ... ဖေကြီးသားလေးရယ် ... ဟီး ဟီး"

ဖေဖေ့ပခုံးကို ဇော်ဦးကတစ်ဖက်၊ တာတီးကတစ်ဖက် ဆုပ်ကိုင်ပြီး ငိုနေကြတာ အငိုပြိုင်နေကြသည့်နှယ်။ ကလေးကလည်း သူတို့ငိုတော့ငို။ ဖေဖေ့အလှည့်ရောက်ကာနီးလို့ သတိပေးဖို့လာတဲ့ အဆိုတော်ကောင်မလေးမှာ သူတို့ကိုကြည့်ပြီး နားမလည်နိုင်စွာ ရပ်နေမိ၏။ ဘာဖြစ်ကြတာလဲလို့ပေါ့။

နောက်တော့ ...

မဖြစ်မနေ အချိန်ရောက်လာပြီမို့ –

"ကိုဖေသုတ"

"____"

"ကိုဖေသုတ"

ခေါ်သံကြားမှ ဖေဖေ သတိရပြီး မျက်ရည်တွေကိုသုတ်ကာ လှည့်ကြည့်လေတော့ –

"ကိုဖေသုတ အလှည့်ရောက်တော့မယ်"

ဖေဖေ ခေါင်းညိတ်ပြီး ရင်ခွင်ထဲကသားကို တာတီးလက်ထဲသို့ ထည့်ပေးလိုက်၏။ ဆိုရိုးစကားကတော့ ဝမ်းရေးထက် လွမ်းရေးခက်တယ်တဲ့။ ဖေဖေကတော့ လွမ်းရေးအတွက် ကျတဲ့မျက်ရည်တွေ





ကို သုတ်ပြီး ဝမ်းရေးအတွက် စင်ပေါ်တက်ရဦးမည်။ ကိုယ့်အလှည့်ရောက်လို့ ဖေဖေ စင်ပေါ်ကိုတက်လာခဲ့တော့ –

"ကို"

"ဟင်"

"ဟိုမှာ စင်ပေါ်တက်လာတာ စောစောက ဖေသုတဆိုတဲ့ကောင်လေးမဟုတ်လား"

"အင်း ... ဟုတ်တယ် အိမ်ရဲ့"

လင်မယားနှစ်ယောက် ငြိမ်သက်စွာကြည့်နေစဉ်မှာပဲ ဖေဖေကလည်း သူတို့ကို တစ်ချက်လှမ်းကြည့်ပြီး သီချင်းစဆိုလေသည်တွင်

♬ ရေနဲ့ကမ်း ပန်းနဲ့လိပ်ပြာ ××× ကြယ်စင်ငွေလမင်း ××× တွဲ လျက်အတူတည်ရှိလို့နေ သဘာဝအတိုင်း ××× ရှိလျက်ပါပဲ ××× တမင်ရက်စက်ခွဲ သွားသူရေ ×××

ရင်ခွင်ဦး အသည်းနုသစ္စာ ××× မပန်လို မခြွေရက်ဘူး ××× စကားတစ်ခွန်း ခြွေကမျာလေးတစ်ပုဒ်လို ××× နင်လေ အမြဲပြောခဲ့ပေ မယ့် အခုများတော့ စိမ်းရက်လေပြီ ×××♬

"ဟင်"

သီချင်းသံကို ကြားလိုက်ကတည်းက အိမ့်ရင်ထဲမှာ ဘာဖြစ်သွားမှန်းမသိ။ ဒီသီချင်းကို သူမ ရင်းရင်းနှီးနှီး ကြားဖူးခဲ့သလိုပါပဲ။ တကယ့်ကို ရင်းနှီးနေခဲ့တာ ဘယ်တုန်းကမှန်းမသိ။ ဒီအသံနဲ့ဒီသီချင်း



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ အိမ် တော်တော်ရင်းရင်းနှီးနှီးကို သိနေခဲ့တာ။

♫ စိမ်း စိမ်းရက်သူကို ××× လွမ်းနေခဲ့ပါ ××× နင့်ကို မေ့လို့မရလို့ ထာဝစဉ်လွမ်းရပြီ ××× ဒီသီချင်းနဲ့ လွမ်းလိုက်ချင်တယ်××× ♫

အိမ့်အာရုံထဲမှာ ပုံရိပ်တွေရော အသံတွေရော ရှုပ်ထွေးစွာ ဝင်ရောက်လာသည်က –

"ဘယ်လိုလဲ ကျွန်တော်ဆိုတာ ကောင်းရဲ့လား မမအိမ်"

"–––––"

"ဟာ ... ခေါင်းပဲညိတ်ပြတာ အားမရှိလိုက်တာ။ ပါးစပ်က ဖြေပါ မမအိမ်ရဲ့"

"ကောင်းလွန်းလို့ ဒီမှာ မျက်ရည်တွေကျနေတာ ရှင် သိရဲ့လား။ သူ့သီချင်းက ရင်ထဲမှာ ဘယ်လိုခံစားရမှန်းမသိဘူး"

"ဟောဗျာ"

ကိုယ့်ကိုခေါ်တာ မမအိမ်တဲ့။ ဘယ်သူလဲ သူ ဘယ်သူလဲ။ စင်ပေါ်မှာ သီချင်းဆိုနေတဲ့ ဖေလုတာဆိုတဲ့ကောင်လေးလား။ မဖြစ်နိုင်ဘူး။ သူနဲ့ကိုယ်က ခုမှမြင်ဖူးကြတာ သိမှမသိဘဲလေ။

♫ မကြာပါဘူး လွမ်းရခဏတာ ××× နင်ပြန်လာမယ်တဲ့ ××× စကားကတိတွေပြုသောနေ့ဆီ ××× ပြန်လည်တွေး အလွမ်းစိတ်ရယ် မပြေ ××× နင်ကတော့ မေ့လောက်ပါပြီ ×××





နွေလွန်လို့ မိုးသောင်းနှင်းတွေ အကြိမ်ကြိမ်ဝေနေခဲ့ ××× ချစ်ရသူပြန်ခဲ့မလားလို့ ငါတစ်ယောက်တည်း အလွမ်းနဲ့ကြိုနေ ××× ဒီသောင်းလည်း ရောက်လို့မလာပြီ ×××

ဪ ××× အသည်းအသက်ရည်စူး ××× ချစ်ခဲ့ဖူးသူ ××× နင့်ကို ခွင့်လွှတ်ခြင်းနဲ့ ကမ္ဘာတည်မယ့်မေတ္တာ ××× ဒီဘဝအတွက် အသည်းနှလုံးမှာတည် ××× ♫

အိမ့်ရင်ထဲမှာ ဘာတွေနင့်မှန်းမသိ နင့်နေပြီး မျက်ရည်တွေ ကျလာ၏။ မင်းထက်စံက ဖေဖေ့ကိုပဲကြည့်နေသဖြင့် မမြင်။

"တကယ်ငိုနေတာပဲ။ ဘာလို့ငိုနေတာလဲ မမအိမ်ရဲ့။ ရှုး လိုက်တာ"

"ဘာ"

"တိုးတိုးပြောပါ လန့်လိုက်တာ"

"မင်းပဲ ပြောရက်တယ်နော်။ မမအိမ်က မိန်းကလေးပါ ဖေဖေရယ်။ ထိလွယ်, ရှလွယ်, ပွန်းပဲ့လွယ်တဲ့ နှလုံးသားပိုင်ရှင်တွေပါ။ မင်းဆိုတဲ့သီချင်းအဓိပ္ပာယ်မှာ ကျွန်ခဲ့ရ သူက ဘယ်လောက်သနားစရာ ကောင်းလဲ သိလား"

"သနားဖို့ကောင်းရင် မမအိမ် အဲဒီသီချင်းထဲကလို ကျွန်တော့်ကို မထားခဲ့နဲ့ပေါ့။ ထားခဲ့ရင်တော့ အဲဒီသီချင်းထဲကလိုပဲ ကျွန်တော် လည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ထားခဲ့မှာလဲ။ မယုံရင်စောင့်ကြည့် မမအိမ် ဖေဖေ့ကို ဘယ်တော့မှမထားခဲ့ဘူး။ ဖေဖေက မမအိမ်ရဲ့ဘဝမှာ မရှိမဖြစ်လိုအပ်တဲ့နေမင်းကြီးလို့ ပြောဖူးတယ်လေ"

"တကယ်"

"အင်း"

"ဖေဖေ"

ဖေဖေလို့ ဖွဖွရွတ်ကြည့်တော့ ပုံရိပ်တွေက ပျောက်သွားပြန်သည်။ ဖေဖေနဲ့မမအိမ်တဲ့။ ဘယ်တုန်းက ရင်းနှီးခဲ့ကြတာလဲ။ အိပ်မက်မက်ခဲ့ဖူးသလိုလို ဘာလိုလိုနှင့် ဘာတွေမှန်းမသိဘဲ ရင်ဘတ်ထဲမှာ ကျတော့ အကောင်းပကတိအတိုင်း ရှိမနေ။

"ဟင် ... အိမ်"

"----"

"အိမ်"

"ဟင်"

လက်ကိုလှုပ်ခေါ်လိုက်မှ ပြန်ထူးဖော်ရ၏။

"ကို"

"အိမ် ... အိမ် ... ငိုနေတယ် ဘာဖြစ်လို့လဲဟင်"

အိမ် ခေါင်းခါလိုက်ပြီး –

"အိမ် အိမ် မသိဘူး ကို။ အိမ်ငိုချင်တာပဲ သိတယ်။ ဒီသီချင်း





ကို အိမ် ကြားဖူးနေသလိုပဲ။ ကြားနေရတော့လည်း ငိုချင်တယ် ကိုရယ် ... အဟင့် ဟင့်"

"ဟင်"

မင်းထက်စံ ဖေသုတကို ကြည့်လိုက်တော့လည်း မျက်ရည်တွေနှင့် သူတို့ကို ခဏခဏ လှမ်းကြည့်ရင်း သီချင်းဆိုနေတာ။ အိမ်ကလည်း ငိုချင်နေတာပဲသိတယ်တဲ့။ သူတို့နှစ်ယောက် ပတ်သက်ခဲ့ဖူးကြသလား။

အတိတ်မေ့နေတဲ့ကာလမှာ ... အိမ် ဘယ်ရောက်နေပြီး ဘယ်သူတွေနဲ့ ပတ်သက်ခဲ့လဲဆိုတာ ကိုယ် လုံးဝမသိခဲ့လေတော့–

"ကို"

"ဟင်"

"အိမ်ကိုပြန်ကြရအောင်နော်"

"နေပါဦးလား အိမ်ရဲ့"

"ဟင့်အင်း ... အိမ် ခေါင်းတွေကိုက်လာပြီ ပြန်ချင်တယ်။ အိမ်တို့ပြန်ရအောင် ကိုရယ်"

"အင်း ... ကောင်းပြီလေ ထ"

မင်းထက်စံ လက်ဆွဲပြီး အိမ်ကိုခေါ်ခဲ့သည့်တိုင် အိမ့် မျက်ရည်တွေကမစဲနိုင်။ ဘာအတွက်ကျတဲ့မျက်ရည်တွေလဲ အိမ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"သူနဲ့ကိုသိခဲ့ကြတာ ဆေးခန်းမှာပါ။ သူ့သားလေး နေမကောင်းလို့ ဆေးခန်းလာပြတာလေ။ ကလေးက အမေမရှိဘူးတဲ့"

"ဟင်"

"အမေမရှိတာက ဆုံးသွားတာမဟုတ်ဘူး။ ပျောက်သွားတာတဲ့။ ကိုလည်း ကလေးကိုသနားတာနဲ့ ဘာပိုက်ဆံတစ်ပြားတစ်ချပ်မှ မယူလိုက်ဘူး"

"ဟုတ်လား။ သနားဖို့ကောင်းလိုက်တာ ကိုရယ်။ ကလေးလေးက အရမ်းချစ်ဖို့ကောင်းတာပဲ။ အိမ်တို့ မွေးစားကြရအောင်လေ"

"အိမ်"





မင်းထက်စံ အိမ့်မျက်နှာလေးကို စိုက်ကြည့်မိလိုက်၏။ မဟုတ်မဟပ် လုပ်ဇာတ်တွေခင်းပြီး ကိုတို့ရင်သွေးလေး ဆုံးသွားတယ် ဆိုတာကိုပဲ သူ့ခမျာ အဟုတ်ထင်ပြီး စိတ်မကောင်းဖြစ်နေရှာတာ။ အခု ဇေရတုရဲ့သားလေးက ချစ်စရာကောင်းတော့ ရူးနေပြန်ပြီ။

"ဟင်"

အကြည့်က အိမ့်နှုတ်ခမ်းပေါ်မှာ စူးစိုက်မိသွားတော့ မင်းထက်စံ သတိထားမိသွားတာသည် ဇေရတုရဲ့နှုတ်ခမ်းလေးနဲ့ အိမ်နှုတ်ခမ်းလေးက တူနေခြင်းပါပဲ။ ပြီးတော့ မျက်လုံးလေးလည်းတူနေသလို။

"အိမ်"

"ဟင်"

"အိမ့်ကို ကိုယ်မညာချင်တော့ဘူး သိလား"

"ဘာကိုလဲ ကို"

အမှန်ကို ဖန်ခံဖို့အတွက် သက်ပြင်းသာချလိုက်ရင်း –

"ကိုနဲ့အိမ် ရင်သွေးလေးရခဲ့တယ်ဆိုတာ တကယ်မဟုတ်ဘူး အိမ်"

"ရှင်"

"တကယ်တမ်း အိမ် ရင်သွေးလေးရခဲ့တာ ကိုမဟုတ်တဲ့ အခြားတစ်ယောက်နဲ့ပါ။ အိမ် ပြန်စဉ်းစားကြည့်ပါဦး။ အိမ်နဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



အက်ခီးဒင့်ဖြစ်ပြီး ကိုသာ ဆေးရုံရောက်ခဲ့တာ အိမ်က ပျောက်သွားတယ်လေ။ အဲဒီအချိန်မှာ အိမ်က အတိတ်မေ့နေခဲ့တာ ထင်တယ်။ ရဲဝံ့ အိမ်ကို ရွာတစ်ရွာမှာတွေ့လို့ ပြန်ခေါ်လာတော့ အိမ်ကိုနဲ့ အိမ့်မိသားစုကို လုံးဝမမှတ်မိခဲ့ဘူး''

အိမ် ယုံရမလို မယုံရမလိုနှင့် မင်းထက်ကို ကြည့်နေပုံက ကလေးတစ်ယောက်လို။ အိမ် အဲဒီလိုဖြစ်ခဲ့တယ်တဲ့လား။ မင်းထက်စ က ဆက်ရှင်းပြလေတော့ နားစိုက်ထောင်ကာ တွေးတောဆက်စပ်ကြည့်နေမိ၏။ အိမ် အိပ်မက်လိုလို ဘာလိုလိုနဲ့ ထင်ဟပ်လာတဲ့ပုံရိပ်တွေက တကယ်ဖြစ်ခဲ့တာလားတော့မသိ။

ဖေသုတနဲ့အိမ် အိပ်မက်လိုလိုနဲ့ ထင်ဟပ်လာတဲ့ ဖေဖေဆိုတဲ့လူရဲ့ပုံရိပ်။

''ဒါဆို အိမ် ဘာဖြစ်လို့ အတိတ်ကိုသတိရသွားတာလဲကို။ အိမ် သတိရလာတော့ အိမ် ဆေးရုံကိုရောက်နေတာ''

''အိမ်ပြန်ရောက်လာတော့ အိမ့်မှာ သားလေးရှိတယ်၊ သားလေးနဲ့ဆာနေရော့မယ်။ ကျွန်မကို ပြန်လွှတ်ပေးကြပါလို့ပဲ တဖွဖွပြောနေခဲ့တာတဲ့။ ဆေးရုံရောက်တာက အိမ် ထွက်ပြေးရင်း ကားတိုက်ခံရတာ''

''ဒါဆို ကိုက''

''အိမ်ကိုချစ်တဲ့စိတ်တစ်ခုတည်းနဲ့ အရာအားလုံးကို ပြည့်ဖုံး





ကားချပြီး လက်ခံခဲ့တာ။ ကို အတွေးကြီးခဲ့ပါတယ်။ အဲဒီအတွက် အိမ် ပေးချင်တဲ့အပြစ်ကိုသာပေးပါ''

''ကိုရယ်''

''သေသေချာချာပြန်တွေးကြည့်တော့ မိခင်နို့ကို မစို့ရဘဲ အမိမဲ့ဘဝနဲ့ ကျန်ခဲ့ရမယ့် အိမ့်ရင်သွေးလေးအပေါ်မှာ ကို မတရားခဲ့ဘူး အိမ်''

ရင်သွေးလေး ရှိနေသေးပါလားလို့ တွေးမိတော့ အိမ် အရှင်လတ်လတ် ငရဲပြည်ကိုရောက်သွားသည့်နှယ်။ နို့စို့လေး ကျန်ခဲ့တာတဲ့။ သနားစရာကောင်းလိုက်တဲ့ကလေးရယ်။ အိမ့်အပေါ် ချစ်နိုင်လွန်းတဲ့ ကိုကိုလည်း သနားလွန်းစွာ မျက်ရည်တွေက ဘယ်သူ့အတွက် ဘယ်လောက်ကျနေမှန်းမသိ။

ကလေးအကြောင်းကို တွေးမိတော့ . . .

ဖေသုတရဲ့သားလေးမျက်နှာကိုပဲ မြင်ယောင်နေမိသည်။ အိမ့်ကလေးက သားလေးလား။ သမီးလေးလား။ သမီးလို့ စိတ်ထဲမှာ ခေါ်ကြည့်တော့ စိတ်ထဲမှာ ဘာမှမခံစားရသလိုနှင့် သားလို့ပြောင်းခေါ်ကြည့်တော့ ရင်ထဲမှာ နင့်သည်းစူးရှစွာ။ သားလေးပဲ ဖြစ်မှာပါ။ သားလေး အဖေကဘယ်သူလဲ၊ ဘယ်ကလဲ။

''အိမ် ပြန်စဉ်းစားကြည့်ပါဦး။ အိမ် ဝိုးတဝါးဖြစ်ဖြစ် မှတ်မိချင် မှတ်မိလာနိုင်မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကိုရယ် … အိမ်လေ"

"အိမ်ပြန်ရောက်လာတော့ ကို မွေးနေ့လက်ဆောင်ပေးထားတဲ့ အိမ့်လည်ပင်းက ဆွဲကြိုးလေးပါမလာခဲ့ဘူး"

"ရှင်"

အိမ် လည်ပင်းကို လက်ကလေးနှင့် စမ်းမိသွား၏။ ဒါဆို အဲဒီဆွဲကြိုးလေးကို အိမ် ဘာလုပ်ခဲ့သလဲ။ တစ်ယောက်ယောက်ကို ပေးခဲ့တာလား၊ ရောင်းစားပစ်ခဲ့တာလား။ စိတ်မကောင်းခြင်းများစွာနှင့် မျက်လုံးလေးကို မှိတ်ထားလိုက်မိစဉ်မှာ –

"ခေါင်းခဆောင့်"

"ဟင် … ဘာလုပ်မလို့လဲ"

"ဒါလေး ဝတ်ပေးချင်လို့ပါ"

"ဟာ … မဝတ်ချင်ပါဘူး မမအိမ်ရယ်။ ကျွန်တော်က ယောက်ျားပဲဟာ။ ဒါတွေ မလိုပါဘူး။ ပြီးတော့ –

"ဖေဖေ"

"ဗျာ"

"မမအိမ်က ဝတ်ဆိုရင် ဝတ်လိုက်နော်။ မဟုတ်ရင် ဘယ်ရောက်ရောက် လွှင့်ပစ်လိုက်မှာသိလား"

"အဲဒီလိုတော့ မလုပ်နဲ့လေ။ ဒီလောက်တန်ဖိုးကြီးတဲ့ပစ္စည်းကို'





"ဒါဆို မမအိမ်စကားကိုနားထောင်ပေါ့"

"ကဲ … ဝတ်ပေးဗျာ ဝတ်ပေး"

ဖေဖေ ခေါင်းငုံ့ပေးလိုက်တော့ အိမ်က ဖေဖေ့လည်ပင်းမှာ ဆွဲကြိုးလေးဆွဲပေးတဲ့ပုံရိပ်တွေ။

"ဟင်"

သတိရပြီ။ အိမ် ဖေဖေ့ကို သတိရသွားတာနှင့် ကိုယ်လေးက မတ်ခနဲဖြစ်သွားပြီး ကိုမျက်နှာကို အလန့်တကြားမော့ကြည့်လိုက်ပြီး –

"အိမ် သတိရပြီ"

"ဟင်"

"ဖေဖေ … ဖေဖေက အိမ့်ယောက်ျား။ သားလေးက ဖေဖေ့နဲ့ ရခဲ့တဲ့သားလေး"

"ဖေဖေ ဟုတ်လား"

"ဟုတ်တယ်၊ ဖေဖေ့နာမည်က ဇေသုတ၊ သားလေးက ဇေရတု"

"ဟာ"

အကြောင်းက ဒီလောက်တောင်တိုက်ဆိုင်သတဲ့လား။ ဇေသုတနဲ့ ဇေရတု သားအဖဖြစ်နေတာ နှစ်ယောက်စလုံးတူနေနိုင်ပါ့မလား။ ဒါကြောင့် ဇေသုတရဲ့သီချင်းသံနဲ့ အိမ် ရင်းနှီးနေခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာလုပ်ရမလဲ။ တစ်ခုခုတော့ ဆုံးဖြတ်ဖို့လိုပြီ။

"ကို"

"အိမ်"

"အိမ် အိမ့်ကိုခွင့်လွှတ်ပါ ကိုရယ်။ အိမ် အိမ်လေ ကို့အပေါ် သစ္စာဖောက်ပြီး တမင်ဖောက်ပြန်ခဲ့တာ်မဟုတ်ပါဘူး"

"ကို နားလည်ပါတယ်။ အိမ့်အပေါ် ကို နားလည်ခဲ့လို့လည်း"

စကားက ရှေ့ဆက်ထွက်မလာ။ ကိုယ်မှားပြီဆိုတာ သိလိုက်ရတော့ ဖြေလို့မရ။

"ဇေဇေကာလေ"

"ဇေဇေက လူကောင်းတစ်ယောက်ပါ။ အိမ်ချစ်ခဲ့မိတယ်ဆိုရင် မမှားပါဘူး"

ပြောပြီး မင်းထက်စံ ထလာခဲ့လေလျှင် –

"ကို"

အိမ် နောက်ကလိုက်လာပြီး မျက်နှာချင်းဆိုင်ရပ်မိကြတော့ မျက်ဝန်းတွေက ဘာကိုတောင်းပန်နေမှန်းမသိ။

"အိမ် ကြိုက်သလိုဆုံးဖြတ်ပါ။ ကိုကတော့ အပြစ်ရှိခဲ့သူမို့ ဘာမဆို နာခံဖို့အဆင်သင့်ပါ"

❁



## အခန်း (၃၆)

"ဘာ ကလေးကိုပေးပါ၊ နို့စို့သားလေးမို့လို့ သူ့အမေနဲ့ သူ့သား အတူရှိနေပါစေ ဟုတ်လား"

"အစ်ကိုလည်း ဒီစကားကို မပြောချင်ပါဘူး ဇေသုတ၊ အခုက ကလေးကို သနားလို့ပြောတာပါ"

"ဗြော် အဟွန်း . . . ကျွန်တော်တို့သားအဖက ခင်များတို့ အသိုင်းအဝိုင်းကြားမှာ သနားစရာသတ္တဝါလေးတွေ ဖြစ်နေခဲ့တာကို၊ ရက်စက်လိုက်ကြတာဗျာ၊ ခင်များ ပြောထွက်ရက်လိုက်တာ၊ ကျွန်တော့်ရင်ကို ထပ်မခွဲကြပါနဲ့တော့။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ကို . . . ကျွန်တော့်ကို ထပ်ပြီး ဒုက္ခမပေးကြပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



သားကို ကျစ်နေအောင်ဖက်ပြီး မျက်ရည်ဖြိုင်ဖြိုင်ကျနေတဲ့ ဖေဖေ့အဖြစ်က အရူးတစ်ယောက်နှယ်။

တစ်ယောက်ကိုစွန့်လွှတ်ရပြီးပြီ။

နောက်တစ်ယောက်ကို ထပ်ပြီးစွန့်လွှတ်ရဦးမည်ဆိုလျှင် လူ့လောကကြီးထဲမှာ ဖေဖေဆိုတဲ့ကောင် ဆက်လက်ရပ်တည်နိုင်ပါဦးမလား။

"အို့မှာက် အစ်ကို့ဘက်ကိုလည်း ပြန်ကြည့်ပါဦး ညီလေးရယ်။ အိမ်က သူ့သားလေးကိုလွမ်းနေတာ ရှုမတတ်ပါပဲ။ အိမ်ပျောက်သွားတုန်းက အစ်ကိုလည်း ရှုမတတ် ခံစားခဲ့ရတာ"

"ခံစားရပေမယ့် ခင်ဗျားတို့က တကယ်မရူးခဲ့ကြဘူးမို့လား။ ကျွန်တော်က ကျွန်တော့်သားမရှိရင် တကယ်သေသွားမှာဗျ"

"မင်း ကလေးရဲ့ရှေ့ရေးကို မစဉ်းစားတော့ဘူးလား ဖေသုတ"

"ကျွန်တော့်သားကို ကျွန်တော် ရှာကျွေးနိုင်ပါတယ်"

"လူတစ်ယောက်ရဲ့ဘဝက ဝမ်းဝရုံ ခါးလှရုံနဲ့ ပြီးမသွားဘူး ဖေသုတ။ ကျန်းမာရေး၊ ပညာရေးအစရှိတဲ့ အရေးရေးတွေရှိတယ် ဆိုတာ မင်းနားမလည်ဘူးလား"

"______"

"ဒီကလေးက သူ့အမေနဲ့သာ အတူတူရှိနေရင် မပူမပန်





မကြောင့်မကြဘဝမျိုးနဲ့ နေရမှာ။ မင်း သတိရရင်လည်း အချိန်မရွေး လာတွေ့ဖို့ ငါလက်ခံတယ်"

ဆတ်ခနဲကြည့်လိုက်တဲ့မျက်ဝန်းတွေက ဒေါသရောင်မဟုတ်ဘဲ နီမြန်းနေသည်။ ကိုယ့်ဘဝက ဆင်းရဲလို့ သားနဲ့ မထိုက်တန်ဘူးလို့ ပြောလိုက်တာလား။ သားဘဝ ကောင်းစားဖို့အတွက်ဆိုပြီး ရင်နာခံပြီး စွန့်လွှတ်ရဦးမှာလား။

"သားက ကျွန်တော့်ဘဝ၊ ကျွန်တော့်ကမ္ဘာပါ။ သားအတွက် ကျွန်တော်ကြိုးစားမယ်"

"ဖေသုတ"

"ကျွန်တော် တောင်းပန်ပါတယ် ဆရာရယ်။ ကျွန်တော့်ရင်ကို ခွဲမထုတ်ပါနဲ့"

"ဖေဖေ"

ကိုယ့်နာမည်ကိုခေါ်ပြီး အိမ်ထဲဝင်လာသူကို မော့ကြည့်လိုက်တော့ –

"မမအိမ်"

ဩော် . . . သူ့မှာလည်း မျက်ရည်တွေနဲ့ပဲကိုး။ သူက ဘာအတွက်ကျတဲ့မျက်ရည်တွေလဲ။ ဟိုတုန်းကနဲ့ အခုပုံစံက ဆီနဲ့ရေလို တခြားစီ။ ဒါကြောင့် ဖေဖေ့ဘဝထဲကို ပြန်ဝင်မလာနိုင်တာပေါ့။ အဲဒီလောက် ကွာခြားမှန်းသိရင် အစကတည်းက ဖေဖေ မချစ်မိအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခဲ့ပါတယ်။

ခုတော့ . . .

လွန်ခဲ့တဲ့အဖြစ်အပျက်တွေက ပြန်လည်ပြင်ဆင်ခွင့်မှ မရှိတော့ဘဲ။ ဖေဖေ့ရင်ကို အထပ်ထပ်ခွဲဖို့များ လူဖြစ်လာလေရော့သလား မမအိမ်ရယ်။

"မမအိမ်ရဲ့ရင်ထဲကိုလည်း မင်း ဝင်ကြည့်ပါဦး ဖေဖေရယ်။ အရှင်လတ်လတ် ဘဝနှစ်ခု ဖြတ်သန်းခဲ့ရတဲ့အထဲမှာ မမအိမ် ဘယ်လို ခံစားဖြတ်ရမလဲ။ ရင်ခွင်တစ်ခုထဲကနေ ထွက်သွားပြီး ရင်ခွင်သစ်တစ်ခု ပြောင်းတယ်၊ ပြီးတော့ ရင်ခွင်ဟောင်းဆီ ပြန်ရောက်နေတယ်။ မမအိမ် က ဘယ်လိုမိန်းမမျိုးဖြစ်နေပြီလဲ။ နောက်တစ်ခါ ထပ်ပြောင်းရရင်"

"တော်ပါတော့၊ အဲဒီကိစ္စကို ကျွန်တော် နားလည်ပေးနိုင်ပါတယ်။ သားကိုတော့ ကျွန်တော့်ရင်ခွင်ထဲကနေ ခွဲမထုတ်ပါနဲ့။ ကျွန်တော် မပေးနိုင်ဘူး"

"ဖေဖေ"

အိမ် နှုတ်တွေညှုတ်ခွေကျလုမတတ်ပါပဲ။ သားလေးရဲ့အဖေမို့ ဖေဖေ့ကို ကိုယ်ထက်ပိုချစ်ပါတယ်ဆိုရင် ယုံမှာလား။ ပြောဖို့အခွင့်အရေး ကလည်းမရှိ။ ပိုချစ်ပေမယ့် နောက်တစ်ခါ ရင်ခွင်ထပ်ပြောင်းရင် အိမ် ပတ်ဝန်းကျင်ရဲ့ တံတွေးခွက်ထဲမှာ ပက်လက်မျောရတော့မှာ။

ဒါကြောင့် –





ရင်နာနာနဲ့ ဒီလိုဆုံးဖြတ်ခဲ့ရတယ်ဆိုတာ –

"မမအိမ်က သားလေးကို ဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့မိခင်ပါ ဖေဖေရယ်။ မမအိမ်လည်း သားလေးကို ချစ်တာပေါ့။ မင်းထက်မပိုရင် တောင် မလျော့ဘူးဆိုတာ ယုံပါ"

"သား . . . သားရယ်"

"ဖေဖေ"

"ဟင့်"

"မမအိမ် သားကို ချီပါရစေနော်။ ခဏလောက်ဖြစ်ဖြစ် မမအိမ်ကို ချီခွင့်ပြုပါ။ သား သားလေး မေမေ့ဆီလာပါဦး သားရယ်"

"မေ မေ မေ"

အိမ် လက်ကမ်းခေါ်လိုက်တော့ ကလေးက ဖအေလည်ပင်း ကိုဖက်ကာ မျက်နှာကို ဝှက်ထားလေသည်။ မိခင်ရင်ခွင်နဲ့ ဝေးကွာ ခဲ့တာ တစ်ရက်နှစ်ရက်မှ မဟုတ်ခဲ့ဘဲ။ ဖခင်ရဲ့ရင်ခွင်ထဲမှာ အနေများ လာတော့ ကလေးရဲ့ခင်တွယ်မှုကလည်း ဖခင်တစ်ယောက်သာ။

"သား . . . လာပါ သားရဲ့"

"မေ မေ ဝါး"

အိမ် အတင်းချီဖို့ကြိုးစားပေမယ့် ကလေးက ဖအေကိုသာ တင်းကျပ်စွာဖက်ထားပြီးငိုလေလျှင် –

"သားရယ် . . . အဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်"

"လုပ်ပါဦး ကိုရယ်။ သားက အိမ့်နောက်ကို မလိုက်ဘူး ကိုရဲ့"

ဘာစကားတစ်ခွန်းမျှ ဝင်မပြောဘဲ ပွဲကြည့်ပရိသတ်လုပ်နေကြတဲ့ စောဦးနဲ့တာတီးမှာလည်း ဖေဖေတို့သားအဖကိုကြည့်ပြီး မျက်ရည်မဆည်နိုင်ကြပေ။ ဘာကြောင့် ဘဝက်အကျိုးပေး မကောင်းရတာလဲ ဖေဖေ။

သူ့ခမျာ ...

ဖုန်စေ့နဲ့အမျှ ပူဆွေးသောကရောက်နေရှာတာ။ ခုတော့ တစ်ပူပေါ် နှစ်ပူဆင့်။ ဝဋ်ကြွေးရှိရင် ဒီဘဝ ဒီမျှနဲ့ပဲ ကျေပါစေတော့လို့ သူတို့ ဆုတောင်းပေးရုံမှအပ ဘာမှမတတ်နိုင်။

"ဖေသုတ ညီလေး ... အစ်ကိုတောင်းပန်ပါတယ်ကွာ အိမ့်ကို ကလေး ခဏပေးလိုက်ပါနော်"

"မမအိမ်ကို သနားပါဦး ဖေဖေရယ်။ မမအိမ်က သားလေးရဲ့အမေပါ။ ကိုယ့်သားတောင် ကိုယ်ချီခွင့်မရှိတော့ဘူးတဲ့လား"

"ဝါး ဝါး ဝါး"

"ကလေးကမှ မလိုက်ချင်ဘဲ မမအိမ်ရဲ့။ ကိုယ့်အပူမှ ပူမှန်းသိမနေပါနဲ့။ အခု ခင်ဗျားခံစားနေရတယ်ဆိုတာ ဖေဖေ့ခံစားချက်ရဲ့ ရာခိုင်နှုန်းခြောက်ဆယ်လောက်ပဲ ရှိတာပါ"





"ကျွန်တော်တို့ ကြားကနေ တောင်းပန်ပါတယ် မမအိမ်။ ဖေဖေ့ကို ထပ်ပြီးဒုက္ခမပေးပါနဲ့တော့။ ခင်ဗျား သူ့ဘဝတစ်ခုလုံးကို နင်းခြေခဲ့ပြီးပြီ။ ထပ်ပြီး မီးလောင်တိုက်သွင်းဖို့ မကြိုးစားပါနဲ့တော့"

တာတီးနဲ့စောဦး မခံမရပ်နိုင်စွာပြောကြလေလျှင် မင်းထက်စံ သက်ပြင်းချလိုက်ပြီး –

"သူ့ဘက်ကိုယ့်ဘက် မျှတွေးကြည့်ကြပါ ညီလေးတို့ရာ။ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင်"

"ဒီကိစ္စ ဘယ်လိုမှ အဆင်မပြေနိုင်ဘူး"

"တော်ကြပါတော့ဗျာ တော်ကြပါတော့"

ဖေဖေ လက်ကာတားဆီးလိုက်ပြီး –

"သား"

"––––"

"သားရယ်"

သားရဲ့ပါးပြင်လေးကို ဘယ်ပြန်ညာပြန် နမ်းရှိုက်လိုက်ပြီး အိမ်ကို တစ်ချက်လှည့်ကြည့်ကာ သားကို ရင်ခွင်ထဲသို့ထည့်ပေးလေလျှင် ...

"ပေ ပေ ပေ"

"သား"

"ပေ"



www.burmeseclassic.com

www.burmeseclassic.com



"မမအိမ် ပျော်ရွှင်ဖို့အတွက် ကျွန်တော့်ရင်ကို ခွဲပေးလိုက်ပါတယ် မမအိမ်"

"ဇေဇေ"

"သားသမီးကို မကောင်းစားစေချင်တဲ့မိဘဆိုတာ မရှိပါဘူး။ သားရဲ့ဘဝလေး လှပအေးချမ်းစေဖို့အတွက် ကျွန်တော် ရင်ကွဲခံလိုက်ပါ့မယ်"

"မဟုတ်သေးဘူးလေ ... ဇေဇေ မင်း"

"ငါ့ဆုံးဖြတ်ချက်ကို မင်းတို့မတားပါနဲ့"

"ဖေ ဝါး"

ကလေးက အိမ့်ရင်ခွင်ထဲကနေ ကော့ရုန်းပြီး ဇေဇေ့ဆီသို့သာ လက်ကမ်းနေလေလျှင် လက်သီးကိုကျစ်နေအောင်ဆုပ်ပြီး အံကြိတ်ကာ စိတ်ကိုတင်းလိုက်ပြီး ဇေဇေ အားလုံးရှေ့မှ ပြေးထွက်ခဲ့လေသည် ဆိုရင်ပဲ –

"ဇေဇေ"

"ဟော့ကောင် ... ဘယ်ကိုလဲ"

"နေဦးလေကွာ ... ဟော့ကောင်"

နောက်ကနေ တန်းစီပြီး လိုက်လာတဲ့သူတွေကို လှည့်မကြည့်ဘဲ ပြေးနေမိတဲ့ ဇေဇေ့ခြေထောက်တွေက ပန်းတိုင်မဲ့စွာ။ အားလုံးနဲ့ ဝေးရာဆီကို သွားချင်တဲ့ ခြေထောက်တွေရဲ့ဆန္ဒအတိုင်း။





"ဇေဇေ"

မလိုက်နဲ့၊ ဘယ်သူမှမလိုက်ခဲ့ကြပါနဲ့။ ဘယ်သူနဲ့မှလည်း မတွေ့ချင်တော့တဲ့အတွက် ဖြစ်နိုင်ရင် ကမ္ဘာ့အပြင်ဘက်ကို ထွက်သွားလိုက်ချင်တာ။ ရင်ထဲမှာ တောက်နေတဲ့မီးတွေကို ဘယ်သူငြိမ်းသတ်ပေးနိုင်ပါ့မလဲ။

"ဇေဇေ ... မပြေးနဲ့"

"ဟော့ကောင် ... ရှေ့မှာ"

"ဒုန်း"

"အား"

"ဇေဇေ"

အိမ် မျက်လုံးများပြာဝေသွားပြီး ကုန်းဆော်လိုက်ခြင်းနှင့် အတူ မျက်လုံးကိုစုံမှိတ်ချလိုက်မိတော့၏။ ရင်တွေ တဒိန်းဒိန်း ခေါင်းခုန်ပြီး အသက်ရှူကျပ်သွားမတတ်ပါပဲ။ သူ ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းပြီး မျက်လုံးကိုပြန်ဖွင့်ကြည့်လိုက်တော့ ဆုတောင်းက မပြည့်ခဲ့။

"ဇေဇေ သူငယ်ချင်း"

"ဇေဇေ"

စောဦးက ဇေဇေ့အနားသို့ အရင်ရောက်ပြီး ဇေဇေ့ကို ပွေ့ထူလိုက်တော့ သွေးတွေက ချင်းချင်းရဲလျက်။

www.burmeseclassic.com



"အဖြစ်ဆိုးလှချည်လား သူငယ်ချင်းရာ။ မင်းကျမှ ဘာလို့ ဒီလောက်ကံဆိုးနေရတာလဲကွ"

"ဖေဖေ . . . ပေါ့ကောင် ဟီး ဒီး"

အိမ် ပြေးလာတော့ မင်းထက်စံက အိမ့်ရင်ခွင်ထဲက ကလေးကို သူပဲ ခေါ်ထားလိုက်၏။ သူက ဆရာဝန်တစ်ယောက်ပဲလေ။ ဖြစ်ပျက်သွားတဲ့မြင်ကွင်းနဲ့ ဖေဖေ့အခြေအနေကို နားလည်တာပေါ့။

"ဖေဖေ"

"အ"

ကျောလေးကော့တက်လာပြီး တစ်ချက်သာညည်းတွားနိုင်တဲ့ မြင်ကွင်းက မရှုရက်စရာ။

"ဖေဖေ မမအိမ်ခေါ်နေတယ်လေ ထူးပါဦး ဖေဖေရဲ့။ မင်း ဘာမှမဖြစ်ပါနဲ့။ သားလေးကို အရမ်းချစ်တယ်ဆို။ သားလေးအတွက် မင်း အသက်ရှင်နေမှဖြစ်မှာ။ မင်း ဘာမှမဖြစ်ပါနဲ့"

"မင်းဘဝက ဒါလား ဖေဖေရာ။ မင်း ဒီလိုနဲ့တော့ ဘဝကို အဆုံးမသတ်ပါနဲ့"

"ဖေဖေ မမအိမ်ကို ရင်ကွဲအောင်မလုပ်ပါနဲ့ ဖေဖေရယ်။ မင်းကို ငါချစ်တယ်။ မမအိမ်ပြောတာကို ကြားရဲ့လား။ ဖေဖေ့ကို မမအိမ် အရမ်းချစ်ခဲ့ပါတယ်"

ကြားပါတယ် မမအိမ်။ မမအိမ်ပြောတာကို ကျွန်တော် ကြား



BURMESE CLASSIC



ပါတယ်။ ကြားပေမယ့် ကျွန်တော် ဘာမှမပြောနိုင်တော့ဘူး မမအိမ်။ မမအိမ် ကျွန်တော့်ကိုချစ်တယ်ဆိုတဲ့အတွက် ကျွန်တော် ကျေနပ်ပါတယ်။ ကျွန်တော်လည်း မမအိမ်ကို အရမ်းချစ်တယ်၊ သားလေးကိုလည်း ချစ်တယ်။

သားရေ –

သားကို ဖေကြီး ဘယ်လောက်ပဲချစ်ချစ် စွန့်ခွာထားခဲ့ရတော့မယ်။ သားအမေရဲ့ရင်ခွင်ထဲမှာ သားဘဝလေး သာယာချမ်းမြေ့ပါစေကွာ။

"ဖေဖေ မမအိမ်ခေါ်နေတယ်လေ။ ထူးပါဦး ဖေဖေရဲ့"

ကျွန်တော် မထူးနိုင်တော့လို့ပါ မမအိမ်ရယ်။ ကျွန်တော် လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မယ်။ သားလေးကို စိတ်ချထားခဲ့ပါရစေ။

"ဖေဖေ"

"ဖေဖေ . . . သူငယ်ချင်း"

လက်ကလေးတစ်ချက် လှုပ်သွားခြင်းက လက်ပြနှုတ်ဆက်ခြင်းလား။ ဇက်စောင်းကျသွားပြီဆိုကတည်းက အားလုံးသဘောပေါက်လိုက်ပြီလေ။

ဒါကြောင့် –

မျက်ရည်မြစ်တို့ အပြိုင်စီးဆင်းကြလျက် –



www.burmeseclassic.com

www.burmeseclassic.com



"ဇေဇေရော . . . အီးဟီး"

"ဇေဇေသေရတာ မမအိမ်ကြောင့်၊ ဇေဇေ့ကို မမအိမ် သတ်တာ"

"မဟုတ်ဘူး . . . မဟုတ်ဘူး။ ငါ ဇေဇေ့ကို အရမ်းချစ်တယ်ဟဲ့ နင်တို့ သိရဲ့လား"

"မင်းကြားရဲ့လား ဇေဇေ။ မမအိမ်က မင်းကို အရမ်းချစ်တယ်တဲ့ကွ"

"ဇေဇေရော"

"ဇေဇေ"

"ဇေဇေ့ကို အရမ်းချစ်တယ်"

အိမ် ဇေဇေ့ပါးပြင်ကို ဖွဖွနမ်းလိုက်ခြင်းအတွက် မင်းထက်စံ သဝန်တို မနာလိုခြင်း မဖြစ်ပါစေ။ ကိုယ့်ရင်ထဲမှာ ချစ်တတ်တဲ့နှလုံးသား ရှိသလို သူတို့ရင်ထဲမှာလည်း ချစ်တတ်တဲ့နှလုံးသား ရှိသည်ပဲလေ။

ချစ်ပါ အိမ်။

အရာအားလုံးအတွက် ကိုကတော့ ခွင့်လွှတ်ခြင်းများနဲ့ အိမ့်အပေါ် ချစ်ခဲ့ ချစ်ပြီ ချစ်နေမယ်ဆိုတာ။

**ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်**

**မိုးစက်ပွင့်**




၂၀၁၆ မေလတွင်
ဖတ်နိုင်ပါပြီ

**မမသဒ္ဒါမောင်**

အရာရာတိုင်းထက်ပို၍

**ကြယ်စင်မှုံးဝေ**

အိပ်မက်ဝေးတဲ့ည

**မယ်ခိုင်**

အိမ်

**မိုးစက်ပွင့်**

အိုဘယ့်ငှက်ငယ်

**အလင်းသစ်**

အမုန်း၏ဆန့်ကျင်ဘက်

**လှိုင်းကြာဖြူ**

ကမ္ဘာ့ရုပ်ဝန်းဆီက အိုအေစင်


www.burmeseclassic.com